


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၂၀၅၀၁၂၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၀၅၆၀၁၀၉ |
| အဖုံးဒီဇိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၈၅၀) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းပလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

BURMESE CLASSIC .com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

# ၁

# မွဲ
# နှိုက်
# ငွေ

♠ ♠ ♠

"ဒီအိမ်ပဲ ကိုကျွန်းညို ..."

"ဟား ... ကောင်းလိုက်တာဗျာ၊ ကျွန်တော့် အကြိုက်ပဲ"

ကျွန်းညိုက ရှိခနဲ လေတစ်ချက်ချွန်လိုက်ပြီး လက်ဖျောက် တစ်ချက်တီးကာ ပြောလိုက်ပါသည်။

"ဆရာကလည်း အိမ်ထဲတောင် ဝင်မကြည့်ရသေးဘဲနဲ့"

ပလ္လာတို့က ခေါင်းတစ်ချက်ကုတ်၍ သူ့ဆရာကို 'စိတ်စောရန်ကော' ဆိုသည့် အကြည့်မျိုးဖြင့် ကြည့်ရင်း ပြောလိုက်သည်။ ကျွန်းညိုက ခြေကိုခွဲ၍ ခပ်ချဲချဲရပ်နေရာက ပခုံးကို ဟန်ပါပါတွန့်၍ လက်ဝါးနှစ်ဖက် ဖြန့်ပြလိုက်ရင်း ...

"တတ်နိုင်ဘူးလေ၊ အပေါ်က လှမ်းကြည့်ရုံနဲ့ ကြိုက်သွားတာဆိုတော့ အထဲမှာ ဘယ်လိုရှိရှိ အဆင်ပြေအောင် ကြည့်နေရတော့မှာပေါ့"

"အထဲမှာလည်း အဆင်ပြေမှာပါ ကိုကျွန်းညို၊ ရေမီးလည်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အပြည့်အစုံ၊ ပရိဘောဂတွေလည်း အံဆင်သင့်ပဲ၊ ဒီအိမ်ပိုင်ရှင်က ရန်ကုန်ကဆိုတော့ သူ့ပစ္စည်းတွေကို ပြန်မသယ်နိုင်တာနဲ့ ဒီလိုပဲ ထားထားတာ၊ ပြ ရောင်းဖို့ စပ်နေပေမယ့် ဝယ်မယ့်သူကလည်း အလွယ်တ မရှိဘူးလေ၊ အိမ်ကလည်း တော်တော်နဲ့ ရောင်းမထွက်နိုင်သေးဘူ အိမ်ရောင်းထွက်တော့မှပဲ သူ့ပစ္စည်းတွေကို ပြန်သယ်မယ် ထင်ပါတယ်၊ သူ့ပစ္စည်းတွေက တန်ဖိုးကြီးတော့ တော်ရုံလူလည်း မဝယ်နိုင်ပါဘူး"

အိမ်လိုက်ပြသော ပွဲစားက နှုတ်လျှာသွက်သွက်ဖြင့် တတ်စုံခင်း ရှင်းပြနေတုန်းမှာ ကျွန်းညိုက ခြေတစ်ဖက်ကို ခွဲထုတ်ဆန့်တန်းရပ်လျက် မေးစေ့ကို လက်ဖြင့်ပွတ်ရင်း ခေါင်းမော့ မျက်လုံးစင်းကာ ကိုယ့်ရှေ့ဆီက အိမ်ကြီးကို သဘောကျစွာ လှမ်းမျှော်ကြည့်နေမိပါသည်။

အိမ်ကြီးဟာ ပြင်ဦးလွင်မှာတွေ့ရတတ်သည့် ကိုလိုနီခေတ်ပုံစံ အိမ်ကြီးမျိုး ...။ အိမ်က ခြံကျယ်ကြီးရဲ့ နောက်ဘက် ကျကျမှာရှိပြီး ဘေးပတ်ပတ်လည်မှာတော့ ထင်းရှူးပင်ကြီးတွေ ခြံရံလျက် ခေါင်မိုးချွန်ချွန်ကို အဝေးကမြင်တွေ့ရပုံမှာ လျှို့ဝှက် နက်ရှိုင်းမှု တစ်ခုခုရှိနေသလိုလို ...။

ကျွန်းညို လိုချင်တာလည်း ဒီလိုအိမ်မျိုးပဲ ...။ ဒီ ပြင်ဦးလွင်ကို ရောက်ကတည်းက ဟိုတယ်မှာ ခဏနေပြီး အိမ်





ငှားနေဖို့ ရှာဖွေနေခဲ့တာပင် ...။ မြို့ခံ သူငယ်ချင်း စိုင်းသီဟ ဆက်သွယ်ပေးသော ပွဲစားကလည်း အိမ်တွေ တစ်လုံးပြီးတစ်လုံး လိုက်ပြရှာပေမယ့် ကျွန်းညိုက ဈေးထူမှုကာ ငြင်းပယ်နေခဲ့ပါသည်။ ပြီးတော့ သူ့လိုအင်တွေကို ပွဲစား နားလည်အောင် အထပ်ထပ် ရှင်းပြမိပါသည်။

"ကျွန်တော် လိုချင်တာ ခုခေတ်ပေါ်ပုံစံ အိမ်မျိုး မဟုတ်ဘူးဗျာ၊ လုံးဝ Antique (ရှေးဟောင်း) ဖြစ်ရမယ်၊ မှိုင်းညို့တဲ့ အငွေ့အသက် ရှိရမယ်၊ လူသူကင်းမဲ့ရမယ်၊ ဒဏ္ဍာရီဆန်ရမယ်၊ ကျွန်တော် ရေးနေတဲ့ ဝတ္ထုအမျိုးအစားနဲ့ လိုက်ဖက်ညီနေရမယ်၊ ဒါမှ ကျွန်တော် စာရေးတဲ့နေရာမှာ ပိုပြီး mood ဝင်မယ် မဟုတ်လား"

စာအုပ်စာပေနဲ့ နည်းနည်းဝေးပုံရပြီး ကျွန်းညို ဘာတွေရေးတယ်ဆိုတာလည်း ဂဃနဏ သိပုံမပေါ်သော၊ မှ(န်)တွေဘာတွေကိုလည်း နားလည်သဘောပေါက်ပုံမရသော ပွဲစားခမျာလည်း သူ့ကြောင့် တော်တော် ဦးနှောက်စားခဲ့ရပါသည်။ ဒီလိုနှင့် ရှာလေမတွေ့လေ ဖြစ်ရပြီးနောက်မှာတော့ ပွဲစားက ဒီအိမ်တစ်အိမ် ကျန်သေးကြောင်း တုံ့ဆိုင်းဆိုင်းပုံစံဖြင့် ပြောလာခဲ့တာပင် ...။

"အင်း ... နောက်ဆုံးပြစရာ တစ်အိမ်တော့ ကျန်သေးတယ် ကိုကျွန်းညို၊ အိမ်ကတော့ ကိုကျွန်းညို လိုချင်တဲ့ပုံစံမျိုး ဖြစ်မယ်ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပွဲစားရဲ့အသံဟာ ခပ်လေးလေး။ မတတ်သာလို့သာ ပြရတော့မည့် ပုံစံမျိုး။ ကျွန်းညိုကတော့ ဘာဘာညာညာ သိပ်မစဉ်းစားဘဲ ဒီအိမ်ကြီးကို ကြည့်ဖို့ ချက်ချင်း ထ,လိုက်လာခဲ့တာပင်။

ခုတော့ ... အဆေးကမြင်ရုံနဲ့တောင် ကြိုက်နေပြီ ...။ ကိုယ်ရေးနေတဲ့ စာအုပ်တွေနဲ့တောင် လိုက်ဖက်ညီနေသေးသည်။ ဒီအိမ်ကြီးမှာ နေပြီး စာရေးလိုက်ရလျှင် စိတ်ကူးသစ်တွေ ကွန့်မြူးလာနိုင်ပါသည်။

BURMESE CLASSIC .com

အဘယ့်ကြောင့်နည်း ...။

အဘယ့်ကြောင့်ဆိုသော် 'ကျွန်းညို' ဆိုသော လူငယ်စာရေးဆရာလေး ရေးသော စာအုပ်တွေဟာ တစ္ဆေ သရဲ ဝတ္ထုများ ဖြစ်နေခြင်းကြောင့်ပင်တည်း။

ကျွန်းညိုဟာ လျှို့ဝှက်သည်းဖိုဆန်ဆန် တစ္ဆေ သရဲဆန်ဆန် ဝတ္ထုမျိုးတွေကို ရေးသားအောင်မြင်နေသော စာရေးဆရာလေးပင် ...။

ကျွန်းညို ပုံစံက ခေတ်မီမီ ခပ်မိုက်မိုက်ပုံစံမျိုး ...။ ပုဆိုးမဝတ်။ ဂျင်းဘောင်းဘီ၊ စတိုင်လ်ဘောင်းဘီ စသည်တို့ကိုသာ ဝတ်ဆင်၏။ အင်္ကျီတွေ၊ ဖိနပ်တွေဆိုလည်း ဘရန်းဒက်မှ။ ဖိနပ်ဆိုလည်း Dr. Martin တို့ Scoll တို့ဆိုတာ လုံးဝ အကြမ်းစားအဆင့်မှာ ထားထားသည်။ နေပွရင် နေကာမျက်မှန် တပ်ပြီး





နေမပွလျှင် အလှတပ်မျက်မှန်ကို စတိုင်လ်ထုတ်၍ တပ်သည်။ ပြောတာဆိုတာ သွားတာ လာတာကအစ စတိုင်လ်အပြည့်မို့ ဆယ်ကျော်သက်တွေဆိုတာ လုံးဝ အငေး ...။

အဲဒီလို ကျွန်းညိုဟာ မာမီရဲ့ ဂျိုက်ဂျို စကားပြောလှသော နေ့များစွာကို ရှောင်ခွာကာ အေးချမ်းဆိတ်ငြိမ်ရာ ပြင်ဦးလွင်မှာ စာရေးဖို့ ရောက်လာခဲ့တာပင် ...။ သုံးလလောက်တော့ နေမယ် စိတ်ကူးတာမို့ ဟိုတယ်မှာ မနေဘဲ သုံးလစာ တစ်ခါတည်း ပေးနေလို့ရသည့် ခုလို အိမ်ကြီးမျိုးကို အလိုရှိခဲ့တာပင်။ ချက်ပြုတ် ကျွေးမွေးမည့် တပည့်ကျော် ပလှတိုလည်း ပါလာခဲ့သဖြင့် စားရေး သောက်ရေးကတော့ ပူစရာမလို ...။ တစ်ခုပဲရှိသည်။ တပည့်ကျော် ပလှတိုက အင်မတန် ကြောက်တတ်ခြင်းပင် ...။ ဒါလည်း သိပ်တော့ ကိစ္စမရှိ၊ ချော့ချော့မော့မော့လေး ပြောလိုက်လျှင် ပြီးပါသည်။

"ကြိုက်တယ် ...၊ ယူမယ်ဗျာ ...၊ သုံးလ အပြတ်ငွေချေပြီး ငှားလို့ဖြစ်မလား ..."

"အင်း ... ဖြစ်တော့ ဖြစ်ပါတယ်၊ ဒါပေမယ့် ..."

ပွဲစား ကိုဝဏ္ဏပုံစံက ခပ်အင်အင်နှင့် တစ်ခုခုကို ပြောသင့် မပြောသင့် ချိန်ဆနေသောပုံမျိုးမို့ ကျွန်းညိုက မျက်မှောင်ကြုတ်မိကာ ...

"ဘာအခက်အခဲရှိလို့လဲ ကိုဝဏ္ဏ၊ ပိုင်ရှင်က သုံးလဆို



www.burmeseclassic.com

www.burmeseclassic.com



မငှားချင်ဘူးလား၊ ဈေးနှုန်းကိုရော ပြင်ဆင်ချင်သေးလို့လား"

"အဲဒါက ကိစ္စမရှိပါဘူး ကိုကျွန်းညို၊ အဆင်ပြေပါတယ်၊ ပိုင်ရှင်က ကျွန်တော့်ကို လွှဲအပ်ထားပြီးသားပါ၊ တစ်ခု ... တစ်ခုရှိတာက ..."

ကိုဝဏ္ဏ သူ့စကားကို မဆက်နိုင်ဘဲ သူ့ခေါင်းသူ ကုတ်ဖွနေပြန်တာမို့ ကျွန်းညိုက ကိုဝဏ္ဏ ပခုံးကို ပုတ်လိုက်ရင်း ...

"ဘာမို့လို့ ဒီလောက် အပြောရခက်နေတာလဲ ကိုဝဏ္ဏ၊ ပွင့်ပွင့်လင်းလင်းပေါ့ဗျာ၊ ပြောစရာရှိတာသာ ပြောပါ"

ကိုဝဏ္ဏက သက်ပြင်းတစ်ချက်ချလိုက်ရင်း ...

"ကျွန်တော်က ပွဲစားဆိုပေမယ့် ကိုယ် ပွဲခရရင်ပြီးရော ဆိုတဲ့ သဘောမျိုးတော့ တစ်ခါမှ မထားဖူးပါဘူး၊ ပြီးတော့ ကိုကျွန်းညိုက ကျွန်တော့် သူငယ်ချင်း စိုင်းရဲ့ အခင်ဆုံး သူငယ်ချင်းဆိုတာလည်း ကျွန်တော် သိထားပြီးသားပါ၊ ဒီအိမ်ကို ကိုကျွန်းညိုကို ပြဖို့ ကျွန်တော် တော်တော်ကြီး ချင့်ချိန်ခဲ့ပါတယ်၊ ဒါပေမယ့် ဒီအိမ်က ကိုကျွန်းညို လိုချင်တဲ့ ပုံစံနဲ့ ကွက်တိဖြစ်နေတာရယ်၊ တခြားပြစရာအိမ်လည်း မရှိတော့လို့သာ ပြရတာပါ"

"ဒီအိမ်က ဘာဖြစ်နေလို့လဲဗျာ ..."

"ဒီမြို့ခံတွေကတော့ ဒီအိမ်အကြောင်း အားလုံးသိကြပါ





တယ်၊ သိလို့လည်း ငှားမထွက် ရောင်းမထွက် ဖြစ်နေတာ ပေါ့ဗျာ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ဒီအိမ်က သရဲခြောက် တယ်ဗျ ..."

"သရဲ !"

မမျှော်လင့်သော စကားဖြစ်သဖြင့် ကျွန်းညိုက သံယောင်လိုက် ရေရွတ်ပြီး ရုတ်တရက် ငြိမ်သွားသည်။ ထို့နောက် အားရပါးရ ရယ်မောလိုက်ရင်း ...

"ဟား ... ဟား ... ကြိုက်တယ်ဗျာ၊ ဒါမျိုးမှ ကြိုက်တာ၊ ဒါမျိုးကို စောင့်နေတာ ...၊ ဒါ ကျွန်တော့်အတွက် ကုန်ကြမ်းပဲ ..."

"ဗျာ ... ဘာ ကုန်ကြမ်းလဲ ..."

"စာရေးဖို့ ကုန်ကြမ်းပေါ့၊ ကျွန်တော်က တစ္ဆေ သရဲဆန်ဆန် ဝတ္ထုမျိုးတွေ ရေးနေတဲ့သူလေ၊ ကျွန်တော် တစ္ဆေ လုံးဝ မကြောက်တတ်ဘူးဗျ၊ တစ္ဆေ သရဲဆိုတာ ကျွန်တော့် ကလောင်ဖျားက စိတ်ကူးယဉ် ဖန်တီးနေတဲ့ အရာတွေလို့ပဲ သဘောထားတယ်"

"ဒီအိမ်က သရဲမကတော့ တကယ်ခြောက်တာ ကိုကျွန်းညို၊ ဒါ ကျွန်တော် စေတနာနဲ့ အသိပေးတာပါ ..."

"သရဲမ ... ဟုတ်လား"

"ဟုတ်တယ်ဗျ ...၊ မိန်းမ သရဲ၊ တစ္ဆေမ ခေါ်မလားပဲ၊



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေမို့လို့လား မသိဘူး၊ သူခြောက်ပုံက Romantic ဖြစ်တယ်တဲ့၊ ညဘက်ဆို နားထောင်ကောင်းတဲ့ မိန်းကလေး ငယ်ငယ်လေးရဲ့ ရယ်သံလေးတွေ ကြားရတယ်၊ ရေမွှေးနံ့ ပန်းနံ့တွေလည်း ရတယ်တဲ့ဗျ၊ နူးနူးညံ့ညံ့လေး ခြောက်တာ ပေါ့ဗျာ၊ တစ္ဆေမငယ်ငယ်လေး ထင်ပါရဲ့"

"ဩော် ... သရဲခြောက်တာတောင် နူးနူးညံ့ညံ့ Romantic ဖြစ်အောင် ခြောက်သတဲ့လား၊ အဲ့ဒီ သရဲမတော့ တွေ့ လိုက်စမ်းချင်တယ်ဗျာ၊ မိတ်ဆွေဖွဲ့ပြီး သူတို့လောက အကြောင်းတွေ ချော့မေးကြည့်ရအောင်"

"ဆ ... ဆရာ ..."

ကျွန်းညိုက ဇရွတ်ရွတ်တ ပြောနေခဲ့မှာ ကျွန်းညိုရဲ့ နောက်နားဆီက ပလူတိုရဲ့ တုန်ရီသော အသံကလေး ပေါ်လာသည်။ သူလှည့်ကြည့်တော့ ပလူတိုရဲ့ ဖြူစုတ်စုတ်မျက်နှာကို တွေ့ရသည်။ ပလူတိုသည် ဒူးချင်းရိုက်မတတ် တုန်ရီနေရင်း ...

"ကျွန်တော် ... ကျွန်တော် ပြန်တော့မယ် ဆရာ၊ ကျွန်တော့်ကို ကားဂိတ်သာ ပို့ပေးပါတော့၊ ကြုံရာကားနဲ့ ပြန်ပါရစေတော့ ..."

"ဘာဖြစ်တာတုန်းကွ ..."

"ဆရာ ဒီအိမ်မှာနေရင် ကျွန်တော် ပြန်တော့မယ် ဆရာ၊ ဆရာ သရဲမကြောက်ပေမယ့် ကျွန်တော် ကြောက်တယ်"





"မင်းကွာ ... ငါတပည့်ဖြစ်ပြီး ဒီလောက်တောင် ကြောက်တတ်ရသလား"

"ကျွန်တော် ... ကျွန်တော့်ကို ပြန်ခွင့်ပေးပါ ဆရာရယ်၊ တောင်းပန်ပါတယ်၊ ရှိကြီးခိုးပါတယ်"

ပြောပြောဆိုဆို ပလူတိုက မြေပြင်ပေါ် ငုတ်တုတ်လေး ထိုင်ချလိုက်ပြီး ကျွန်းညိုကို ကုန်းကုန်း ဦးချနေတော့ရာ ကျွန်းညိုက စိတ်အိုက်အိုက်နှင့် ဟားခနဲ အသံထွက်လျက် ခေါင်း မော့လှန်ကာ ဆံပင်တွေကို သပ်တင်လိုက်ရင်း ...

"ငါ့ အခက်အခဲကိုလည်း နားလည်စမ်းပါ ပလူတိုရာ၊ ဟိုတယ်မှာချည်း သုံးလလုံးလုံး နေဖို့ စရိတ်က အရမ်းကြီး တယ်ကွ၊ ရသမျှ စာမူခတွေ အားလုံးပြောင်သွားလိမ့်မယ်၊ ခုလို အိမ်ငှားနေလိုက်တာက တွက်ခြေကိုက်တယ်"

"ဟာ ... တခြားအိမ် ငှားပေါ့ ဆရာရယ်၊ ဒီအိမ်ကိုမှ ငှားရသလား၊ သရဲခြောက်တဲ့အိမ်ကိုမှ ရွေးငှားရသလား၊ ကျွန်တော့်ကို မငဲ့တော့ဘူးလား ...၊ ရှိခိုးပါရဲ့ ဆရာရယ်"

"ကဲပါ ... ပလူတိုရယ်၊ မင်း ခုထိ မသောင်းသေးဘူးလား၊ ထ ... ထ၊ ငါပြောတာ သေချာနားထောင်ဦး"

ကျွန်းညိုက ခါးကိုင်းလျက် ပလူတို့ချိုင်းမှ ဆွဲ မြှောက်လိုက်သည်။ အရစ်ပုပြတ်ပြတ် ဗလတောင့်တောင့် ပလူတို့ ခန္ဓာကိုယ်က လေးလှပါသည်။

"အံမယ်လေးကွာ ... မနည်းထူလိုက်ရတယ်၊ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



ကျားကိုးစီးစားမကုန်တဲ့ ခန္ဓာကိုယ်ကြီးနဲ့ ရှိတာတောင် ဒီလောက်ကြောက်တတ်ရသလား"

"သရဲက ဗလရှိတဲ့သူကို မခြောက်ဘဲနေမှာမှ မဟုတ်တာ"

"ငါပြောတာလည်း နားထောင်ပါဦး၊ မင်း သေချာစဉ်းစားကြည့်စမ်း ...၊ ငါက ညညဆို မအိပ်ဘဲ စာရေးတတ်တဲ့သူ၊ မီးတွေလည်း ဖွင့်ထားမှာ၊ မင့် သရဲမက ငါတို့ကို ခြောက်ဖို့ အခွင့်အရေးတောင် ရပါ့မလားပဲ၊ သူခြောက်လည်း မကြောက်တတ်တဲ့ ငါတစ်ယောက်လုံးရှိတယ်၊ မင်း စိတ်ချလက်ချ အိပ်လို့ရတယ်၊ ပြီးတော့ ..., ခုန ကိုဝဏ္ဏ ပြောသလိုဆို မင့်သရဲမက နုနုညံ့ညံ့လေးပဲ ခြောက်မှာ၊ အပျင်းတောင်ပြေသေး ..."

"မင့်သရဲမ ... မင့်သရဲမနဲ့ မပြောစမ်းပါနဲ့ ဆရာရယ်၊ ကျွန်တော် ကြက်သီးတွေ ထထလာလို့ပါ"

"အေးကွာ ... ဒါဆိုလည်း ငါ့သရဲမပဲ ထား ..."

"ဟာ ... ဆရာ့ သရဲမ လည်း မဟုတ်ဘူး၊ ဆရာ့ သရဲမဆိုလည်း ကျွန်တော်တို့ အတူတူရှိနေသလိုပဲပေါ့"

"ကဲကွာ ... ဒါဆိုလည်း ကိုဝဏ္ဏ သရဲမ ပဲ ထားလိုက် ..."

ကျွန်းညိုက ပွဲစား ကိုဝဏ္ဏကို လက်ညှိုးထိုးပြီး ပြောလိုက်တာမို့ ကိုဝဏ္ဏက ပြုံးစိစိနှင့် ပခုံးတစ်ချက် တွန့်ပြသည်။

"အဲဒီ ကိုဝဏ္ဏ သရဲမကို မင်းကြောက်ရင် ငါ ဘုန်းကြီးတွေ ဘာတွေပင့်ပြီး ပရိတ်ရွတ်ပေးမယ်၊ ပရိတ်ချည်ကွင်းကို





မင်းလည်ပင်းမှာ စွပ်ထား၊ ပရိတ်ရည်ကို မင်း အိပ်ရာတစ်ဝိုက်မှာ ဖြန်းထား၊ အဲဒီလိုဆို မဖြစ်ဘူးလား"

ပလူတိုက တွေတွေကြီး ငြိမ်နေမိပါသည်။ သရဲဆိုင်တုန်အောင်ကြောက်လွန်းသဖြင့်သာ ပြန်ခွင့်တောင်းရပေမယ့် အကယ်တမ်းကျတော့ ကိုယ့်ဆရာသမားကို တစ်ယောက်တည်းထားသွားရမှာ စိတ်မချနိုင်ပါ။ ပလူတိုတို့ ဆရာတပည့်ဟာ အင်တန် သံယောဇဉ်ကြီးကြသူများပင်။ ပလူတိုမရှိရင် ဆရာကို ဘယ်သူ ကော်ဖီဖျော်ပေးမလဲ၊ ဘယ်သူ ထမင်းချက်ကျွေးမလဲ၊ ဆရာလိုအပ်တာတွေ ထွက်ဝယ်ပေးဖို့၊ အဝတ်လျှော်ပေးဖို့၊ ပြီးတော့ ဆရာ စာရေးရင်း လက်တွေညောင်းကိုက်လာခဲ့ရင် ဆရာ ပါးစပ်က ရွတ်ပေးတာတွေကို လိုက်ရေးပေးဖို့ကအစ ပလူတို ရှိမှဖြစ်မှာပင်။

"ဘယ်လိုလဲ ... နေမှာလား ... ပြန်မှာလား၊ ပြန်မှဖြစ်မယ်ဆိုရင်လည်း ငါ အခုလိုက်ပို့ပေးမယ်"

ပလူတို တွေဝေတွေဝေဆိုင်းနေတာကို အကဲခတ်မိတာမို့ ကျွန်းညိုက ပလူတိုကို ထပ်မေးလိုက်သည်။ ပလူတို့ သံယောဇဉ်ကို ကျွန်းညိုလည်း မသိမဟုတ် ...။

ပလူတိုက ကလေးဆိုးကြီးလို မျက်နှာကြီး စူပွလျက် ကျွန်းညိုကို မျက်လုံးကြီး ဝိုင်းကြည့်လိုက်ရင်း ...

"ကျွန်တော် ပြန်တော့ ဆရာက ဘယ်လိုနေမှာလဲ"

"ဒီလိုပဲ အဆင်ပြေအောင် ကြည့်နေရမှာပေါ့၊ မင်းနဲ့ မတွေ့



www.burmeseclassic.com

www.burmeseclassic.com

ခင်တုန်းကလိုပေါ့ကွာ၊ အဝတ် မလျော်အားရင် ဂျင်းဘောင်းဘီတစ်ထည်ကို ဖန်တရာတေအောင် ဝတ်၊ စားစရာမရှိရင် ခေါက်ဆွဲပြုတ်သောက်၊ ခေါက်ဆွဲပြုတ်ဖို့တောင် မအားအောင် စာရေးတာ မှ(ဒ်)ဝင်နေရင် ခေါက်ဆွဲခြောက်ကိုပဲ တကျွတ်ကျွတ်ဝါးစား ...”

“တော်ပါ ဆရာရယ် ... ဆရာ အဲ့ဒီလို အပေအတေလုပ်နေရင် အခုလိုမျိုး စမတ်ကျကျ ရှင်းရှင်းသန့်သန့် ပုံမျိုးထွက်လာတော့မှာ မဟုတ်ဘူး၊ ကျွန်တော် သတိမပေးရင် ဆရာက မုတ်ဆိတ်ရိတ်ဖို့တောင် မေ့နေတဲ့ သူမျိုး ...”

“အေးပါ ပလူတိုရာ၊ မင်းက ငါ့အတွက် မရှိမဖြစ်ဆိုတာ ငါသိပါတယ်”

“သိရင် ဘာလို့ ပြန်ခိုင်းနေသေးလဲ”

“ဟာ ... ငါက စပြန်ခိုင်းလို့လား၊ မင်းပဲ မပြန်ရရင် သေတော့မယ့်အတိုင်း ဖြစ်နေပြီး ...”

ကျွန်းညိုက ပလူတိုကို မျက်မှောင်ထိုးသလို တစ်ချက်ကြည့်ရင်း မဲ့ရွဲ့သလိုလုပ်၍ ပြောလိုက်တော့ ပလူတိုက သက်ပြင်းကြီး တစ်ချက်ချရင်း ...

“ကျွန်တော် မပြန်တော့ပါဘူး ဆရာရယ်”

ဟု လေးလေးပင်ပင်ကြီး ပြောလိုက်ရှာပါသည်။

♣ ♣ ♣



♠ ♠ ♠

“ချစ်ချစ်လေးရေ ... ရဲရဲလေးရေ ... ချစ်ချစ်လေး မပျင်းရအောင် ကိုကိုတို့ ရောက်လာပြီနော်”

ကျွန်းညိုက ဟိုတယ်ကနေ ရွှေပြောင်းယူလာသည့် ...ည်းတွေကို အခန်းထဲမှာ နေရာချထားရင်း ပြုံးစိစိနှင့် ပေါက်...တွေ အော်ပြောနေတာမို့ ပလူတိုက ကိုယ့်ဆရာကိုယ် ကြည့်...စ်လာကာ ...

“ဆရာကလည်းဗျာ ... ပေါက်ကရတွေ အော်အော်မပြောစမ်းပါနဲ့၊ ကျွန်တော် ကြောက်တယ်ဗျ၊ ဒီမှာ ကြက်သီးတောင် ထလာပြီ”

ပလူတိုက သူ့လက်ဖျံတစ်လျှောက်မှာ အဖုလေးတွေ...နဲ့ ပေါ်လာတာမို့ လက်ဖြင့်သပ်ချရင်း အသံတုန်တုန်ဖြင့်...သည်။ ကျွန်းညိုကတော့ ရယ်သွမ်းသွေးလျှက်သာ ...။

“မင်း ... သေချာမှတ်ထား ပလူတို၊ သရဲ တစ္ဆေဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

လူထက်အများကြီး နိမ့်တယ်၊ သူတို့ကသာ လူကို ကြော
ရမှာ၊ လူက သူတို့ကိုကြောက်စရာမလိုဘူး၊ သူတို့ တက
ရှိလို့ ခြောက်နိုင်တယ်ဆိုရင်လည်း အငွေ့လောက်ပဲ၊ အထ
နဲ့ မခြောက်နိုင်ပါဘူးကွာ၊ သူတို့ မင်းကိုလာပြီး တို့
ထိလို့မရဘူး၊ မင့်တစ္ဆေမ ... အဲ ... ဆောရီး ... ကိုဝ
တစ္ဆေမက မင်းကို မြင်မြင်ချင်း သိပ်ချစ်သွားလို့ ခု
အတင်းပြေးဖက်လိုက်ပြီဆိုရင်တောင် မင်းမှာ ဘာအ
အတွေ့မှ သိရမှာမဟုတ်ဘူး”

“ဆရာနော် ... ဆရာနော်”

“မပြောနိုင်ဘူး၊ ခုနေတောင် မင်းကို တစ္ဆေမက ဖက်
ဖက်ထားမှာ၊ မမြင်ရလို့သာ၊ မင်း နည်းနည်း အာရုံခံကြ
ပါလား၊ ဘယ်လိုနေလဲ ...၊ နွေးထွေး အိစက်နေလာ
ပုံစံက ဗလတောင့်တောင့်ဆိုတော့ တစ္ဆေမအကြို
ဖြစ်ချင်ဖြစ်နေမှာ”

“ဆရာ ... ရှိုးပါတယ် ... တော်ပါတော့”

ပလူကိုက နဖူးထိပ်မှာ လက်အုပ်ချီတင်ရင်း နော
သို့ တစ်လှမ်းချင်း ဆုတ်သွားကာ အိပ်ရာပေါ် ပစ်လှဲချ၍ ခေါင်း
ခြုံနေသည်။

“ဟော့ကောင် ... ကြောက်မနေနဲ့၊ နေ့ခင်းဘက်ကြီး မ
ကြောက်ချင်ရင် ညကျမှ ကြောက် ...”





“ဆရာ ... ည ... ညကျရင် ကျွန်တော် တစ်ယောက်တည်း မအိပ်ဘူးနော်၊ ဆရာနဲ့ အတူတူအိပ်မှာနော် ...”

“ဇါ ယောကျ်ားလေးတွေနဲ့ အတူတူ မအိပ်တတ်ဘူးကွ၊ ချစ်ချစ်ရေ ... ညကျရင် ကိုကိုနဲ့ လာအိပ်နော်”

“ကျေးဇူးပြုပြီး သရဲမကို စိန်ခေါ်တဲ့စကားတွေ မပြောပါနဲ့ ဆရာရယ် ...”

ကျွန်းညိုက ပလူတို့ကို စ,ကောင်းကောင်းနှင့် စ,နေ
တမို့ ပလူတိုက သူ့နားနှစ်ဖက်ကို ကြပ်ကြပ်ပိတ်ထားလိုက်
ပါသည်။

ကျွန်းညိုကတော့ တစ်အိမ်လုံးကို စိတ်ဝင်တစား
ကြည့်ရှုနေမိသည်။

အိမ်ကြီးဟာ အပြင်ကနေကြည့်ရင်သာ ဈေးဟောင်း
မျိုး တွေ့ရပေမယ့် အတွင်းမှာတော့ သေသေချာချာ ပြန်လည်
င်ဆင်ထားပါသည်။

တစ်အိမ်လုံးကို ကျွန်းလျှာထိုးပျဉ်များ ခင်းထားပြီး
ာက်ထပ် ဧည့်ခန်းမှာ ကျွန်းကနုတ် ဆက်တီတစ်စုံ ချထား
ည်။ နောက်ဘက်ပိုင်းမှာ မီးဖိုခန်းနှင့် ထမင်းစားခန်း၊ အိမ်သာ
ချိုးခန်းတစ်စုံ ရှိသည်။ ပစ္စည်းဟောင်းတချို့ ထည့်ထားသော
တိုခန်းတစ်ခန်းလည်း ရှိနေသည်။ ထမင်းစားခန်းထဲမှာ စားပွဲ
လားထိုင် အစုံအလင်နှင့် ရေခဲသေတ္တာ၊ ကြောင်အိမ် ဗီရို
သဖြင့် လိုအပ်သမျှ ပစ္စည်းအစုံအလင်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်မှာတော့ နှစ်ယောက်အိပ်ခန်း တစ်
တစ်ယောက်အိပ်ခန်း တစ်ခန်း ဖွဲ့ထားပြီး ခုတင် မွေ့ရာအစုံ
သည်။ ကိုဝဏ္ဏက ထိုပစ္စည်းများကို မပျက်စီးဘူးဟု အာမခံ
လျှင် (အတယ်၍ ပျက်စီးခဲ့လျှင်လည်း တန်ဖိုးအတိုင်း ပေး
နိုင်လျှင်) သုံးစွဲခွင့်ရှိသည်ဟု ပြောထားသဖြင့် အားလုံး လို
သေးမရှိ အဆင်ပြေနေသည်။

ကျွန်းညိုက စာရေးမည့် ခုံကလေးပေါ်မှာ စာအ
တချို့ တင်လိုက်ပြီး ရှေ့ပြတင်းမှန်တံခါးချပ်ကို တွန်းဖွင့်လို
ပါသည်။

နံနက်ခင်း နေရောင်ခြည်သည် အခန်းတွင်းသို့
ထွေးစွာ ဖြာကျလာသည်။ ထင်းရှူးပင်များ ခပ်စိပ်စိပ် ရှိနေသ
ခြံထဲမှ ထင်းရှူးရနံ့ကို ရှူရှိုက်လိုက်ရသည်။ ပတ်ဝန်းကျင်မှာ
အေးမြတိတ်ဆိတ်နေသည်။ လူသံ ဆူသံ မကြားရ။ လူသ
လူလာလည်း မမြင်ရ...။ စာရေးဆရာ အကြိုက် ပတ်ဝန်းက
ပင်။ ဒီလို ပတ်ဝန်းကျင်ကို ရန်ကုန်မှာ ပိုင်ဆိုင်ဖို့တော့ အလ
ဝေးလှပါသည်။

ကျွန်းညိုက လေကောင်းလေသန့်ကို အားရပါ
ရှူရှိုက်ပြီး ခြံထဲသို့ ဆင်းလာခဲ့လိုက်သည်။ ခြံထဲ တစ်ပိုက်
လှည့်ပတ်ကြည့်ရှုချင်လို့ပင် ...။

ကျွန်းညိုသည် ခြံထဲမှာ လမ်းလျှောက်ရင်း တစ်





ခြံထဲသို့ လှမ်းမျှော်ကြည့်မိရာ ခုခေတ်ပုံစံ တစ်ထပ်တိုက်ပြားပြား
လေးတစ်လုံးကို တွေ့ရပါသည်။ တခြားတစ်ဖက်မှာတော့ ခြံ
အလွတ်သာရှိပြီး လူနေပုံ မရပါ။

"ဆရာရေ ... ဆရာ ... ဆရာ ... ဆရာ"

ရုတ်တရက် ငယ်သံပါအောင် အဆက်မပြတ် ဟစ်
ခေါ်ငင်နေသော အသံကို ကြားလိုက်ရတာမို့ သူ နောက်လှည့်ကြည့်
တော့ အူယားဖားယား ပြေးလာနေသော ပလူတိုကို တွေ့လိုက်
ရပါသည်။

"ဟော့ကောင် ... ဘာဖြစ်လာတာလဲ"

"အမလေး ... ဆရာ ... ဆရာ ..."

ပလူတိုသည် ချက်ချင်း မပြောနိုင်သေးဘဲ အမော
ဆို့နေပြီးမှ အပေါ်ထပ် ပြတင်းပေါက်ဆီ လက်ညှိုးညွှန်ပြရင်း ...

"ခြောက် ... ခြောက်ပြီ ..."

"ဘာခြောက်တာလဲ၊ ကြွက်ခြောက်ချင်လို့လာ"

"မဟုတ်ဘူး ဆရာ ... ခြောက်နေတာ၊ နေ့ခင်းကြောင်တောင်
ခြောက်နေတာ ..."

"အေး ... ပြော၊ ရှင်းအောင်ပြော၊ ဘာခြောက်တာလဲ ပြော"

"သရဲပေါ့ ဆရာ၊ သရဲ ... သရဲ"

"ဘယ်မှာ ခြောက်သလဲ ပြော ..."

"အပေါ် ... အပေါ်ထပ်မှာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ခြောက်သလဲ"

"ပြတင်းပေါက်ကြီး ပွင့်နေတာ ဆရာ၊ သရဲက ပြတင်း
ပေါက်တောင် ဖွင့်နိုင်တယ်"

"ဟင့်အင်း ... သရဲမဟုတ်ဘူးကွ၊ ငါကွ ... ငါကွ၊ မင်း
ခေါင်းမြီးခြုံနေတုန်း ငါဖွင့်လိုက်တာကွ"

"ဟုတ်လို့လား"

ပလူတိုက မသက်သာသလို မေးလိုက်တာမို့ ကျွန်ုပ်
က ခေါင်းတောက်နှင့် တစ်ချက် လှမ်းကန်လိုက်သည်။ ပလူတို
နောက်သို့ တစ်ချက်ခုန်၍ ဆုတ်လိုက်ရင်း ...

"အခု မခြောက်သေးလည်း အနေနဲ့ အမြန် သေချာပေါက်
ခြောက်မှာပဲ ဆရာ၊ ကျွန်တော်တို့ တည်းခဲ့တဲ့ ဟိုတယ်
က ဝန်ထမ်း ကောင်လေးတွေလည်း ဒီအိမ်ကြီးအကြောင်း
သေသေချာချာ ပြောပြလိုက်တယ် ..."

"ဘာပြောလဲ ..."

"သရဲခြောက်လွန်းလို့ ဒီအိမ်ကလူတွေ ပြောင်းပြောင်းပြေး
ကြတယ်တဲ့ ...၊ ခုဆို ဒီအိမ်ကြီးကို ဘယ်သူမှ မဝယ်
မငှားရဲလို့ ဒီအတိုင်း ပိတ်ထားလိုက်ရတာတဲ့ ..."

"လူတွေက ဒီလိုပဲ တစ်ဆိတ်ကို တစ်အိတ်ပုံကြီးချဲ့ ၁
ကြမှာပဲ ပလူတို၊ ဒီအိမ်နားက ဖြတ်သွားတုန်း သင်း
ခြောက် ကျိုးကျဲသံကြားလည်း သရဲခြောက်တယ်ပြော
မှာပဲ"





"ပွဲစား ကိုယ်တိုင်က သရဲခြောက်ပါတယ် ပြောတာတောင်
ဆရာကတော့ မယုံသလိုနဲ့ ဖြုံကို မဖြုံဘူးဗျာ"

ပလူတိုက ညည်းညူသလိုပြောရင်း ခြံဝန်းဝသို့ ခပ်
သုတ်သုတ် လျှောက်ထွက်သွားသည်။

"ဟေ့ကောင် ... ဒါ ဘယ်လဲ"

"ဘုန်းကြီး သွားပင့်မလို့ ..."

"နောက်နေ့မှ အေးအေးဆေးဆေး ပင့်ပါကွ၊ အိမ်လည်း
သေချာမရှင်းရသေးဘဲနဲ့ ..."

"ဒီအိမ်မှာ ဘုန်းကြီး ပရိတ်မရွတ်ဘဲ ဒီတစ်ညကို ဖြတ်
သန်းဖို့ ကျွန်တော့်မှာ အင်အားမရှိလို့ပါ ဆရာရယ်၊ သွား
ပါရစေ ..."

ပလူတိုက နတ်ပူးသလို လက်အုပ်ချီထားသောလက်
ကို သူ့နဖူးနှင့် နှစ်ချက် သုံးချက် ထိရိုက်တောင်းပန်ပြီး ခြံပြင်
သို့ ထွက်သွားရာ ကျွန်းညိုက ပခုံးတစ်ချက် တွန့်၍ ရယ်မော
ကျန်ရစ်ခဲ့ပါသည်။

ကျွန်းညိုကတော့ အေးဆေး။ လုံးဝ အေးဆေးပင်။
ခြံထဲအနှံ့ လမ်းလျှောက်ရင်း လေကောင်းလေသန့် ရှူရှိုက်နေသည်။

လမ်းလျှောက်ရင်း ညောင်းလာတော့မှ ကျွန်းညိုက
ခြံဝန်းထောင့်နားလေးက သစ်သား ခုံတန်းလေးမှာ ထိုင်ချလိုက်
မိပါသည်။ ထိုခဏမှာ အနောက်ဘက် ခြံစည်းရိုး သင်္ဘောင်အုပ်
များဆီက အသံကို ကြားလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှုတ် ... ရှုတ် ..."

တစ်ယောက်ယောက်ကို အသံပေး ခေါ်နေသလ
မျိုး ...။ သူ လှည့်မကြည့်ဘဲ နေလိုက်ပါသည်။

"ဟိတ် ... ရှုတ်၊ ဟိတ် ... ရှုတ်"

အသံဟာ မိန်းမသံ ...။ သူ လှည့်မကြည့်သေး

"ဟိတ် ... သရဲခြောက်တဲ့ အိမ်က လူကြီး၊ ခေါ်နေတ
မကြားဘူးလား"

ဒီတစ်ခါတော့ သူ လှည့်မကြည့်ဘဲ နေလို့မရတော့
သူ့ကိုခေါ်တာ သေချာသွားလို့ပင်။

ကျွန်းညိုက အသံလာရာဆီ ဣန္ဒြေရရ ဖြည်းဖြည်
သာသာ စတိုင်လ်ပါပါ လှည့်ကြည့်လိုက်ပါသည်။

မျက်နှာကလေး တစ်ခုတည်း။

ထို မျက်နှာကလေးဟာ ခြံစည်းရိုး သစ်ပင်ချုံနွယ်
တွေပေါ်မှာ မေးတင်နေသည်။ ဂျပန်ဆံတောက်လား၊ ကလီယို
ပါထရာ ဆံပင်ပုံစံလား၊ ကိုရီးယား မင်းသမီးတစ်ယောက်ယောက်
ရဲ့ ဆံပင်ပုံမျိုးလား မသိသော နဖူးပေါ် တိဝဲအုပ်ကျနေသည်
ဆံပင်ပုံစံနှင့် ...။ မျက်နှာလေးက ချစ်စဖွယ် ဖောင်းဖောင်းမို့မို
လေး ...။ နှုတ်ခမ်းလေးက စုစုရှူရှူလေး။ မျက်ခွံ မို့မို့လေးတွေ
နှင့် ... (နှာတံပေါ်လွင်စင်းဖြောင့်ပေလို့သာ၊ နှာတံပြားရင် အကြည်
ရဆိုးမယ့် ပုံမျိုး)။





"ယော့လူကြီး ... ဘာကြည့်နေတာလဲ၊ နေ့ခင်းကြောင်တောင်
ခေါင်းပြူတ်သရဲ ခြောက်တယ်မှတ်လို့လား"

ကျွန်းညိုက ပခုံးတစ်ချက် တွန့်ပြလိုက်ပြီး ကောင်
မလေးဆီ လျှောက်လာခဲ့ပါသည်။

"ဘာကိတ် ..."

သူ ကောင်မလေးကို မေးတစ်ချက်ဆတ်၍ မေး
လိုက်သည်။ ကောင်မလေးက နှာခေါင်းလေး တစ်ချက်ရှုံ့၍ ရယ်
မောလိုက်ရင်း ...

"ရှင်တို့ကို မြင်ဖူးအောင် လာကြည့်တာ ..."

"ဘယ်လို ..."

"ဒီလိုလေ ... ဒီအိမ်မှာ ဘယ်သူမှ မနေရဲဘူးလို့ ခြယ်
သိထားတာဆိုတော့ လာနေရဲတဲ့ သူက အထူးအဆန်းကြီး
ဖြစ်နေတာပေါ့၊ ဘယ်လောက် သတ္တိကောင်းတဲ့ ဘယ်လို
လူမျိုးလဲဆိုတာ တွေ့ဖူးချင်လို့ လာကြည့်တာ ..."

"ချောတယ် မဟုတ်လား"

"ရှင် ..."

"ခုတွေ့ဖူးသွားတော့ ချောတယ်ဆိုတာ သိသွားပြီမဟုတ်
လား"

"ပေါတယ်နော်"

"ပေါပေမယ့် ပေါပေါပဲပဲထဲကတော့ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီခြံမှာ လာနေရဲကတည်းက ရှားရှားပါး ငါး လူမျိုးဆိုတာ ခြယ် သုဘောပေါက်ပါတယ်ရှင်"

"ဒီခြံကလည်း လူပြောလူပြော တော်တော်များတာပဲနော်"

"များတာပေါ့၊ သရဲခြောက်တဲ့နေရာမှာ နာမည်ကြီးပဲဟာ၊ ခြယ်ဆို ညဘက်ရောက်တာနဲ့ ဒီခြံစည်းရိုးနား မကပ်ရဲတော့ဘူး၊ ခြံထဲတောင် မဆင်းရဲတော့တာ၊ တစ်ခါတုန်းကဆို ခြယ်တို့ မြေအဘိုးတွေ ညစာစားခါနီးအဘိုးက သံပရာသီး စားချင်တယ်ဆိုလို့ ဒီခြံထောင့်က သံပရာပင်မှာ ခြယ် တစ်ယောက်တည်း အရဲစွန့်ပြီး သံပရာသီး လာခူးမိတာ၊ အမလေး ... ခု ပြန်ပြောရင် ခု ကြက်သီးထတယ်၊ ဒီနား လည်း ရောက်ရော လူမနေတဲ့ အိမ်ထဲက မိန်းမရယ်သံ ကြားရတော့တာပဲ၊ ပြီးတော့ မီးတွေလည်း ဖွင့်လိုက် ပိတ် လိုက်နဲ့ ..."

"မင်းက ကိုယ်တိုင် သရဲခြောက်ခံထားရဖူးတယ် ဆိုပါ တော့ ..."

"အင်းပေါ့ ...၊ ဒီအိမ်မှာနေဖူးတဲ့လူတွေ ပြောပြတာလည်း ကြားဖူးတယ်"

"မင်းက ဟိုဘက်ခြံကပေါ့ ..."

"ဟုတ်တယ် ... ခြယ်က မွေးကတည်းက ဒီမှာပဲ နေတာ"

"ခြယ် ဆိုတာက ..."





"ခြယ့် နာမည်လေ၊ ခြယ့် နာမည်က မှုန်ရီခြယ်"

"ကိုယ်က ကျွန်းညို ..."

"ကျွန်းညို ! ...၊ စာရေးဆရာ ကျွန်းညိုလား"

"ဟုတ်တယ် ..."

"ဟား ... ခြယ့် အကြိုက်ပဲ၊ ခြယ် အမြဲဖတ်တယ်"

"မိန်းကလေးဖြစ်ပြီး တစ္ဆေ သရဲဆန်ဆန် ဝတ္ထုမျိုးတွေ ဖတ်သလား၊ မင်းတို့အရွယ်လေးတွေက များသောအားဖြင့် အချစ်ဝတ္ထုတွေပဲ ဖတ်ကြတာလေ ..."

"ဟင့်အင်း ... ခြယ်က အချစ်ဝတ္ထု မကြိုက်ဘူး၊ လျှို့ဝှက် သည်းဖိုတို့၊ တစ္ဆေ သရဲတို့၊ ဂမ္ဘီရတို့ပဲ ကြိုက်တယ်၊ ရုပ်ရှင်ကြည့်ရင်တောင် ဟယ်ရီပေါ့တားပဲ ကြည့်တာ ..."

"အဆန်းပဲ ..."

"ဒါနဲ့ ဆရာက ..."

"ကိုကျွန်းညိုပဲ ခေါ်ပါကွာ"

"အင်း ... ကိုကျွန်းညိုက တစ္ဆေ သရဲ ဝတ္ထုရေးတဲ့သူဆို တော့ တစ္ဆေ မကြောက်တတ်ဘူးလား"

"မကြောက်ပါဘူး"

"မကြောက်လို့တော့ မဖြစ်ဘူး"

"ဘာဖြစ်လို့တုန်း ..."

"သဘာဝမကျလို့ပေါ့၊ ခြယ် အင်တာဗျူးတွေ ဖတ်ဖူးတာ



www.burmeseclassic.com

www.burmeseclassic.com

တော့ အချစ်ဝတ္ထုရေးတဲ့ စာရေးဆရာမတွေက အချစ်ကို မယုံဘူး မပြောပါဘူး၊ အချစ်ကို မယုံဘဲ အချစ်ဝတ္ထုရေးနေရင် သဘာဝကျပါ့မလား၊ ကိုကျွန်းညိုလည်း တစ္ဆေသရဲ မယုံဘဲ တစ္ဆေ သရဲ ရေးနေတော့ သဘာဝမကျဘူးပေါ့"

"မယုံဘူးလို့ မပြောဘူးလေ၊ မကြောက်တတ်ဘူးလို့ ပြောတာ ..."

"အဲ့ဒါ လက်တွေ့ မကြုံဖူးသေးလို့ ပြောတာပါ၊ ကိုယ်တိုင် အခြောက်ခံရရင် ကြောက်သွားလိမ့်မယ်"

"အင်းလေ ... အိမ်က တစ္ဆေမ ဘယ်လောက်စွမ်းမလဲ ကြည့်ရသေးတာပေါ့ ..."

ကျွန်းညိုက တစ္ဆေမအကြောင်းကို ကိုယ့်အိမ်သူသက်ထားအကြောင်း ချစ်စနိုးပြောသလို ပြောပြီး ရယ်မောလိုက်ပါသည်။ မှုန်ရီခြယ်က ခဏငြိမ်တွေသွားပြီးမှ ...

"နေတော့ နေကြည့်လိုက်ဦးပေါ့လေ ...၊ သူများတွေတော့ ပြောင်းပြေးကြရတာပဲ၊ ခြယ်က စေတနာနဲ့ သတိပေးရုံ သက်သက်ပါ၊ အိမ်နီးချင်းတွေဆိုတော့ ကူညီစောင့်ရှောက်ရမယ့် ဝတ္တရား ရှိတယ် မဟုတ်လား"

"ကျေးဇူးတင်ပါတယ်"

နုနုနယ်နယ် ပုံစံလေးဖြင့် လူကြီးစကားတွေ ပြောနေသော မှုန်ရီခြယ်ကို ရယ်ချင်စိတ်ဖြင့် သူက ခေါင်းတစ်ချက်ညိတ်လိုက်ရသည်။ မှုန်ရီခြယ်က အိမ်ကြီးဆီ လှမ်းမျှော်ကြည့်လိုက် ...

"အိမ်ကြီးကလည်း ကြောက်စရာကြီးနော်၊ ခြယ်ဖြင့် ညညဆို ဒီအိမ်ကြီးကို လုံးဝ လှမ်းမကြည့်ရဲဘူး၊ ဒါနဲ့ ကိုကျွန်းညို တစ်ယောက်တည်း နေမှာလား"

"တပည့်လေး တစ်ယောက် ပါပါတယ်"

"သူရော တစ္ဆေ ကြောက်တတ်လား"

"သူကတော့ အရမ်းကြောက်တတ်တယ်"

"အဲ့ဒါဆို သတိထား၊ ညညဆို သူ့ကို ခြံထဲမဆင်းစေနဲ့၊ အရမ်းကြောက်တတ်တဲ့သူဆို တစ္ဆေခြောက်ခံရရင် လိပ်ပြာတွေ ဘာတွေ လွင့်သွားဦးမယ်၊ ကိုကျွန်းညိုလည်း ခြံထဲမဆင်းနဲ့၊ သူ့ကို အဖော်ပြုပေးပေါ့၊ သူရော ဘယ်မှာလဲ၊ မတွေ့ပါလား"

"ဘယ်သူလဲ ..."

"ကိုကျွန်းညို တပည့်လေ ..."

"သြော် ... ပလူတိုက ဘုန်းကြီးသွားပင့်တယ်၊ အိမ်မှာ ပရိတ်ရွတ်မလို့တဲ့ ..."

"ဟင် ... ဒါဆို ဘုန်းကြီးကိုနေ့ဆွမ်းကပ်ရမှာပေါ့၊ ပန်းကန်တွေရော အဆင်သင့် ရှိရဲ့လား"







www.burmeseclassic.com

www.burmeseclassic.com

"ကြောင်အိမ်ထဲမှာ ပန်းကန်တွေ ဇွန်းတွေတော့ တွေ့တယ် ဖန်ခွက်တွေတော့ မတွေ့ဘူး၊ ပလုတို ကြည့်စီစဉ်လာမယ် ထင်တယ်"

"ဒါဆို လိုရမည်ရ ခြယ်တို့အိမ်က ဖန်ခွက်တွေ ယူထား လိုက်လေ၊ ခဏစောင့်၊ ခြယ်သွားယူပေးမယ် ..."

ကောင်မလေးရဲ့ ခေါင်းက လှစ်ဆို သူ့မြင်ကွင်းမှ ပျောက်သွားသည်။ ကျွန်းညိုက ခပ်ပြုံးပြုံးမျက်နှာထားဖြင့် ရပ်ကျန် နေခဲ့သည်။ ကောင်မလေး ကြည့်ရတာတော့ သဘောကျစရာ ကလေးပင်။ မျက်နှာလေးကို အကဲခတ်ရသလောက်တော့ သူမ အသက်က အလွန်ဆုံးရှိလှ နှစ်ဆယ့်သုံးလောက်ပေါ့ ...။ ကျွန်းညို က နှစ်ဆယ့်ခုနစ်နှစ် ဆိုတော့ သူ့ထက် လေးနှစ်လောက်တော့ ငယ်မည်ပင် ...။ ဒီလို ငယ်ငယ်ချောချော သွက်သွက် အိမ်နီးချင်း ကလေးများကလည်း တော်တော် အဆင်ပြေတာပဲဟု သူက တွေးမိ ရင်း ပြုံးစိစိနှင့် ပခုံးတွန့်မိသည်။

ခဏကြာတော့ ခြံစည်းရိုးပေါ်မှာ ကောင်မလေး မျက်နှာလေး ပြန်ပေါ်လာကာ ပလတ်စတစ်အိတ်နှင့် ထည့်လာ သော ဖန်ခွက်တွေထည့်ထားသည့် စက္ကူကတ်ထူဘူးကို လှမ်းပေး ရင်း ...

"ရော့ ... ဒီမှာ ယူထားလိုက်၊ မကွဲစေနဲ့နော်၊ အဲဒါ အဘိုး သိမ်းထားတဲ့ ဖန်ခွက်အကောင်းစားတွေ၊ ကွဲရင် ခြယ် အဆူ ခံရမှာ"





"ကောင်းပါပြီဗျာ၊ ကျေးဇူးတင်ပါတယ်"

"ဒါဆို အိုကေနော်၊ ခြယ် သွားတော့မယ်"

"ခဏ ... ခဏနေဦး"

သူမ ခေါင်းလေးက တစ်ဖက်သို့လှည့်ပြီးမှ ချာခနဲ ပြန်လှည့်ကြည့်လေသည်။

"မင်းက ဝတုတ်မလေးလား"

"အံမယ် ... မဝပါဘူး၊ ဘာလို့ မေးတာလဲ"

"ကိုယ် မြင်ရတာ မင်းမျက်နှာလေးပဲလေ၊ ဒီခေါင်းလေး တစ်လုံးနဲ့ပဲ စကားတွေပြောနေရတာ ခေါင်းပြတ်သရဲနဲ့ ပြောနေရသလိုပဲ၊ ကိုယ်က လူတွေကို သေသေချာချာ မမြင်ရဘဲ စကားမပြောတတ်ဘူးကွ ..."

"ဒါဆို ခြယ်က ခြံစည်းရိုးပေါ် တက်ရမ်ပြရမလား၊ လုံးဝ ပဲ စာရေးဆရာ ..."

မှုန်ရီခြယ့် မျက်နှာလေးက ရှုပ်သွားတာမို့ ကျွန်းညို က ရယ်မောလိုက်ရင်း ...

"စိတ်ဆိုးသွားတာလား၊ နောက်တာပါကွာ၊ ကဲ ... ကိုယ် ဘုန်းကြီးကြွမလာခင် ပြင်စရာရှိတာ သွားပြင်လိုက်ဦးမယ်"

ကျွန်းညိုက အရင်နှုတ်ဆက်ကာ သူမကို ကျောခိုင်း လိုက်သည်။ သူ ခြေလှမ်း သုံးလှမ်းလောက် လှမ်းမိတော့ နောက်ရှိ ခြယ့် အသံကို ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ လူကြီး ..."

ခေါ်သံကြောင့် သူ့ခြေလှမ်းတွေကို ရပ်ပစ်လိုက်သည်။ နောက်ကိုတော့ လှည့်မကြည့်သေး။

"ခြယ်က တချွေ သရဲ ဝတ္ထုတွေ ရေးတဲ့သူဆိုတာ သရဲကြီးလိုပဲ ကြောက်စရာကောင်းမယ်ထင်တာ၊ ခုတော့ ..."

"အဟင်း ... ခုတော့ ဘာဖြစ်လဲ"

မှုန်ရီခြယ်က ချက်ချင်းစကားမဆက်တာမို့ ကျွန်ုပ်က လှည့်မကြည့်ဘဲ လှမ်းမေးလိုက်သည်။

"ခုတော့လား ... အဟင်း ခုတော့ သဲသမန်ပါပဲ"

သူမက ကျွန်ုပ်ကို မခံချင်အောင် လှမ်းအော်ပြော၍ သွားသည်။

သူက လှည့်မကြည့်ဘဲ ပခုံးနှစ်ဖက်ကိုသာ ဟန်ပါပါ တွန့်ရင်း ပြုံးမဲ့မဲ့ လုပ်နေလိုက်မိလေသည်။

အင်း ... ဒီနေ့အဖို့ ပခုံး ဘယ်နှချက်တောင် တွန့်မိပါလိမ့်။

♣ ♣ ♣



♠ ♠ ♠

ညအိပ်ရာဝင်ခါနီး ဦးသုံးကြိမ်ချ ဘုရားရှိခိုးဖို့ကိုပင် ဖျင်းရိလှသော ပလူတိုသည် ခုတော့ ဘုရား တရား သံဃာကို ခြင်းပြင်းပြပြ ယုံကြည်ဆည်းကပ်လျက် ရှိပါသည်။

ပင့်လာသော သံဃာ သုံးပါးကို တကုန်းကုန်း ဦးချလို့မဆုံးနိုင်သော ပလူတို့ကို ကြည့်ရင်း ကျွန်ုပ်က ကျိတ်ပြုံးမိနေသည်။

ပလူတိုက သံဃာသုံးပါးကို မြင်းလှည်းဖြင့် ပင့်လာပြီး နေ့ဆွမ်းကပ်ဖို့ ဆွမ်းခဲဖွယ်များ၊ အအေးနှင့် အချိုပွဲများကို သူ့ဘာသာ စီစဉ်ဝယ်ခြမ်းလာသည်မှာ လိုလေသေးမရှိစေရ ...။ ဘုန်းကြီးတွေရှေ့မှာ ချထားဖို့ ပရိတ်အိုးနှင့် ပရိတ်ချည်များကိုပါ ကျကျနန ဝယ်ယူလာပါသည်။

ဘုန်းကြီးတွေ ပရိတ်ရွတ်တော့လည်း မျက်လုံးကို မှိတ်ကာ ကျကျနန နာယူသည်။ ဘုန်းကြီးတွေ ပြန်ကြွသွားတော့ နှင့် ပရိတ်ချည်ကို သူ့လည်ပင်းမှာ ကောက်စွပ်လိုက်သည်။ ပြီးတော့


www.burmeseclassic.com

www.burmeseclassic.com



ပရိတ်ရေအိုးကို မွေ့ပိုက်လျက် အိမ်ပတ်ပတ်လည်မှာ သမြေခ[...]
ဖြင့် ဖြန်းပက်နေသည်။ အိမ်ပတ်လည်မှာ ဖြန်းပြီးတော့ အိပ်ခန်[...]
တစ်ပိုက်၊ သူ့အိပ်ရာတစ်ဝိုက်မှာ ရွှဲရွှဲစိုအောင် ဖြန်းပက်ပြန်သည်[...]

"ဟောကောင်း ... အိပ်ရာတွေ စိုရွှဲကုန်တော့မယ်၊ နည်းနည်[...] ဖြန်းလည်း ရပါတယ်ကွ"

ကျွန်းညိုက အမြင်မတော်လို့ဝင်ပြောလည်း မနားခံပါ[...]

"ပရိတ်ရေနည်းရင် ခြံစည်းရိုးမလုံဘူး ဆရာ၊ ပရိတ်[...] များများ ဖြန်းထားမှ ခြံစည်းရိုး ခိုင်ခိုင်ခတ်သလို ဖြစ်ပြ[...] တစ္ဆေမ ဝင်မလာနိုင်မှာ"

ပလူတို့ပုံစံက ရယ်စရာ သနားစရာလေးတော[...] ဖြစ်နေပါသည်။ ကျွန်းညိုကတော့ ညရောက်တဲ့အခါ သရဲ[...] ဘယ်လိုခြောက်မှာလဲဟုသာ သိချင် စိတ်စောနေမိသည်။

ဘုရားစူးပါစေရဲ့ သူဟာ တစ္ဆေ သရဲဆန်ဆန် ဝတ္[...] တွေသာ ရေးနေပေမယ့် ခုထိ တစ္ဆေ သရဲကို နဖူးတွေ့ ဒူးတွေ့[...] မကြုံဖူးခဲ့ပါ။ ကြားဖူးနားဝ ပုံပြင်တွေ၊ သူငယ်ချင်းတွေရဲ့ သ[...] ခြောက်ခံရသည့် ဇာတ်လမ်းတွေ၊ နိုင်ငံခြားရုပ်ရှင်တွေ၊ ဝတ္[...] တွေကို ဖတ်ရှုမှီငြမ်းပြီး သူ့ဝတ္ထုတွေကို စိတ်ကူးယဉ်ဆန်ဆ[...] ဖန်တီးရေးဖွဲ့ရတာပင်။ ဘာနဲ့တူသလဲဆိုရင် ရည်းစားမထား[...] မချစ်ဖူးဘဲ အချစ်ဝတ္ထုရေးတာနှင့် တူနေသည်။

"ဆရာ ... ညကျရင် ဆရာ့အခန်းထဲက ခရာ့အိပ်ရာမှ[...] ကျွန်တော် အတူတူအိပ်မှာနော်"





ပရိတ်ရေ ဖြန်းပြီးသွားသော ပလူတိုက သူ့နားမှာ [...]ကပ်ထိုင်၍ ပြောတာမို့ သူက တစ်ဖက်သို့ ရွှေ့ထိုင်လိုက်ရင်း

"ငါ့နား လာလာကပ်မနေစမ်းနဲ့ကွာ၊ မင်း အဲလို လာလာ ကပ်နေရင် ငါ့မှာ အခြောက်ကြီးနဲ့ အတူနေရသလို ခံစားရ တယ်"

"ကြောက်လို့ပါ ဆရာရယ်"

"ကြောက်ရင် ညကျ ငါ့အိပ်ရာမှာ လာအိပ်ကွာ၊ ဟောက် ရင်တော့ ငါ ကန်ချမှာနော်"

"ဟုတ်ကဲ့ ... မဟောက်အောင် ကိုယ့်လျှာကိုယ် ကိုက်အိပ် မှာပါ"

"အေး ... ဒါဆိုလည်း ခုတော့ အိမ်လေး ဘာလေး ရှင်း ပါဦးကွာ၊ ငါလည်း မင်းသွားနေတုန်း တတ်နိုင်သမျှ ရှင်း ထားပါသေးတယ်"

ပလူကိုက ကျွန်းညိုကို မလွန်ဆန်နိုင်လို့သာ အိမ် [...]ရှင်းရပေမယ့် ချောင်ကျကျ အခန်းတွေဘက်ရောက်သွားပြီဆို [...]ချင်းအော်ဆိုလိုက်၊ သမ္ဗုဒ္ဓေ အော်ရွတ်လိုက်၊ ကျွန်းညိုကို လှမ်း [...]အော်ခေါ်လိုက်နှင့် တစ်ယောက်တည်း ပွဲဆူနေသည်။

ဒီလိုနဲ့ပဲ ပြင်ဦးလွင်သည် တဖြည်းဖြည်း အမှောင် [...]က်သို့ လုကဲလာပါသည်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

ည။

ညသည် အပ်ကျသံမျှ မကြားရအောင် တိတ်ဆိတ်နေလေသည်။

ဝလှုတိုက မှောင်ပါပြီဆိုကတည်းက အိပ်ရာပေါ်မှာ ခေါင်းခေါင်းမြီးခြုံကွေးနေသည်။ ကျွန်းညိုကတော့ စာရေးစားပွဲမှာ ထိုင်ကာ ရေးလက်စ ဝတ္ထုကို ဆက်ရေးနေမိပါသည်။ ရေးရင်းနှင့် သူ့လက်တွေက အေးစက်ထုံကျင်ကိုက်ခဲလာသည်။ လက်တွေနွေးထွေးအောင် လက်အိတ်စွပ်ရေးချင်ပေမယ့် ဘောလ်ပဲန်ကိုင်ဖို့က လက်အိတ်နဲ့ဆို အဆင်မပြေနိုင်။

ကျွန်းညိုက လက်ချောင်းတွေကို ခဏအနားပေးပြီး အနွေးဓာတ်ဝင်လာအောင် လက်ချောင်းတွေ အချင်းချင်း ပွတ်သပ်ဆုပ်နယ်နေမိသည်။ သူ့ခေါင်းထဲက စိတ်ကူးတွေက တသွင်သွင် စီးဆင်းနေတာမို့ မရေးတော့ဘဲ နားလိုက်ရမှာလည်း နှမြော





ရကောင်းလှပါသည်။ သူက ပလှုတို့ကို အကူအညီခေါ်ဖို့ စိတ်ကူးကာ ပလှုတို့ဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်ရင်း ...

"ဟော့ကောင် ... အိပ်ပြီလား"

"အိပ် ... အိပ်လို့ မပျော်သေးပါဘူး ဆရာ"

"ဒါဆို လာကွာ ... ငါ့ခေါ်ပေးတာ မင်းလိုက်ရေးပေးဦး၊ ငါ့လက်တွေ ကိုက်နေလို့ကွ"

ပလှုတိုက ဆရာ့သမားကို မလွန်ဆန်နိုင်တာမို့ ...င်ကို ပခုံးမှခြုံပတ်လိုက်ပြီး ကျွန်းညို စားပွဲရှေ့မှာ လာဝင်...ိုင်လိုက်ပါသည်။

ကျွန်းညိုက စာရွက်တစ်ထပ်နှင့် ဘောလ်ပဲန်ကို ဝလှု...ရှေ့မှာ ချပေးလိုက်ပြီး နှုတ်မှ ရွတ်ပေးလိုက်သည်။

"အမှောင်ထဲမှာ အဖြူစလေးတစ်စ သူ့ထံဦးတည်၍ တရွေ့ရွေ့ လွင့်မျောလာနေသည်။ သူ ထိုအဖြူစလေးကို စိုက်ကြည့်နေစဉ်မှာပင် ထိုအဖြူစလေးက တဖြည်းဖြည်း ထင်ရှားလာပြီး အဖြူရောင် ဝတ်ရုံရှည်ကြီး ဆင်မြန်းထားသော မိန်းကလေးတစ်ဦးဖြစ်ကြောင်း သိလိုက်ရသည်။ နက်မှောင်သော ပိတုန်းရောင် ဆံကေသာများသည် အမှောင်ထဲတွင် လွင့်မျောလျက် သူမမျက်နှာ တစ်ခြမ်းကို ဖုံးကွယ်အုပ်ဆိုင်းထားသည်။ ကျန်မျက်နှာတစ်ခြမ်းမှာ ကျောက်သားပြင်ကဲ့သို့ ပျဉ်ချပ်ကြီးဖြစ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... ဆရာ တော် ... တော်ပါတော့၊ ကျွန်တော် ဆက် မရေးပါရစေနဲ့တော့ ..."

ပလှူတိုက တုန်တုန်ရင်ရင် ပြောရင်း ဘောလ်ပဲန်ကို [illegible]လိုက်သည်။

"ဟာ ... ဘာဖြစ်ရတာလဲကွာ၊ စိတ်ကူးတွေတော့ သွားပါပြီ"

"ခုချိန်မှာ ဆရာ ရေးမယ့် ဝတ္ထုက အချစ်ဝတ္ထုဆိုရင် ကျွန်တော် အရိုးကြေကြေ အရည်ခမ်းခမ်း တစ်ညလုံး မအိပ်ဘဲ ရေးဆိုရင်တောင် ရေးမှာပါ ဆရာ၊ ခုတော့ ဆရာ့ ဝတ္ထုစာသားတွေက ကာလံအေသံနဲ့ ကိုက်ညီလွန်းလို့ ခုပဲ အမှောင်ထဲက ဖြူဖြူကြီး ထွက်လာတော့မယ်ထင်ရတယ်၊ ဒီအိမ်မှာနေတုန်း ဒါမျိုးတွေ မရေးလို့ မရဘူးလား ဆရာရယ်"

"ငါက ဒါမျိုးတွေ ရေးတဲ့ စာရေးဆရာလေကွာ ..."

"အဲဒါဆိုလည်း နေ့ခင်းကျမှ ရေးပါလား ဆရာ"

"နေ့ချင်းကျတော့ စိတ်ကူးက ဒီလောက် ကွန့်မြူးမလာဘူးကွ"

"ပြဿနာပဲ ..."

"ခဏလေးပါကွာ၊ ခဏပဲ သည်းခံ၊ ဒီတစ်ခန်းတော့ ပြတ်အောင်ရေးလိုက်ကြရအောင်ပါ"





"ဒီတစ်ခန်းပဲနော်"

"အေးပါကွာ ... ဒီတစ်ခန်းပါပဲ"

"သိပ်ကြောက်စရာကောင်းတာတွေ ခေါ်မပေးနဲ့နော်"

"ဒီအခန်းကလည်း တကယ့်ဟာ မဟုတ်ပါဘူးကွာ၊ အိပ်မက် မက်နေတဲ့ အခန်းပါ"

"ဪ ... အိပ်မက်လား၊ တော်သေးတာပေါ့"

ပလှူတိုက သက်ပြင်းချပြီး ဘောလ်ပဲန်ကို ပြန်ကောက်ကိုင်သည်။

"မင့်ပြောရတာနဲ့ပဲ ငါ့စိတ်ကူးတွေတောင် ဘယ်ရောက်သွားပြီလဲ မသိဘူး"

ကျွန်းညိုက နားထင်ကို လက်ညှိုးဖြင့် ခေါက်၍ ပြန်စဉ်းစားနေဆဲ ...

"ဟာ ... မီးပြတ်သွားပြီ"

အခန်းထဲက မီးရော အပြင်ဘက်က ဝရန်တာဆီက မီးပါ မှိတ်သွားတာမို့ ပလှူတိုက အလန့်တကြားအော်ရင်း မှောင်ထဲမှာ ကျွန်းညိုကို ပြေးဖက်လိုက်သည်။

"ဆရာ ... ဆရာ ... ဒီလိုအချိန် ဒီလိုနေရာမှာ ဒီလိုဝတ္ထုရေးနေရင်း ဒီလို မီးပြတ်သွားတာ တော်တော် အဖြစ်ဆိုးတယ် ဆရာ၊ ဒုက္ခပါပဲ ဆရာ"

"ဟာ ... ဟောကောင် ငါ့ကို တအားဖျစ်ညှစ်ဖက်ထားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကွ၊ ငါ အသက်ရှုကြပ်လို့ သေတော့မယ်ကွ ... အ ... အ အစ် ... အစ် ... လည်ပင်း ... လည်ပင်း ငါ့လည်ပင်းကို ညှစ်မထားနဲ့၊ လွှတ် ... လွှတ် ဟော့ကောင် ...”

ကျွန်းညိုက မှောင်ထဲမှာ တအားဖက်ညှစ်ထားသော ပလူတို့လက်တွေကို ဖယ်ဖြုတ်ထုတ်ပစ်လိုက်ရသည်။ ဒါတောင်မှ ပလူတိုက သူ့အင်္ကျီစကို တအားဖမ်းဆွဲထားသေးသည်။

“ဟော ... မီးပြန်လာပြီ”

ရုတ်တရက် မီးတွေပြန်လင်းလာတော့မှ နှစ်ယောက်စလုံး သက်ပြင်းချလိုက်မိသည်။

“မီးက ခဏပဲပြတ်တာပါကွာ၊ ကဲ ... မင်းနေရာ မင်းပြန်ထိုင်၊ ဆက်ရေးရအောင် ... အင်း ... ဘယ်ရောက်သွားပါလိမ့်”

“ဟို ... မျက်နှာတစ်ခြမ်းကို ဆံပင်တွေ အုပ်ထားတာလေ ဆရာ ...”

“အိုကေ ... မှတ်မိပြီ၊ ကျုန် မျက်နှာတစ်ခြမ်းမှာ ကျောက်သားပြင်ကဲ့သို့ ပျဉ်ချပ်ကြီးဖြစ်နေသည်ဟု မှတ်ထင်လိုက်မိ၏ ...”

“ဟာ ... မီးပြတ်ပြန်ပြီ”

ရုတ်တရက် မှောင်အတိကျသွားပြန်တာမို့ ပလူတိုက ဖြုန်းခနဲ ခုန်ထလိုက်သည်။ ဒီတစ်ခါတော့ ကျွန်းညိုက





မှောင်ထဲမှာပင် ပလူတို မမိအောင် ခုန်ရှောင်ပြီး အခန်းထောင့်မှာ အသံမပေးဘဲ ကပ်နေလိုက်သည်။

“ဟာ ... ဆရာ ... ဆရာ၊ ဆရာဘယ်မှာလဲ၊ ဘယ်ရောက်သွားပြီလဲ၊ မနောက်နဲ့နော် ဆရာ၊ မနောက်ပါနဲ့”

“ဟော့ကောင် ... မင်းရှာရမှာက ငါ့ကိုမဟုတ်ဘူး၊ ဓာတ်မီးရှာ၊ ပြီးရင် ဖယောင်းတိုင်နဲ့ မီးခြစ်ပါ ဆက်ရှာပြီး အမြန်မီးထွန်းလိုက် ...”

“ဆရာ ... ဆရာ ... ကျွန်တော့်နားမှာ နေပါ၊ ဓာတ်မီးမတွေ့ခင် ကျွန်တော့်နားမှာ နေပါ”

ပလူတိုက ကြောက်လန့်တကြား အသံဖြင့်ပြောရင်း မှောင်ထဲမှာ ကျွန်းညိုကိုရှာသည်။ ကျွန်းညိုက နေရာပြောင်းရပ်ပြီး အသံမပေးဘဲ ငြိမ်နေလိုက်သည်။ ပလူတို လက်လျှောသွားမှ ကျွန်းညိုက အနားက ခုံပေါ်တင်ထားသည့် ဖယောင်းတိုင်ကို လက်ဖြင့်လိုက်စမ်းရှာဖွေလေရာ ကျွန်းညိုကဲ့သို့ပင် ဖယောင်းတိုင်လိုက်စမ်းနေသော ပလူတို့လက်ကို စမ်းမိသွားလေသည်။

“အမလေးဗျ ... အား၊ သရဲ ... သရဲ၊ သရဲလက်ကြီး ...၊ အား ... အမွေးတွေနဲ့ဗျ”

“ခွန်း ... ဘုန်း ... ဝွမ်း”

“ဟော့ကောင် ... ဟော့ကောင် ငါကွ၊ ငါကွ ... အဲဒါ ငါ့လက်ကွ”



www.burmeseclassic.com

www.burmeseclassic.com



ပလူတိုက ငယ်သံငယ်ရင်းပါအောင် အော်ဟစ်ရင်း အခန်းထဲမှာ သွေးရူးသွေးတမ်း လျှောက်ပြေးနေတာမို့ စားပွဲခုံ တိုက်မိသံ၊ ထိုင်ခုံလွင့်ထွက်သွားသံတွေ ဝုန်းဒိုင်းကျဲသွားရာ ကျွန်းညို က ထိုအသံတွေကို ဖုံးသွားအောင် သံကုန်ညစ်၍အော်ပြောလိုက် ရသည်။

"ဟော ... မီးပြန်လာပြီ"

ဖြန်းခနဲ မီးတွေပြန်လင်းလာသောအခါ ပုဆိုးကျွတ် ထွက်၍ ဘောင်းဘီတိုကလေးဖြင့် တုန်ရီစွာ ရပ်တန့်နေသော ပလူတိုနှင့် ကျွန်းညိုမှာ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့် နေမိကြသည်။ ပလူတို့ပုံစံက ဆံပင်စုတ်ဖွား၊ အနားမှာ ခုံတွေ စားပွဲပုလေးတွေ လဲပြိုလွင့်ထွက်နေသည်။

"ခွိ၊ ဟား ... ဟား ... ဖြစ်ရလေ ပလူတိုရာ"

ကျွန်းညိုက ပလူတို့ပုံစံကိုကြည့်ရင်း ခွိခနဲ တစ်ချက် ပါးစပ်က ရယ်လိုက်ပြီးမှ မအောင့်နိုင်ဘဲ တဟားဟား အော် ရယ်လိုက်မိတော့သည်။

"ဒီမှာ ဟော့ကော့င် ငါ့လက်ကို သေချာကြည့်၊ လက်တွေ အေးလို့ သိုးမွေးလက်အိတ် စွပ်ထားတာကွ၊ အမွေးတွေနဲ့ မင့်အဘ သရဲလက် မဟုတ်ဘူးကွ"

ကျွန်းညိုက လက်အိတ်စွပ်ထားသည့် လက်ကို ပလူတို့မျက်နှာရှေ့မှာ ထောင်ပြလိုက်သည်။

နိုး နိုး ဓာ ဓေ



"နည်းနည်းပါးပါး ဦးနှောက်သုံးမှပေါ့ ပလူတိုရယ်၊ ဒီအိမ် မှာ ရှိတာက သရဲမပါဆိုမှ၊ မင်းလက်ကို လာကိုင်လည်း သူ့လက်က နွေးထွေးအိစက်နေမှာပေါ့ကွ"

"ဆရာနော် ... ဆရာနော်"

"နောက်တာပါကွာ၊ ဒီအိမ်မှာ ဘာသရဲမှ မရှိတော့ပါဘူး၊ နေ့လယ်ကမှ ပရိတ်ရွတ်ထားတာပဲ"

"ဒါပေမယ့် မပြောနိုင်ဘူးလေ ဆရာ၊ သရဲမက ပရိတ်ရွတ် ရွတ်ချင်း ချက်ချင်းကြီး ထွက်သွားနိုင်ပါ့မလား"

ပလူတို့အပြောကြောင့် ကျွန်းညိုက တမင် ငေါ့ပြော ချင်စိတ် ပေါက်လာကာ ...

"အေးပေါ့ကွာ၊ သူလည်း အထုပ်အကြိုး ပြင်ရ၊ သိမ်းဆည်း ရနဲ့ ဒီကြားထဲ ကားလက်မှတ်တွေ ဘာတွေ အချိန်မီမရရင် ဘယ်ထွက်သွားနိုင်ပါ့မလဲ"

"ဟာ ... မီးပြတ်ပြန်ပြီ"

ရုတ်တရက် မှောင်အတိကျသွားပြန်သည်။ ကျွန်းညို က ဖယောင်းတိုင်ယူဖို့ လက်လှမ်းလိုက်စဉ်မှာပင် ...

"ဟော ... မီးပြန်လာပြီ"

မီးတွေ လင်းလာပြန်တာမို့ ကျွန်းညိုက စိတ်တိုလာ ကာ ...

"ဒီမီးကတော့ မဟုတ်တော့ဘူး၊ လူတွေကို အရူးလုပ်နေ တာပဲကွ"

နိုး နိုး ဓာ ဓေ

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြောဆဲမှာပဲ ...

"ဟာ ... မီးပြတ်ပြန်ပြီ"

"ဟော ... မီးပြန်လာပြီ"

"ဟာ ... မီးပြတ် ..."

"ဟော ... မီးပြန် လာ လာ ..."

"ဟာ ... ပြတ်ပြီ"

"ဟာ ... ပြန်လာ ..."

မီးက မှိတ်ချည် ဖွင့်ချည်ဖြစ်နေတော့ရာ ပလူတိုက ကယောင်ချောက်ချား ဖြစ်လာကာ မျက်လုံးပြူးကြီး ဝေ့ဝဲလျက် အသံတုန်တုန်ဖြင့် ...

"ဆ ... ဆရာ ... ဒါ ... ဒါ ... သွေးရိုး သားရိုး မီးပြတ် တာ မဟုတ်တော့ဘူးနော်၊ ဒါ ... ပုံမှန်မဟုတ်ဘူး"

ဟုပြောရင်း ကျွန်ုပ်နားသို့ တရွေ့ရွေ့ ကပ်လာ သည်။ ကျွန်ုပ်လည်း နည်းနည်းတော့ သံသယမကင်း ဖြစ်လာ မိပါသည်။

"ဟာ ..."

ဖြုန်းခနဲ မီးပြတ်သွားပြန်သည်။

"အမလေးဗျ ..."

ဒီတစ်ခါတော့ ပလူတိုက မီးပြတ်ပြတ်ချင်း ကျွန်ုပ် ကို အမိအရ ဆွဲဖက်ထားလိုက်သည်။





မီးက ချက်ချင်း ပြန်မလာတော့။

အရာအားလုံး တိတ်ဆိတ်ငြိမ်သက် မှောင်မိုက်နေသည်။ ကြောက်အားလန့်အား ဖက်ထားသော တပည့်ကျော်ကြောင့် ကျွန်ုပ်မှာ ဖယောင်းတိုင်ထွန်းဖို့တောင် လှုပ်ရှားလို့မရ။ ဖယောင်းတိုင် ရှိမည်ထင်သည့် နေရာဆီ မမြင်မကန်း လက်လှမ်းစမ်းလိုက်တော့ လက်က ဖယောင်းတိုင်ကို တိုက်မိပြီး ဖယောင်းတိုင်တွေက ကြမ်းပြင်ပေါ် ပြုတ်ကျလိမ့်ထွက်သွားသည်။

"ဒေါက် ... ကလောက် ... ကလောက်"

"အမလေးဗျ ... သ ... သရဲ"

"ဖယောင်းတိုင် ပြုတ်ကျတာကွ၊ စွတ်အော်မနေနဲ့ကွ"

ပလူတို့လက်တွေက ပိုတင်းကျပ်လာသည်။ ကြောက်အားလန့်အား ဖက်တွယ်ထားတာမို့ ကျွန်ုပ်မှာ အားကုန်ရုန်းသော်လည်း မရ။ အရာအားလုံး အတန်ကြာ တိတ်ဆိတ်နေပြီးနောက်တွင် ...

"အဟင့် ... ခစ် ... ခစ် ... အဟစ် ..."

ရယ်သံ တိုးတိုးလေး ...။ ထိုရယ်သံလေးဟာ ဟိုးအောက်ထပ်ဆီမှ လွင့်လာသည်။

"အဟိ ... ဟိ ... ခစ် ... အဟင့် ... ဟင်း ... ဟင်း ... ဟိဟိ"

ရယ်သံက ထင်ရှားသထက် ထင်ရှားလာသည်။

ထိုအခိုက်မှာပဲ စံပယ်ပန်းရနံ့လေးတွေ မွှေးပျံ့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဩော် ... ခြောက်ပုံက တော်တော် Romantic ဖြ
တာပါပဲလား။ ကြောက်စရာလည်း မကောင်းပါလား။

"ဆ ... ဆရာ ... သ ... သရဲ ခြောက်ပြီ၊ ခြောက်နေပြီ

"သူခြောက်ပုံက ကြည်ဘူးစရာလေးပါကွာ"

ကျွန်းညိုက ပလူတိုကို နှစ်သိမ့်ပေးလိုက်သည်။

"အဟင်း ... ဟင်း ... ခိခိ ... ခစ် ... အဟိ-ဟိ"

ကျွန်းညိုက ရယ်သံကလေးကို နားစွင့်ရင်း စံပယ်
ကို ခံစား မိန်းမောနေဆဲမှာပဲ သူ့ခြေထောက်တွေ ပေါ်မှာ နွေးခ
ဖြစ်သွားပြီး စိုစွတ်သွားသည်။ တစ်ဆက်တည်း အနံ့ဆိုးတစ်ခု
ရလိုက်သည်။

"ဟ ... ဘာတွေလဲ၊ ဘာရေတွေလဲ ...၊ ဟာ ... ပလူ
မင်း ... မင်း သေးပေါက်ချ ..."

"ဟုတ် ... ဟုတ် ... ကြောက် ကြောက်လွန်းလို့
ကန်တော့ပါ ဆရာ၊ တောင်းပန်ပါတယ်"

"ဟာ ... ဒီကောင်ကွာ"

အတင်းဖက်တွယ်ထားသော ပလူတို့ကို ဖွတ်ဆွဲ
ပစ်လိုက်သည်။ ပြီး မှောင်ထဲမှာ ဓာတ်မီးလိုက်စမ်းလိုက်သ
ပလူတိုကလည်း သူ့အင်္ကျီစကို မရမက လိုက်စမ်းဆွဲထားသ

ဓာတ်မီး စမ်းမိသွားတော့ ကျွန်းညိုက ဓာတ်မီး
ရင်း အောက်ထပ်သို့ ဆင်းဖို့ ခြေလှမ်းပြင်သည်။





"ဆ ... ဆရာ ... ဘယ်သွားမလို့လဲ"

"အောက်ထပ်သွားမလို့ကွ၊ ရေချိုးခန်းက အောက်ထပ်မှာပဲ၊
ခြေထောက်သွားဆေးရမယ်"

"နောက်မှ ... နောက်မှ ဆေးပါ ဆရာရယ်"

"မရဘူးကွာ၊ မင်း ဒုက္ခပေးထားတာ၊ အမြန်ဆေးမှ ဖြစ်
မယ်"

"ဟို ... အသံ ... ဟိုအသံက အောက်ထပ်က လာတာလေ၊
ဆရာ မကြောက်ဘူးလား"

"မကြောက်ပါဘူး၊ ခြေထောက်ဆေးရင်း အဲ့ဒီအသံတွေ
အနံ့တွေ ဘယ်ကလာတယ်ဆိုတာပါ သွားကြည့်ရမယ်"

"ဟာ ... ဟာ ... သတ္တိကောင်းလှချည်လား ဆရာရယ်၊
ဆရာမကြောက်ပေမယ့် ကျွန်တော်ကြောက်တယ်၊ ကျွန်တော်
တစ်ယောက်တည်း မကျန်ခဲ့ပါရစေနဲ့၊ ကျွန်တော့်ကို မထား
ခဲ့ပါနဲ့ ဆရာ"

ပလူတိုက ကျွန်းညိုရဲ့ အင်္ကျီစကို တအားဖမ်းဆုပ်
ဆွဲထားသည်။

"ဖယ်စမ်းပါကွာ၊ သေးစော်နံတဲ့နေရာမှာ နေရတာထက်
စာရင် တစ္ဆေမနဲ့ သွားနေရတာကမှ မွှေးမွှေးကြိုင်ကြိုင်
ကြည်နူးစရာကောင်းဦးမယ်၊ တစ္ဆေခြောက်တာက ကြောက်



www.burmeseclassic.com

www.burmeseclassic.com

စရာမကောင်းဘူး၊ မင်းနဲ့ နေရတာက ပိုကြောက်စရာ
ကောင်းနေတယ်"

ကျွန်းညိုက ဘယ်လိုရှိရန်းရန်းမရ။ ပလူတို့ကလည်း သွေးရူးသွေးတမ်း လိပ်ပြာလွင့်မတတ်ဖြစ်နေတာမို့ စိတ်လျှော့ကာ အောက်ထပ်မဆင်းတော့ဘဲ နေလိုက်ရသည်။

ခဏကြာတော့ မီးတွေပြန်လင်းလာသည်။ ရယ်သံ လည်း မကြားရတော့။ ပန်းရနံ့တွေလည်း ပျောက်ကွယ်သွားသည်။

ပလူတို့ ကြောက်စိတ်ကတော့ မပျောက်ကွယ်သေး ပါ။ ကျွန်းညို ခြေထောက်ကို သူ့ပုဆိုးဟောင်း တစ်ထည်ဖြင့် အထပ်ထပ်သုတ်ပေးပြီး အောက်ထပ်မဆင်းဖို့ အခါခါတောင်းပ သည်။ ညအိပ်တာတောင် ကျွန်းညို ခြေထောက်နှင့် သူ့ခြေထောက် ကို အဝတ်စနှင့် ချည်နှောင်၍ အိပ်တာမို့ ထိုညက အောက်ထပ် ဆင်း၍ စူးစမ်းဖို့ အခွင့်မသာလိုက်ချေ။

♣ ♣ ♣



♠ ♠ ♠

နံနက်ခင်း၏ ဖျော့နွေးနွေး နေရောင်ခြည်အောက် င် ပြင်ဦးလွင် ကန်တော်ကြီး ဥယျာဉ်ထဲ၌ လိပ်ပြာရောင်စုံ လေးတွေ ဝဲပျံနေလေသည်။

ကျွန်းညိုသည် ဖြူဖြူပြာပြာ နီနီဝါဝါ လိပ်ပြာမ လေးတွေကို ငေးမောရင်း လတ်ဆတ်သည့် လေကို ရှူရှိုက်ရင်း န်တော်ကြီး ဥယျာဉ်ထဲမှာ ရွှရွှလေး ပြေးနေသည်။ အနက်စင်း လေးပါသော ထရက်ဆူ အဖြူရောင်။ ဝေါ့ကင်းရှူးစ် အနီရောင်၊ ါင်းစွပ်ဦးထုပ် အနီရောင်နှင့် ... မာဖလာအနီနှင့် အနက်ကွက် း ပတ်ထားသော စတိုင်လ်ကျကျ ကျွန်းညိုကိုလည်း လိပ်ပြာ လေးတွေက လည်ပြန်ငေးကြရသည်။

ခေါင်းစွပ်ဦးထုပ် အနီရောင်ကို နဖူးတစ်ဝက်အထိ ချ စွပ်ထားသဖြင့် ဆံပင်စတွေ ရှင်းလင်းနေသော ကျွန်းညို၏ နှာပေါ်က မျက်ခုံးထင်းထင်း နှာတံမြင့်မြင့်တို့က ပို၍ပေါ်လွင်

နီး နီး ဓာ ထေ

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ နောက်ဘက် ကုပ်ပေါ်မှာ ဆံပင် အမြွာမြွာလေးတေ မတိုမရှည် စင်းကျထောက်နေပုံက ကျွန်းညိုကို ပို၍ လှငယ်ဆ စေပါသည်။

ကျွန်းညိုသည် အလှတရားတွေ အားလုံးကို သိမ် ကြုံးခံစားရင်း ခေါင်းမော့၍ အသက်ဝဝရှူသည်။ လက်နှစ်ဖက်ဂ ရှေ့နောက်ဝဲယာ လှုပ်ယမ်း ဝှေ့ဝဲလျက် သွေးပူလေ့ကျင့်ခန်းလု ရင်း ခပ်ဖြည်းဖြည်း လမ်းလျှောက်လာဆဲ ...

"ကိုကျွန်းညို ..."

ခေါ်သံကြောင့် သူ နောက်သို့လှည့်ကြည့်လိုက်တေ ရောင်စုံလိပ်ပြာလေး တစ်ကောင်ကို တွေ့ရသည်။ အဝါရော တောက်တောက် ထရက်ဆု၊ အပြာရောင်ဦးထုပ်နှင့် အနီရော လည်စီး စည်းထားသော လိပ်ပြာမလေး။ ထိုလိပ်ပြာလေး မျက်နှာဟာ မှုန်ရီခြယ် မျက်နှာ ...။ ထိုမျက်နှာလှလှလေး လိုက်ဖက်ညီလှစွာသော မဆူမကြုံ မနိမ့်မမြင့် ခန္ဓာကိုယ်အသ သဏ္ဌာန်လေး။ ထိုသဏ္ဌာန်လေးက လိပ်ပြာလေးတစ်ကေ တောင်ပံဖြန့်၍ ပျံသန်းလာသလို သူ့ထံသို့ ရွရွလေး ပြေးလာ ပါသည်။

"မောနင်း ကိုကျွန်းညို"

"မောနင်း မှုန်ရီခြယ် ..."

မှုန်ရီခြယ်က သူ့ကို ပြုံးတုံ့တုံ့လေး ကြည့်ရင်း





"ဒီစာရေးဆရာက တစ်မျိုးပဲနော်"

"ဆိုပါဦး ..."

"ခြယ် ကြားဖူးတာတော့ စာရေးဆရာဆိုတာ မနက်ကို ဘယ်တော့မှ အိပ်ရာစောစောမထဘူးတဲ့၊ သူတို့က ညဘက် မှာ စာရေးကြတာ၊ မနက်ဆို အမြဲ နောက်ကျပြီးမှ ထနိုင် တာတဲ့လေ၊ ကိုကျွန်းညိုကျတော့ မနက်အစောကြီး ထနိုင် တယ်နော်"

"ညက စာမရေးဖြစ်တော့လို့ စောစောအိပ်လိုက်တာလေ၊ စောစောအိပ်တော့ စောစောနိုးပြီး စောစော ထပြေးဖြစ်တာ ပေါ့"

"ညက ကောင်းကောင်း အိပ်ပျော်တယ်ပေါ့"

"ပျော်တာပေါ့ ..."

"ဘယ့်နှယ်လဲ ..."

မှုန်ရီခြယ်က မျက်စလေးချီ၍ မေးတာမို့ သူက က်ခုံးပင့်မိရင်း ...

"ဘာကို ဘယ့်နှယ်ရမှာလဲ"

"တစ္ဆေ ခြောက်မခံရဘူးလား"

"အင်း ... ဆိုပါတော့"

"ဆိုပါတော့ ဆိုတာက !"

"ခြောက်တော့ ခြောက်တယ်လေ၊ ဒါပေမယ့် မခြောက် သလိုပါပဲ၊ အေးဆေးပါ၊ အဆင်ပြေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျွန်းညိုကလည်း လူတစ်မျိုးပဲနော်"

"ဘာဖြစ်လို့လဲ ..."

"တစ္ဆေအခြောက်ခံရတာတောင် မကြောက်သလိုပဲ၊ ဘယ်
သူမဆို တစ္ဆေဆို မကြောက်ဘဲ မနေပါဘူး"

"တစ္ဆေဆိုတာ ကြောက်စရာမှ မဟုတ်တာ၊ သနားစရာ
လေးတွေပါ၊ သူတို့မှာ သူတို့ရှိကြောင်း သိအောင် သူတို့
ကို လူတွေက ဂရုစိုက်လာအောင် ကိုယ်ထင်မပြနိုင်တော့
ဒီလိုပဲ အရိပ်အယောင် အနံ့အသက်ကလေးတွေ ပေး
ဂရုစိုက်ခံရအောင် လုပ်ကြရတာပေါ့ကွာ ..."

သူမက အကျႌအိတ်ထဲ လက်နှစ်ဖက် ထိုးနှိုက်လျက်
ပခုံးတွန့်လိုက်ရင်း ...

"စိတ်မဆိုးရင် မေးချင်တယ်"

"မေးစေ ..."

"စာရေးဆရာ ဆိုတာ အဲ့လိုပဲ အတွေးကြောင်တတ်သလား
ဟင်၊ ကိုကျွန်းညို အတွေးက ပုံမှန်မဟုတ်လို့ မေးကြည့်
တာပါ"

"အတွေးကြောင်တာ မဟုတ်ပါဘူး၊ သူများ မတွေး
ရှုထောင့်က တွေးနိုင်စွမ်းရှိတာပါ၊ သူတို့ရဲ့ ထူးထူးခြားခြား
အတွေးမျိုးတွေကို သာမန်လူက လိုက်မမီတော့ ကြော
တယ်လို့ ပြီးစလွယ် သတ်မှတ်လိုက်ကြတာပေါ့"





"အဟင်း ... ကန်တော်ကြီး ဥယျာဉ်ထဲကို လိပ်ကလေး
တစ်ကောင် ရောက်နေတာ ကိုကျွန်းညို သိလား ..."

"မသိပါဘူး၊ ကိုယ်က ဒီမနက်မှ ထပြေးဖြစ်တာ"

"ဟိုမှာလေ ... လိပ်ကလေးက၊ ကိုယ့်ဘက်ကိုယ်ယက်တဲ့
လိပ်ကလေးလေ ... တွေ့လား"

မှန်ရီခြယ် လက်ညှိုးညွှန်ပြသည့်ဘက်သို့ သူငဲ့ကြည့်
မိသည်။ ရေကန်ထဲက သူ့အရိပ်သူ ပြန်တွေ့တော့မှ သူ ခံလိုက်
ရကြောင်း သိလိုက်ရပါသည်။ မှန်ရီခြယ်ဟာ အလာကြီးပါ
လား ...။

"အံမလေး ... ဥယျာဉ်တစ်ပတ်ပြေးရတာ ခြေထောက်တွေ
တောင် ညောင်းတောင့်လာပြီ"

သူမက ရေကန်စပ် မြက်ခင်းပေါ်မှာ ထိုင်ချလိုက်
တာမို့ ကျွန်းညိုလဲ သူမဘေးမှာ ဝင်ထိုင်လိုက်ရင်း သူမကို မကြည့်
ဘဲ ...

"မဆိုးပါဘူး"

ဟု ရေရွတ်လိုက်သည်။ သူမက သူ့ကိုလှည့်ကြည့်
ကာ ...

"ဘာမဆိုးတာလဲ"

"မင်းလေ၊ မင်း မဆိုးဘူး ..."

"ရှင်းအောင် ပြောလေ စာရေးဆရာ ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ကိုယ်က ဝတုတ်မလေးလို့ ထင်ထားတာ၊ မနေ့က ခေါင်းလေးပဲမြင်လိုက်ရတာလေ၊ ဒီနေ့ တွေ့တော့ မဆိုးပါဘူး၊ ကြည့်ပျော်ရှုပျော်တော့ ရှိသားပဲ"

"ကြည့်ပျော် ရှုပျော်ဆိုတော့ သာမန်ထက်တော့ ပိုတာပေါ့"

"မင်း ခုနပြေးလာတဲ့ လမ်းမှာ ကောင်မလေးတွေ အများကြီး တွေ့ခဲ့လား"

"တွေ့ခဲ့တယ်လေ"

"အဲဒီလို ကောင်မလေးတွေက လည်ပြန်ငေးရတဲ့ ယောက်ျားမျိုးကို သာမန်လို့ ပြောနိုင်ပါဦးမလား"

"အဟက် ... ဟက်"

သူမက အာခေါင်ခြစ်လျက် လှောင်ရယ်သံ တဟက်ဟက် လုပ်ပြသည်။ သူနဲ့ သူမဟာ လျှင်မြန်စွာ ရင်းနှီးလာသည်ဟု ထင်မိသည်။ မှန်ရိုခြယ်ပုံစံက ဟာသဓာတ်ခံရှိသည့် ခပ်သွက်သွက် ခပ်ထက်ထက် ပုံစံမျိုး။ စကားအရာမှာ ကျွန်းညိုကလည်း အညံ့မခံ၊ သူမကလည်း အညံ့မခံ။

"နောက် မဆိုးတာတစ်ခု ရှိသေးတယ်"

"ဆိုပါဦး ..."

"မင်းနဲ့အိမ်နီးချင်းဖြစ်ရတာ ကိုယ့်အတွက်မဆိုးဘူး၊ အပျင်းပြေတယ်"

"ဟုတ်လား ... ဒါဆို ခြယ်လည်း ရှင်နဲ့ အပျော်သက်သက် အပေါင်းအသင်းလုပ်လို့ ရပါတယ်"





နေရောင်ခြည်က ပန်းခင်းရောင်စုံတွေပေါ် ဖြန့်ကျက်နေသဖြင့် ပန်းခင်းတွေ နံ့သာက ကျွန်းညိုတို့ နှစ်ယောက်ကိုပါ မွှေးထွေးလာစေသည်။ သူမနဲ့ စကားစစ်ထိုးရတာ ပျော်စရာကောင်းပြီး နေရောင်ခြည်လို စိတ်နှလုံး နွေးထွေးလာသည်။

"ဒါနဲ့ ရှင့်တပည့်ကျော်ရော အဆင်ပြေရဲ့လား"

"သူကတော့ အဆင်မပြေဘူးပေါ့၊ ညက သူ့ငှဲနေရတာနဲ့ အောက်ထပ်တောင် ဆင်းမကြည့်လိုက်ရဘူး"

"အောက်ထပ် ဆင်းမယ် ... ဟုတ်လား"

သူမက မျက်လုံးပြူးကလေးဖြင့် စိုက်ကြည့်ရင်းမေးသည်။ သူက ခေါင်းညိတ်ပြလိုက်ရင်း ...

"ဒါပေါ့ ... အောက်ထပ်ဆင်းပြီး အသံတွေ၊ အနံ့တွေ ဘယ်ကလာသလဲဆိုတာ လိုက်ကြည့်ရမှာပေါ့"

"အိုး ... ဘယ်ဖြစ်မလဲ"

သူမက အထိတ်တလန့် ရေရွတ်သည်။

"ဘာလို့မဖြစ်ရမှာလဲ၊ ကိုယ် တစ္ဆေမကြောက်တတ်ဘူးလို့ ပြောပြီးပြီပဲ"

"မကြောက်လည်း အေးအေးဆေးဆေး နေလိုက်ပေါ့ရှင်၊ ဘာလို့ အောက်ထပ်ဆင်းကြည့်မှာလဲ၊ အန္တရာယ်များပါတယ်"

"သရဲက အန္တရာယ်မရှိပါဘူး၊ လူကမှ အန္တရာယ်ရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"အောက်ထပ်ဆင်းကြည့်ရင် သူခိုး သူဝှက်နဲ့ တိုးနေမှ အရိုက်ခံနေရဦးမယ်၊ ညဘက်ဆို ရှင်လည်း အောက်ထပ် မဆင်းနဲ့၊ ရှင့်တပည့်လည်း မဆင်းစေနဲ့ ..."

"ပလူတိုကတော့ ရွှေတစ်ပိဿာ ပေးတောင် ဆင်းမှာ မဟုတ်ဘူးလေ၊ ဒါနဲ့ မှန်ရီခြယ် မင်းကြည့်ရတာ ကိုယ့် အတွက် အရမ်းစိုးရိမ်ပေးနေသလိုပဲ၊ မနေ့ တစ်နေ့ကမှ တွေ့တဲ့ လူတစ်ယောက်ကို ဒီလောက်စိုးရိမ်တယ်ဆိုတာ မသက်ာစရာပဲ၊ ကေန္တ မင်းများ ကိုယ့်ကို မြင်မြင်ချင်း ချစ်မိသွားတာလား၊ အင်းလေ ... ဒါမျိုးက ဖြစ်တတ်ပါ တယ်၊ ကိုယ့်အတွက်တော့ မဆန်းတော့ပါဘူး၊ ကြုံဖူးနေကျ ပါ" -

"တောက်တဲ့ သေလို့ ဝင်စားတာ ထင်တယ်၊ ခြယ့်ဘဝ မှာလည်း ကိုယ့်ကိုကိုယ်ဖော်တဲ့ တောက်တဲ့လို လူတွေ ဘဝင်ရူးတွေ အများကြီး တွေ့ရပါများလို့ ရိုးနေပါပြီ၊ ဒီလိုလူတွေရဲ့ အပြောကို မတုန်လှုပ်တတ်တော့ပါဘူးရှင်၊ ကဲ ... သွားလိုက်ပါဦးမယ်နော်"

"ဟိတ် ... ခဏ ..."

သူမက မတ်တတ်ထရပ်ပြီး ပြေးဖို့ ခြေလှမ်းပြင် တာမို့ သူက လှမ်းခေါ်လိုက်မိသည်။ သူမက ဂျစ်တစ်တစ် မျက် နှာထားဖြင့် ဆတ်ခနဲ လှည့်ကြည့်လေသည်။ ကျွန်းညိုက သူမကို စချင်တာမို့ မျက်စတစ်ချက် ပစ်ပြလိုက်ပြီး ...





"ညနေကျ ခြစည်းရိုးနားကို လာခဲ့ပါလား"

"ဘာပြောတယ် ..."

"ဖန်ခွက်လေ ... မင်း ဖန်ခွက်တွေ ကိုယ် ပြန်ပေးရဦးမယ်"

"ပြီးရော ... ညနေ ၅ နာရီလောက် ခြစည်းရိုးနားမှာ လာယူမယ်"

သူမက ကျွန်းညိုကို မျက်စောင်းတစ်ချက်ထိုးပြီး ပြေးထွက်သွားသည်။ ဦးထုပ်အောက်က ဆံပင်ဖြောင့်ဖြောင့် ပျော့ ပျော့လေးတွေ လေမှာလွင့်ဝဲလျက် ပြေးထွက်သွားသော သူမပုံစံ လေးကို သူက လက်ပိုက်ရပ်ကြည့်ကျန်ခဲ့ပါသည်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

ညနေ ၅ နာရီသို့ ရောက်လျှင် ...

"ကဲ ... ရော ... ဒီမှာ ... မင်းဖန်ခွက်တွေ၊ မကွဲမရှ မပျက်စီးအောင် ထိန်းသိမ်းထားပါတယ်"

"ခလွမ်း ... ချွမ်း ... ချွမ်း"

"ဟာ ..."

"ဟယ် ... ကုန်ပါပြီ"

အဖြစ်ကတော့ တကယ့် ကမောက်ကမပင်တည်း။ ကျွန်းညိုက ဖန်ခွက်တွေထည့်ထားသည့် စက္ကူဘူးလေးကို တရိုတသေ ကိုင်မြှောက်၍ သူမထံ ကမ်းပေးလိုက်စဉ်မှာ စက္ကူကတ်ထူဘူး ဖင်က ပွင့်ထွက်သွားကာ ဖန်ခွက်တွေ ပြုတ်ကျကွဲကြေသွားတော့သည်။

"ရှင် ... ရှင် ... ဘယ်လိုလုပ်လိုက်တာလဲဟင်"

သူမက မျက်စိစုံမှိတ်လျက် အသံစူးစူးလေးဖြင့်





အော်ဟစ်လိုက်ပြီး ခုန်ဆွ ခုန်ဆွ ဖြစ်နေသည်။ ကျွန်းညိုက စိတ်မကောင်းသော်လည်း 'မတတ်နိုင်ဘူး' ဟူသော ပုံစံမျိုး ပခုံးတွန့် လက်ဝါးဖြန့်ပြလိုက်ရင်း ...

"မင်းမြင်တဲ့အတိုင်းပဲ မှန်ရိုခြယ်၊ ကိုယ် တမင်လုပ်တာမှ မဟုတ်တာ၊ သူ့ဘာသာ မတော်တဆဖြစ်တာ"

"မတော်တဆဆိုတာ နမော်နမဲ့နိုင်တဲ့သူတွေရဲ့ လက်သုံးစကားပဲ"

"ဟာ ... အဲ့ဒီစကားပုံလေး မိုက်တယ်"

"ဒီလို စက္ကူဘူးမျိုးဆိုတာ လေးတဲ့ပစ္စည်းထည့်ထားရင် ဖင်ဘက်ပိုင်းက ပွင့်ထွက်တတ်တယ်ဆိုတာ ရှင်မသိဘူးလား"

"သူတို့က အရင်မသိတာလေ၊ သူတို့မသိတာက ကိုယ်မသိတာထက် ပိုဆိုးတယ်"

"ဘယ်သူတို့လဲ ... ဘယ်သူတို့လဲ"

"ဒီဖန်ခွက်ထုတ်တဲ့ ကုမ္ပဏီက လူတွေပေါ့၊ ဒီလိုဖန်ခွက်မျိုးကို ဒီလိုဘူးနဲ့ ပါကင်ထုပ်ပေးရင် ဒီလိုဖြစ်တတ်တယ်ဆိုတာလောက်တောင် မသိဘဲ ဘာလို့ ဖန်ခွက်ထုတ်စားနေလဲ"

"ဘယ်လို ကတ်ထူဘူးမျိုးမဆို ကြာလာရင် ဒီလိုဖြစ်တာထုံးစံပဲလေ၊ ဒါကို ရှင် သတိထားပြီး သေချာကိုင်မှပေါ့၊



www.burmeseclassic.com

www.burmeseclassic.com

ခြယ် ရှင့်ကို လှမ်းပေးတုန်းက ဒီလိုမှမဖြစ်တာ၊ ခုန်း ... အကုန်ကွဲကုန်ပြီလား၊ ဟင် ... တစ်လုံးတော့ ကျန်သေးတာပဲ"

မှုန်ရီခြယ်က ခြံစည်းရိုး သစ်ပင်တွေကို ဖြဲခွဲကျော်နင်းပြီး ဒီဘက်ခြံထဲသို့ ဝင်ရောက်လာပါသည်။ ထို့နောက် ဖန်ခွက်ကွဲတွေရှေ့မှာ ငုတ်တုတ်ထိုင်ချလိုက်ပြီး ဖန်ကွဲစတွေကြားက ဖန်ခွက်အကောင်းတစ်လုံးကို အလျင်စလို ကောက်ယူလိုက်ရာ ...

"အ ..."

"ဟာ ... ရှပြီ၊ သတိထားမှပေါ့ကွ"

ဖန်ခွက်တစ်ခုက သူမလက်ကို ရှသွားတာမို့ သူက သူမလက်ကို အမှတ်တမဲ့ ဖမ်းဆွဲဆုပ်ကြည့်လိုက်သည်။ ထိုခဏမှာ လက်ဖဝါးအာလေးရဲ့ နူးညံ့နွေးထွေးမှုကို သတိထားမိလိုက်သည်။ ပြီးတော့ သူမရဲ့ လက်ခလယ်က ကြမ်းရှရှ အသားမာအဖုလေး တစ်ဖုကို သတိထားမိလိုက်ပါသည်။

"ဩော် ... သွေးစို့ရုံလေး ရှပ်ထိသွားတာပဲ"

"ဖယ်ပါ ..."

သူမက လက်ကိုပြန်ရုန်းသွားရင်း သူ့ကို ဂျစ်ကန်ကန် တစ်ချက်ကြည့်သည်။ ပြီးတော့ ကျွန်းညိုတို့ အိမ်ကြီးကို တစ်ချက်ကြည့်ရင်း ...

"မိုးတောင်ချုပ်တော့မယ်၊ မှောင်ခါနီးရင် ရှင်တို့ခြံနားမကပ်ရဲဘူး၊ သွားတော့မယ်"





"ဖန်ခွက်အတွက် လျော်ပေးရမလား"

"ပိုက်ဆံ မလိုပါဘူး၊ အဲဒါမျိုး ဖန်ခွက်သာ မရရအောင် ပြန်ရှာဝယ်ပေး"

"ကောင်းပါပြီ ... ကောင်းပါပြီ"

သူ ခေါင်းညိတ်ပြဆဲ သူမက သူမဘက်ခြံသို့ ပြန်ားမည့် ဆဲဆဲမှာ ခြံစည်းရိုးပေါ်မှ ခေါင်းဖြူကြီးတစ်လုံး ပေါ်လာပါသည်။

"ဟာ ... ခေါင်းဖြူကြီး ... ခေါင်းဖြူကြီး၊ ခေါင်းပြွတ်ကြီးဆရာရေ ... မြန်မြန်ပြန်လာလေ"

အိမ်ပြတင်းပေါက်မှ ရပ်၍ ဘယ်အချိန်ကတည်းကုမ်းကြည့်နေသည် မသိသော ပလူတိုရဲ့ ကြုံးအော်လိုက်သံကို ကြားရသည်။

ကျွန်းညိုကတော့ ဆံပင်တွေ ဖွေးဖွေးဖြူနေသော ဘိုးကြီးရဲ့ မျက်နှာကို စိုက်ကြည့်နေမိသည်။ ဒါ ... မှုန်ရီခြယ့် ဘိုးပဲ ဖြစ်မည်ထင်လို့ပင်။

"ဟဲ့ ... မြေး၊ မိုးမချုပ်သေးဘဲ ဟိုဘက်ခြံ ဘာသွားလုပ်တာလဲ၊ အဘိုးလည်း လာမယ်လေ"

"အေးနေပြီလေ ဘိုးဘိုးရဲ့၊ ဘာလို့ ခြံထဲဆင်းလာတာလဲ၊ သမီး ပြန်လာမှာပေါ့၊ ကိုကျွန်းညို ... ဒါ ခြယ့်ဘိုးဘိုးလေ၊ သူငယ်ပြန်နေတာ ကြာပြီ၊ သတိကလည်း အရမ်းမေ့ပြီ ဆိုတော့ တောင်ပြော မြောက်ပြောပဲ ..."



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ … မြေး အဲ့ဒါ ဘယ်သူတုန်း၊ အဲ့ဒီခြံမှာ လူမရှိဘူး
မဟုတ်လား၊ လူမရှိရဘူးလေ၊ ဘာလို့ လူရှိတာတုန်း"

"သူက ဒီခြံကို ပြောင်းလာတဲ့ လူသစ်လေ ဘိုးဘိုးရဲ့"

"ဟုတ်လား … ၊ အေး … အေး … နေမယ်ဆိုလည်း ခဏပဲ
နေလေ၊ ကြာကြာမနေနဲ့၊ ည ည ခြံထဲမဆင်းနဲ့နော်
လူလေး၊ ခြံထဲမဆင်းနဲ့ … ခြံထဲမဆင်းကြနဲ့ … "

အဘိုးက တုန်ရီရီ လှုပ်စိစိဖြစ်နေသော သူ့ခေါင်းကို
တညိတ်ညိတ်လုပ်ရင်း ခြံစည်းရိုးပေါ်မှ ပျောက်သွားသည်။ မှုန်စိ
ခြယ်လည်း တစ်ဖက်ခြံသို့ ပြန်ကူးသွားသည်။

ကျွန်ုပ်စိတ်ထဲမှာတော့ ထိုမြေးအဘိုးကို ထူးဆန်း
သလိုလို ရှိသည်ဟု ခံစားမိလိုက်ပါသည်။

♣ ♣ ♣



♠ ♠ ♠

ညရောက်သော် …

ပလူတိုက စောစောစီးစီး နားထဲ ဂွမ်းဆို့၊ စောင်
ခေါင်းမြီးခြုံကာ အိပ်ပျော်သွားပါသည်။

ကျွန်ုပ်အတွက်တော့ ည ၉ နာရီဆိုတာ ဘယ်လိုမှ
အိပ်ကောင်းသော အချိန်မဟုတ်ပါ။ ပလူတို့ကို ရေးခိုင်းဖို့တော့
…က်လျှော့ကာ ကိုယ့်ဘာသာ ကြိုးစားရေးရင်း ဝတ္ထုစာသားတွေ
… နာရီအပြည့်အဝ ရောက်နေဆဲမှာ မီးပြတ်သွားပါသည်။

ပြတ်လည်း ပြတ်ပေါ့ကွာ … ဘာဖြစ်သေးလဲ။

သူက နေ့ခန်းတုန်းက ဈေးမှာ သွားဝယ်လာသည့်
…င်မာကျင်စီ မီးခလုတ်ကို လှမ်းဖွင့်ပြီး ဆက်ရေးနေလိုက်သည်။
… ဘယ်နခါ ပြတ်လိုက် လာလိုက် ဖြစ်သလဲတောင် သတိမထား
…တော့ဘဲ အင်မာကျင်စီ မီးရောင်ဖြင့်သာ စာထဲမှာ အာရုံနစ်
…က်ရေးနေမိသည်။


www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ညတုန်းကလိုပဲ ရယ်သံ ကြားလိုက်[...] ရပါသည်။

"အဟိ ... ဟိ ... ခစ် ... အဟင့် ... ဟင်း ... ဟင်း ... ဟိဟိ"

ရယ်သံဟာ တစ်မျိုးတည်း။ အဟိခနဲ ရယ်သံ[...] တခစ်ခစ်သံ၊ တဟင်းဟင်း တဟိဟိ ဖြစ်လာသော အသံတွေဟာ[...] မနေ့က ကြားရသည့် အသံအတိုင်း ကွက်တိဖြစ်နေသည်။

ခဏနေတော့ စံပယ်ပန်းနံ့တွေ မွှေးပျံ့လာပြန်သည်။

"ဒီတစ္ဆေမက အလှအပ အမွှေးအကြိုင်ကြိုက်တဲ့ ခပ်နု[...] တစ္ဆေမပဲ ဖြစ်မယ်"

ကျွန်ုပ်က ခပ်ရွှတ်ရွှတ် ရေရွတ်လိုက်ပြီး အင်မ[...] ဂျင်စီ မီးအိမ်ကို ဆွဲကာ ထိုင်ရာမှ ထလိုက်ပါသည်။ ပြီးတော့[...] ဖလှတို မကြားအောင် ခြေဖွနင်းပြီး အသံလာရာ အောက်ထပ်သ[...] ဆင်းလာခဲ့လေသည်။

အသံက တဖြည်းဖြည်း နီးလာသည်။

အသံလာသည့် နေရာဟာ မီးဖိုခန်းနှင့် ကပ်ရက်[...] စတိုခန်းမှပင် ... ။

ကြောက်စရာ လုံးဝမကောင်းသည့်အပြင် ချစ်စရာ[...] တောင် ကောင်းနေသေးသော ရယ်သံကလေးဟာ ထိုစတိုခန်းအ[...] မှ ထွက်ပေါ်လာနေတာပင် ... ။ ပန်းရနံ့ကလည်း စတိုခန်းနှ[...] နီးလာလေ ပိုမွှေးလာလေပင် ... ။





ကျွန်ုပ်က စတိုခန်း တံခါးကို တွန်းဖွင့်လိုက်သည်။

"ကျွီ ... အီ ... အီ ..."

ဆီထည့်ဖို့ လိုအပ်နေသော တံခါးပတ္တာက ကျွီ[...] အီသံပေးကာ ပွင့်သွားသည်။

သူ မီးအိမ်ကို ခပ်မြင့်မြင့် မြှောက်ကိုင်ပြီး အခန်း[...] ထဲသို့ လှမ်းမျှော်ကြည့်လိုက်သည်။ အခန်းတွင်းမှာ ပစ္စည်းအတိုအစ[...]များဖြင့် ရှုပ်ပွနေသည်။ ရယ်သံဟာ ထိုပစ္စည်းများရဲ့နောက် အခန်း[...]ထောင့်မှ ထွက်ပေါ်နေတာပင်။

သူ စတိုခန်းထဲသို့ ခြေတစ်လှမ်း လှမ်းဝင်လိုက်ချိန်[...]ပဲ ...

"အမယ်လေး ... ဆရာရေ ... ဆရာရေ ဆရာ ဘယ်မှာလဲ၊ ကျွန်တော် ကြောက်လို့ သေတော့မယ် ဆရာရဲ့၊ မြန်မြန် လာပါ ဆရာရဲ့ ... အား ..."

"ဒုန်း ... ဒုန်း ... ဒုန်း"

ဖလှတိုရဲ့ ငယ်သံပါအောင် အော်ခေါ်လိုက်သော[...]သံကြီးနှင့် တစ်ဆက်တည်း လှေကားဆီမှ တဒုန်းဒုန်း လိမ့်[...]င်းလာသော အသံများကြောင့် ကျွန်ုပ်က လှေကားဘက်သို့[...]မြန်ပြေးထွက်လာမိသည်။ ဖလှတိုများ လှေကားပေါ်မှ လိမ့်ကျ[...]လာလေသလားလို့ပင်။

သို့သော် ... တကယ်တမ်း လိမ့်ကျလာတာက သူ[...]ရေးတဲ့အခါ ထိုင်သည့် ထိုင်ခုံတစ်လုံးပင် ... ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်းညိုက ပလူတိုကို စိုးရိမ်စိတ်ဖြင့် မီးအိမ် ကိုင်မြှောက်ကာ လှေကားအတိုင်း ပြန်ပြေးတက်လာသည်။

သူ အပေါ်ထပ်ရောက်တော့ သူ စာရေးသည့် စား ခုံ အောက်မှာ ခေါင်းမြီးခြုံ၍ ,တုန်ရီ ဝပ်ပုနေသော ပလူတို တွေ့လိုက်ရပါသည်။

"ဟော့ကောင် ..."

"ဗျာ... ဆရာ၊ ဆရာ ပြန်လာပြီလား၊ ဘယ်သွားနေတာ ဆရာရယ်၊ ကျွန်တော့်ကို တစ်ယောက်တည်း ထားမသွား ပါနဲ့လို့ တောင်းပန်ထားရက်နဲ့"

"မင်း အိပ်ပျော်နေလို့ ထားခဲ့တာပါကွာ"

"ကျွန်တော် အိပ်ရာက နိုးလာတော့ အခန်းထဲမှာ မှော မည်းနေတာပဲ၊ ပြီးတော့ ကျွန်တော် တစ်ယောက်တည် ရယ်၊ ကျွန်တော် လိပ်ပြာလွင့်သွားပြီလားတောင် ထင်လိုက် ပါတယ် ဆရာရယ်"

သူ သက်ပြင်းချမိသည်။ မီးတွေလည်း ပြန်လင်း လာသည်။ ရယ်သံသဲ့သဲ့နှင့် ရနံ့ဖျော့ဖျော့ပါ ပျောက်သွားသည်

ပလူတိုကြောင့် သူ အောက်ထပ်ကို ဆင်းမသွား တော့ ...။

သူ့စိတ်ထဲမှာတော့ ဒီအဖြစ်အပျက်ကို သရဲ တစ္ဆေ ဝိညာဉ်အဖြစ် မခံစားမိဘဲ ပဟေဠိဆန်သော အဖြစ်အပျက် ဟုသာ ခံစားနေမိသည်။





ပြီးတော့ ထူးဆန်းတာက တစ္ဆေ ရယ်သံဟု သတ် တ်ရမည့် ထိုရယ်သံတွေကို သူ့စိတ်ထဲမှာ ချစ်စနိုး ဖြစ်မိနေခြင်း ည်း။

♣ ♣ ♣


www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

လည်ပင်းအပိတ် မယောက်ဂနီရောင် ဆွယ်တာ လ
ရှည်နှင့် အဖြူရောင် ဘောင်းဘီပွပွကို ဝတ်ထားသော ကျွန်း
သည် ခြေခွဲရပ်ကာ လက်တစ်ဖက်ပိုက်လျက် ကျန်တစ်ဖက်
မေးစေ့ကိုပွတ်ရင်း တစ်စုံတစ်ခုကို အလေးအနက် စဉ်းစား
ဖြင့် ခြံနောက်ဘက် မြေပြင်ဆီ အချိန်ကြာမြင့်စွာ ငုံ့စိုက်ကြ
လျက် ရှိပါသည်။

ပလူတိုက သူ့ဆရာ ဒီပုံအတိုင်း ရပ်တန့်နေတ
ကြာမြင့်ပြီမို့ ဆရာ့နားလာရပ်ကာ ဆရာကြည့်နေသည့် မြေပြင်
လိုက်ငုံ့ကြည့်သော်လည်း ဘာမှ ထူးထူးခြားခြား မတွေ့ရ မြေ
ဟာ မြေပြင်သာ။

"ဆရာ ... ဘာကြည့်နေတာလဲ"

ပလူတို မေးတော့မှ ကျွန်းညိုက မေးစေ့ပွတ်နေသော
လက်ကို မေးစေ့မှ လွှတ်လိုက်ပြီး မြေပြင်ဆီသို့ ဆတ်ခနဲ ဆတ်
နှစ်ချက်ဆင့်၍ လက်ညှိုးထိုးပြလိုက်ရင်း ...





"အဲ့ဒီကို ကြည့်စမ်း ပလူတို၊ မင်း ဘာတွေ့လဲ"

"မြေကြီးပဲ တွေ့တယ်လေ ဆရာ"

"သေချာကြည့် ... အဲ့ဒီမြေကြီးက တစ်ခုခု ထူးခြားနေတယ်လို့ မင်းမထင်ဘူးလား"

ပလူတိုက ကျွန်းညို လက်ထိုးပြသည့်နေရာနားသို့ ဆောင့်ကြောင့်ထိုင်ချလိုက်ပြီး သေသေချာချာ ငုံ့ကြည့်သည်။ ပြီးတော့ ခေါင်းခါသည်။

"ဘာမှ မထူးခြားပါဘူး ဆရာရယ်"

"မင်း ... ပတ်ဝန်းကျင် လေ့လာအားနည်းတယ် ပလူတို၊ ငါက မနေ့က ဒီခြံကိုရောက်ကတည်းက ဒီခြံတစ်ပတ်ကို သေချာလိုက်ကြည့်ထားပြီးသား၊ အဲ့ဒီနေ့တုန်းက ဒီမြေကြီးက ပုံမှန်အတိုင်း သိပ်သည်းကျစ်လစ်တယ်၊ အခု မြေကြီးက မွနေကယ်၊ တူးဆွပြီး မြေပြန်ဖို့ထားသလိုမျိုး ပွစိစိ ဖြစ်နေတယ်"

"ဒါများ ဆရာရယ်၊ အနားပါးနီးက ခွေးတွေ ကြောင်တွေ တူးဆွကုပ်ယက်ထားတာ ဖြစ်မှာပေါ့၊ ကြောင်တွေ မစင်စွန့်ရင် မြေကြီးကိုယက်ပြီးစွန့်၊ ပြီးသွားရင် ပြန်ဖုံးထားပစ်ခဲ့တယ်လေ"

ကျွန်းညိုက လက်တစ်ဖက်ဖြင့် မေးစေ့ကို ပြန်ကိုင်ထားရင်း ခေါင်းတယမ်းယမ်းလုပ်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး ပလူတို၊ ဒါ သာမန်မဟုတ်ဘူး၊ တစ်ခု
ထူးဆန်းနေတယ်လို့ ငါ့စိတ်ထဲမှာ ခံစားမိနေတယ်"

ပလူဟိုက နက်နက်နဲနဲ စဉ်းစားနေပုံရသော ကို
ဆရာကို မော့ကြည့်ရင်း စာရေးဆရာဆိုတာ ဒီလိုပဲ ပုံကြီး
တွေးတတ်လေသလားဟု ထင်မိပါသည်။

"ငါ့အထင်တော့ ဒါ လူတစ်ယောက်ယောက် တူးသွား
မျိုးပဲ"

"တစ္ဆေခြောက်လို့ ဘယ်သူမှ မနေရဲတဲ့ ခြံထဲကို ဘယ်
က ဝင်တူးရဲမှာလဲ ဆရာရယ်၊ တူးရော ဘာရှိမှာမို့လို့
ဒါ ... မိုးကုတ်မှ မဟုတ်တာ၊ ပြင်ဦးလွင်ဆိုတာ မိုးကုတ်
အဝေးကြီးပါ၊ ကျောက်တွေ ဘာတွေ တူးထွက်မှာမှ မဟု
တာ"

ပလူတိုက သူသိသမျှ ဗဟုသုတလေးနှင့် ကျွန်
ကို ဖျောင်းဖျရှာသည်။ ကျွန်ုပ်ကတော့ မြေကြီးတွေ မွနေသ
နေရာတစ်ဝိုက်ကို လှည့်ပတ်ကြည့်ရှုလိုက်ပြီး ...

"ပလူတို ... တုတ်ချွန်တစ်ချောင်းလောက် ရှာပြီး အဲ့ဒီနေ
ကို တူးကြည့်စမ်းကွာ"

"ဟုတ်ကဲ့ ဆရာ"

ပလူတိုက တုတ်တစ်ချောင်း သွားယူလာပြီး မြေ
ကို ထိုးယက်ကလော်ကြည့်ရာ တစ်တောင်ခန့်အနက်အထိ မြေ
တွေ ပွနေကြောင်း တွေ့ရလေသည်။





"တွေ့တယ် မဟုတ်လား၊ အဲဒီလောက် မြေကြီးကို ဘယ်
ခွေး ဘယ်ကြောင်က တူးနိုင်မှာလဲ"

"ဒါ ... ဒါဆို ဟို တစ္ဆေမ တူးတာလား"

ပလူတိုက မျက်လုံးပြူးလျက် အလန့်တကြား မေး
တာမို့ သူက ပလူတို့ကို အမြင်ကတ်ကတ်နှင့် ...

"မင်းမလဲ ဒီတစ္ဆေမပဲ စွဲလန်းနေတော့တာပဲ၊ သွားလည်း
ဒီစိတ်၊ စားလည်း ဒီစိတ်၊ အဲဒီလောက် စွဲလန်းရင်လည်း
ငါ ရန်ကုန်ပြန်ရင် မင်းကို တစ္ဆေမနဲ့ ပေးစားပြီး ဒီအိမ်မှာပဲ
ထားခဲ့တော့မယ်"

"ဟာ ... ဆရာရယ်၊ မနောက်ပါနဲ့ ဆရာရယ်၊ ကြက်သီး
ထလွန်းလို့ပါ ဆရာရယ်"

သူက ရယ်မောရင်း အိမ်ပေါ်သို့ ပြန်တက်မည်ပြင်
ပြီးမှ မှန်ရှိခြယ်ကို သတိရကာ တစ်ဖက်ခြံသို့ ငေးမျှော်ကြည့်
မိသည်။

ဖန်ခွက် အလျှော်ပေးရဦးမှာပဲ ... ။

ကျွန်ုပ်က အိမ်ပေါ်တက်ပြီး ပိုက်ဆံအိတ်၊ နေကာ
မျက်မှန်နှင့် သားရေဂျာကင်ကို ယူကာ ပြန်ဆင်းလာပြီး ...

"ပလူတို ... မင်း အိမ်စောင့်နေခဲ့ဦး၊ ငါ မြို့ထဲဘက် ခဏ
သွားလိုက်ဦးမယ်"

"ဘာသွားလုပ်မှာလဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဝယ်စရာလေး ရှိလို့ကွာ"

"ကျွန်တော် သွားပေးမယ်လေ"

"မင်း မဝယ်တတ်ပါဘူးကွာ"

"ဘာပစ္စည်းမို့လို့လဲ"

"ဘုန်းကြီးပင့်တဲ့ နေ့က ဟိုဘက်ခြံက မှန်ရှိခြယ်ဆီက ငှားထားတဲ့ ဖန်ခွက်တွေ ပြန်ပေးရင်း ကျကွဲသွားလို့ အဲ့ဒါ မျိုး ပြန်ရှာဝယ်ပေးရမှာ၊ မင်း အဲ့ဒီဖန်ခွက်မျိုးကို သေချာ မှတ်မိလို့လား"

"သိပ်မမှတ်မိဘူး ဆရာ၊ အဟဲ ... အဲ့ဒီကောင်မလေးက ချောတယ်နော် ဆရာ၊ ဆရာနဲ့ လိုက်တယ်"

"မင်းမလည်း မိန်းကလေး ချောချောလှလှ တွေ့ရင် ငါနဲ့ တွဲပြီး စိတ်ကူးယဉ်ပစ်လိုက်တော့တာပဲ"

ကျွန်းညိုက တပည့်ကျော်ရဲ့ ခေါင်းကို ချစ်စနိုးဖြင့် တစ်ချက်ပုတ်လိုက်ရင်း ပြောမိသည်။ ထို့နောက် သူငယ်ချင်း စိုင်းသီဟဆီက ခဏယူထားသည့် ဆိုင်ကယ်ကို ဂိုဒေါင်ထဲမှ တွန်းထုတ်လာပြီး ခွစီးလိုက်သည်။ ပလူတိုက လှစ်ခနဲ ပြေးလာပြီး ဆိုင်ကယ်နောက်မှာ ခွထိုင်လိုက်ရာ ကျွန်းညိုက နောက်သို့ငဲ့ကြည့်ရင်း ...

"ဟေ့ကောင် ... မင်း ဒါဘာလုပ်တာလဲ"





"ကျွန်တော်လည်း လိုက်မယ်လေ ဆရာ၊ ကျွန်တော် တစ်ယောက်တည်း မကျန်ခဲ့ရဲဘူး"

ပလူတိုက ကျွန်းညို၏ခါးကို နောက်ဘက်မှ လက်နှစ်ဖက်ဖြင့် သိုင်းဖက်ပြီး သူ့လက်ချောင်းတွေဖြင့် လက်ယှက်ထိုးချိတ်ဆက်ထားသည်။ ကျွန်းညိုက ခန္ဓာကိုယ်ကို တွန့်လိမ်ရုန်းလိုက်ရင်း ...

"ဖယ်စမ်းပါကွာ ... အသက်ရှူ ကြပ်လိုက်တာ၊ နေ့ခင်း-ဘက်ကြီးမှာ ဘယ်သရဲမှ မင်းကို လာမခြောက်ဘူး"

"မခြောက်ပေမယ့် ရှိတော့ရှိနေတာပဲ ဆရာရယ်၊ ရှိနေတာကို သိနေတော့ ကြောက်မိတာပေါ့"

"မရှိပါဘူးကွာ ပလူတိုရာ၊ မင်း ထမင်းဟင်းချက်မလို့ဆို ခုန ငရုတ်သီးထောင်းနေတာ ငါတွေ့ပါတယ်"

"ပြန်လာမှ ချက်မယ် ဆရာ"

"အဲ့ဒါဆို နေ့လယ်စာကို ညနေကျမှ စားရမှာပေါ့၊ နေခဲ့ပါကွာ၊ ငါမကြာပါဘူး၊ မင်း ယောကျ်ားမဟုတ်ဘူးလား၊ မင်း အဲ့လို အကြောက်လွန်ပုံကို ကောင်မလေးတွေ သိရင် မင်းတော့ သွားပြီ"

"ဘယ်လို သွားတာလဲ ဆရာ"

"မိန်းကလေးဆိုတာ သတ္တိရှိတဲ့ ယောကျ်ားမျိုးကို သဘောကျတာလေ၊ မင်းပုံစံက ဗလတောင့်တောင့်နဲ့တော့ ကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးတွေက မင်းကိုမြင်တာနဲ့ သတ္တိရှိရှိ ကြွကြွခိုင်ခိုင် လှလှလို့ပဲ ထင်မှာ၊ မင်း သွားသွားနေတဲ့ စိုင်းသီဟရဲ့ စတိုး ဆိုင်က ဝန်ထမ်းကောင်မလေးတွေတောင် မင်းကို သဘော ကျနေပုံ ရတယ်၊ မင်း အကြောက်လွန်နေရင် ငါ မင်း အကြောင်းတွေကို ကောင်မလေးတွေ သိအောင် လျှောက် ပြောလိုက်မယ်"

"ဟို ... ဟိုကိစ္စပါ ပြောမှာလား ဆရာ"

"ဘယ်ကိစ္စလဲ"

"ဆေး ... ဆေး ..."

"အေး ... ပြောမှာ ပြောမှာ၊ ကြောက်လွန်းလို့ ရှူရှူပေါက် ချတဲ့အကြောင်းပါ ပြောမှာ"

"ဟာ ... အဲ့ဒါတော့ မပြောပါနဲ့ ဆရာရယ်၊ ရှက်လွန်းလို့ ပါ"

ပလူတိုက ဆိုင်ကယ်ပေါ်မှ ဆင်းပေးလိုက်တာမို့ သူက ဆိုင်ကယ်စက်နှိုးကာ အရှိန်မြှင့်လျက် ဝေါခနဲ မောင်းထွက် လာခဲ့ပါသည်။

♣ ♣ ♣



♠ ♠ ♠

ကျွန်းညိုသည် မှုန်ရီခြယ်တို့ ခြံရှေ့မှာ ဆိုင်ကယ်ကို ခြံတစ်ဖက်ထောက်ရပ်လိုက်ပြီး Okalay နေကာမျက်မှန်ကို နဖူး ပေါ် မ,တင်လိုက်ရင်း မှုန်ရီခြယ်တို့ ခြံထဲသို့ လှမ်းမျှော်ကြည့် လိုက်မိပါသည်။

မှုန်ရီခြယ်တို့ရဲ့ တိုက်ပုလေးက ဟိုးခြံနောက်ဘက် မှာ၊ ခြံထဲကို တော်တော်ဝေးဝေး ဝင်မှ အိမ်သို့ရောက်မည်ပင်။ ခြံရှေ့မှာ ဘဲလ်တွေ ဘာတွေ မတွေ့ရ။ ကျွန်းညိုက ဆိုင်ကယ် ဟွန်းတီးလိုက်မိသည်။ ခဏကြာတော့ မှုန်ရီခြယ်က ခြံတံခါးဝဆီ သို့ ပြေးထွက်လာသည်။ ဂျင်းဘောင်းဘီနှင့်၊ ခေါင်းစွပ်ဆွယ်တာ အမည်းရောင်ပွပွကြီးနှင့် သူမပုံစံက အိမ်နေရင်းပုံစံ လွတ်လွတ် လပ်လပ်။ ဒါလည်း တစ်မျိုးကြည့်ကောင်းတာပဲဟု ကျွန်းညိုက သဘောကျအားပီပီ စိတ်ထဲမှ မှတ်ချက်ချလိုက်သည်။

"မင်းကိုယ်တိုင် တံခါးလာဖွင့်ရတာလား မှုန်ရီခြယ်၊ အလုပ် သမားတွေ ဘာတွေ မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိလို့ ကိုယ်တိုင်လာဖွင့်ရတာပေါ့"

"မြေးအဘိုး နှစ်ယောက်တည်း နေတာလား"

"ဘာလုပ်မလို့လဲ၊ စားပြလာတိုက်မလို့လား၊ မရဘူးနော်

ခြယ်က ဂျူဒို ကရာတေး အကုန်ရတယ်၊ ကိုကျွန်းညို

လောက်ကို ကိုင်ပေါက်လို့ ရတယ်"

"မခြိမ်းခြောက်ပါနဲ့ကွာ"

"ကဲ ... ပြော၊ ဘာကိစ္စ ..."

"ဖန်ခွက် အလျော်လာပေးတာလေ ... ဒီမှာ၊ လုံးဝချွတ်ယွင်း

တွတဲ့ ပုံစံမျိုးတော့ မရဘူး"

ကျွန်းညိုက ဖန်ခွက်တွေ ထည့်လာသည့် အိတ်ကို

ကိုင်မြှောက်ပြလိုက်သည်။ မှုန်ရီခြယ်က နှာခေါင်းလေး တစ်ချက်

ရှုံ့လိုက်ရင်း (မှတ်ချက်။ ချစ်စရာပုံစံလေး ဖြစ်သွားသည်။)

"အဲဒါမှ ဒုက္ခပဲ ..."

"ဘာကြောင့်ပါလိမ့်"

"အဘိုးက စွဲမိစွဲရာလေ ...၊ သူ့အရင် ဖန်ခွက်တွေ မဟုတ်

ရင် ပြဿနာရှာမှာ၊ သူက တစ်နေ့ တစ်နေ့ သူ့ပစ္စည်းတွေ

ပဲ လိုက်စစ်ကြည့်နေတာ၊ မနေ့ကတောင် သူ့ဖန်ခွက်တွေ

မတွေ့လို့ မေးနေသေးတာ"

"ရှေးရှေးတုန်းက ဒီဇိုင်းမျိုးက ရှာရခက်တယ်လေ၊ ဒီလို

လုပ်ပါလား၊ ဒီဖန်ခွက်တွေ အဘိုးကို ပြကြည့်လိုက်၊ သူ





မကြိုက်ရင် ရန်ကုန်က မှာဝယ်ပေးမယ်၊ ပုံစံဖြစ်ရာ ဖန်ခွက်

တစ်လုံးတော့ ကျန်သေးတယ် မဟုတ်လား"

"ကျန်သေးတယ်"

"မင်းလည်း ကိုယ့်ကို တော်တော် ချစ်ခင်ယုံကြည်တာပဲ

နော်၊ အဘိုးက အရိပ်ကြည့်နေတဲ့ ဖန်ခွက်တွေကို ငှားပေး

တယ်ဆိုတာ တော်ရုံ ယုံကြည်မှုမျိုး မဟုတ်ဘူး၊ မြင်မြင်

ချင်း ယုံလိုက်တာပဲလား"

"ရောဂါတွေထဲမှာ ကိုယ့်ကိုကိုယ် အထင်ကြီးတဲ့ ရောဂါက

အဆိုးဆုံးပဲ"

"ဒါနဲ့ စကားမစပ် ငင်းနာမည်က ဘယ်သူပေးတာလဲ"

"ဘာလို့ သိချင်တာလဲ"

"နာမည်က နည်းနည်း ခေါ်ရခက်လို့ပါ၊ ခြယ်လို့ခေါ်ရ

မှာကလည်း မမိုက်ဘူး၊ မင်းက စကားပြောရင် ခြယ်က

ခြယ်ကနဲ့ ထည့်ထည့်ပြောနေတော့ မင်းကပဲ ငါ့ဆရာမ

လိုလို ဘာလိုလို ..."

"ဘာဆိုင်လဲ ..."

"ကျောင်းဆရာမတွေဆို အဲလိုပဲ တီချယ်က တီချယ်ကနဲ့

ပြောရင်း ချယ်က ချယ်က ဖြစ်ဖြစ်သွားတာလေ"

"ခြယ်က အဲဒီလို သဘောနဲ့ ပြောတာမှမဟုတ်တာ၊ ခေါ်ရ

ခက်လည်း မခေါ်နဲ့ပေါ့၊ အရေးမကြီးပါဘူး၊ ရှင် ရန်ကုန်

ပြန်သွားလည်း နောက်တွေ့ရတော့မှာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



မှန်ရီခြယ့် အပြောကြောင့် သူက ပခုံးတစ်ချက် တွန့်မိသော်လည်း စိတ်ထဲမှာ ခံစားမှုလေးတစ်ခု ဖြတ်ပြေးသွား ပါသည်။

"ဟဲ့ ... မြေး ဘယ်သူနဲ့ စကားပြောနေတာတုန်း"

မှန်ရီခြယ့် နောက်နားဆီမှ ဘိုးဘိုးအသံကြားလိုက် ရတာမို့ မှန်ရီခြယ်က နောက်သို့လှည့်ကြည့်ရင်း ...

"ဟိုဘက်ခြံက စာရေးဆရာ ကိုကျွန်းညိုလေ ဘိုးဘိုးရဲ့"

"သြော် ... ဟိုဘက်ခြံကလား၊ သူနဲ့တည့်အောင်ပေါင်းထား တည့်အောင်ပေါင်းထား ..."

ဘိုးဘိုးက ခေါင်းတညိတ်ညိတ်နှင့် ပြောနေတာမို့ ကျွန်းညိုက အဘိုးမမြင်အောင် သူမကို မျက်စိတစ်ဖက် မှိတ်ပြ လိုက်ရင်း တီးတိုးကပ်ပြောလိုက်မိပါသည်။

"ကြားလား ... အဘိုးကတောင် ကိုယ်နဲ့တည့်အောင် ပေါင်း ခိုင်းနေတာ၊ မင်း ကိုယ့်ကို ဘုစကားတွေ လာလာပြော မနေနဲ့"

"ရှင်ကော မပြောလို့လား"

မှန်ရီခြယ်ကလည်း တိုးတိုးကျိတ်ကျိတ် ပြန်ပြော နေဆဲ အဘိုးက ရှေ့တိုးလာကာ ...

"ဟဲ့ ... ဘာတွေ တီးတိုး တီးတိုး ပြောနေကြတာလဲ လာကြ ... အိမ်ထဲဝင်ကြ၊ မြေး ဧည့်သည်ကို အိမ်ထဲခေါ် စမ်း ..."





"နေပါစေ ဘိုးဘိုး၊ သူ ခုပဲပြန် ..."

"ဝင်မှာ ဘိုးဘိုး၊ ဝင်မှာ ..."

သူမ စကားမဆုံးခင် ကျွန်းညိုက ကြားဖြတ်ပြော က်ပြီး ခွထားသော ဆိုင်ကယ်ကို ခြံဝန်းထဲသို့ ဦးတည်လိုက် သည်။ ကောင်မလေးနဲ့ ရင်းနှီးချင်တာ ဘာရောဂါမှန်း မသိပါ။

မှန်ရီခြယ်က သူ့ကို မျက်စောင်းတစ်ချက်ထိုးရင်း ဘိုးကိုတွဲကာ ခြံထဲဘက် ပြန်ဝင်လာသည်။ သူလည်း ဆိုင်ကယ် ခပ်ဖြည်းဖြည်း မောင်းဝင်လာခဲ့ပါသည်။

မှန်ရီခြယ်တို့ ခြံဝန်းထဲမှာလည်း သစ်ပင်တွေ စိမ်းစို ထပ်လျက်ပင်။ ထင်းရှူးပင်တွေလည်း ခပ်ကျဲကျဲရှိနေသည်။ နောက်ဘက်ကျကျက တစ်ထပ်တိုက်ကတော့ ခပ်သေးသေး။ ထဲမှာရော အိမ်ထဲမှာပါ လူသူအရိပ်အယောင် မတွေ့ရပါ။ းအဘိုးနှစ်ယောက်တည်း နေတာများလား။

အဘိုးကြည့်ရတာတော့ ကျန်းမာပုံ ရပေမယ့် စိတ် တော့ မြန်မာလို လွယ်လွယ် ပြောရရင် သူငယ်ပြန်နေတာမျိုး င်။ ဒီလို အဘိုးတစ်ယောက်နှင့် နှစ်ယောက်တည်း နေရတာ ည်း တော်ရုံ ဒုက္ခမျိုးမဟုတ်ပါ။ သူမကြည့်ရတာတော့ ဒုက္ခ ရောက်နေသည့် ပုံမျိုးမဟုတ်၊ ပေါ့ပေါ့ပါးပါး ပုံစံမျိုးလေးပင်။ မှာ နေတတ်တယ်ဆိုတာ ဒါမျိုးပဲလား ...။

အိမ်ရှေ့ရောက်လို့ သူဆိုင်ကယ်ပေါ်က ဆင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချိန်မှာ အဘိုးက တုံ့ရပ်လိုက်ရင်း မှုန်ရီခြယ်ကို မကျေမန
ွေစောင်းကြည့်ကာ ...

"ဟဲ့ ... မြေး နင် တော်တော်ရက်စက်ပါလားဟင်"

"ဟင် ... ခြယ် ဘာလုပ်မိလို့လဲ ဘိုးဘိုးရဲ့"

"နင် ခုထိ ငါ့ကို မနက်စာ မကျွေးသေးဘူးလေ"

"မနက်စာရော နေလယ်စာပါ ကျွေးပြီးပြီလေ ဘိုးဘိုး

"နင် မညာနဲ့၊ ငါ ဒီနေ့ ဘာမှမစားရသေးဘူး၊ ငါ့
ကျွေးဦး ... ခုကျွေးဦး"

"ဘိုးဘိုး အထပ်ထပ် စားနေရင် အစာမကြေဘဲ နေ
မယ်"

"ဘာအထပ်ထပ်လဲ၊ တစ်ခါမှ မစားရသေးတာ"

"ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ၊ ကျွေးပါ့မယ် ... ဒေါ်ဆင်
ဒေါ်ဆင် ..."

သူမက အိမ်ထဲဘက်သို့ လှမ်းအော်ခေါ်လိုက်တာ
သူမတို့အိမ်မှာ နောက်တစ်ယောက်ရှိသေးမှန်း သိလိုက်ရပါသည်
သို့သော် အိမ်ထဲဘက်မှ ဘာတုံ့ပြန်သံမှ မကြားရပါ။

"ဒေါ်ဆင် အိပ်နေပြန်ပြီထင်တယ်၊ ဒေါ်ဆင်တို့ကလည်း
ဘာမှ အားမကိုးရဘူး၊ အားရင် အိပ်နေဖို့ပဲတတ်တယ်
ကိုကျွန်းညို လာလေ ... အိမ်ထဲဝင်ပါဦး"

သူမက ကျွန်းညိုကို လှည့်ကြည့်ပြီး လှမ်းခေါ်သည်





ဘိုးကတော့ စိတ်ကောက်သလိုပုံစံနှင့် အိမ်ထဲသို့ ဝင်နှင့်သွား
ည်။ ကျွန်းညိုက အဘိုးကိုကြည့်နေရာမှ သူမကို ပြန်လှည့်ကြည့်
နိုး ...

"မှုန်ရီခြယ် ... အဘိုးကို တကယ် ထမင်းကျွေးပြီးပြီလား"

"နေ့လယ် တစ်နာရီတောင် ရှိနေပြီပဲ၊ မနက်စာရော၊ နေ့
လယ်စာပါ ကျွေးပြီးပြီပေါ့ ကိုကျွန်းညိုရဲ့၊ ကိုယ့်အဘိုးကို
ဒီချိန်ထိ မကျွေးဘဲ ထားရက်ပါ့မလား၊ ဘိုးဘိုးက အမြဲ
အဲဒီလိုချည်းပဲ၊ သူ ထမင်းစားပြီးသလား မစားရသေးဘူး
လားတောင် သိတာမဟုတ်ဘူး၊ ခြယ်နဲ့ အမြဲငြင်းနေရတာ၊
သူသတိရချင်တာကျတော့ သူငယ်ငယ်တုန်းက ကျောင်း
ပြေးခဲ့တဲ့အကြောင်းကအစ လုံးစေ့ပတ်စေ့ သတိရတယ်၊
ခုချက်ချင်းကိစ္စတွေကျ မေ့တာများတယ်၊ အမြဲ ကလေး
ဆန်ဆန် သူငယ်ပြန်နေတော့တာလေ၊ တစ်ခါ တစ်ခါ
ခြယ်နဲ့ ဘိုးဘိုးနဲ့ ကလေးချင်းလို ငြင်းခုန်ရန်ဖြစ်နေကြတာ
ပျော်စရာကြီး"

မှုန်ရီခြယ်က ပြောပြနေဆဲ ဘိုးဘိုးက အိမ်ထဲမှ
ထွက်လာရင်း အော်ဟစ်လာသည်။

"ဒေါ်ဆင်ရယ် ငါ့ဟင်း ခိုးစားထားတယ်၊ ဒေါ်ဆင် စား
တာ ငါ့ဟင်းတွေ မကျန်တော့ဘူး၊ ဒေါ်ဆင် သူခိုးမ၊
သူခိုးမ မိဆင်"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးနောက်မှ ပိန်ညှက်သေးကွေးသော အဒေါ်
တစ်ယောက်က အိပ်ချင်မူးတူးပုံစံဖြင့် တဝါးဝါး သမ်းဝေ
ခပ်သုတ်သုတ် လိုက်လာကာ ...

"ဒေါ်ဆင် ခိုးမစားရပါဘူး ခြယ်ရယ်၊ ဒေါ်ဆင့်ဘာ
အိပ်နေတာပါ"

"သိပါတယ် ဒေါ်ဆင်ရယ်၊ ဒေါ်ဆင် အအိပ်ဓာ
ဘာမှ မမက်မှန်း သိပါတယ်၊ ကဲ ... ဘိုးဘိုးဖို့ ထမင်း
မှုးပေးလိုက်ဦး၊ နည်းနည်းပဲနော်၊ ထမင်းကို ဆီလေးဆ
ကြက်ပြုတ်လေးနဲ့ နယ်ကျွေးလိုက် ..."

"အေး ... အေး ... ဝါး ... အိပ်ချင်လိုက်တာနော်"

ဒေါ်ဆင်က သမ်းဝေရင်း အိမ်ထဲပြန်ဝင်သွားသ
ကျွန်းညိုက ဒေါ်ဆင့်ပုံစံကို ပြုံးစိစိလှမ်းကြည့်ရင်း ...

"နာမည်ကသာ ဒေါ်ဆင်၊ လူကဖြင့် ဆိတ်လေ
ကလေး"

"နာမည်အပြည့်အစုံက ဒေါ်ဆင်အော်မနိုးလေ၊ အိပ်လ
ပြီဆို ဘာမှမသိတော့ သူ့နားကပ်ပြီး ဆင်အော်ရင်တေ
နိုးမှာမဟုတ်လို့ အဲလို ပြောင်ခေါ်ရင်း အကျင့်ပါသွားတ
ဒေါ်ဆင်ပဲ တွင်နေတာ၊ ဒေါ်ဆင်နဲ့ ဘိုးဘိုးကလည်း ဟ
ပဲ၊ အဘိုးက သူ့ဘာသာ ဟင်းတွေ နှိုက်နှိုက်စားမိတာ
မေ့ပြီး သူ့ဟင်းတွေ နည်းသွားတာနဲ့ ဒေါ်ဆင် ခိုးစားတ
ပဲ စွပ်စွဲတော့တာ"





"မင်းလည်း တကယ့် လူတွေနဲ့ အတူတူနေရရှာတာကိုး"

"ဟုတ်ပါ့ ...၊ ဒါပေမယ့် ပျော်စရာကြီးပါ၊ ကဲ ... ဖန်ခွက်
တွေ ဘိုးဘိုးကို ပြလိုက်ရအောင်"

မှန်ရီခြယ်က ကျွန်းညိုလှမ်းပေးသည့် အိတ်ကို လှမ်း
ကာ အိတ်ထဲက ဖန်ခွက်တွေကို ထုတ်ပြီး စားပွဲပေါ် တန်းစီ
လိုက်ရင်း ...

"ဘိုးဘိုး ကြည့်ပါဦး၊ ဒါ ဘိုးဘိုး ဖန်ခွက်တွေမဟုတ်လား"

"မှန်း ... ဘယ်မှာတုန်း၊ ငါ့ဖန်ခွက်တွေ"

အဘိုးက ဖန်ခွက်တွေကို တစ်ခွက်ပြီးတစ်ခွက် လှမ်း
ပြီး သေသေချာချာကြည့်သည်။ ပြီးတော့မှ မဲ့ရွဲ့လိုက်ရင်း ...

"ဟုတ်လည်း ဟုတ်ဘဲနဲ့၊ ငါ့ဖန်ခွက်က ဒါ့ထက်လှတယ်၊
ဒါတွေက အလကားဟာတွေ ..."

ကျွန်းညိုက ပြုံးစိစိနှင့် ခေါင်းတစ်ချက်ကုပ်မိသည်။
ကယ်တော့ သူဝယ်လာသည့် ဖန်ခွက်တွေက တန်ဖိုးကြီးပြီး
ကောင်းပါသည်။ အဘိုးရဲ့ ဖန်ခွက်တွေက ခေတ်ဟောင်းပုံတုံး
ချေးပေါပေါထဲကပင် ...။ အဲဒီလိုပစ္စည်းကို ခုချိန်မှာ ပြန်ရှာ
ယ်ဖို့ သိပ်မလွယ်လှပါ။

"ဟိုဖန်ခွက်က ငါတို့ မင်္ဂလာဆောင်တုန်းက စက်ရှင်မင်း
ကြီး လက်ဖွဲ့လိုက်တဲ့ ဖန်ခွက်၊ အဲဒီ ဖန်ခွက်ပဲ ပြန်လိုချင်
တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ပါ ... ကျွန်တော် ပြန်ရှာဝယ်ပေးပါ့မယ်"

"ဒါနဲ့ လူလေးက ဘယ်ကလဲ"

"ဟိုဘက်အိမ်ကလေ အဘိုး"

"ဟင် ... အဲ့ဒီအိမ်မှာ ဘာလို့ နေရတာလဲ၊ မနေနဲ့ မနေ မြေး နင် သူ့ကိုမနေဖို့ ပြောဦးလေ၊ ဟဲ့ ... ညဆို ပြ မဆင်းနဲ့နော် လူလေး"

"ဘိုးဘိုး ဒေါ်ဆင် ထမင်းချူးပြီးသွားပြီ၊ သွားစားလိုက် နော်"

မှုန်ရီခြယ်က ချော့ပြောပြီး အဘိုးကို တွဲခေါ်သ သည်။ ကျွန်းညို စိတ်ထဲမှာ အရာရာဟာ ထူးဆန်းနေသည် ခံစားလာရသည်။ အင်း မှုန်ရီခြယ့်ကို မြင်ရင် ပျော်ရွှင်နေမိတာ လည်း ထူးဆန်းခြင်း တစ်မျိုးပါပဲ။

ခဏနေတော့ မှုန်ရီခြယ်တစ်ယောက်တည်း အိမ် ပြန်ထွက်လာကာ ...

"ကဲ ... ရွှေညည်သည် ပြန်တော့မလား"

ကျွန်းညိုက ဟွန့်ခနဲ တစ်ချက်ရယ်ကာ သူမ မျက်နှာလွှဲရင်း ...

"ညှိနှင်ပုံက မမိုက်ဘူး"

"နှင်တာမဟုတ်ဘူး၊ အဘိုးကြောင့် စိတ်ရှုပ်ပြီး ပြန် နေသလားလို့ အလိုက်တသိ မေးမိတာပါ"





"အလိုက်သိတယ်ဆိုရင် ကော်ဖီလေး ဘာလေး ဖျော်တိုက် ဖို့တော့ သတိရသင့်တာပေါ့"

"အိုကော ... အိုကော ... ဘိုးဘိုးကိစ္စနဲ့ ရှုပ်နေလို့ မေ့သွား တာပါ၊ အလိုက်မသိတတ်တဲ့ ရွှေညည်သည်ရယ်"

သူမက ခပ်ရွှရွှဲပြောရင်း အိမ်ထဲပြန်ဝင်သွားသည်။ ခဏနေတော့ ကော်ဖီနှင့် မုန့်ပန်းကန်ကို ကိုယ်တိုင်ယူလာသည်။

ထိုနေ့က သူမကိုယ်တိုင် ဖျော်တိုက်တဲ့ ကော်ဖီလေး တစ်ခွက်ကို တစိမ့်စိမ့်သောက်ရင်း သူမနှင့် တော့ကာ ပေါက်ကာ စကား နိုင်လုကာ စကားပြောရသော အရသာကို သူ တော်တော် သဘော တွေ့သွားခဲ့ပါသည်။

သူပြန်တော့ မှုန်ရီခြယ်က ခြံဝန်းအထိ လိုက်ပို့ ရင်း ...

"ညက တချွေခြောက်ခံရသေးလား ကိုကျွန်းညို"

"ဒီလိုပါပဲ ... အသံတွေ အနံ့တွေတော့ ရတာပေါ့၊ ဒါကို တချွေခြောက်တာလို့ မသတ်မှတ်ချင်ပါဘူး"

"ညက မီးပြတ်လား"

"ပြတ်တယ်"

"ဟင် ... ခြယ်တို့အိမ်မှာတော့ မပြတ်ပါဘူး၊ ရှင်တို့အိမ်နဲ့ ခြယ်တို့အိမ်က မီးတစ်လိုင်းတည်းပဲဟာ"

"အဲ့ဒီတော့ မှုန်ရီခြယ် ဆိုလိုချင်တာ မီးပြတ်တာဟာ သရဲ



www.burmeseclassic.com

www.burmeseclassic.com



ခြောက်တာ၊ သရဲက မီးပြတ်အောင် လုပ်နိုင်တယ်ဆို
သဘောလား"

"အဲဒီလိုတော့လည်း မဟုတ်ပါဘူး၊ အဲ့ဒါကြောင့် ညတ
ကတောင် အောက်ထပ်ဆင်းပြီး ကြည့်သေးတယ်"

"ဟင် ... အဲ ... အဲဒီတော့ ဘာတွေ့လဲ"

"သေချာတောင် မကြည့်လိုက်ရပါဘူးကွာ၊ ဟိုကော
ပလူတို အော်ဟစ်နေတာနဲ့ သူ့ဆီ ပြန်ပြေးသွားရတ

"နောက်နေ့တွေ့ကျလည်း ဆင်းမကြည့်ပါနဲ့ ကိုကျွန်
ရယ်၊ အိမ်အောက်ထပ်လည်း မဆင်းနဲ့၊ ခြံထဲလည်း မ
နဲ့ ..."

ကျွန်းညိုသည် မှုန်ရီခြယ်ရော သူ့အဘိုးပါ
ကြောင်းထပ်ကာ ပြောလေ့ရှိသော 'ခြံထဲမဆင်းနဲ့' ဟူသော စ
ကို သတိထားမိသွားကာ ...

"ဒီမြေးအဘိုးကတော့ တလေတည်းပဲနော်"

"ဘာကိုလဲ ..."

"ကိုယ့်ကိုတွေ့တိုင်း ခြံထဲမဆင်းဖို့ချည်း ပြောနေကြတ
လေ"

မှုန်ရီခြယ်က ခဏငြိမ်သွားပြီးမှ ...

"ဒါကတော့ အိမ်နီးချင်းမို့လို့ စောင့်ရှောက်ရမယ့် ဝတ္တရ
ရှိလို့ စိုးရိမ်လို့ ပြောတာပေါ့"





"ကောင်းပါပြီ၊ ကျေးဇူးတင်ပါတယ်၊ တစ်သက်လုံးလည်း
အစောင့်အရှောက်ခံချင်ပါတယ်၊ သွားပြီနော် ... ဘိုင့်ဘိုင်
တာ့တာ ..."

ကျွန်းညိုက ပြောပြောဆိုဆို ဆိုင်ကယ်ပေါ်ခွတက်
ကာနှိုးပြီး တာ့တာပြကာ မောင်းထွက်လာခဲ့သည်။ ဆိုင်ကယ်
နောက်ကြည့်မှန်မှတစ်ဆင့် နောက်သို့ လှည့်ကြည့်မိတော့ ခြေ
တစ်ချက်ဆောင့်ပြီးမှ ခြံထဲသို့ ပြန်လှည့်ဝင်သွားသော မှုန်ရီခြယ်ကို
တွေ့ရသည်။

သူက ရှိခနဲ လေတစ်ချက်ချွန်ပြီး သူ့ဆိုင်ကယ်ကို
တစ်ဖက်ခြံထဲသို့ ဝေါခနဲ ကွေ့ဝင်လာခဲ့ပါသည်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

ထိုညက တန္ဆေမကို ကျွန်းညို စိတ်မဆိုးနိုင်အားပါ။

ညမိုးချုပ်ကတည်းက ပလူတိုက ကျွန်းညိုဆီက ပိုက်ဆံတောင်းပြီး သွားဝယ်လာသည့် ကာက်ဆက်ဖြင့် ဘုန်းကြီး ပရိတ်ရွတ်သည့် အခွေဖွင့်ပြီး စောစောစီးစီး အိပ်ပျော်သွားသည်။

ကျွန်းညိုကတော့ ထုတ်ဝေသူနှင့် အခြေတင် ဖြေ စရာရှိတာမို့ တစ်နာရီကျော်လောက် ဖုန်းပြောရင်း ပတ်ဝန်းကျင်ကို မေ့နေသည်။ ဖုန်းပြောပြီးတော့လည်း အင်မာကျင်စီ မီးဖွင့်ပြီး ကိုယ့်ဝတ္ထုထဲမှာပဲ စိတ်ဝင်တစား မျောပါရေးသားနေရတာမို့ အရာ အားလုံးကို ဥပေက္ခာ ပြုထားလိုက်သည်။ မီးပြတ်ပြတ် မပြတ်ပြတ် အရေးစိုက်မနေတော့ ...။ အောက်ထပ်ဆင်းကြည့်ဖို့လည်း စိတ် မဝင်စားတော့ ...။

စာရေးပြီးလို့ သူ့အာရုံတွေ ဝတ္ထုထဲက ဖယ်ခွာသွား ချိန်မှာ မှုန်ရီခြယ်ကို သတိရလိုက်တာမို့ အဟွန့်ခနဲ တစ်ချက်





ပြုံးရင်း ပခုံးတွန့်ကာ စောင်အောက်သို့ တိုးဝှေ့ဝင်လိုက်ပြီး အိပ် ပျော်အောင် ကြိုးစားလိုက်ရပါသည်။

အိပ်စက်ခြင်းသို့ မရောက်မီမှာတော့ သူမ ပုံရိပ်တွေ က သူ့အာရုံထဲမှာ ဝေ့ဝဲနေပါသေးသည်။

ဩော် ... မှုန်ရီခြယ် ...

ခုချိန်ဆို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေမလား ...

ဒါမှမဟုတ် သူ့အဘိုး တရေးနိုး ဂျိကျလို့ ချော့မော့ နေရရှာလေမလား။

မှုန်ရီခြယ့်မှာ တခြား မိသားစုဝင်တွေ မရှိတော့ဘူး လား။ အဘိုးတစ်ခု မြေးတစ်ခု ဘဝနဲ့ နေလာရတာ ဘယ်လောက် ကြာပြီလဲ။

သူမတို့အိမ် အခြေအနေကြည့်ရတာတော့ နွမ်းပါး တယ် မဟုတ်ပေမယ့် ပြည့်စုံသည့်အထဲမှာတော့ မပါပါ။

အားပါးပါး ... ကျွန်းညို ... ကျွန်းညို ... မင်း သူ့ အကြောင်းတွေးတာ တော်တော်များနေပြီ။ ရိုးမှ ရိုးရဲ့လား ဟေ့ကောင်ရေ ...။

သူက သူ့ကိုယ်သူ မေးခွန်းပြန်ထုတ်ရင်း ပြုံးမိနေ သည်။ ပြုံးရင်းနဲ့ပဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားခဲ့ရပါသည်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

မနက် ၉ နာရီ တိုင်သည်အထိ နံနက်ခင်းက နှင်းအမှုန်အမွှားလေးတွေအောက်မှာ နှပ်ရှုံနေတုန်းပင်။ နေရောင်ခြည်က တစ်စတစ်စဖြင့် နှင်းမှုန်တွေကြားထဲ ထိုးခွဲကာ နံနက်ခင်းကို ရင့်ရော်လာစေသည်။ သို့သော် လေကတော့ အေးမြနေဆဲ။

ညက ညဦးနက်မှ အိပ်ဖြစ်တာမို့ ဒီနေ့ မနက်ခင်းမှာတော့ နေမြင့်မှ သူ အိပ်ရာနိုးလာပါသည်။

"ဆရာ ... ကော်ဖီသောက်မလား"

ပလူတို လာမေးတာမို့ သူက ခေါင်းညိတ်ပြရင်း ...

"အေး ... သောက်မယ်ကွာ၊ ပေါင်မုန့်ရော ရှိလား"

"မနေ့ကမှ ဝယ်ထားတာ ရှိတယ် ဆရာ"

"အေး ... အဲဒါဆို ပေါင်မုန့်ကို ထောပတ်သုတ်ပေး၊ ကြက်ဥ ဟပ်ဖရိုက်တစ်လုံး ကြော်ပေး"

"ဟုတ် ဆရာ၊ ဒါနဲ့ ... ဟို ... ဟို ... ညက ခြောက်ခြောက်သေးလား ဆရာ"





"ညက စာထဲစိတ်ရောက်နေတာနဲ့ ခြောက်မှန်း မခြောက်မှန်းတောင် မသိလိုက်ပါဘူးကွာ၊ မင့် ပရိတ်ခွေလည်း ဖွင့်ထားတော့ တခြားအသံလည်း မကြားမိလိုက်ပါဘူး၊ ခြောက်ချင်လည်း ခြောက်မှာပေါ့"

"ဆရာပဲ အေးတယ်၊ ဘာမှ အပူအပင်မရှိဘူး"

"အေး ... ငါက ဒီအိမ်ကို ကြိုက်နေတာ၊ အိမ်နီးချင်းမလေးကလည်း လန်းတယ်လေ၊ ငါ စာမူခတွေရရင် ဒီအိမ်ကို ဝယ်လိုက်မယ်ကွာ၊ နွေဆို ဒီမှာ စာလာရေးမယ်၊ ဆောင်းနဲ့ မိုးဆို မင်းက ဒီအိမ်မှာ စောင့်ကျန်ခဲ့ ..."

"အမလေးဗျာ ... မနေရဲပါဘူး"

"မင်းကို နေရဲအောင် စီစဉ်ပေးမှာပေါ့၊ စိုင်းသီဟတို့ဆိုင်က ကောင်မလေး တစ်ယောက်ယောက်နဲ့ အိမ်ထောင်ချပေးခဲ့မယ်ကွာ ... ဘယ့်နှယ်လဲ၊ ငါ ဒီနေ့ စိုင်းဆီသွားမှာကွ၊ အဲဒီက ကောင်မလေးတွေ သရဲကြောက်တတ်လား မေးခဲ့မယ်၊ သရဲမကြောက်တတ်တဲ့ ကောင်မလေးနဲ့ ညားရင် မင်းအတွက် အားကိုးရတာပေါ့"

ကျွန်းညိုက ပလူတို့ကို စ,ကာင်းကောင်းနှင့် စရင်း မျက်နှာသစ်ဖို့ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ပလူတိုလည်း အတူဆင်းလာကာ မီးဖိုချောင်ထဲမှာ စားဖို့သောက်ဖို့ ပြင်ဆင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းညိုက ရေချိုးခန်းရှေ့က ဇောင်မှာ သွားတိုက်ရင်း ဇောင်ရှေ့ မှန်ထဲကို သေချာစိုက်ကြည့်မိသည်။

မှန်ထဲမှာ မြင်နေရတာက သူဟိုတစ်ညက တံခါးသွားဖွင့်ကြည့်မိသည့် စတိုခန်းပင်။

စတိုခန်း တံခါးက ပွင့်ဟနေသည်။ သူ မနေ့ညတုန်းက ဒီအခန်းတံခါးကို သေချာပြန်ပိတ်ထားခဲ့တာပင်။ တံခါးရွက်ဟာ ကြမ်းပြင်နဲ့ထိတိုက်ပြီး ကြပ်နေတာမို့ သူ့အလိုလို ပြန်ပွင့်ထွက်သွားမည့် တံခါးမျိုး မဟုတ်ပါ။

ကျွန်းညိုက သွားတိုက်ဆေးအမြှုပ်တွေကို ထွေးချပစ်လိုက်ပြီး ...

“ပလူတို ... ဟို စတိုခန်းတံခါးက မင်းဖွင့်ထားတာလား”

“ဟင့်အင်း ... မဖွင့်ပါဘူးဆရာ၊ သူ့ဘာသာ အစကတည်းက ပွင့်နေတာ မဟုတ်ဘူးလား”

“သြော် ... အေး ... ဟုတ်မှာပေါ့ကွာ”

သူက ပလူတို့ကို ဘာမှ ရှည်ရှည်ဝေးဝေး ပြောမနေတော့ပါ။ သူကြားခဲ့တဲ့ ရယ်သံနှင့် စံပယ်နံ့ဟာ ဒီအခန်းထဲက လာတာဖြစ်ကြောင်း ပလူတို သိရင် မီးဖိုချောင်ထဲမှာ ထမင်းမချက်ရဲ၊ အိပ်သာမတက်ရဲ၊ ရေမချိုးရဲဘဲ ဒုက္ခများသွားနိုင်လို့ပင်။ နေ့ခင်းဘက်တွေမှာ စတိုခန်းထဲဝင်ပြီး စူးစမ်းချင်ပေမယ့် ပလူတိုရှိနေတာမို့ ရိပ်မိသွားမှာ စိုးရသည်။ တစ်ရက်တော့ ဒီအခန်းထဲဝင်ပြီး သဲလွန်စ ရှာရမည်ဟု စိတ်ထဲမှာ တေးမှတ်ထားလိုက်မိပါသည်။





သူက မျက်နှာသစ်ပြီးတော့ ပလူတို ပြင်ပေးသည့် နက်စာ စားပြီး စိုင်းသိဟတို့ ဆိုင်ဘက်သို့ ထွက်လာခဲ့ပါသည်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

"ဟော့ကောင် ... ကျွန်း၊ ဘယ်လိုလဲ၊ အိုကေရဲ့လား"

စိုင်းက သူ့ကိုတွေ့တွေ့ချင်း မေးခွန်းထုတ်လို

သည်။ ဘောင်းဘီအိတ်တွေထဲ လက်နှိုက်ထားသော သူက

တွန့်ပြလိုက်ရင်း စိုင်းတို့ဆိုင်ရှေ့ ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်သ

စိုင်းက သူ့နားမှာ လာထိုင်ရင်း ...

"ပခုံးတွန့်တဲ့ အဓိပ္ပါယ်က ပြေတာလား၊ မပြေတာလာ

"ပြေတာလည်း မဟုတ်၊ မပြေတာလည်းမဟုတ်၊ ဘာ

မသိတဲ့ အဓိပ္ပါယ်ပေါ့ကွာ"

"ငါက မင်း အဲ့ဒီအိမ်မှာ နေမယ်ဆိုကတည်းက အံ့လ

အံ့ဩ၊ စိတ်လည်းပူနေတာကွ၊ ကိုဝဏ္ဏကလည်း

အဲဒီအိမ်ကိုမှ ကြိုက်တယ်ဆိုလို့ အံ့ဩနေတာ ..."

"ငါ အဲ့ဒီအိမ်ကို တကယ်ကြိုက်တာ၊ ခုနေ ပိုက်ဆံ

များများရှိရင် အဲ့ဒီအိမ်ကို ဝယ်ထားလိုက်မှာ"





စိုင်းက သူ့ကို ပြုံးစိစိနှင့် စိုက်ကြည့်လိုက်ရင်း ...

"မင်း စတန့်ထွင်တာတော့ မဟုတ်ပါဘူးနော်"

"ဘာကို စတန့်ထွင်ရမှာလဲ"

"မင်းက သူများနဲ့မတူအောင် လုပ်တတ်ကိုင်တတ် အဆန်း ထွင်တတ်တာဆိုတော့ ဘယ်သူမှ မနေရဲတဲ့ အိမ်မှာနေပြီး ဂုဏ်ယူနေသလားလို့ပါကွာ"

စိုင်းက ကျောင်းတုန်းကတည်းက ကျွန်းညိုအကြောင်း
ဘင်းကောင်းသိခဲ့တာမို့ ထေ့ထေ့ငေါ့ငေါ့ စကားဆိုမိပါသည်။

'ကျွန်း'လို့ အများက ခေါ်တဲ့ ကျွန်းညိုဟာ ကျောင်း
ို 'ဖလား'။ ရုပ်က King အရွေးခံရလောက်တဲ့အထိ ချောမွေ့
မနေ့ပေမယ့် King ထက်ပိုပြီး ကျွန်းကို လူစိတ်ဝင်စား ခံရတာ
ာ ကျွန်း ရဲ့ အများနဲ့မတူ တစ်မူထူးခြားတာတွေကြောင့်ပင်။
ာ်းက စတိုင်လ်ရှိသည်။ ထူးခြားသည်။ attractiveဖြစ်သည်။
ူးမကြိုက်တာ၊ သူများမဝတ်ချင်တာတွေကိုမှ သူက ရွေးချယ်
ဝတ်သည်။ အများက အဖက်မလုပ်သည့် သာမန် ပစ္စည်းတစ်ခု
သူ သုံးစွဲဝတ်ဆင်လိုက်ပြီဆို ထိုအဝတ်အစား အသုံးအဆောင်
ာ သူ့ကိုယ်ပေါ်ကျမှ အရောင်ထွက်ပြီး အများတကာရဲ့ အသိ
ာ်ပြုခြင်းကို ခံရသည်။ မကြိုက်မိသည့်သူတွေကပင် 'မကြိုက်
လခြင်း' ဟု နောင်တရကာ ထိုပစ္စည်းမျိုးကို ပြန်လည်ရှာဖွေ
ယ်ယူရသည့် အဖြစ်မျိုး။ ထိုအဖြစ်ကို ကျွန်းကလည်း ဂုဏ်ယူ
ည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းဟာ သာမန် အဝတ်အစားတွေကိုပင် စ,ထိုင်လ် ကျအောင် ရောစပ်ဝတ်ဆင် ဒီဇိုင်းထွင်တတ်သည်။ သွားတာ လာတာ နေတာ ထိုင်တာအစ အမြဲ စမတ်ကျနေအောင် ဆွဲဆောင် မှုရှိအောင် ဂရုစိုက်သည်။ ထို့ကြောင့်ပင် ကျွန်းဟာ ကောင်မလေး တွေ ဝိုင်းဝိုင်းလည်နေသော 'ဖလား' ဖြစ်ခဲ့တာပင်။

တကယ်တော့ ကျွန်းဟာ အပေါ်ယံသက်သက် 'ဖလား'တော့မဟုတ်ပါ။ သူက စာအုပ်အလွန်ဖတ်သည်။ သို့သော် သူ့ကြည့်လိုက်ရင် စာကြမ်းပိုးလေးလို လုံးဝ ထိုင်းမှိုင်းမနေ။ စာပေသမားမှန်ရင် မျက်မှန်ကလေးနဲ့ လွယ်အိတ်ကလေးတစ်လုံး လွယ်ပြီး ပေတိပေစုတ်လေးနေ၊ ညနေတိုင်ရင် အရက်ကလေး တမြမြ လုပ်တတ်သည်ဟူသော မှုကို ကျွန်းညိုက စတင်ဆန့်ကျင် ကာ စတိုင်လ်ကျကျလေး နေပြခဲ့တာပင်။

အဲဒီလို သူများ မလုပ်တာကိုမှ လုပ်ချင်သော ကျွန်း ဟာ စာ စရေးတော့လည်း သူများ မရေးသည့်လိုင်းမျိုးကို စ,တင် တီထွင်ကာ မော်ဒန်လိုလို တစ္ဆေ သရဲလိုလို ဝတ္ထုမျိုးကို စ,ရေး ခဲ့တာမို့ 'ဖလား' ကနေ star ဖြစ်လာခဲ့ရပါသည်။ ကျွန်းကို စိုင်း[illegible]ဟတို့ သူငယ်ချင်းတွေ အားကျခဲ့ရပါသည်။

ကျွန်းညိုက စိုင်းမေးတာကို မဖြေဘဲ ပြုံးစိစိလုပ် ပြီးမှ ...

"အဲဒီအိမ်က သရဲခြောက်တယ်ဆိုတာရော ဟုတ်ရဲ့လား ကွာ"





"ဘာလဲ ... မင်း ခုထိ အခြောက်မခံရသေးလို့လား"

"ငါမေးတာကို အရင်ဖြေကွာ"

"ငါကိုယ်တိုင်တော့ အခြောက်မခံရဖူးဘူးပေါ့ကွာ၊ ဒါပေ မယ့် အဲဒီအိမ်မှာနေဖူးတဲ့ လူတိုင်းကတော့ အဲဒီလို့ပြော ကြတာပဲ၊ ရယ်သံကြားတာတို့၊ ပန်းနံ့ရတာတို့၊ မီးတွေ ဖွင့်လိုက်၊ ပိတ်လိုက် လုပ်တာတို့ ဘာတို့ပေါ့ကွာ"

"အဲဒါမျိုး ကြုံတာနဲ့ပဲ တစ္ဆေခြောက်တယ် ဖြစ်ရောလား၊ ဒါမျိုးကို လူတစ်ယောက်ယောက်က ဖန်တီးလို့လည်း ရနိုင် တာပဲ မဟုတ်လား"

"လုပ်ပြီ ... ပုံသေနည်းတွေ"

"ဘာလဲကွ ..."

"မင်းတို့ စာရေးဆရာတွေ အဲ့ဒါမျိုး ခဏခဏ ရေးတတ် တယ်လေ၊ ရုပ်ရှင်တွေ ဗီဒီယိုတွေထဲမှာလည်း ပါတယ်၊ အိမ်ကြီးတစ်လုံးမှာ လူဆိုးတွေ ခိုအောင်းနေလို့၊ ပစ္စည်း တွေ ဝှက်ထားလို့ အဲ့ဒီအိမ်နား လူမကပ်ရဲအောင် လုပ်ကြ ပြီး တစ္ဆေခြောက်တဲ့ ပုံစံမျိုး လုပ်ထားတာမျိုးတွေ။ ရိုးနေပြီ ဟေ့ကောင်၊ အဲ့ဒီအိမ်က အဲဒါမျိုး ရှုပ်ရှုပ်ထွေးထွေးဖြစ်စရာ အကြောင်းမရှိဘူး၊ နေရာကလည်း သိပ်မခေါင်ဘူး"

"ငါ့စိတ်ထဲမှာတော့ တစ္ဆေခြောက်နေတယ်လို့ လုံးဝမခံစား ရဘူး၊ ငါ့ခံစားမှုကို ငါယုံတယ်၊ တစ်နေ့ကျ အဲ့ဒီကိစ္စ အဖြစ်မှန်ကို ငါ သက်သေပြမယ်"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီအိမ်ကြီးမှာ တစ္ဆေခြောက်တယ်ဆိုတဲ့ သတင်း ပယ်ဖျက်ပေးမယ်ဆိုပါတော့၊ အိမ်ရောင်းမထွက်လို့ စိ ညစ်နေတဲ့ ပိုင်ရှင်ကတော့ အရမ်းပျော်သွားမှာပေါ့ကွ မင်း တကယ် သက်သေပြနိုင်တယ် ဆိုရင်ပေါ့"

စိုင်းသီဟနှင့် ကျွန်းညိုတို့ စကားကောင်းနေဆဲ ဆိုင်ရှေ့သို့ ဆိုင်ကယ်တစ်စီး ရပ်လာပါသည်။ သူ အမှတ်တ လှမ်းကြည့်မိရာ မှုန်ရီခြယ်ကို တွေ့လိုက်ရပါသည်။

အကျႌကိုယ်ကျပ်လက်ရှည်ပေါ်မှာ ခေါင်းစွပ် သိုး ဝေ့စ်ကုတ်အဖြူလေး ထပ်ဝတ်ထားပြီး အနက်ရောင် ဘောင်း အကျပ်လေးနှင့် မီးခိုးရောင် ကြိုးရှည်ရှည်အိတ်ကို စလွယ်သို လွယ်ထားသော သူမပုံစံက ဖျတ်လတ်တက်ကြွနေသည်။

"ဟေး ..."

ဆိုင်ထဲဝင်လာသော သူမကို သူ လက်တစ်ဖ မြှောက် မျက်ခုံးပင့်ပြရင်း လှမ်းနှုတ်ဆက်လိုက်သည်။

"ဪ ..."

သူမက အသိအမှတ်ပြုသလို ခေါင်းတစ်ချက်ဆ ပြပြီး ဆိုင်ထဲသို့ လှမ်းဝင်သွားသည်။ စိုင်းက သူ့ကို မျက်လုံး ကြည့်ရင်း ...

"မင်းနဲ့ သိလို့လား"

"သိတာပေါ့၊ အိမ်နီးချင်းတွေပဲ၊ မင်း သူ့ကိုသိလား"





"သိတာပေါ့၊ တစ်မြို့တည်းသားတွေပဲ"

"ခဏကွာ ... ငါ သွားနှုတ်ဆက်လိုက်ဦးမယ်"

"ခုန နှုတ်ဆက်ပြီးပြီ မဟုတ်လား"

"လက်နဲ့ပဲ နှုတ်ဆက်ရသေးတာ၊ နှုတ်နဲ့ အားပါးတရ နှုတ်မဆက်ရသေးဘူးလေ"

ကျွန်းညိုက မချိုမချဉ် အပြုံးနှင့် မျက်လုံးတစ်ဖက် ပြခဲ့ပြီး ဆိုင်ထဲသို့ လိုက်ဝင်လာသည်။

သူမက ကောင်တာတစ်ခုရှေ့မှာ ရပ်လျက် နို့ဆီတွေ ကြားတွေ ဝယ်နေတာမို့ သူက သူမဘေးမှာရပ်လျက် ဟိုဟိုဒီဒီ သုံးကြည့်သလို လုပ်နေရင်း ...

"ဈေးလာဝယ်တာလား"

"မြင်တဲ့အတိုင်းပဲလေ"

"မင်းကြည့်ရတာ ရင့်ကျက်လာသလိုပဲ"

"ဘာတွေ လာပြောနေတာလဲ"

"လူတစ်ယောက်ကို တစ်သက်လုံး စောင့်ရှောက်မယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပြီးရင် ဒီလိုပဲ ရင့်ကျက်လာတတ်တယ်လေ"

"ဟဟ ... ရယ်ရတယ်၊ စောင့်ရှောက်ခံချင်ရင် ဘိုးဘွားရိပ်သာ သွားပါလား"

"ကိုယ်က အရမ်းငယ်နေသေးတယ်လေ၊ ဒီအရွယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မိန်းမလေး တစ်ယောက်ရဲ့ အစောင့်အရှောက် ခံ
အရွယ်"

"အရည်မရ အဖတ်မရတွေ လာပြောမနေပါနဲ့"

"အင်း ... ဟုတ်သားပဲ၊ သစ္စာ မေတ္တာ ချစ်တာတွေ
ဝင်စားတာ၊ သဘောကျတာတွေ၊ သတိရတာတွေ
အရည်တွေ အဖတ်တွေမှ မဟုတ်တာဆိုတော့ မပြော
ဘူးနော်"

"စာရေးဆရာလို့ မပြောရဘူး စကားကို တတ်တ

"စကားမတတ်တဲ့ စာရေးဆရာတွေလည်း ရှိပါတ

မှုန်ရီခြယ်က ပိုက်ဆံရှင်းပြီး ငွေပြန်အအမ်း
နေတုန်းမှာ သူ့ကို လှည့်ကြည့်ရင်း ...

"ဖန်ခွက် အလျော် ဘယ်တော့ပေးမှာလဲ"

"ဖန်ခွက်က ရှားပါးပစ္စည်းဆိုတော့ ရှာတုန်းပဲလေ၊
ရော နေကောင်းလား"

"ကောင်းပါတယ်"

"ဒေါ်ဆင်ရော အအိပ်ကောင်းလား"

သူ့မေးခွန်းကြောင့် မှုန်ရီခြယ်က မပြော်ဘဲ ပြ
လေး ဖြစ်လာပါသည်။

"အစ်မ ... ဒီမှာ ရပါပြီ"

အရောင်းဝန်ထမ်းမလေးက ပြန်အမ်းငွေနှင့်





ထုပ်ကို လှမ်းပေးတာမို့ သူမက လှမ်းယူပြီး ကောင်တာရှေ့မှ လှည့်ထွက်လိုက်သည်။ ကျွန်းညိုကလည်း အတူလိုက်ထွက်လာကာ ...

"ဒီဆိုင်ရှင်က ကိုယ့်သူငယ်ချင်းပဲလေ၊ ကိုယ်တို့က ကျောင်းတုန်းကတည်းက ခင်ကြတာ၊ သူက ကိုယ့်ကို ကျွန်းလို့ပဲ ခေါ်တယ်၊ ကိုယ်နဲ့ ရင်းနှီးတဲ့သူတွေအားလုံး ကိုယ့်ကို ကျွန်းပဲ ခေါ်တယ်၊ မင်းလည်း အဲဒီလို ခေါ်နိုင်မလား"

"ရှင်နဲ့ ခြယ်နဲ့က ရင်းမှမရင်းနှီးတာ"

"ကိုယ့်စိတ်ထဲမှာတော့ ရင်းနှီးတယ်လေ"

"ကဲ ... သွားလိုက်ပါဦးမယ် ကိုကျွန်းညို"

သူမက ဆိုင်ကယ်ပေါ်တက်ပြီး မောင်းထွက်သွားပြီမို့ သူက ပခုံးတစ်ချက် တွန့်လိုက်ပြီး ဆိုင်ထဲသို့ ပြန်လျှောက်လာခဲ့သည်။

"မင်း ဘာတွေသွားကြောင်နေတာလဲ ..."

"သူနဲ့ စကားပြောရတာ ပျော်စရာကောင်းလို့ သွားပြောတာပါကွာ"

"မင်းနဲ့ ဘယ်တုန်းက ရင်းနှီးသွားတာလဲ"

"အဲဒီအိမ်ရောက်တဲ့ နေ့ကပဲ၊ သူက ငါ့ခြံနီးချင်းလေ၊ မင်းသိတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့၊ သူ့မိဘတွေ ဒီမှာနေတုန်းက ငါ့မိဘတွေ
အရမ်းခင်တယ်လို့ ပြောတာကြားဖူးတယ်"

"အခု သူ့မိဘတွေက ဘယ်မှာနေကြလို့လဲ"

"လင်မယားကွဲပြီး တစ်ယောက် တစ်နေရာ ရောက်သ
ပြီး နှစ်ယောက်စလုံး အိမ်ထောင်ကျသွားတာ မွန်ရီခြ
ငယ်ငယ်လေးကတည်းကပဲ၊ အဲဒါကြောင့် မွန်ရီခြယ်
အဘိုးအဘွားတွေနဲ့ပဲ နေရတာ၊ နောက်တော့ သူ့အဘိ
အဘွားကလည်း အသက်ကြီးမှ ဘာအကြောင်းကြောင့်
မသိဘဲ လမ်းခွဲလိုက်ကြတယ်၊ မင်း အခုနေနေတဲ့ အိမ်
အရင်တုန်းက မွန်ရီခြယ့် အဘိုးအဘွားတွေ အိမ်ယေ

"ဟင် ... ဟုတ်လား"

ကျွန်းညို အံ့သြစွာ ရေရွတ်မိပါသည်။ မွန်ရီခြယ်
မြေးအဘိုးက ဒီအိမ်ကြီးကို ပိုင်ဆိုင်ဖူးကြောင်း အရိပ်အယေ
တောင် မပြခဲ့လို့ပင်။

မွန်ရီခြယ့် စကားတွေအရကတော့ ထိုအိမ်က သ
အတွက် အထူးအဆန်းဖြစ်စရာ၊ ကြောက်စရာ ပုံစံမျိုးပင်။

"သူ့အဘိုးနဲ့ အဘွား ကွဲကြတုန်းက သူ ငယ်ငယ်ပဲရှိသေ
တာတဲ့၊ ငါ့မိဘတွေ ပြောကြလို့ ငါလည်းသိနေတာ၊ သ
အဘိုးကလည်း အခုတော့ အမေ့မေ့ အလျော့လျော့
သူငယ်တောင် ပြန်နေပြီဆိုတော့ ရေရေရာရာ မှတ်မိချင်
မှတ်မိတော့မှာပါ"





"မွန်ရီခြယ် ပြောတာတော့ သူ့အဘိုးက လက်တလော
ကိစ္စတွေကိုသာ မေ့ချင်မေ့မယ်၊ အရင်က သူ ဖွဲ့လန်းတဲ့
ကိစ္စတွေကိုတော့ လုံးဝ မမေ့ဘူးတဲ့၊ ဒါနဲ့ သူ့အဘိုးက
လင်မယားကွဲပြီး ဘယ်လိုကဘယ်လို ခုနေတဲ့ မြို့ကို ရောက်
သွားတာလဲ"

"သူ့အဘိုးကလည်း ရယ်ရတယ်ကွ၊ လင်မယားကွဲတာနဲ့
ခပ်တည်တည်ပဲ ဘေးမြို့ကို ဝယ်ပြီး နေလိုက်တာ"

"သူ့မိန်းမကို သံယောဇဉ်မပြတ်လို့ ဝေးဝေးမသွားနိုင်တာ
ဖြစ်မှာပေါ့ကွ"

"အင်း ... ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် သူ့မိန်းမကတော့
သံယောဇဉ်ပြတ်ပုံရတယ်၊ အဲ့ဒီအဘွားက ကပ်စေးလည်း
နဲတယ်၊ ချမ်းလည်း ချမ်းသာတဲ့ သူဌေးသမီးတဲ့၊ အရမ်း
လည်း မောက်မာတယ်တဲ့၊ အိမ်က သူ့မိဘလက်ထက်က
အမွေရထားတဲ့ အိမ်ဆိုတော့ လင်မယားကွဲတော့ အဘိုးပဲ
ဆင်းရတာပေါ့ကွာ"

"မွန်ရီခြယ်က မိန်းကလေးဖြစ်ပြီး ဘာလို့ အဘွားနဲ့ မကျန်
ရစ်တာလဲ၊ အဘွားနဲ့ နေတာက ပိုအဆင်ပြေတာ မဟုတ်
လား"

"အဘွားကစိတ်မရှည်ဘူးတဲ့၊ အဘိုးက ပိုစိတ်ရှည်သည်းခံ
တယ်တဲ့၊ အဘိုးအိမ်ပေါ်က ဆင်းတော့ မြေးရှိပြီး ဆင်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာတဲ့ကွ၊ ငါ့အဘိုးရှိတုန်းကဆို မှုန်ရိုခြယ် အဘိုးအ
တွေအကြောင်း အမြဲပြောခဲ့လို့ ငါမှတ်မိနေတာ"

"နောက်တော့ အဘွားက ဘယ်ရောက်သွားလဲ"

"ဆုံးသွားတယ်လေ၊ သွေးတိုးလွန်ပြီး ဦးနှောက်သွေးကြော
ပြတ်လို့ ရုတ်တရက် ဆုံးတာတဲ့၊ အဘွားဆုံးတော့ အ
ညီမတွေက ဒီအိမ်ကြီးကို ရောင်းပြီး ခွဲယူလိုက်ကြတ
မှုန်ရိုခြယ့် မိဘတွေကိုတော့ အမွေပြတ်စွန့်လွှတ်ထားလ
လို့ ဘာမှမပေးဘူးဆိုလားပဲ"

"အဲ့ဒီအိမ်မှာ တစ္ဆေ စ,ခြောက်တယ်လို့ သတင်းစထွက်
ဘယ်လောက်ကြာပြီလဲ"

"အဲ့ဒါတော့ သိပ်မကြာသေးဘူး၊ လေးငါးနှစ်လော
ရှိဦးမယ်၊ အဲ့ဒီ သတင်း စ,ထွက်ကတည်းက အဲ့ဒီအိ
ဝယ်သူမရှိ၊ ငှားသူမရှိ၊ နေသူမရှိ ဖြစ်သွားတော့တာ
ဆိုပါတော့ကွာ"

"မှုန်ရိုခြယ်တို့ မြေးအဘိုးက ဘယ်လိုရုပ်တည်ကြလဲ
"မက်မန်းခြံတစ်ခြံ ရှိတယ်ကွ၊ မှုန်ရိုခြယ်က ဆယ်တ
အောင်ကတည်းက အဝေးသင်ပဲတက်ပြီး ခြံကိုပဲ သွား
ကြီးကြပ်ပေးနေတာ၊ သူတို့နဲ့အတူနေတဲ့ အဒေါ်ကြ
လည်း သိပ်လုပ်တတ်ကိုင်တတ်မရှိတော့ မှုန်ရိုခြယ်ပဲ
ပန်းတာပေါ့ကွာ"





"ဒါတောင် သူ့ကြည့်လိုက်ရင် ပင်ပန်းညှိုးငယ်တဲ့ပုံမျိုး
တစ်ခါမှ မတွေ့ရဘူး"

"သူက နည်းနည်း ထက်ပြီး စိတ်မာပုံရတယ်ကွ"

"သူ့စိတ်တွေ လျော့လာဖို့ ငါမှာ တာဝန်ရှိလာပြီပေါ့ကွာ"

"ဖောက်လာပြီ"

နိုင်းသီဟက ကျွန်းညို ပခုံးကို လက်သီးနှင့် လှမ်းထိုးရင်း ပြောသည်။

ကျွန်းညိုစိတ်ထဲမှာတော့ မှုန်ရိုခြယ်တို့ မြေးအဘိုးကို စိတ်ဝင်စားသည်ထက် စိတ်ဝင်စားလာမိပါသည်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

"ဟိတ် ... ကိုယ့်ကိုချစ်ရင် နောက်ကလိုက်"

ကျွန်းညိုသည် ကိုယ့်ရှေ့က ရွရွလေးပြေးနေသော မှုန်ရီခြယ်ကို ကျောက်တက်ရင်း နားနားကပ်အော်ခဲ့လေသည်။

သူမက မခံချင်ပုံဖြင့် သူ့ကိုမီအောင် ပြေးလိုက်လာသည်။ သူနှင့် နှစ်ယောက်ယှဉ်၍ ပြေးနေရင်း သူမက သူ့ကို လှည့်မကြည့်ဘဲ ရှေ့သို့သာကြည့်လျက် ...

"ရှင့်နောက်ကလိုက်ရင် ရှင်ပြောသလို ဖြစ်သွားမှာစိုးလို့ ခုနေ မောလွန်းလို့ အသက်ထွက်သွားမယ် ဆိုရင်တော့ ရှင့်နောက်မှာတော့ မချန်ခဲ့ချင်ဘူးလေ"

"မေ့ထားတာတယ်ပေါ့၊ ဘာပဲပြောပြော ခုလို မိန်းမချော လေးနဲ့ အတူယှဉ်ပြေးတော့မှ မနက်ခင်းလေးက ပိုလှသွား တယ် ထင်မိတာပဲ"

"ဒါဆိုရင်တော့ ရှင့်ရှေ့က ပြေးမှဖြစ်တော့မယ်"





"ကိုယ့်ကိုချစ်ရင် ရှေ့ကပြေး ..."

"ဟာ ... ဒီလူကြီးတော့ ..."

မှုန်ရီခြယ်က ရှေ့သို့ ကျော်အတက်မှာ ကျွန်းညိုက ဟုမ်းအော်ပြောလိုက်တာမို့ သူမက အရှိန်ကို လျှော့၍ပြေးရင်း

"မသိတော့ဘူးကွာ ..."

ဟု ပြောကာ ခုံတန်းလျားမှာ ဝင်ထိုင်ချလိုက်တော့သည်။ သူကလည်း ခုံတန်းဖက်စွန်းမှာ ဝင်ထိုင်သည်။ သူမက သူ့ကို မျက်စောင်းထိုးသလို ခပ်စွေစွေလေးကြည့်ရင်း ...

"စကားအကောင်းပဲ ပြောရအောင်"

"အိုကေ ..."

"ညက ကောင်းကောင်း အိပ်ပျော်ရဲ့လား၊ တစ္ဆေခြောက် သေးလား"

"မင်းက ကိုယ့်အိမ်က တစ္ဆေမကို ကိုယ့်ထက်တောင် ပို စိတ်ဝင်စားနေသလိုပဲနော်"

"ခြယ်က တစ္ဆေ သရဲ ဝတ္ထုတွေ ကြိုက်ပါတယ်ဆိုမှ၊ သူများတွေ တစ္ဆေခြောက်ခံရတဲ့အကြောင်းတွေ ပြောရင် လည်း ခြယ်က သိပ်နားထောင်ချင်တာလေ"

ကလေးတစ်ယောက်လို ပြောနေပုံလေးက ချစ်စရာ ကောင်းတာမို့ သူက သူမကို ပြုံးကြည့်နေမိပြီးမှ ...

"တစ္ဆေမက နေ့တိုင်းတော့ မခြောက်အားဘူး ထင်ပါတယ်၊ ရက်ကလေး ခြားခြားပြီး ခြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေ့တိုင်းမဟုတ်လို့ တော်သေးတာပေါ့"

"တစ်ပတ်တစ်ခါလောက်ပဲဖြစ်ဖြစ် ဒါ့တက်ပိုပြီး ခြာ
လေး ခြောက်ရင်တော့ ပိုအဆင်ပြေတာပေါ့၊ ခုတော့ အ
တစ္ဆေမကြောင့် ကိုယ် အရမ်းပင်ပန်းတယ်"

"ဘာဖြစ်လို့လဲ ... ကျွန်းညိုက အရေးမစိုက်ဘဲ နေ
တယ် မဟုတ်လား"

"ကိုယ်က အရေးမစိုက်ပေမယ့် တိုက အရေးစိုက်လွ
တော့ ညညဆို တရားခွေဖွင့်ပြီး တချိုးတည်းအိပ်ရေ
အရင်တုန်းကဆို ကိုယ် စာရေးရင်း ပင်ပန်းလာရင် သူအ
လိုက်ရေးပေးတာလေ၊ ခုတော့ သူမကူတာနဲ့ ကိုယ့်ဘာသ
ပဲ ရေးနေရတော့ ညညဆို လက်တွေ အေးပြီး ထုံကျ
နေတာပဲ"

မှုန်ရှီခြယ်က သူ့ကို ဘေးခနဲ တစ်ချက်ကြည့်ပြီး
ငြိမ်သက်နေသည်။ ခဏကြာမှ ...

"စာရေးဆရာ အခုရေးနေတာ ဘယ်လိုဇာတ်လမ်းမျိုးလဲ
ဟင်"

"စာအုပ်ထွက်ရင် ဖတ်ရမယ်လေ"

"ခုကတည်းက သိချင်တာ"

"တစ်ပိုင်းတစ်စကြီး"

"ဒါပေမယ့်လည်း သိချင်တယ်၊ ပြောပြပါလား၊ ပြီး
သလောက်လေး ပြောပြလေ"





သူမက ကလေးလို ပူဆာနေတာမို့ သူက ရယ်မော
ရင်း ...

"ဒီလောက် သိချင်ရင်လည်း ပြောပြပါ့မယ်ကွာ၊ ဒါပေမယ့်
အသေးစိတ်တော့ မပြောနိုင်ဘူးနော်၊ အတိုချုပ်လေးပဲ ပြော
ပြမယ်"

"အင်း ... ပြောပြ"

"ကောင်လေးတစ်ယောက်ကကွာ နိုင်ငံခြား သရဲကားတွေ
ကြည့်ပြီး အိပ်ပျော်သွားရင် အိပ်မက်တွေ အမြဲမက်ရော၊
အိပ်မက်ထဲမှာ ဝတ်စုံဖြူဖြူနဲ့ မိန်းကလေးတစ်ယောက်ကို
အမြဲတွေ့တယ်၊ အဲ့ဒါပဲ ..."

"ဟင် ... ဒါပဲလား"

"ဟုတ်တယ်လေ ... အဲ့ဒီလောက်ပဲ ရေးရသေးတာ၊ အခု
ဇာတ်လမ်းကို ဘယ်လိုဆက်ရရင် ကောင်းမလဲ စဉ်းစား
နေတာ၊ ကူစဉ်းစားပေးပါလား"

"စဉ်းစားပေးမယ်လေ"

ကျွန်းညိုက နောက်ပြီး ပြောပေမယ့် သူမက လေး
နက်နက် ပြန်ပြောတာမို့ သူ သူမကို မျက်ခုံးပင့်၍ ကြည့်မိ
သည်။ သူမက မျက်ခုံးလေးကြုတ်ကာ စဉ်းစားသလို ပုံစံမျိုးလေး
ငြိမ်သက်သွားပြီး ခဏကြာမှ ...

"အဲ့ဒီလို တွေ့တွေ့နေတော့ ကောင်လေးက အပြင်မှာ
လည်း အဖြူရောင်တွေ ဝတ်ထားတဲ့ မိန်းကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



မြင်ရင် ကြောက်ကြောက်နေရော ...၊ တစ်နေ့ကျတော့ အဖြူရောင်ဝတ်စုံလေး ဝတ်ပြီး ဆံပင်ဖားလျားချထားတဲ့ ကောင်မလေးတစ်ယောက်ကို ညဘက်ကြီးမှာ စ,တွေ့ပြီ... လန့်ပြေးပါလေရော၊ အဲ့ဒီ ကောင်မလေးကလည်း အရပ်... နောက်တတ်တော့ ကောင်လေး သရဲကြောက်မှန်း သိတ... အချိန်ကစပြီး သရဲလုပ်ခြောက်ပါလေရော၊ ပထမတော့ ကောင်လေးက တကယ်ကြောက်ပေမယ့် နောက်တော့ ကောင်မလေးကို တကယ်ချစ်သွားရော ...”

ကျွန်းညိုသည် အဆက်မပြတ်ပြောနေသော သူ့... စကားတွေကို တအံ့တသြ နားထောင်ရင်း သူမကို စိုက်ကြည့်နေ... သည်။ ပြီးတော့ တစ်စုံတစ်ခုကို တွေးမိသွားကာ ...

“ဘယ်လို သရဲလုပ် ခြောက်တာလဲ”

“ဒီလိုပဲ ဥဏ်နီ ဥဏ်နက်တွေနဲ့ အသံတွေ ပေး၊ အ... တွေ ပေး၊ အမျိုးမျိုးလုပ်မှာပေါ့”

“အင်း ... အဲဒီလိုလုပ်လို့ ရသားပဲ”

ကျွန်းညိုက သူမစကားနှင့် ကိုယ့်အိမ်က သရဲခြော... သည့် ကိစ္စကို ဆက်စပ်စဉ်းစားမိနေသည်။ ဖြစ်နိုင်တာပဲ။ အဲဒီ... လည်းဖြစ်နိုင်တာပဲ၊ မိန်းမပဲဖြစ်ဖြစ် ယောကျ်ားပဲဖြစ်ဖြစ် သ... ခြောက်သလို ဖန်တီးလို့ရတာပဲမဟုတ်လား။ သူလည်းအစကတည်း... က ဒီလိုပဲထင်ခဲ့တာပင်။ အကယ်၍ ထိုကိစ္စဟာ လုပ်ကြံဖန်တီး... ဆိုရင် လုပ်ကြံဖန်တီးသူဟာ မိန်းကလေးလည်း ဖြစ်နိုင်သည်...



ကျွန်းညိုသည် ထိုကဲ့သို့ ဆက်စပ်တွေးတောရင်းက ...င် မှန်ရှိခြယ့် ဥဏ်ကိုလည်း လက်ဖျားခါသွားကာ ...

“မင်း တကယ် တော်တာပဲ မှန်ရှိခြယ်၊ မင်း စာရေးဆရာ လုပ်လို့ရတယ်”

“အံမယ် ... မမြောက်ပါနဲ့၊ ခြယ်က ကလေးသာသာ ဥဏ်လေး တစ်ထွာတစ်မိုက်နဲ့ စိတ်ကူးပေါက်ရာ လျှောက်ပြောမိတာပါ၊ ကဲ ... ခြယ် ဆက်ပြောဦးမယ်၊ နောက်ကနေ ဘာမှ လှမ်းမအော်ကြေး ...”

သူမက လှစ်ခနဲ ထပြေးသွားသည်။ သူက သူမ...ရိပ်လေး ပျောက်သွားသည်အထိ လှမ်းကြည့်နေလိုက်မိသည်။

သူ မနက်စောစော ထဖြစ်သည့်နေ့တွေမှာ ကန်...တော်ကြီး ဥယျာဉ်ထဲ လမ်းလာလျှောက်တိုင်း သူမနှင့် အမြဲဆုံရ...တာပင်။ သူမကတော့ မနက်တိုင်း ထပြေးပုံရပါသည်။

သူတို့နှစ်ယောက် ဆုံဖြစ်ကြတိုင်း စကားအကောင်း...ပြောဖြစ်ကြတာက များပါသည်။ တစ်ယောက်နှင့်တစ်ယောက် ...ကြောအတင် မခံဘဲ ထွေထွေငေါ့ငေါ့ ပြောရင်းကပင် နှစ်ဦး...တား ပိုရင်းနှီးလာသည်ဟု ခံစားမိသည်။ ပိုရင်းနှီးလာပြီး ပိုစကား...ပြောဖြစ်လာလေ သူမက ပိုပြီး စိတ်ဝင်စားစရာ ကောင်းလာလေ...ဟု သူ ထင်မိလေသည်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

အံ့သြဖို့ကောင်းသည်မှာ တစ္ဆေခြောက်သည်
ယူဆရသော ကိစ္စက ခြားခြားသွားခြင်းပင်တည်း။

တစ်ပတ်ကို နှစ်ခါလောက် ခြောက်နေရာက
တစ်ပတ်တစ်ခါလောက်ပဲ ကြုံရသောအခါ ပလူတိုဝင် ထိုကိစ္စ
မေ့မေ့ပျောက်ပျောက် ရှင်ရှင်လန်းလန်း ဖြစ်လာလေသည်။ ည
ဆိုလည်း စာလိုက်ရေးပေးနိုင်တာမို့ ကျွန်းညိုမှာ သက်သောင့်သ
သာလေး ပြန်ဖြစ်လာရပါသည်။

ပလူတိုကသာ ထိုကိစ္စကို မေ့မေ့ပျောက်ပျော
ဖြစ်လာပေမယ့် ကျွန်းညို ခေါင်းထဲမှာတော့ ထိုကိစ္စက အ
လေ၏။ သူ့စိတ်ထဲမှာ ဒီကိစ္စဟာ သွေးရိုးသားရိုး မဟုတ်နိုင်
အခိုင်အမာ ယုံကြည်နေသည်။ တစ်စုံတစ်ရာ ပယောဂနှင့် မက
နိုင်ဆိုတာ သေချာနေပါသည်။

သူက မနက်တိုင်း ခြံထဲ တစ်ပတ် လမ်းလျှော





ရင်း ခြံထဲက မြေပြင်ကို ဂရုတစိုက် လေ့လာမိသည့်အခါ ထူးခြား
တွေကို တွေ့တွေ့လာရပါသည်။

တစ်မနက်မှာ ကျွန်းညိုက မြေပြင်ကို ငုံ့ကြည့်ရင်း
“ဟိုတစ်ဝတ်က တစ္ဆေခြောက်သံမကြားရတော့ မြေကြီးတွေ ထပ်မွမနေဘူး၊ မနေ့ညက တစ္ဆေခြောက်သံ ကြားရတော့ ဒီမနက်မှာ မြေကြီးတစ်နေရာ ထပ်မွနေတာတွေ့တယ်”

ဟု ရေရွတ်မိတော့ ပလူတိုက ရယ်သွမ်းသွေးရင်း
“ဆရာကလည်း တစ္ဆေခြောက်တာနဲ့ မြေကြီးမွတာနဲ့ ဘာဆိုင်လဲ၊ တစ္ဆေက မြေကြီးထဲက ထွက်လာတယ်ထင်လို့လား၊ အဲ့ဒါမျိုး ဘယ်ဝတ္ထုမှာမှ မဖတ်ဖူးပါဘူး၊ ဆရာ့ဝတ္ထုထဲမှာလည်း မရေးဖူးဘူး မဟုတ်လား၊ ဆရာ ပြောတော့ တစ္ဆေမကလည်း မြေမတူးနိုင်ပါဘူးဆို”

ကျွန်းညိုက ပလူတိုကို စကားပြန်မပြောဘဲ ခဏ
နေပြီးမှ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ဟန်ဖြင့် ...

“တစ္ဆေခြောက်တဲ့ ညကျရင် ခြံထဲဆင်းကြည့်ရအောင်ကွာ”

“ဟာ ... မလုပ်ပါနဲ့ ဆရာရယ်၊ အောက်ထပ်တောင် မဆင်းရဲပါဘူးဆိုမှ”

“မင်း မဆင်းရင်နေ၊ ငါတော့ ဆင်းကြည့်မှ ဖြစ်မယ်၊ ငါ့စိတ်ထဲ မသင်္ကာဘူး၊ တစ်ယောက်ယောက်က တစ္ဆေခြောက်ချင်ယောင်ဆောင်ပြီး ညည မြေကြီးကို တူးပြီး တစ်ခုခု လိုက်ရှာနေသလိုပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ခြံထဲတော့ ညကြီး မဆင်းပါနဲ့ ဆရာရယ်၊ အန္တရာ
များပါတယ်၊ သူနိုး သူ့ဇက်က ချောင်းရိုက်နေဦးမ
တကယ်လို့ တစ်ယောက်ယောက်က မြေကြီးလာတူးတ
ဆိုရင်တောင် ဆရာမြှုပ်ထားတဲ့ ပစ္စည်းကို လာတူးတ
မဟုတ်တာ၊ ထားလိုက်စမ်းပါ"

"ဟာ … ကိုယ့်ပစ္စည်း ခိုးခိုး၊ သူများပစ္စည်းခိုးခိုး လူဆို
တာဝန်သိစိတ် ရှိရတယ်ကွ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်အတွက်တော့ ဆရာကိုအန္တရာ
မဖြစ်ဖို့က ပိုအရေးကြီးတယ် ဆရာ၊ ကျေးဇူးပြုပြီး ခြံထဲ
ညဘက်ကြီးတော့ မဆင်းပါနဲ့၊ တောင်းပန်ပါတယ်"

"အေးလေ … ဒါပေမယ့် သရဲခြောက်သလို အသံတွေ
တွေ ဘယ်ကလာတယ်ဆိုတာတော့ စုံစမ်းရမှာပဲ …

"ကျွန်တော်ကတော့ ညဆို ဆရာ ကျွန်တော့်နားက ဘ
ထွက်မသွားအောင် အတင်းကွယ်ကပ်နေမှာပဲ"

ပလူတိုက ဂျစ်တိုက်ပြောတာမို့ ကျွန်းညိုက ပလ
ခေါင်းကို လှမ်းပုတ်လိုက်ပြီး အိမ်ပေါ် ပြန်တက်လာမိသ
ခဏကြာမှ ရေမိုးချိုးပြီး နိုင်းသိဟတို့ ဆိုင်ဘက်သို့ ထွက်လ
ပါသည်။

♣ ♣ ♣



♠ ♠ ♠

"မှုန်ရီခြယ်ပါလား …"

အလင်းရောင် နည်းနေပြီ ဖြစ်ပေမယ့် မှုန်ရီခြယ့်
ကို သူ ကောင်းကောင်းမှတ်မိပါသည်။ သူ နိုင်းတို့ဆိုင်ဘက်က
န်လာချိန်က ညနေစောင်းနေပြီ။ မိုးမချုပ်သေးပေမယ့် အလင်း
ရာင် နည်းလာနေသော အချိန်ဖြစ်သည်။

မှုန်ရီခြယ်က ဆိုင်ကယ်သောမှာ ရပ်ရင်း ဟိုဟိုဒီဒီ
ကြည့်နေတာမို့ ကျွန်းညိုက သူ့ဆိုင်ကယ်ကို သူမဘေးမှာ ရပ်
လိုက်ရင်း …

"ဟိုင်း … ဘာဖြစ် …"

"ဆိုင်ကယ် ဘီးပေါက်သွားတယ်လေ"

"ပြဿနာပေါ့၊ ထားလိုက် … ကိုယ် … ကိုယ့်သူငယ်ချင်း
ဆီ ဖုန်းဆက်ပြီး လာယူခိုင်းလိုက်မယ်၊ ရောင်းမစားဘူး
ယုံတယ်ဟုတ် …"



www.burmeseclassic.com

www.burmeseclassic.com

"ဘိုးဘိုးကို တွေ့မိလား ကိုကျွန်းညို ..."

သူမက အလောတကြီး မေးလော့မှ သူမ မျက်နှာ ပေါ်က စိုးရိမ်တကြီး အငွေ့အသက်ကို သတိပြုမိသွားသည်။ သူ နည်းနည်းစိတ်ပူသွားကာ ...

"မတွေ့မိဘူး၊ ဘိုးဘိုး ပျောက်လို့လား"

"ဟုတ်တယ် ... ခြယ် ခြံထဲကပြန်လာတော့ ဘိုးဘိုးကို မတွေ့တာနဲ့ ဒေါ်ဆင်ကိုမေးတော့လည်း အိပ်နေလို့ မသိ လိုက်ဘူးပဲ ပြောတယ်၊ ခြယ်လိုက်ရှာနေတာကြာပြီ၊ ခ ဆိုယ်ကယ်ဘီးပေါက်လို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ"

"ဒါဆို ... လာ၊ ကိုယ့်ဆိုင်ကယ်နဲ့ပဲ လိုက်ခဲ့တော့လေ ဘိုးဘိုးသွားတတ်တဲ့ နေရာတွေ သိတယ်မဟုတ်လား လိုက်ရှာရအောင်"

"ဘိုးဘိုးက အပြင်မထွက်တာကြာနေပြီ၊ အရင်တုန်း တော့ ဘုံကျောင်းဘက် သွားသွားနေတတ်တယ်။ အဲဒီ တော့ မရောက်ရသေးဘူး"

"ဒါဆို ဘုံကျောင်းဘက် အရင်သွားလိုက်တာပေါ့"

"ခြယ် တအား စိတ်ပူလာပြီ၊ မြန်မြန်လေး မောင်း"

"အိုကေ ... မြဲမြဲလေးဖက် ..."

"ဘာ ..."

"မြန်မြန်မောင်းရမယ်ဆို နောက်ကနေ မြဲမြဲဖက်ထား ပြုတ်မကျမှာပေါ့"





"ရှင်ကလည်း အရေးထဲမှာ တစ်မျိုး"

သူမက ဆိုင်ကယ်နောက်မှာ ဖွေ့ခနဲ ဝင်ထိုင်လိုက် ဆို သူ ဆိုင်ကယ်ကို အမြန်မောင်းထွက်လာခဲ့သည်။

နေရာအနှံ့ လိုက်ရှာသော်လည်း ဘိုးဘိုးကို မတွေ့ရ ဆို သူမက မျက်နှာအပျက်ပျက် ဖြစ်လာသည်။ ဘုံကျောင်း က ပြန်ထွက်လာတော့ သူမက ငိုမဲ့မဲ့ဖြစ်လာသည်။ အမြဲတမ်း တော့ငေါ့ငေါ့တွေ ပြောပြီး ဘာမထီပုံစံလေးနှင့် နေတတ်သော တ ခုလိုတော့လည်း ပျော့ပျော့ပျောင်းပျောင်းနှင့် သနားစဖွယ် ိန်းမငယ်လေး ဖြစ်လာသည်။

"မှန်ရှိခြယ် ... မင်း အရမ်းပင်ပန်းနေပြီ၊ ညနေစာလည်း ထမင်း မစားရသေးဘူးမဟုတ်လား၊ ဒီနားက ဆိုင်တစ်ဆိုင် ဆိုင်မှာ ရှမ်းခေါက်ဆွဲဖြစ်ဖြစ် ဝင်စားလိုက်ရအောင်"

"မစားချင်ပါဘူး၊ ဘိုးဘိုးကို တွေ့ဖို့က အရေးကြီးတယ်၊ ဒီအချိန်မှာ ဘာစားက အရေးမကြီးဘူး"

"သိပ်စိတ်မပူပါနဲ့ကွာ၊ ဒီအတိုင်းကြီး ဦးတည်ရာမဲ့ ဆက် ရှာနေရင် တွေ့ဖို့မလွယ်ဘူး၊ စိတ်အေးအေးထားပြီး ဗိုက် ပြည့်အောင် ဖြည့်လိုက်ဦး၊ ပြီးရင် ရဲစခန်းဘက်သွားပြီး လူပျောက် ဝင်တိုင်ထားလိုက်မယ်၊ နေဦး ... မတိုင်ခင် အိမ်ကို တစ်ချက် လှမ်းမေးကြည့်ပါဦးလား၊ အိမ်မှာ ဖုန်း ရှိလား"

"မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အိမ်ကိုအရင် ဝင်လိုက်မယ်၊ တော်ကြာ ဘိုးဘိုး အိမ်ပြန်ရောက်နေဦးမယ်"

"အခု ပြန်မယ်လေ"

"နေပါဦး ... တစ်ခုခု စားပါဦး"

"မစားချင်ပါဘူးဆို၊ ခုချိန်မှာ မစားလို့ အစာအိမ်ပေ သွားမယ်ဆိုရင်တောင် မစားဘူး"

"ရော် ... ဒီမိန်းကလေး ဖွတ်ပါလား"

"လာ ... သွားမယ်၊ လိုက်ပို့၊ မပို့ချင်တော့ရင်လည်း လှည်း ငှားသွားလိုက်မယ်"

သူမက မြင်းလှည်းငှားဖို့ လမ်းမဘက်သို့ ခြေ ပြင်သည်။

"ဘယ်လိုဖြစ်လို့ စကားကို ဘုချည်းပြောနေတာလဲ၊ ပို့ချင်လို့ ပို့နေတာ၊ မြို့တစ်ပတ်နဲ့မှ ဒီစကားမျိုး သလား၊ ပြောချင် အစကတည်းက ပြောပါလား၊ ကြောင့်သာ မဟုတ်ရင် မင်းကို ဒီနေရာမှာ ထားပစ်ခဲ့ ကဲ ... လာ ... တက် သွားမယ်"

ကျွန်းညိုက စိတ်တိုတိုနှင့် ပြောပစ်လိုက်သော သူမက နှုတ်ပိတ်ကာ ဆိုင်ကယ်ပေါ် တက်ထိုင်လိုက်သည်။ ဆိုင်ကယ်ကို အရှိန်ပြင်းပြင်း မောင်းထွက်လိုက်တော့ သူ ကြောက်အားလန့်အား ကြိုးဖက်ထားလိုက်ရာ သူ့ရင်ထဲမှာ ‌ ထွေးထွေးလေး ဖြစ်သွားပါသည်။





တစ်ခဏအချင်းမှာ မှုန်ရီခြယ်တို့ ခြံထဲသို့ ရောက်လာသည်။

"ဟယ် ... ဘိုးဘိုး ပြန်ရောက်နေပြီ"

ခြံထဲဝင်ဝင်ချင်း အိမ်ရှေ့မှာ ထွက်မျှော်နေသော ဘိုးဘိုးကို တွေ့လိုက်ရတာမို့ သူမက အဘိုးဆီ လှစ်ခနဲ ပြေးသွားလေသည်။

"ဘိုးဘိုး ... ဘိုးဘိုး ... ဘယ်သွားနေတာလဲဟင် ...၊ အဲဒီလို မပြောမဆို ထွက်မသွားပါနဲ့ ဘိုးဘိုးရဲ့၊ ခြယ်ဖြင့် စိတ်ပူလွန်းလို့ ရူးတောင် ရူးချင်တယ်"

"ဟဲ့ ... မြေးရဲ့၊ ဘာတွေလာပြောနေတာလဲ၊ ရူးချင်နေတာက ငါဟဲ့ ... ငါ၊ နင် အဘိုးကို မပြောမဆိုနဲ့ ဘယ်ထွက်သွားတာလဲဟင် ...၊ ငါမှာ နင်ပျောက်လို့ ရှာလိုက်ရတာ မောနေတာပဲ"

"ဟင် ... ဘိုးဘိုးက ခြယ့်ကို လိုက်ရှာနေတယ် !"

"အေးလေ ..."

မှုန်ရီခြယ်က သူ့နဖူး သူ့လက်ဖဝါးဖြင့် ပိတ်ရိုက်လိုက်ရင်း ...

"သေလိုက်ပါတော့ မှုန်ရီခြယ်၊ ဘိုးကို ခြယ် ခြံထဲသွားမယ်လို့ သေချာ ပြောသွားတယ်လေ"

"ဘယ်မှာပြောလို့လဲ၊ မပြောပါဘူး၊ ဒေါ်ဆင့်ကို မေးမလို့



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဒေါ်ဆင် ငိုက်နေတာနဲ့ မမေးတော့ဘဲ ကိုယ့်ဘာသာ ထွက်ရှာတာ"

"ခြယ် ခြတံခါး သော့ခတ်ခဲ့တယ်လေ၊ ဘိုး ဘယ်လိုထွက်လဲ ..."

"သော့ကို ဒေါ်ဆင့်အိတ်ထဲက အသာလေး နှိုက်ယူလာတာပေါ့"

ကျွန်းညိုက မြေးအဘိုးနှစ်ယောက်ရဲ့ ဖြစ်အင်ကို ပြုံးစိစိနှင့် ရပ်ကြည့်နေမိပါသည်။ သူတို့ မြေးအဘိုးနှစ်ယောက်ကတော့ ကျွန်းညိုရှိနေတာကိုပင် မေ့လျော့နေပုံရသည်။

"ဟဲ့ ... မြေး နင် မပျော်ဘူးလား၊ ခု တို့မြေးအဘိုး ပြန်တွေ့ရတာ မပျော်ဘူးလား"

"ပျော်တာပေါ့ ဘိုးရဲ့ ..."

"ပျော်ရင် ထ, က ..."

"ရှင် ..."

"ကမယ်လေ၊ တို့မြေးအဘိုးနှစ်ယောက် ကရအောင်၊ တုနယ် တဲ့နယ် ဖြောင် ..."

အဘိုးက လက်ချိုးခါးချိုးကာ ဗမာအက ကလိုက်ရာ မှုန်ရီခြယ်ကလည်း ဟိခနဲရယ်ရင်း ...

"ဒီလိုလား အဘိုး"

"အေး ... အေး ... အဲဒီလို ... တုနဲ့ တဲ့နယ် ဖြောင် ..."





မှုန်ရီခြယ်က သူ့အဘိုး ကသလို လိုက်ကရင်း ဟီဟိရယ်မောနေတာမို့ ကျွန်းညိုက ပါးစပ်ပိတ်ကာ ကျိတ်ရယ်ခွီးခနဲ အသံထွက်သွားလေသည်။

"ဟင် ..."

မှုန်ရီခြယ်က ခုမှပဲ ကျွန်းညို ရှိနေသေးတာကို သတိထားမိသွားကာ ရှက်သွားပုံဖြင့် ...

"ရှင် ... မပြန်သေးဘူးလား"

"နှုတ်ဆက်ဖို့ စောင့်နေတာလေ၊ ပြီးတော့ မင်း ကိုယ့်ကို ကျေးဇူးတင်ပါတယ်လို့ မပြောရသေးဘူး"

သူမက မဲ့မဲ့လေး ပြုံးလိုက်ရင်း ...

"ဩော် ... ဟုတ်ကဲ့၊ ခုပြောပါ့မယ်၊ ကျေးဇူးအများကြီး တင်ပါတယ်ရှင့်"

"ကျေးဇူးတင်ရင် ကျေးဇူးဆပ်တဲ့အနေနဲ့ ခြံတံခါးဝအထိတော့ လမ်းလျှောက်ပြီး လိုက်ပို့သင့်တယ်လေ"

"ဩော် ... ဟုတ်ကဲ့ ... ပို့ပါ့မယ်၊ အဘိုး အိမ်ထဲဝင်တော့နော်၊ ဒေါ်ဆင်ရေ အဘိုးကို အိမ်ထဲခေါ်ပါဦး ..."

"ဘယ်သွားမှာတုန်း မြေးရဲ့ ..."

"ဟိုဘက်ခြံက လူကို ခြံဝထိ လိုက်ပို့မလို့ပါ အဘိုး၊ သူက အဘိုးကို လိုက်ကူရှာပေးတယ်လေ"

"ဟော ... ဟုတ်လား၊ တည့်အောင်ပေါင်း၊ တည့်အောင်ပေါင်း ..."



www.burmeseclassic.com

www.burmeseclassic.com



အဘိုးစကားကြောင့် ကျွန်းညိုက ပြုံးစိစိ ဖြစ်သွာ[း]သည်။

ကျွန်းညိုကိုတွေ့တိုင်း သူ့မြေးကို တည့်အောင်ပေါင်[း]ဖို့ချည်း ပြောနေလို့ပင် ...။

ကျွန်းညိုက ဆိုင်ကယ်ကို တွန်းလျက် သူမနှင့်အတ[ူ] ခြံတံခါးဝသို့ လျှောက်လာရင်း ...

"ကိုယ် သတိထားမိနေတာ တစ်ခုရှိတယ် မှုန်ရီခြယ်"

"ဘာကိုလဲ ..."

"ကိုယ့်အတွက် အဘိုးပြောနေကျ စကား နှစ်ခွန်း ရှိတယ် တစ်ခွန်းက 'တည့်အောင်ပေါင်း'၊ နောက်တစ်ခွန်းက 'ခြ[ယ်] မဆင်းနဲ့'၊ အဲ့ဒီ စကားနှစ်ခွန်းရဲ့ နောက်မှာ အဓိပ္ပါယ် တစ်ခုခု ရှိနေသလိုပဲ"

"အဘိုးက သူငယ်ပြန်နေပါတယ် ဆိုမှ၊ ဒီလိုပဲ ပြောမိပြေ ရာ ပြောမှာပေါ့၊ အဘိုးစကားကို အတည်ယူပြီး အတွေ ခေါင်မနေပါနဲ့ ..."

"ဟိုစကားလေး တစ်ခွန်းကိုတော့ အတည်ယူချင်တယ်"

"ဘယ်စကားလဲ ..."

"တည့်အောင်ပေါင်းတဲ့"

"ဟွန်း ..."

သူမက တစ်ချက်မဲ့ပြီး တစ်ဖက် လှည့်သွားသည်။





"အဘိုးကို သိပ်ချစ်တာပဲလား"

ကျွန်းညိုက အတည်လေသံဖြင့် မေးတော့မှ သူမက ပြန်လှည့်လာကာ ...

"ချစ်တာပေါ့ ...၊ အဘိုးက ခြယ့်ကျေးဇူးရှင်၊ ခြယ့်ဘဝ၊ ခြယ် ငယ်ငယ်လေးကတည်းက ခြယ့်ကို စောင့်ရှောက် ပေးခဲ့တာ"

"ဒီလောက်ချစ်တဲ့ မြေးအဘိုးမျိုး ကိုယ် တစ်ခါမှ မတွေ့ဖူးဘူး"

"ခြယ်တို့က တစ်ခါတစ်ခါ သူငယ်ချင်းတွေလို ဖြစ်နေတာ၊ ဘိုးက သူငယ်ပြန်တော့ ကလေးစိတ် ပြန်ပြန်ဖြစ်နေတော့ ခြယ်ကလည်း အဘိုးပျော်အောင် ကလေးလို အဖော်လုပ် ပေးရတာ"

"ခုနလို ... ခဏခဏ ကတာပဲလား"

"မကဲ့ရဲ့နဲ့နော်"

"မကဲ့ရဲ့ပါဘူး၊ ကြည့်လို့တောင် ကောင်းသေးတယ်၊ ချစ်စရာလေး"

"ရှင်နော် ... စကားပြောရင် အနောင့်အသွားက မလွှတ်တလွတ်နဲ့"

မှုန်ရီခြယ်က မသိမသာ နှုတ်ခမ်းလေး စူ၍ ပြောသည်။ ပါးကလေးတွေ ရဲနေတာမို့ ရှက်သွားကြောင်း သိသာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ ကြည်နူးပျော်ရွှင်လှိုင်းကလေး တဖြိုးဖြိုး လှုပ်သွ
လေမယ့် လက်ပြနှုတ်ဆက်ပြီး ထွက်ခွာလာရပါသည်။

စကားလုံးကလေး၊ ရှက်ပြုံးကလေးနှင့် မျက်လ
ကလေးက သူ့နှလုံးသားမှာ ငြိ၍ ချိပ်၍ ပါလာပါသည်။

♣ ♣ ♣



♠ ♠ ♠

"အဟင်း ..."

ကျွန်းညိုသည် အိပ်ရာထက်မှာ ပက်လက်လှဲကာ
နှုးပေါ် လက်တင်၍ မျက်နှာကျက်ဆီ ကြောင်တောင်တောင်
ကြည့်နေရင်းက တစ်ချက်ပြုံးလိုက်မိသည်။ မျက်နှာကျက်ပေါ်မှာ
သူ မြင်နေရတာက ကွေးနေအောင် ကနေသော မှုန်ရီခြယ်ပုံရိပ်
လေးပင်။ သူမအကြောင်း စဉ်းစားမိတိုင်း သူ အလိုလို ပြုံးမိနေရ
တာလည်း အမှန်ပင် ...။

ထော့ငေါ့ပြောတာလေးတွေကလည်း ပြုံးစရာ။ စိတ်
တိုတာလေးတွေကလည်း ရယ်စရာ ...။ သူမရှေ့မှာတော့ သူက
ည့်မခံဘဲ အပြိုင်အဆိုင် အနိုင်ရအောင် ပြောခဲ့ပေမယ့် သူမ
ကျောက်ကွယ်မှာတော့ ပြုံးချင်နေမိတတ်တာပင်။

ထူးဆန်းသည်။ ချစ်စရာကောင်းသည်။ ရယ်စရာ
ကောင်းသည်။ သူမနှင့် စတွေ့ကတည်းက ထိုခံစားမှုတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဆတ်တိုက်လိုလို ခံစားလာမိခဲ့ပါသည်။ သူမဟာ အမှတ်မထ
အဲ သူ့မှတ်ဉာဏ်တွေထဲမှာ စွဲစွဲထင်ထင် နေရာယူလာသ
'ဒါဟာ အချစ်ပဲ' ဟုတော့ သူက အလွယ်တကူ မသတ်မှတ်
သေးပါ။ စာရေးဆရာမို့လို့လား မသိ၊ သူ့အတွေးတွေက အ
စိတ်ပြီး လက်ပေါက်ကတ်သည်။ ယောကျ်ားတစ်ယောက်နဲ့ မိ
တစ်ယောက်ရဲ့ ဆန့်ကျင်ဘက်ချင်း ဆွဲငင်မှု၊ ခဏတစ်ဖြ
စိတ်ဝင်စားမှုလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ တချို့သော ခံ
မှုတွေဟာ ကာလတစ်ခုကို ဖြတ်သန်းပြီးနောက်မှာ သူ့အလို
မှိန်ဖျော့ကွယ်ပျောက်သွားတတ်တာကိုလည်း သူနားလည်ပြီးသ
ပင်။

သူထင်သည်။ ယောကျ်ား မိန်းမ တော်တော်
များဟာ ခဏတစ်ဖြုတ် သာယာနှစ်သက် ကြည်နူး ရင်ခုန်ရ
ခံစားမှုလေးတွေ၊ အဖော် လိုအပ်မှုလေးတွေကို အရင်းတည်
'ဒါဟာ အချစ်ပဲ' ဟု အလွယ်တကူ သတ်မှတ်တတ်ကြသည
နှစ်ဦးကြားက သာယာနှစ်သစ်စရာတွေ ကုန်ဆုံးသွားတဲ့အခါ ..
တစ်ယောက်တည်းလည်း ရပ်တည်နိုင်တဲ့အခါ ...၊ နှစ်ယောက်
နေရတာကို မပျော်ပိုက်နိုင်တဲ့အခါ လမ်းခွဲဖယ်တွေ ခင်းကြ
သည်။ ဘဝမှာ အပြောင်းအလဲ အနိမ့်အမြင့် အခက်အခဲ
ကြုံလည်း လက်တွဲမဖြုတ်ဘဲ ရှည်မြဲနှစ်သက်နေဖို့အတွက် တစ်ဦး
တစ်ဦး လေးနက်မြဲမြံ နက်ရှိုင်းစွာ ချစ်နေဖို့ အရေးကြီးပါသည်





ကြောင့်ပင် သူက မိန်းကလေးတွေနဲ့ ပတ်သက်၍ သဘာဝ
တိုင်း ခံစားရသည့် ခံစားမှုတွေကို 'အချစ်' ဟု အလွယ်တကူ
ည်တပ်ပစ်လိုက်ဖို့ ခက်ခဲနေခဲ့တာပင်။ တစ်နေ့တော့ ထိုအချစ်
ကို သူ ခံစားမိချင်သည်။ ဒါဟာ အချစ်ပဲဟု ယုံယုံကြည်ကြည်
က်ခမောင်းခတ်ရဲတဲ့အထိ မိန်းမတစ်ယောက်ကို ချစ်မိချင်သည်။
ကျွန်းညိုက ပြူးရင်း တစ်ဖက်သို့ စောင်းလှည့်လိုက်
ာ တခေါခေါ အိပ်မောကျနေသော ပလူတို့ကို မြင်ရသည်။
လူတိုက သူ့ခုတင်ဘေးနားမှာ မွေ့ရာချခင်းပြီး လာအိပ်နေတာ
င် ...။ ခုတင်နှင့် ကပ်ရက်က နံရံမို့ သူ့အပြင်ထွက်ချင်လျှင်
လူတို့ကို ကျော်ခွပြီး ထွက်မှရသည်။ ဒါဟာ သူ့ အောက်ထပ်
ခင်းမှာ စိုးရိမ်သည့် ပလူတို့ ဉာဏ်ဆင်မှုပင်။
ဒီညအဖို့တော့ ကျွန်းညိုက စာရေးဖို့ ဖီလင်မလာ
တာမို့ စာအုပ်ဖတ်နေခဲ့ပေမယ့် သူမပုံစံလေးက ခေါင်းထဲ ဝင်ဝင်
လာတာမို့ စာအုပ်ကိုချပြီး စဉ်းစားခန်းဝင်နေမိတာပင်။

"ဒင် ..."

တိုင်ကပ်နာရီက နာရီသံတစ်ချက် ကြားရသည်။
သူ လှမ်းကြည့်မိတော့ ၉ နာရီခွဲ။ ညဥ့်မနက်လှသေးပေမယ့်
အနီးအနား ပတ်ဝန်းကျင်မှာတော့ တိတ်ဆိတ်နေသည်။ မြို့ထဲနဲ့
ဝေးပြီး လူပြတ်တဲ့နေရာမို့ ည ၈ နာရီလောက်ဆိုရင်ပင် လူသွား
သူလာ ကျဲပါးသွားတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းချမ်းနှင့် တွေးပြီး အိပ်ရင်ကောင်းမလား စာဖတ်ရင် ကောင်းမလား ...၊ စာဆက်ရေးရမလား တွေး သူ့စိတ်က အိပ်ဖို့ဘက်ကို အားသာသွားသည်။ တစ်ညတ တော့ မှန်ရှိခြယ့်အကြောင်း တွေးပြီး စောစောအိပ်ပစ်လိုက် မယ်ကွာဟု ဆုံးဖြတ်လျက် မီးပိတ်လိုက်ပြီး ခြေရင်းက ငွမ်း ထူထူကြီးကို ဆွဲခြုံလိုက်သည်။

တစ်အိမ်လုံး မှောင်မည်းတိတ်ဆိတ်သွားသ ပလူဂို့ ဟောက်သံက တိတ်ဆိတ်မှုထဲ ကျဲကျဲချနေသည်။

ထိုခဏမှာ မကြားရတာ တစ်ပတ်ကြာပြီဖြစ် ရယ်သံလေးကို ကြားလိုက်ရလေသည်။

"အဟိ ... ဟိ ... ခစ် ... အဟင့် ... ဟင်း ဟင်း ... ဟိ

သူ အမှောင်ထဲမှာ ခေါင်းထောင် နားစွင့်ကြည့်လို သည်။

"သေချာတယ် ... အောက်ထပ်ကပဲ"

သူ ဖြည်းဖြည်း ထထိုင်လိုက်ချိန်မှာ စံပယ်နံ့လေ သင်းသင်းလေး မွှေးလာသည်။ ရယ်သံက ရပ်သွားလိုက်၊ ပေါ်လာလိုက်။

ဒီအချိန်မှာ ပလူတို နိုးလာရင် ပွဲဆူတော့မှာမို့ သ မီးမဖွင့်တော့ဘဲ အိပ်ရာခေါင်းရင်းက ဓာတ်မီးကို လှမ်းယူလို သည်။





မီးမဖွင့်တာမို့ မီးပြတ်နေသလား၊ မပြတ်သလား ာ မသိ၊ ခုနောက်ပိုင်း ရယ်သံကြားရတတ်သည့် နေ့တွေမှာ ပြတ်တတ်တာကို သူ သတိထားမိနေသည်။ မီးနှိပ်လိုက် င့်လိုက်လည်း မဖြစ်တာ ကြာပြီ။

ကျွန်းညိုက ခုတင်ပေါ်မှ အသံမမြည်အောင် ဆင်း၊ လှတို့ကို မနင်းမိအောင် ကျော်ခွပြီး အောက်ထပ်ဆင်းသည့် လှကားဆီ ခြေဖွလျှောက်လာခဲ့ပါသည်။

ရယ်သံဟာ ဟိုတစ်ခါကလိုပင် စတိုခန်းဆီမှ ...။ တိုခန်းနှင့် နီးလာလေ ရယ်သံက နီးလာပြီး ပန်းရနံ့က ပိုသင်း ာလေ။

"ကျို ... အိ"

သူ စတိုခန်းတံခါးကို တွန်းဖွင့်လိုက်သည်။ စတို း မီးခလုတ်ကို ဖွင့်သော်လည်း မီးကမလာ။ မီးချောင်းကျွမ်းနေ သလား၊ ဒါမှမဟုတ် မီးပြတ်နေတာလား ...။

သူ ဓာတ်မီးထိုးထားရင်းကပင် စတိုခန်းထဲက ရှုပ်ပွ နေသော စက္ကူ တီဗီဘူးခွံ၊ ရေခဲသေတ္တာဘူးခွံနှင့် စာအုပ်ဟောင်း ျား၊ အင်ဂျင်ဝိုင်ဘူးခွံများ၊ ခုံအကျိုးအပဲ့များ၊ ကတ္တူစက္ကူဘူးခွံ အရှုံ့အပဲ့များကို တစ်ခုချင်း ဆွဲဖယ်ရှင်းလင်းလိုက်သည်။ သူ ှင်းနေတုန်းမှာ ရယ်သံက ပေါ်လိုက် ပျောက်လိုက်၊ ထိုအသံဟာ စွည်းဟောင်းတွေ စုပြုံထားသည့် နံရံထောင့်နားဆီမှပင်။ ပစ္စည်း တွေ ရှင်းလာလေ အသံနှင့် နီးလာလေ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဟ ..."

ပန်းကန်းတွေ ရှင်းသွားသော နံရံထောင့်နား

စိုက်ကြည့်ရင်း သူ အံ့အားသင့်သွားသည်။

ရယ်သံဟာ နံရံထောင့် ကြမ်းပြင်ပေါ်မှာ ချ
သော ကက်ဆက်အဟောင်းလေးဆီမှ ထွက်ပေါ်နေတာပင်။ ထ
သီးဆုပ် နှစ်ဆုပ်စာလောက်ရှိသည့် စံပယ်ပန်းတွေလည်း ကြ
ပြင်ပေါ်မှာ ကြဲပြန့်နေသည်။ ပြီးတော့ ထိုနေရာတစ်ဝိုက်မှာ
ခြောက်တွေလည်း မနည်းမနော ရှိနေပါသည်။

ပြီးတော့ စံပယ်နံ့ပါသည့် စပရေးဘူးခွံတွေလ
တွေ့ရသည်။

ကျွန်းညိုသည် ထိုအရာများကို အံ့ဩလွန်းလို့
ကြည့်နေမိရာက ရင်ထဲ ကလိကလိနှင့် ရယ်ချင်လာသည်။

"ဟား ... ဟား ... ဟိ ... ခွိ"

သူ မထိန်းနိုင်ဘဲ ရယ်ချမိပြီးမှ ကိုယ့်ပါးစပ်
အတင်းပိတ်၍ အသံမထွက်အောင် ကျိတ်ရယ်ရသည်။

တကယ့်ကို ကလေးအထာလေး ...။

ကလေးအထာလေးနှင့် လွယ်လင့်တကူ လှည့်
ထားတာလေးကို လူအများက တစ္ဆေခြောက်တယ်ရယ်လို့ ကြော
ရှုံ့ချောက်ချားနေကြတာ ဘယ်လောက် ရယ်စရာကောင်းလဲ
ဒီလောက်ကလေး လှည့်စားထားတာကိုမှ အဖြေမရှာရဲကြ
ပြောင်းပြောင်းပြေးကြရာကနေ တစ်မြို့လုံးက ပြောစမှတ်ပြုရသ





လာဟလကြီး ဖြစ်ခဲ့ရသည်။ အိမ်ပိုင်ရှင်လည်း အိမ်ရောင်း
တ်၊ ငှားမထွက်နှင့် ဘယ်လောက် စိတ်ညစ်ရှာမလဲ။

"ထောက် ..."

ကျွန်းညို ကြည့်နေဆဲမှာပင် ကက်ဆက်က ခွေကုန်
ထောက်ခနဲ အသံမြည်ကာ အော်တိုပိတ်သွားသည်။

သူ ကက်ဆက်ကို ကောက်ကိုင်ဖယ်ကြည့်လိုက်
ာ ကက်ဆက်နောက်က မလွယ်ပေါက်လေး တစ်ပေါက်ကို
ရပါသည်။ ထိုအပေါက်မှာ တပ်ဆင်ထားသည့် မှန်တံခါးက
ာ်တစ်နှိုက်စာ ကက်ဆက်လေးတစ်လုံး အံထုတ်အသွင်းပြု
ာက်စရာ ပမာဏလောက် ကွဲနေသည်။

ဒီကိစ္စကို လုပ်ကြံသူဟာ ကက်ဆက်ကို ဒီအပေါက်
လျှိုသွင်းထားပြီး ညတွေမှာ လက်နှိုက်၍ ကက်ဆက်
တ်ကို နှိပ်ဖွင့်၊ စံပယ်ပန်းတွေကို အတွင်းသို့ ကြဲချလိုက်တာ
ဒါများ က တောင်လုပ်နိုင်သည့် အကြံအစည်မျိုးပင်။
ရည်ရွယ်ချက်နဲ့ ဒီလိုလုပ်တယ်ဆိုတာတော့ သူ သိချင်လှပါ
သည်။ တချို့သော ဝတ္ထုတွေထဲကလို ဒီအိမ်ကြီးထဲ ဝင်ပြီး
ာင်းမှုတွေ လုပ်ကိုင်ချင်လို့ ဒီအိမ်မှာ လူမနေရဲအောင် ကြံစည်
မျိုးလား။ ဒါလည်း မဖြစ်နိုင်။ ခေတ်ကာလနှင့် နေရာဒေသက
ဆိုးဂိုဏ်းတွေ စုဝေးလှုပ်ရှားနိုင်သည့် အခြေအနေမျိုးမဟုတ်။
ယ်ထဲမှာဆိုရင်သာ လွတ်လပ်ရေးမရခင်ကာလဟု စာတမ်းထိုး
ပြချင်ရာပြနိုင်တာ။



www.burmeseclassic.com

www.burmeseclassic.com



တကယ့် လူဆိုးဂိုဏ်းက ကြံစည်ရင်လည်း ဒီ ကလေးအထာလေးနဲ့ ချစ်စရာကောင်းတဲ့ မ်န်းမရယ်သံမျိုးလေ ပန်းရနံ့လေးနဲ့တော့ ခြောက်လှန့်မှာမဟုတ်။ ခြောက်မယ့်ခြော ဘူးထွားဟားဟား ချောက်ချောက်ချားချား ရယ်သံမျိုး အပုပ်နံ့မျိုး ခြောက်မှာပင်။

ထိုသို့ တွေးဆနိုင်သဖြင့်လည်း ကျွန်းညိုက ဒီကို ပတ်သက်ပြီး ထိတ်လန့်ခြင်း လုံးဝမဖြစ်မိပါ။

ဘယ်သူက ဘာအကြံအစည်နဲ့ လုပ်သလဲဆို စောင့်ဖမ်းဖို့တော့ သူက စိတ်ကူးသည်။ နောက်ညတွေမှာ ဒီ ခန်းထဲကနေ လာစောင့်ဖမ်းရင်တော့ တစ်ခုခုသိရမှာပင်။

ကျွန်းညိုက ထိုနေရာလေးကို စက္ကူဘူးခွံအလွ တွေဖြင့် ကာကွယ်ထားလိုက်ပြီး စတိုခန်းထဲမှ ပြန်ထွက်လာသ

သူအပေါ်ထပ် ပြန်ရောက်သည်အထိ ပလူတို ဟောက်မြဲ ဟောက်ဆဲမို့ သူ သက်မချရသည်။

သူ အိပ်ရာထဲမှာ ပြန်လှဲမိသောအခါ ...

တစ္ဆေခြောက်ချင်ယောင်ဆောင်တာ ဘယ်သူ

ဘာရည်ရွယ်ချက်နဲ့လဲဆိုတာကို အထပ်ထပ်စဉ်း ရင်း တစ္ဆေခြောက်ပြပုံကလေးကို ရယ်ချင်နေခဲ့မိပါသည်။

♣ ♣ ♣

နိုး ဝိုး ဇာ ပေ

♠ ♠ ♠

တစ်ညပြီး တစ်ည လွန်မြောက်လာသော်လည်း ခြားမှု မတွေ့ရသေးချေ။

ကျွန်းညိုသည် နောက်ညတွေမှာလည်း စတိုခန်းထဲ သွားထိုင်စောင့်ပေမယ့် ဘာမှမထူးခဲ့ပေ။

သူ ထိုကိစ္စကို ပလူတိုကိုလည်း ပြောပြမထားသေး။ င်းကိုလည်း မပြောဖြစ် ...။ မှန်ရိုခြယ့်ကိုလည်း စကားမစပ် ။ လက်မှုးလက်ကြပ် မိပြီး သေချာပြီဆိုမှသာလျှင် အားလုံး င်းချပြောပြပြီး ဒီအိမ်ပိုင်ရှင်ကိုလည်း လှမ်းအသိပေးမည်ဟု ဆုံး တ်ထားလိုက်သည်။

တတိယမြောက် ည ...။

သူ သွားထိုင်စောင့်သည့် တတိယမြောက် ညမှာ တော့ ...။

♣ ♣ ♣

နိုး ဝိုး ဇာ ပေ

www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

ထိုညက ...

ကျွန်းညိုသည် စတိုခန်းထောင့် စက္ကူပုံးတွေကြ
ငုတ်တုတ်လေး ထိုင်ရင်း ပျင်းရိ ညောင်းညာလာရပါသည
ကက်ဆက်နောက်က မှန်ပေါက်ကို အမှောင်ထဲမှာ ပြူးပြဲကြည့်
ရလွန်းလို့ မျက်လုံးတွေ ညောင်း၊ စက်ကြောတွေ တက်လာသည
ကက်ဆက် အနားတစ်ဝိုက်မှာတော့ မာတ်မီးဖြင့် ကွယ်ကွယ်ဝှ
ဝှက် ထိုးထားတာမို့ အလင်းရောင်ပျပျ ရှိနေသည်။ ဒါမှလည
မှန်ပေါက်ထဲက တစ်ခုခုထွက်လာရင် မြင်ရမှာမို့ပင်။

တစ္ဆေခြောက်တတ်တဲ့အချိန်ဟာ ၉ နာရီဝန်းကျင
၉ နာရီကျော်လာလေ ထိုအပေါက်ကို ပြူးပြဲစိုက်ကြည့်မိလေ

"ဟော ..."

အမြင်ဘက်မှာ လှုပ်ရှားမှုတစ်ခုတွေ့လိုက်တာမို့ အ
မျက်လုံးတွေ ပိုပြူးလာသည်။ သူ့အကြံက ဝင်လာသည့် လက်





းကုန်ဆွဲထားပြီး ကြိုးနှင့်ချည်၊ ထိုကြိုးကို တိုင်မှာပတ်၍ချည်၊
င်ပြီဆိုမှ တံခါးဖွင့်ဆင်းကာ ပလူတို့ကို အော်ဟစ်နှိုးပြီး ခြံနီး
င်းတွေကို ပြေးခေါ်စေကာ အမိအရဖမ်းပစ်လိုက်မည်ဟုပင် ...'။

ကျွန်းညိုက ခါးမတ်စန့်ကာ မှန်ကွဲပေါက်ဘက်သို့
ရွေ့ရွေ့ တိုးသွားသည်။

ဟော ... လက်တစ်ဖက် တိုးထွက်လာပါပြီ။

ထင်သည့်အတိုင်း ထိုလက်ထဲမှာ စံပယ်ပန်းတွေ
ါလာသည်။ ပြီးတော့ အတွင်းသို့ ကြံချလိုက်ပြီး ကက်ဆက်
လုတ်ကို နှိပ်ဖို့ လက်ကိုယမ်းကာ ဟိုစမ်း ဒီစမ်းလုပ်နေဆဲ ...

"လာခဲ့ ... မိပြီ ..."

ကျွန်းညိုက ထိုလက်ကို ဖြုန်းခနဲ ဖမ်းဆွဲထားလိုက်
ည်။ သို့သော် ချောမွတ်နူးညံ့သော ထိုလက်သေးသေးလေးက
၏လက်ဖဝါးကြီးထဲမှာ မြွေတစ်ကောင်လို လွန့်ကာ ဖလွတ်ခနဲ
တ်ထွက်သွားတော့သည်။

"ဟာကွာ ... တောက် ..."

ကျွန်းညိုသည် မချင့်မရဲ အသည်းယားသွားကာ ထို
က်ပိုင်ရှင်ကို အမိဖမ်းဖို့ တံခါးဝဆီ လှည့်ထွက်လိုက်ရာ သူ
်ဟာဟဖွင့်ထားခဲ့သော စတိုခန်းတံခါးကို ပိတ်လျက်သား တွေ့
လသည်။

"ဟာ ... ဒီတံခါးကို ဘယ်သူ ပိတ်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း ... ဝုန်း ... ဒုန်း ..."

သူ စိတ်တိုတိုနှင့် တံခါးကို ဆောင့်တွန်း …
ကြောက်နေဆဲ အိမ်သာဘက်မှ ပလူတို့ အော်သံကို ကြားလို…
ရပါသည်။

"အမလေး ... သရဲ ... သရဲ၊ စတိုခန်းထဲမှာ သရဲ သော…
ကျန်းနေပြီဗျ"

"ဟေ့ကောင် ပလူတို ... ငါကွ၊ မင်းဆရာ ငါကွ"

"ဆ ... ဆရာလား၊ ဆရာက ခုတင်ပေါ်မှာ မဟုတ်…
လား"

"မင်း သေချာလည်း မကြည့်ဘဲနဲ့၊ ဟေ့ကောင် တံ…
မြန်မြန်ဖွင့်ပေးစမ်းကွာ ..."

"ဆ ... ဆရာ တကယ် ဆရာနော်"

"ဟေ့ကောင် ... ရူးလို့ အဲဒီလို မေးတာလား၊ ဖွင့်စမ်းကွ…

ကျွန်းညို ကြုံးအော်ပစ်လိုက်တော့မှ စတိုခန်းတံ…
ကာ ပွင့်သွားသည်။ အပြင်မှာတော့ မီးဖိုခန်းမီးကို ဖွင့်ထားပါသည်…

ပလူတိုက ကျွန်းညိုကို အထိတ်တလန့်ကြည့်ရင်း…

"ဆရာက ဒီထဲကို ဒီအချိန်ကြီး ဘာလာလုပ်တာလဲ …

"မင်းကရော ဘာလာလုပ်တာလဲ"

"ကျွန်တော်က အန္တရာယ်လွယ်မထားနိုင်လို့ အိမ်သာတ…
မလို့ ဆင်းလာတာ၊ တစ္ဆေကလည်း မခြောက်တာ နည်…





နည်းကြာပြီဆိုတော့ မခြောက်လောက်ပါဘူးလေ ဆိုပြီး
အရဲစွန့် လာရတာ၊ ဆရာခုတင်ဘက်လည်း သေချာမကြည့်
ခဲ့တော့ ဆရာမရှိမှန်း မသိဘူး၊ ဆရာအိပ်နေတယ်ပဲမှတ်
တာ၊ ကျွန်တော်လည်း အိပ်ချင်မူးတူးနဲ့ ဒီနားရောက်တော့
စတိုခန်းတံခါး ဟနေတာတွေ့လို့ ပိတ်ပြီး အပြင်က ချက်
ချလိုက်တာ ..."

"မင်းလုပ်တာနဲ့ တစ္ဆေက လွတ်သွားပြီ"

"ဟင် ... ဆ ... ဆရာက တစ္ဆေ ဖမ်းနေတာလား"

"မဟုတ်ပါဘူးကွာ၊ စာအုပ်ဟောင်းတွေထည့်ထားဖို့ ကတ္တူ
ပုံး လာရှာတာပါ"

ခုနေ အဖြစ်မှန်ကိုသာ ပြောလိုက်လျှင် ပလူတိုက
…ယ်ပဲ ပြေးဖက် ကုပ်ကပ်တွယ်ထားတော့မှာမို့ သူက လိုးလွဲ
…ာရသည်။ တစ္ဆေ မဟုတ်ပါဘူး၊ လူပါလို့ ပြောလည်း လက်ဆုပ်
…က်ကိုင်သာ မပြနိုင်ရင် ယုံမယ့်သူ မဟုတ်ပါ။

"ဟင် ... ဆရာ စံပယ် စံပယ်ပန်းတွေ မွှေးလာသလိုပဲ၊
သ ... သရဲ ခြောက်ပြီလား မသိဘူး"

"မဟုတ်ပါဘူးကွာ၊ သွား ... သွား ... မင်းဘာသာ အိမ်သာ
တက်စရာရှိတာ တက်ပြီး အပေါ်ပြန်တက်တော့၊ ငါလိုချင်
တာလေးတွေ ဒီထဲမှာ ရှာကြည့်လိုက်ဦးမယ်"

ကျွန်းညိုက ပလူတိုကို တွန်းလွှတ်လိုက်ပြီး စတိုခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲ ပြန်ဝင်၊ ပန်းတွေကို ကြိုးယူကာ ပုလင်းလွတ်တစ်လုံးထဲ ထည့်ပိတ်ထားလိုက်သည်။ ပန်းနံ့မရမှ ပလူတို့အတွက် စိတ်အေး မှာမို့ပင်။

သူ အပေါ်ထပ် ပြန်တက်လာပြီးနောက် တော်တော် နဲ့ အိပ်မပျော်နိုင်တော့ပါ။ ရင်ထဲမှာ တလှပ်လှပ် တုန်ရီနေတာ ဟာ ဘာကြောင့်မှန်း မသိရပါ။

ခဏကြာတော့ ပြန်လည် အိပ်မောကျသွားပြီဖြစ် သော ပလူတို့ထံမှ ဟောက်သံသဲ့သဲ့ ကြားရသည်။ သူကတော့ မအိပ်နိုင်သေးတာမို့ အိပ်ရာမှ ထလာကာ ပြတင်းပေါက်မှာ ရပ် သည်။ အပြင်မှာ လေကအေးစိမ့်နေမှာမို့ ပြတင်းတံခါးကိုတော့ မဖွင့်ဖြစ်တော့ဘဲ မှန်တံခါးအပြင်က မြင်ကွင်းကို ငေးမျှော်ကြည့် မိသည်။

ဟိုးခပ်ဝေးဝေးက ဖြူဖြူဝပ်ဝပ်ကလေးဟာ မှန်ရီ ခြယ်သို့ တိုက်ပုကလေးပင် ...။ မှန်ရီခြယ်ကတော့ ခုချိန်ခ ကိုရီးယားဇာတ်လမ်းတွဲပဲ ကြည့်နေမလား၊ အိပ်ပဲအိပ်နေမလား ဒါမှမဟုတ် ...။

သူ မှန်ရီခြယ့်အကြောင်း တွေးမိရင်းကပဲ သူ့လက် ဖဝါးက နွေးထွေးလာသည်ဟု ထင်မိသည်။ သူက လက်ဖဝါး နှစ်ဖက်ကို မှောက်ဖြန့်ကြည့်မိသည်။

သူ့လက်ဖဝါးထဲက လွတ်ထွက်သွားတဲ့ လက် ကလေး တစ်ဖက်ရဲ့ အထိအတွေ့ဟာ ခုထိ စွဲနေသလိုပင် ...။





ထိုလက်ရဲ့ အထိတွေ့ဟာ သူနဲ့အစိမ်းကြီးမဟုတ်။ ထိုအတွေ့ကို သူသိခဲ့ဖူးသည်။ ဒီလိုလက်မျိုးလေးကို ထိတွေ့မိဖူး သည်။ ပြီးတော့ စောစောတုန်းက ထိုလက်လေးတစ်ဖက် ရုန်း ထွက်သွားစဉ်မှာ သူ့လက်နဲ့ ပွတ်တိုက်သွားတဲ့ ကြမ်းရှရှ ဖုတုတု နေရာလေး တစ်နေရာကို သူသတိထားမိလိုက်သည်။ လက်ခလယ် လား၊ လက်သူကြွယ်လား ... ဘယ်လက်ချောင်းလဲဆိုတာ သေချာ မသိရပေမယ့် ခုန ရုန်းသွားတဲ့ လက်ကလေးမှာလည်း အသားမာ လေးတစ်ဖု ရှိနေသည်။

မှန်ရီခြယ့်ကို ဖန်ခွက်အကွဲရှစဉ်က သူမ လက် လေးကို သူ အမှတ်တမဲ့ ကိုင်ခဲ့ဖူးသည်လေ ...။ အဲဒီတုန်းက သိခဲ့တဲ့ အထိအတွေ့နဲ့ ခုနတုန်းက သိခဲ့တဲ့ အထိအတွေ့ဟာ တူတူလိုပင်။

ဒါဆို ... တစ္ဆေခြောက်သယောင် ဖန်တီးလုပ်ကြံနေ သူဟာ- မှန်ရီခြယ်များလား ...။

သူ ... တွေးမိပြီးမှ သူမကို ပြန်အားနာသွားသည်။ သူမက ဘာကြောင့် ဒါမျိုးလုပ်ရမှာလဲ ...။ သူတစ်ပါးကို မစွပ်စွဲ ကောင်းပါဘူးကွာဟု ကိုယ့်ကိုယ်ကို ပြန်သတိပေးရသည်။

သူ ... ထိုညက တော်တော်နဲ့ အိပ်မပျော်နိုင်ခဲ့ပါ။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

"ဟော့ကောင် ကျွန်း ...၊ မင်း မှာထားတဲ့ ဖန်ခွက်
ရပြီ ... လာယူ"

စိုင်းက ဖုန်းလှမ်းဆက်သဖြင့် သူ ရေမိုးချိုး အဝ
အစားလဲပြီး မြို့ထဲဘက်သို့ထွက်လာခဲ့သည်။ မှုန်ရီခြယ်တို့ ခြံ
က ဖြတ်တော့ ခြံထဲဘက်ကို လှမ်းကြည့်ပေမယ့် သူမ အ
အယောင်ကို မမြင်ရပါ။ ဒီရက်ပိုင်း မနက်စောစော ထမပြေး
တာမို့ သူမနှင့်လည်း မဆုံဖြစ်ခဲ့ပါ။

သူ စိုင်းတို့ဆိုင်ရောက်တော့ စိုင်းက အထုပ်တစ်ထ
ကမ်းပေးရင်း ...

"ငါကွာ ဒီတစ်ခေါက် ရန်ကုန်သွားတာ မင့်ဖန်ခွက်
လိုက်ရှာနေရတာနဲ့ အချိန်ကုန်တယ်၊ မင်း အန်းတစ်ဒီ
ကြီးကို မနည်းရှာလိုက်ရတာကွာ၊ ဘယ်ဈေးမှာမှ ရှာမ
ဘူး၊ နောက်ဆုံး သူငယ်ချင်းတစ်ယောက်အိမ်ကို အလ





သွားတော့မှ သူ့အဘွားလက်ထက်ကတည်းက သိမ်းထား
တဲ့ ဖန်ခွက်ဟောင်းတွေ သွားတွေ့လို့ တောင်းလာခဲ့ရတာ၊
ဟိုကဖြင့် မသုံးချင်တော့လို့ အလကားတောင် ပေးလိုက်
သေးတာ"

"ကျေးဇူးပါပဲ စိုင်းရာ၊ သူများအတွက် အသုံးမလိုပေမယ့်
ဒီပစ္စည်းက ငါ့အဘိုးအတွက်တော့ အရေးကြီးတယ်ကွ"

"အောင်မယ် ... ငါ့အဘိုးတွေ ဘာတွေတောင် ဖြစ်ကုန်
ပြီပေါ့"

"ဒါပေါ့ကွ ... ဟဲ ဟဲ ... ငါ့အဘိုးဆီ သွားစရာရှိသေးလို့
နောက်မှပဲ အေးအေးဆေးဆေး လာခဲ့တော့မယ်"

"ဟော့ကောင် ... နေဦး၊ ကော်ဖီဖျော်ခိုင်းထားတယ်၊ သောက်
သွားဦး ..."

စိုင်းက ဖွတ်ဆွဲခေါ်ထားတာမို့ သူ ပြန်ထိုင်လိုက်ရ
သည်။ ကော်ဖီဗန်း လာချတော့ ကော်ဖီပူပူကို တဖူးဖူးမှုတ်ပြီး
တစ်ကျိုက်တည်း မော့သောက်ချလိုက်ပါသည်။

"မွှန်တာ ... မွှန်တာ ..."

စိုင်းက နောက်နေတာမို့ သူ စိုင်းကို အလေးပြုသလို
လုပ်ပြပြီး ဆိုင်ထဲမှထွက်လာသည်။

သိုးမွေးခေါင်းစွပ် ဆွယ်တာ အဖြူလွှလွှ ဂျင်း
ဘောင်းဘီ ပြာလွင်လွင်နှင့် ဆိုင်ကယ်ဆီ လျှောက်လာနေသော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းညိုကို ဆိုင်ကို ဈေးဝယ်လာသော ကောင်မလေးအုပ်စု
သမင်လည်ပြန်ကြည့်ရင်း ခိုးခိုးခွိခွိ ရယ်သွားကြသည်။ ကိုယ့်ကို
ကိုလည်း သိပါသည်။ သွားလေရာ ကောင်မလေးတွေက သဘေ
ကျရတယ်ဆိုတာလေ။ ကျွန်းညိုက ဘဝင်မြင့်မြင့်လေး တွေးမိ
ကိုယ့်အတွေးကိုယ် ရယ်ချင်သွားကာ ပြုံးစိစိ ဖြစ်သွားရပါသည

ထားပါတော့ ...။ ခုတော့ သူ့စိတ်ထဲမှာ မှုန်ရီခြ
တို့ အိမ်ကို အမြန်ရောက်ဖို့သာ အားသန်နေသည်။

သူက မှုန်ရီခြယ်နှင့် ပတ်သက်ပြီး ပြုံးတုံ့တုံ့
ခပ်နောက်နောက် ပြောပြောနေတတ်တာမို့ ရိုင်းတို့ကလည်း သူ
မှုန်ရီခြယ်နှင့် နောက်တတ်သည်။ ထိုအနောက်အပြောင် စ
လေးတွေဟာ သူ့အတွက် ချိုအီနေခဲ့တာကို သူလည်းသိပါသ

ဒါပေမယ့် မှုန်ရီခြယ် ...

ကိုယ် မိန်းကလေးတစ်ယောက်ကို ချစ်တယ
အလွယ်တကူ ပြောမထွက်ချင်ပါဘူး။

ပြီးတော့ ... ကိုယ့်စိတ်ထဲမှာ မင်းနဲ့ ပတ်သက
ရှင်းလင်းတာတွေ ရှိနေသေးတယ်။ ဒါပေမယ့် ဝန်ခံရရင်
ကို ခဏခဏ တွေ့ချင် မြင်ချင် စချင် နောက်ချင်နေတာ
အမှန်ပဲ။

အတွေးတွေ ရှုက်လှိုင့်ကာ ဆိုင်ကယ်စီးလာနေ
ကျွန်းညိုကဲ မှုန်ရီခြယ်တို့ ခြံရှေ့မှာပင် ဆိုင်ကယ်ကို ရပ်လ





သည်။ ဒီတစ်ခါတော့ ဆိုင်ကယ် ဟွန်းမတီးမိတော့ပါ။ ဒေါ်ဆင်
ာ်မနီး အိပ်နေရင် မှုန်ရီခြယ်ပဲ လာဖွင့်ပေးရမှာမို့ ကိုယ့်ဘာသာပဲ
ဝင်သွားတော့မည်ဟု စိတ်ကူးကာ ဆိုင်ကယ်ကို သော့ခတ်
ထားခဲ့ပြီး ခြံတံခါးကို တွန်းဖွင့်ဝင်လာခဲ့သည်။

ခြံထဲမှာ တိတ်ဆိတ်ပြီး လူရိပ်လူယောင် မတွေ့ရ
။ သူက အိမ်ဘက်သို့သာ ဦးတည်လျှောက်လာခဲ့သည်။ အိမ်
ဝင် သစ်သားတံခါးချပ်က ပွင့်နေပြီး သံတံခါးတစ်ထပ်ကိုသာ
ာ့ခတ်ပိတ်ထားပါသည်။

သူ အိမ်တံခါးဝမှာ ရပ်လိုက်ပြီး အိမ်ထဲသို့ လှမ်း
ည့်မိတော့ ဧည့်ခန်းဆိုဖာရှည်ပေါ်မှာ လဲလျောင်းပြီး စာအ
ာ်နေသော မှုန်ရီခြယ့်ကို တွေ့ရပါသည်။ သူမက အိမ်ဝင်ဘ
ခေါင်းတိုက် လဲလျောင်းနေတာမို့ သူမ ဖတ်နေတဲ့စာအုပ်ဟာ
တွန်းစာအုပ်ဆိုတာ မြင်နေရသည်။

သူက သူမကို လှမ်းခေါ်လိုက်ဖို့ ပါးစပ်ဟမိချိန်နှင့်
ပြိုင်တည်းမှာ သူမထံမှ ရယ်သံကလေးက သာယာစွာ ထွက်
လာပါသည်။

"အဟိ ... ဟိ ... ခစ်ခစ် ... ဟင်းဟင်းဟင်း ..."

"ဟင် ..."

သူ့ဆံပင်မွေးတွေပင် ရုတ်တရက် ထောင်သွား
သား ထင်လိုက်ရသည်။ ဒီရယ်သံဟာ သူနှင့် အလွန်ရင်းနှီး



www.burmeseclassic.com

www.burmeseclassic.com



နေသော ရယ်သံ။ ကြားဖူးနေကျ ရယ်သံ ...။ သူ နားစိုက်ထော
လေ ကြားနေကျ ရယ်သံနှင့် ပိုတူလာလေ ...။

သူမကတော့ သူရောက်နေမှန်း မသိပါ။ ကာ
စာအုပ်ကိုသာ သဲကြီးမဲကြီး ဖတ်ရင်း အားပါးတရ ရယ်မော
ပါသည်။

သူ ထိုနေရာမှာ ခဏကြာအောင်ရပ်နေမိပြီးမှ သ
ဝင်လာကာ သူရောက်နေကြောင်း မသိစေ ခပ်သုတ်သု
ပြန်ထွက်လာခဲ့သည်။

သူ့နားထဲမှာတော့ ကျက်ဆက်က ထွက်ပေ
သော ရယ်သံနှင့် သူမထံမှ ထွက်ပေါ်လာသော ရယ်သံတေ
အရောရော အထွေးထွေး ကြားနေရသည်။

ဘာလဲ ...။ ဘာ့ကြောင့်လဲ ...။ စဉ်းစာ
ဦးနှောက်ခြောက်လာပါသည်။

♣ ♣ ♣



BURMESE CLASSIC .com

♠ ♠ ♠

"ဟေး ... လူကြီး

နောက်တစ်နေ့ မနက် ကျွန်းညို ကန်တော်ကြီးထဲ
... လမ်းလျှောက်နေဆဲ နောက်နားဆီက နှစ်ယောက်မရှိသူ၏
...သံကို ကြားလိုက်ရပါသည်။

ကျွန်းညိုက အသံလာရာသို့ ချာခနဲ ပြန်လှည့်ကြည့်
...က်ပြီး သူ့စတိုင်လ်အတိုင်း ခြေတစ်ဖက်ခွဲရပ် လက်ပိုက်လျက်
... ပြေးလာနေတာကို ရပ်ကြို့စောင့်နေလိုက်ပါသည်။

သူ့အကြည့်တွေက ခါတိုင်းထက်ပို၍ စူးရှနေမှာ
...ာ့ အမှန်ပင်။ သူက သူမမျက်နှာကို စိုက်ကြည့်ရင်း အကဲခတ်
...လိုက်သည်။ သို့သော် သူမကတော့ ပေါ့ပေါ့ပါးပါးလေးပင်
...ဆီ ပြေးလာနေသည်။ ပြေးလာနေရင်း သူမလည်ပင်းမှာ ပတ်
...ားသည့် မာဖလာက လွင့်ကျသွားတာမို့ လိုက်ကောက်ရင်း
...ယ်မောလိုက်သေးသည်။ ပြီးတော့ ထိုမာဖလာကို လက်မှာ
...ယမ်းယမ်းကိုင်ရင်း သူ့ရှေ့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပျောက်နေပါလား ... ပေါ်မလာ အတော်ကြာပေါ့"

သူမက ထုံးစံအတိုင်း ထော့ငေါ့သလို မထိတ
အသံလေးဖြင့် မေးသည်။ ထို့နောက် သူ ဘာမှပြန်မပြောရသေ
ခင် ဟက်ခနဲ တစ်ချက်ရယ်ရင်း ...

"မနက် မနက် အပျင်းကြီးပြီး အိပ်နေလို့ ဝလာ
မဟုတ်လား"

"ဘယ်မှာ ဝလို့လဲ"

"ဝပါတယ်၊ ခြယ့်မျက်စိထဲတော့ ဝနေတယ်"

"မင်း လူကို ကသိကအောက်ဖြစ်အောင် မလုပ်နဲ့၊ ကို
ကိုယ်ကို အသိဆုံးပဲ၊ လုံးဝ မဝဘူး၊ ကိုယ်က ကိုယ့်
ကို ဘယ်တော့မှ အဝမခံဘူး၊ ခုတိုင်း ကောင်မလေး
ဝိုင်းသဘောကျရတဲ့ ပုံစံမျိုးကိုပဲ ထိန်းထားတာ ကြ

"အဟက် ... ဟက် ..."

သူမက တမင် အာခေါင်ခြစ်သံဖြင့် တဟက်ဟ
ရယ်ပြသည်။ ကက်ဆက်ထဲကလို အသံမျိုး ရယ်ပြပါလား
ခြယ် ...။ အဲ့ဒါဆို ကိုယ် ခုပဲ မင်းကို ပွင့်ပွင့်လင်းလင်း
မေးလိုက်ချင်ပါတယ်။ မင်း ပုံစံက ဖြူဖြူစင်စင်လေးမို့ မညာ
ဘူးလို့ ယုံချင်တယ်။

"မှန်ရဲ့ခြယ် ..."

"အင်ဟင် ..."

"မင်း ... ညဘက်တွေဆို ဘာလုပ်နေလဲ ..."





သူမက မျက်ခုံးပင့်လိုက်ရင်း ...

"မေးခွန်းကြီးကလည်း ...၊ အဲ့ဒါ ကိုယ်ရေးကိုယ်တာကို
စွက်ဖက်တဲ့ မေးခွန်းကြီးလေ၊ မမေးသင့်ဘူး စာရေးဆရာ
ရဲ့"

သူမက လုံးဝ မှုပျက်သွားခြင်း မရှိပါ။ သူကလည်း
မမျက်နှာကို သေချာစူးစိုက် အကဲခတ်နေမိပါသည်။

သူမကတော့ သူ့ကို မျက်ခုံးပင့်၍ ပြုံးစစ ကြည့်
ရင်းက ဟက်ခနဲ ရယ်ချလိုက်ရင်း ...

"မေးတဲ့ပုံကလည်း အမှုစစ်နေတဲ့အတိုင်းပဲ၊ ကဲပါ ... စာရေး
ဆရာက ခြယ့်ဘိုးဘိုး ပျောက်တုန်းက လိုက်ကူညီထားတာ
ဆိုတော့ ခင်မင်မှုနဲ့ပဲ ဖြေရမှာပေါ့၊ ခြယ်က ညဆို အိပ်
တယ်လေ"

"ဟွန့် ..."

ကျွန်းညိုက ပခုံးတွန့်ရင်း သရော်တော်တော် ရယ်
ကတော့ သူမက ကျွန်းညိုလုပ်တတ်သည့် ပုံမျိုးအတိုင်း ပခုံး
နှင့် လက်ဝါးဖြန့်ပြသည်။

"မိုးချုပ်တာနဲ့ အိပ်တာပဲလား၊ မိန်းကလေးအများစု ကြည့်
တတ်တဲ့ ကိုရီးယားကားတွေ ဘာတွေ မကြည့်ဘူးလား"

"မကြည့်ပေါင် ... ခြယ်က သရဲကားပဲကြည့်တာ"

"ဟုတ်လား ... သရဲကားကြည့်ပြီး သရဲလုပ် ခြောက်ချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးတွေ ပေါ်လာဦးမယ်နော် ... သတိထား"

"သရဲလုပ်ခြောက်ဖို့ ဝေးလို့ သရဲကားကြည့်ပြီးရင်

ခေါင်းမြီးခြုံထဲကကို မထွက်ရဲတော့ဘူး"

"သရဲကြောက်တတ်ရင် ဘာလို့ သရဲကားကြည့်သေ

"ကြောက်တတ်လို့ ကြည့်တာပေါ့၊ မကြောက်တတ်

တွေက သရဲကား မကြည့်ကြဘူး"

"မင်းက ညတိုင်း သရဲကား ကြည့်တာလား"

"တစ်ခါတလေမှပါ၊ ခြယ်က ညဆို စောစောအိပ်

များတယ်၊ အိမ်က ဒေါ်ဆင်ကလည်း မမှောင်ခင်ကတ

က အိပ်ချင်အိပ်နေတာ၊ ဘိုးဘိုးကလည်း စောစောအိပ်

ခြယ်လည်း တစ်ယောက်တည်း ပျင်းပျင်းနဲ့ စောစေ

ဖြစ်သွားတာ"

"ဒေါ်ဆင်ကလည်း တော်တော် အိပ်ပုပ်ကြီးတာပဲ

ညဘက် မင်း ခြံထဲဆင်းပြီး ရည်းစားနဲ့ ချိန်းတွေ့

သိမယ့်သူ မဟုတ်ဘူး"

"ချိန်းရမယ့် ရည်းစားမှ မရှိ၊ အံမယ် ... ရှင် ... ဒါ

အစ်တာလား

"မအစ်ပါဘူး၊ မင်းမှာ ရည်းစား ရှိမရှိ ကိုယ်က ဘာဖြ

သိချင်ရမှာလဲ"

သူမက မခံချင်သလို နှုတ်ခမ်းတင်းတင်း

တစ်ဖက်သို့ လှည့်သွားသည်။ သူက လှစ်ခနဲ ပြုံးလိုက်မိပါသ





"ဒါနဲ့ မင်းက ကာတွန်းတို့ ဝတ္ထုတို့ရော မဖတ်ဘူးလား"

"ဖတ်တာပေါ့၊ ကားတွန်းဆို သိပ်ကြိုက်၊ ဝတ္ထုတော့ ...

အင် ... ဟိုတစ်ခါ ပြောပြီးပြီလေ၊ တစ္ဆေ သရဲတို့ လျှို့ဝှက်

သည်းဖိုတို့ပဲ ကြိုက်ပါတယ်ဆိုတာ"

"တချို့ ကောင်မလေးတွေက အချစ်ဝတ္ထုဖတ်ပြီး ဝတ္ထုထဲ

က ဇာတ်လိုက်တွေလို ရည်းစားထားဖို့ စိတ်ကူးယဉ်ကြ

တယ်တဲ့၊ မင်းကရော တစ္ဆေ သရဲဝတ္ထုဖတ်ပြီးရင် ဘယ်လို

စိတ်ကူးယဉ်လဲ"

"ဘယ်လိုမှ စိတ်ကူးမယဉ်ပါဘူး"

"သရဲလုပ်ခြောက်ဖို့ စိတ်ကူးမယဉ်ဘူးလား"

"ခြယ်က အရူးမို့ အဲလိုစိတ်ကူးယဉ်ရမှာလား"

ခြယ်က နှုတ်ခမ်းလေးစူ၍ ပြောရင်း ရှေ့ဆက်ပြေး

းတာမို့ သူက သူမနံဘေးမှ ယှဉ်ပြေးလာခဲ့ပါသည်။

ပြေးရင်းကပဲ သူ့ဦးနှောက်ထဲမှာ တွက်ချက်စဉ်းစား

မိသည်။ ခုပုံအတိုင်းမှာတော့ မှန်ရိုခြယ်က လုံးဝမူပျက်မနေပါ။

သူထင်တာတွေပဲ မှားနေပြီလား ... ။

ရယ်သံ ဇူတာရော ဟုတ်ရဲ့လား။ မိန်းကလေးတွေ

လေးဆန်ဆန် လွတ်လွတ်လပ်လပ် ရယ်ရင် ဒီလိုအသံတွေပဲ

ွက်တတ်တာလား ... ။

လက်ကလေးတစ်ဖက်ရဲ့ အထိအတွေ့ ဇူတာက



www.burmeseclassic.com

www.burmeseclassic.com



ရော သူစိတ်ထင်လို့များလား ...။ မိန်းကလေးတွေရဲ့ လက်တို
ဒီလိုအထိအတွေ့ ရှိတာမျိုးလား။ ဒါဆိုရင် လက်ခလယ် အဆ
မှာ ဖုလေးကရော ...။ ဒါလည်း တိုက်ဆိုင်မှုတစ်ခုပဲလား ...

"ဖန်ခွက်က ဘယ်တော့ အလျော်ပေးမှာလဲ၊ အဘိုး
မေးလှပြီနော်၊ အလျော်ပေးဖို့ရော အစီအစဉ်ရှိရဲ့လား"

သူမက ပြောရင်း လှမ်းမေးတာမို့ သူက ပြုံးလို
မိရင်း ...

"လာပေးမလို့ပါပဲ"

"တူတာဝယ်လို့ ရပြီပေါ့"

"ရပြီလေ ..."

"တော်သားပဲ"

"ဒါနဲ့ တစ်ခုလောက် မေးလို့ရမလား"

"မေးပေါ့"

"မင်း ကိုယ့်ကို မြင်မြင်ချင်း စိတ်ဝင်စားသွားလား"

"အားပါးပါး ... မေးခွန်းက မိုက်တယ်၊ အဲဒီတော့
မိုက်မိုက်ပဲ ပြန်ဖြေလိုက်မယ်၊ လုံးဝ စိတ်မဝင်စားဘူ

"မင်း ... ညာတာပါ၊ ကိုယ် မင်းရဲ့ အကွက်တွေကို မှ
မိပါတယ်"

"ဘာအကွက်တွေလဲ"

"ခုလို ဖန်ခွက်ကိစ္စနဲ့ ပတ်သက်ပြီး မင်းနဲ့ကိုယ် ခဏခ





ပတ်သက်နေရဖို့ ရည်ရွယ်ပြီး မင်း ကိုယ့်ကို ဖန်ခွက်ငှား
လိုက်တာ မဟုတ်လား၊ မင်း အကြံ အောင်မြင်ပါတယ်၊
ကိုယ် အခု မင်းကို စိတ်ဝင်စားလာပြီလေ ..."

"မကြားလိုက်ဘူးလို့ပဲ မှတ်လိုက်မယ်နော်"

သူမက ဂရုမစိုက်သလိုပြောရင်း အရှိန်မြှင့်၍ ပြေးထွက်လိုက်သည်။ သူက သူမကို မီအောင် လိုက်လာပြီးနောက် သူမထက် ကျော်ပြေးကာ သူမရှေ့မှ ပိတ်ရပ်လိုက်လေသည်။

"မှုန်ရီခြယ် ..."

သူက သူမရဲ့ မျက်လုံးတွေကို တည့်တည့်စိုက်ကြည့်၍ ခေါ်လိုက်လေသည်။ သူမက ရုတ်တရက် အငိုက်မိသွားသလို သူ့ကို ကြောင်ကြည့်နေသည်။

သူက သူ့ဘယ်ဘက် ရင်အုံကို လက်ဖဝါးဖြင့် ဖိပြလိုက်ရင်း ...

"ဒီမှာ လာငြိနေပြီ မှုန်ရီခြယ် ...၊ မင်းက ဒီနားမှာ ခဏခဏ လာလာငြိနေတယ်၊ အဲ့ဒီအဆင့်ကတော့ အရမ်း သေချာတယ်၊ ဒါပေမယ့် ကိုယ် မိန်းကလေးတစ်ယောက် ကို ချစ်တယ်လို့ လွယ်လွယ်ကူကူ မပြောချင်ဘူး၊ သေချာ သထက် သေချာမယ့် အချိန်ကို စောင့်လိုက်ဦးမယ်၊ လုံးဝ သေချာတဲ့ တစ်နေ့ကျရင် ကိုယ် မင်းရှေ့မှာ ဒူးထောက် ပြီး ပြောရမယ်ဆိုလည်း ပြောဖို့အသင့်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို ကြောင်ကြည့်လျက် ခဏငြိမ်သက်သွားပြီးမှ ခါးထောက်ထားလျက်က ခေါင်းကို ဘေးဘက်သို့ မော့လှည့်လိုက်ရင်း အဟက်ခနဲ ရယ်လိုက်သည်။

"အသစ်ပဲ ... မကြုံဖူးဘူး၊ ဒါ ရည်းစားစကားကို စရိုး လိုက်တာလား"

"ဟုတ်တယ် ... ဒါပေမယ့် ကိုယ်က စရဲ့ အဆုံးမခံပါဘူး၊ ကိုယ် ချစ်ဖို့ သေချာနေလို့ စရဲ့ချတာပါ"

"ရှင် နည်းနည်းများ ဂေါက်နေသလားဟင် ..."

"ခုလောလောဆယ်တော့ အတွေးတွေနဲ့ ဂေါက်လုလုပဲ အဲ့ဒီလို ဂေါက်လုလုကြားကပဲ မင်းက ရင်ထဲလာလာငြိနေ တော့တာလေ"

"တစ္ဆေ အခြောက်ခံနေရတော့ အိပ်ရေးတွေ ပျက်ပြီး အူကြောင်ကြောင်များ ဖြစ်နေသလားလို့"

"တစ္ဆေမလေးက ကိုယ့်ကိုငဲ့ညှာပါတယ်၊ နေ့တိုင်း မခြောက်ပါဘူး၊ အမှန်တိုင်း ပြောရရင် အဲ့ဒီ တစ္ဆေမလေးကလည်း ကိုယ့် ရင်ဘတ်ထဲ လာလာငြိနေတယ်လေ၊ ကိုယ် သူ့ကို စိတ်ဝင်စားတယ်၊ မြင်ဖူးချင်တယ်"

"အဲဒါဆို တစ္ဆေမကိုပါ စရဲ့ချလိုက်ပေါ့၊ ကဲ ... စာရေးဆရာ ကျန်းမာရေးလည်း ဂရုစိုက်ဦးနော်၊ လူကျန်းမာရေးက အရေးကြီးသလို စိတ်ကျန်းမာရေးကလည်း အရေးကြီး





တယ်၊ စိတ်မကျန်းမာရင် ကာယောင်ချောက်ချား အမြင်တွေ များတတ်တယ်"

သူမက ရှေ့သို့ တအားပြေးထွက်သွားသည်။ သူ မီအောင်မလိုက်တော့ဘဲ ရပ်ကျန်နေခဲ့ရင်း သူမကို လှမ်းမျှော်ကြည့်နေမိသည်။ သူမ ပြန်လှည့်ကြည့်လေမလား။ ပြန်လှည့်ကြည့်ပါစေ ...။

"ဟော ... ကြည့်ပြီ ..."

သူမက ခေါင်းကလေး လိမ်စောင်း၍ လှည့်ကြည့်လိုက်သောအခါ သူက ပြုံးစိစိနှင့် မျက်လုံးတစ်ဖက် မှိတ်ပြလိုက်မိလေသည်။ သူမက မျက်စောင်းကလေး ထိုးလျက် ချာခနဲ ပြန်လှည့်သွားသောအခါ နံနက်ခင်းက ပို၍ ပို၍ လှပပြည့်စုံသွားတော့သည်။

မှုန်ရီခြယ်ရယ် ...

မင်းက တစ္ဆေလား ...။

မင်းက တစ္ဆေဆိုရင် ဘာအကြောင်းနဲ့ ဒီလိုဖန်တီးသလဲဆိုတာ ကိုယ် သိချင်ပါတယ် ...။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

ထိုနေ့မနက်က ကျွန်ုသိုတစ်ယောက်တည်း စိုင်းတို့ဆိုင်ဘက်မှ လမ်းလျှောက်ပြန်လာခဲ့ပါသည်။

ဒီလိုအေးတဲ့ ရာသီဥတုမျိုးမှာ ကျွန်ုသိုက အတတ်နိုင်ဆုံး ကိုယ်လက်လှုပ်ရှားဖြစ်အောင် သတိထားနေရတာပင်။ သူ့အလုပ်ကလည်း ထိုင်ရသည့်အလုပ်မျိုးမို့ ဒီရာသီဥတုမှာ ထိုင်ချည်းနေလျှင် ကျန်းမာရေးနှင့် မညီညွတ်ဘဲ သွေးလေးထုံထိုင်းနေမှာ သေချာသည်။

စိုင်းတို့ဆိုင်ဘက်ကို သွားဖြစ်တဲ့အခါ သူက နေမြင့်မှသာ ဆိုင်ကယ်နှင့် သွားတတ်ပြီး မနက်စောစောနှင့် ညနေပိုင်းတွေမှာတော့ အညောင်းအညာပြေအောင် လမ်းလျှောက်သွားလေ့ရှိတာပင်။

သူတစ်ယောက်တည်း လျှောက်လာနေရင်း ရှေ့ဆီက ဆွဲခြင်းဆွဲ၍ ခပ်ဖြည်းဖြည်း လျှောက်နေသော ဒေါ်ဆင့်ကို လှမ်းမြင်လိုက်ရသည်။





ညှပ်ညှပ်သေးသေး ဒေါ်ဆင့်က ဆွဲခြင်းကြီးကို ဆွဲ၍ လျှောက်နေရတာမို့ သူက ဒေါ်ဆင့်ကိုမီအောင် လျှောက်လိုက်လာပြီး ...

"ဒေါ်ဆင့် ဈေးက ပြန်လာတာလား"

"ဟင် ... ဘယ်သူပါလိမ့်"

ဒေါ်ဆင့်က သူ့ကို စေ့စေ့ဝါကြည့်ရင်း ပြန်မေးသည်။ ပြီးမှ ချက်ချင်း သတိရလာပုံနှင့် ...

"သြော် ... သိပြီ၊ အိမ်ကို လာဖူးတယ်မဟုတ်လား၊ ဟိုသရဲခြောက်တဲ့ အိမ်ကလူ"

"ဒေါ်ဆင့်ကရော သရဲကြောက်တတ်လား"

"သရဲကြောက်ဖို့ အချိန်မရှိပါဘူးကွယ်၊ ညညဆို အိပ်ပစ်လိုက်တာပဲ၊ သရဲက ကိုယ့် ကလိလာထိုးတောင် နိုးပါဘူး"

ဒေါ်ဆင့် အပြောကြောင့် သူ ရယ်မောမိသည်။

"ဒေါ်ဆင့်က အအိပ်မက်သလား ..."

"အင်း ... ဒေါ်ဆင့်ဘဝမှာ အကြောက်ဆုံးက အိပ်ရေးဝဝ မအိပ်ရမှာကိုပဲကွယ့်၊ ဒေါ်ဆင့်ကို ငယ်ငယ်လေးကတည်းက မိဘတွေက ပြောတယ်၊ အားရင် အိပ်နေ အပြစ်ကင်းတယ်တဲ့၊ အားရင် မအိပ်ဘဲ တောင်တွေး မြောက်တွေး တွေးပြီးနေတာ မကောင်းဘူးတဲ့"

ဒေါ်ဆင့်မိဘတွေရဲ့ဒဿနကလည်း ဂုဏ်ပြုလောက်ပါပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... ဒေါ်ဆင်က ည အိပ်ရင်လည်း တစ်ရေးမနိုး
တစ်ချိုးတည်း အိပ်တာပေါ့"

"ဒါပေါ့ ... ၊ ဒေါ်ဆင့်ဘဝမှာ တစ်ခါမှ တစ်ရေးမနိုးခဲ့ဘူး

"ဒေါ်ဆင့် အိမ်ကလူတွေ လှုပ်လှုပ်ရှားရှား ဟိုဟိုဒီဒီ
သွားလည်း ဘယ်သိနိုင်မလဲနော်"

"ဒါပေါ့ ... ဘယ်နိုးမလဲ၊ သရဲ ကလီထိုးတောင် မနိုးဘူး
ဆိုမှပဲ"

"ဒေါ်ဆင်က အရွယ်တင်တယ်နော်၊ ငယ်ငယ်လေးလို့
ထင်ရတယ်"

"ဟုတ်တယ် ... အဲ့ဒါတော့ ကိုယ့်ကိုယ်ကို သိတယ်
ဒေါ်ဆင့် အသက်က ၅၀ ရှိပြီလေ၊ ဒါပေမယ့် လူတိုင်းက
၃၀ ကျော် ၄၀ နီးပါးပဲ ထင်ကြတယ်"

"ဒေါ်ဆင်က ငယ်ငယ်လေးကတည်းက ဘိုးဘိုးတို့ မှန်
ခြယ်တို့နဲ့ အတူနေတာလား"

"ဒေါ်ဆင့် မိဘတွေက ဘိုးဘိုးတို့ အိမ်က အလုပ်သမား
တွေလေ၊ ဒေါ်ဆင့်ကို မွေးတော့ ဘိုးဘိုးတို့ ခြံထဲက
အိမ်လေးမှာပဲ မွေးခဲ့တာ"

"ဘယ်ခြံလဲ ..."

"မောင်ရင်လေး အခုနေတဲ့ ခြံပေါ့၊ အရင်တုန်းကတော့
သရဲမခြောက်ပါဘူးကွယ်၊ အဲ့ဒီမှာ နေရတာ အရမ်း စိတ်





ချမ်းသာစရာ ကောင်းခဲ့ပါတယ်၊ နောက်ပိုင်း ခြယ့်ကိုမွေး
ပြီးတော့မှ ခြယ့်မိဘတွေ ကွဲကြတာလေ၊ ခြယ်ကလေးက
သနားစရာပါ၊ အဖေနဲ့ အမေက အတ္တတွေ ရှေ့တန်းတင်
သွားကြတော့ သူ့ခများ အဘိုး အဘွား လက်ထဲမှာ ကျန်ခဲ့
ရတာ၊ ခြယ့်ကို ဒေါ်ဆင်ပဲ ထိန်းခဲ့ရတာ ...၊

"ခြယ့်ဘိုးဘိုးကတော့ အရမ်း သဘောကောင်းရှာ
ပါတယ်၊ ခြယ့်ဘွားဘွားကတော့ ဆိုးတယ်ကွယ်၊ ကပ်စေး
ကလည်း နဲ၊ လောဘ ဒေါသကလည်း ကြီး၊ လူကလည်း
ထက်မြက်တော့ ဖြစ်လာသမျှ စီးပွားကို သူပဲအုပ်စီးပြီး
ဘိုးဘိုးကိုကျတော့ အသုံးစရိတ်လောက်ပဲ ထုတ်ပေးတာ၊
ဘိုးဘိုးခများလည်း သည်းခံရှာပါတယ်၊ ဒါပေမယ့် နောက်
တော့ ဘွားဘွားက ဘိုးဘိုးကို အိမ်ဖော် မိန်းကလေး
တစ်ယောက်နဲ့ စွပ်စွဲလို့ အဘိုးက သည်းမခံနိုင်ဘဲ ကွဲခဲ့ရ
တာ၊ ကွဲသာ ကွဲပေမယ့် သံယောဇဉ်တော့ ပြတ်ရှာပုံမရ
ပါဘူး၊ ခြံချင်းကပ်ပြီး နေတာသာ ကြည့်တော့ ..."

ဒေါ်ဆင်က စကားတများများနှင့် လျှောက်လာရင်း
လက်ထဲက ဆွဲခြင်းကို ဘက်ပြောင်းကိုင်လိုက်တာမို့ သူက ဆွဲခြင်း
ကူသယ်ဖို့ သတိရကာ ...

"ဆွဲခြင်း ကျွန်တော့်ပေးလေ၊ ကျွန်တော် ကူသယ်ပေးပါ့
မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးပါပဲကွယ်"

သူ ဆွဲခြင်းကို လှမ်းယူလိုက်သည်။

အမှတ်မထင်ပင် ဆွဲခြင်းထဲသို့ ငုံ့ကြည့်ဖြစ်လိုက် သည်။

စံပယ်ပန်းထုပ်ကလေး...။

ဆွဲခြင်းရဲ့ အပေါ်ယံမှာ တင်ထားသည့် ကျုပ်ကျ အိတ်ဖြင့် ထုပ်ထားသော စံပယ်ပန်းတွေကို ငုံ့ကြည့်ရင်း သူ့ရင်ထဲ မှာ ဒိတ်ခနဲ ဖြစ်သွားသည်။

"စံပယ်ပန်းတွေ လှလိုက်တာ၊ ဒေါ်ဆင် ပန်ဖို့လား"

"မဟုတ်ပါဘူးကွယ်၊ ခြယ် မှာလိုက်တာပါ"

"ဘုရားတင်ဖို့ ထင်တယ်"

"ဘုရားလည်း တင်တာ မတွေ့၊ သူပန်တာလည်း မတွေ့ ပါဘူး၊ ဘာလုပ်ဖို့ မှာတယ် မသိပါဘူးကွယ်၊ မကြာမကြာ မှာတတ်လို့ ဒေါ်ဆင် ဝယ်ဝယ်ပေးနေရတာပါ"

သူ့ရင်ထဲမှာ အချက်ပေး ခေါင်းလောင်းတွေ ထိုး သွားသည်။

သေချာသွားပါပြီ...။

ဒီလောက်ဆို အရာရာ သေချာသွားပြီဟု သူ ယူဆ လိုက်မိပါသည်။

♣ ♣ ♣



♠ ♠ ♠

စံပယ်ပန်းတွေ ဝယ်ထားပြီဆိုတော့ ဒီည ဘာထူး လဲ...။

ကျွန်းညိုသည် တစ်နေ့လုံး စာရေး စာဖတ် ဘာ တစ်ခုမှ မလုပ်နိုင်ဘဲ အဖြစ်အပျက်တွေကို အပြန်ပြန် အလှန်လှန် တွေးခိုးစားသုံးသပ်လျက် ရှိသည်။

စံပယ်ပန်းဝယ်တာ...။

မှန်ရှိခြယ်ရော အဘိုးပါ သူ့ကိုတွေ့ကတည်းက 'မြို့ထဲမဆင်းနဲ့' ဟု အပ်ကြောင်းထပ်အောင် ပြောတတ်တာ...။

အဘိုးက သူ့ကိုမြင်တိုင်း 'ဟိုဘက်ခြံက လူဆို တည့်အောင်ပေါင်း' ဟု ပြောတတ်တာ...။

အဲဒီစကားတွေ ကြားကတည်းက သူ့စိတ်ထဲမှာ ထူးဆန်းပါတယ်လို့ ထင်နေခဲ့တာ...။

အဘိုး စကားတွေကို သူ ခုထိ မှတ်မိနေပါသေး သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီခြံမှာ လူမရှိရဘူး မဟုတ်လား၊ ဘာလို့ လူရှိရ
တုန်း"

"နေမယ်ဆို ခဏပဲနေလေ၊ ကြာကြာမနေနဲ့၊ ညညု
မဆင်းနဲ့နော် လူလေး"

ပြီးတော့ ... မှုန်ရီခြယ့် စကားများ ...

"နေတော့ နေကြည့်လိုက်ဦးပေါ့လေ၊ သူများတွေ
ပြောင်းပြေးကြရတာပဲ၊ ခြယ်က စေတနာနဲ့ အသိ
သက်သက်ပါ"

"သတိထား ... ညညဆို သူ့ကို ခြံထဲမဆင်းစေနဲ့၊ အ
ကြောက်တတ်တဲ့ သူဆိုတာ တချွေခြောက်ခံရရင် လိ
တွေ ဘာတွေ လွင့်သွားဦးမယ်၊ ကိုကျွန်းညိုလည်း
မဆင်းနဲ့"

ထိုစကားတွေ အားလုံးဟာ ကျွန်းညိုတို့
တပည့် နှစ်ယောက်ကို ညဘက်ခြံထဲ မဆင်းဖို့ ခြောက်လှန့
မြစ်နေသလိုပင်။

ပြီးတော့ ... မှုန်ရီခြယ်က တချွေ သရဲ ဝတ္ထုမျိုး
ကြိုက်တတ်ပြီး ကျွန်းညိုရဲ့ ရေးလက်စ ဝတ္ထုကိုပင် ပါးစ
ဆက်ရေးနိုင်လောက်သည့် ဥာဏ်နီဥာဏ်နက်ကလေးတွေ
သည်။ အရည်အချင်းကတော့ မသေးဘူးပင်။

သူ့အာရုံတွေ ထက်မြက်နေတုန်းဆိုလျှင် သူ
တဲ့ လက်ကလေးရဲ့ အထိအတွေ့တူတာဟာလည်း မမှားနိုင်





ညဘက် မီးတွေ ဖွင့်လိုက် ပိတ်လိုက်ဖြစ်အောင်
ည်း သူမပဲ တစ်နည်းနည်းနဲ့ ဖန်တီးတာဖြစ်နိုင်သည်။ စတိုခန်း
ါး ပွင့်နေတာကိုကြည့်လျှင် သူမမှာ ဒီအိမ်ထဲကို ဝင်နိုင်သည့်
သွမ်းမျိုး ရှိလိမ့်မည်။

အသေချာဆုံးကတော့ တူညီလွန်းတဲ့ ရယ်သံကလေး
တွပင် ...။

အားလုံးသော အချက်အလက်တွေကို အသေအချာ
ိုးစားကြည့်လျှင် သရဲခြောက်တဲ့ကိစ္စကို ဖန်တီးသူဟာ မှုန်ရီ
ယ်ပဲ ဖြစ်နိုင်သည်။ အဘိုး၏ ပယောဂလည်း မကင်းဟုထင်
ည်။

ဒါဆို အဘိုး သူငယ်ပြန်နေတာကရော တကယ်မှ
တ်ရဲ့လား ...။

တကယ် သူငယ်ပြန်နေတဲ့ အဘိုးရဲ့ လုပ်ချင်သမျှ
တာသမျှကို မှုန်ရီခြယ်က လိုက်လုပ်ပေးနေရတာများလား ...။

ပြီးတော့ ... ခြံထဲက မြေကြီးတွေ မွနေသောနေရာ
း ...။

သရဲခြောက်ပြီးသော ညတွေရဲ့ နောက်တစ်နေ့ မနက်
င်းမှာ မြေကြီးတွေ မွမွနေတတ်တာတွေကရော ...။

အားလုံးကို ပေါင်းစုကြည့်လိုက်လျှင် မှုန်ရီခြယ်ဟာ
ာက်အိမ်ကို သရဲခြောက်သယောင် ဖန်တီးပြီး ထိုသို့ သရဲခြောက်
သော ညတွေမှာ ခြံထဲမှာ တစ်ခုခုလာတူးရှာဖွေတာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဆင်အော်မနီးကလည်း မှုန်ရီခြယ်တို့ အ... လုပ် သိမှာမဟုတ်။

မှုန်ရီခြယ်တို့ မိသားစုတွေ နေခဲ့ဖူးတဲ့ ဒီအိမ်ကြ... မြှုပ်နှံထားခဲ့သည့် ပစ္စည်းတစ်ခုခုတော့ ရှိလိမ့်မည်ဟု ယူဆ... သည်။

ကျွန်းညိုသည် အတွေးပေါင်းစုံကို ချာချာ... အောင် ဆက်စပ်တွေးတောရင်း ရင်ထဲမှာ နုံးလာသည်။

မှုန်ရီခြယ်ရယ် ...။

ဒီလိုဆို မင်း ကိုယ့်ကို ချဉ်းကပ်ခဲ့တာ ... ကို... ရင်းနှီးအောင် ပေါင်းခဲ့တာဟာ ဒီအိမ်ကြီးနဲ့ ပတ်သက်ပြီး ... လှန့်စကား သွင်းချင်ရုံသက်သက်ပဲလား။

ကိုယ့်ကို ဒီအိမ်ကြီးကနေ အမြန်ဆုံး ထွက်သွာ... စေချင်တဲ့ သူစိမ်းတစ်ရုံဆန် အကြံတစ်ခုကြောင့်ပဲလား။

ကိုယ့်ကိုတွေ့ရင် ကိုယ့်ဆီက စကားနိုက်၊ ... အခြေအနေကို အကဲခတ်ပြီး မင်းရဲ့ လုပ်ဇာတ်ကို အခြေအ... ကြည့် ကချင်တာလား ...။

ညဘက်တွေ ကိုယ်တစ်ယောက်တည်း စာရေး... မသက်သာကြောင်း ပြောမိတဲ့အတွက် တစ္ဆေခြောက်တဲ့ကို... ခပ်ခြားခြားလေး ဖန်တီးခဲ့တာလား။ ဒါဟာ မင်းရဲ့ ငှဲညာမှု...

ကိုယ်ကတော့ မင်းရဲ့ ထွေငေါ့စကားလေး...





...ကို အပြုံးလေးတွေ၊ မျက်စောင်းထိုးထိုးကြည့်တဲ့ အကြည့်...တွေဆီမှာ စီးမျောနေခဲ့မိတာ ...။ ငြိတွယ်လာခဲ့ရတာ ...။ ...ထယတွေကြားကပဲ တဖြည်းဖြည်း လေးနက်လာခဲ့တာ။

မင်း အဘိုးကို လိုက်ရှာတဲ့နေ့က မင်းမျက်နှာပေါ်က ...မိရိပ်တွေကို ကြည့်ရင်း ကိုယ်လည်း ထပ်တူထပ်မျှ စိုးရိမ်...တာ။

မင်း အဘိုးနဲ့အတူတူ ကနေတဲ့ ပုံကလေးက ကိုယ့်...ထဲကို နက်နက်ရှိုင်းရှိုင်း ဝင်ရောက်စွဲထင်သွားတော့တာ။

ဒါပေမယ့် မှုန်ရီခြယ် ...

မင်း ဟန်ဆောင်ကောင်းခဲ့တာ၊ ကိုယ့်အပေါ် မရိုး...ခဲ့တာတွေကို စဉ်းစားမိရင် ကိုယ် တကယ် ရင်နာရပါတယ်။

မင်းက မင်း ရည်ရွယ်ချက်အတွက်ပဲ လုပ်ဆောင်...ခဲ့တာဆိုပေမဲ့ ကိုယ့်ခံစားချက်တွေ၊ ကိုယ့်စကားတွေကို အရေး...မှု အတည်ယူမှာ မဟုတ်တာ ကိုယ်နားလည်ပါတယ်။

ကိုယ်ကတော့ တစ္ဆေဟာ မင်းမှန်းမသိခင်ကတည်း ...ပန်းရနံ့ကလေးနဲ့ ရယ်သံကလေးတွေကို မကြောက်ဘဲ နှစ်...ဝင်သာယာနေခဲ့မိတယ်။

မင်းရဲ့ တစ္ဆေယောင်ဆောင်တဲ့ လုပ်ရပ်ကို ဖော်ထုတ်...စဉ်းစားတိုင်း ကိုယ်ဝန်လေးနေခဲ့မိတာ ဘာကြောင့်လဲ ...။

...ယ် မစဉ်းစားချင်တော့ဘူး မှုန်ရီခြယ် ...။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းညိုသည် အတွေးများဖြင့် ဝေဝါးရှုပ်ထွေးလျ
ရှိချိန်တွင် အချိန်သည် ညဆီသို့ တရွေ့ရွေ့ ခရီးနှင်လျက်ရှိ
သည်။

ဒီနေ့မှာတော့ ညရောက်မှာ သူကြောက်နေသည်
နာရီလက်တံတွေကို ညနေ ငါးနာရီလောက်မှ
နှိုစီးရပ်တန့်ထားလိုက်ချင်ပါသည်။

♣ ♣ ♣



♠ ♠ ♠

ည။

သူ မရောက်ချင်သော ညသည် တရိပ်ရိပ် မှောင်
ာသည်။

အိမ်အတွင်းဘက်မှာတော့ ပလူတို့ ဟောက်သံက
ာ်မှန်မှန် ထွက်ပေါ်နေသည်။

ကျွန်းညိုကတော့ ဝရန်တာ ထောင့်ကွယ်လေးက
ာ်ပြတင်းနားမှာ ရပ်တန့်ရင်း မှုန်ရီခြယ်တို့ ခြံဘက်သို့ ရှူးစိုက်
ကြည့်လျက် ရှိသည်။

သိပ်မကြာပါ ... ။ မည်းမှောင်သော အဝတ်တစ်ခုကို
ခြုံထားသော အရိပ်တစ်ခုသည် မှုန်ရီခြယ်နှင့် စတွေ့ခဲ့သော
ခြံစည်းရိုးခြံကြားကို ဖြတ်လျက် ကျွန်းညိုတို့ ခြံဘက်သို့ ကူးလာ
နေတာကို တွေ့လိုက်သည်။

ဒါ ... မှုန်ရီခြယ်ပဲ ... ။



www.burmeseclassic.com

www.burmeseclassic.com

သူ ဝရန်တာဘက်ကို ကျောခိုင်းလိုက်ပြီး လှေကား ဆီ ဦးတည်လျှောက်လာခဲ့သည်။

ထိုခဏမှာ ပန်းရနံ့နှင့် ရယ်သံတိုးတိုးကို ကြား ရ သည်။

သူ့ခြေလှမ်းတွေ လှေကားအလယ်လောက်မှာ တုံ့ ရပ်နေမိသေးသည်။

သူ ခြံထဲကို ဆင်းသွားရမလား။

ခါမှမဟုတ် မသိချင်ယောင်ဆောင်ပြီး နေလိုက်ရ မလား။

ဟင့်အင်း ... သူ ဒီကိစ္စကို ဥပေက္ခာတော့ မပြုနိုင် ပါ။

မှုန်ရီခြယ် ဘာ့ကြောင့်ဒီလိုလုပ်ရသလဲဆိုတာ သိချင် သည်။

ဒီလိုလုပ်ရပ်ကို ရပ်တန်းက ရပ်လိုက်ဖို့ ပြောဆို ဖျောင်းဖျ နားချချင်သည်။

သူမကို မရိုးဖြောင့်သောသူ၊ သူတစ်ပါးကို လိမ်ညာ ခြောက်လှန့်နေသောသူ တစ်ယောက်အဖြစ် သူ မမြင်တွေ့လိုပါ။

သူ့ကို မချစ်လည်း နေပါစေတော့ ...

သူ့ကို မုန်းသွားလည်း ရှိပါစေတော့ ... ။

သူကတော့ သူမကို လမ်းမှားပေါ်မှာ မထားခဲ့ရက် နိုင်ပါ။





ဒီညမရောက်မီ တစ်နေ့တာအတွင်း သူမအကြောင်း တွေးစားရင်း သေချာလာခဲ့ရတာက သူ သူမကို ချစ်မိနေခြင်းပင်။

ချစ်ခြင်းကြောင့်ပင် ဥပေက္ခာ မပြုရက်နိုင်ခဲ့တာပင်။

ကိုယ်ချစ်သော သူတစ်ယောက်ကို ဖြောင့်မတ်စေချင် တာ၊ လမ်းဖြောင့်ဖြောင့် လျှောက်စေချင်တာ၊ မှားနေသည်များ ကို လမ်းပြ ပြုပြင်ပေးချင်တာတွေဟာ ချစ်ခြင်းမေတ္တာရဲ့ အပိုင်း အစကလေးတွေပင်။

သူမနဲ့ တွေ့ချင်တာ၊ သူမနဲ့ တွေ့ရင် ပျော်ရွှင်ရတာ၊ ချင် နောက်ချင်တာ ... စတဲ့ အသေးအမွှားကလေးတွေသာမက သူမဘဝကို စာနာ သနားတာ၊ နားလည်ပေးနိုင်တာ၊ ကူညီဖေးမ ဆိုတာ ... ။ ကောင်းရာမွန်ရာ ဖြစ်စေချင်တာ စတဲ့ အပိုင်းအစ အခဲလေးတွေ စုစည်းသွားသောအခါ လေးနက်သည့် ချစ်ခြင်း မေတ္တာ အစိုင်အခဲကြီးတစ်ခု ဖြစ်လာပါသည်။

မင်းကိုတွေ့ရင် ကိုယ့်စတိုင်လ်အတိုင်း မထိခလုတ်နဲ့ ပေါ့ပေါ့ပါးပါး စကားတွေ ပြောခဲ့ပေမယ့် ကိုယ့်ရင်ထဲမှာ ဘယ် လောက် လေးနက်တယ်ဆိုတာ မင်းဘာသာ အလိုလို နားလည် လာပါစေတော့ မှုန်ရီခြယ်။

ကိုယ်ကတော့ အမုန်းခံပြီးတော့ပဲ ဒီကိစ္စကို ဖော် ထုတ်ရပါတော့မယ်။

ကျွန်းညိုသည် လှေကားဆီမှ လေးပင်စွာ တစ်လှမ်း


www.burmeseclassic.com

www.burmeseclassic.com



ချင်း ဆင်းလာသည်။ ကိုယ့်ဘဝတစ်သက်တာမှာ ပထမဦးဆုံး လှမ်းမိသည့် အနေးဆုံး အလေးဆုံး ခြေလှမ်းတွေလည်း ဖြစ်သည်

သူ အိမ်နောက်ဘက် တံခါးကို အသံမမြည်အောင် ဖွင့်လိုက်သည်။ လရောင်ပျပျက အိမ်ထဲသို့ လှစ်ခနဲ ဝင်လာသည်

သူက တံခါးကို ဟရုံကလေး တွန်းဖွင့်ပြီး အိမ်ထဲ မှ ထွက်လာခဲ့သည်။

အိမ်ရဲ့နောက်ဘက် ခြံထဲမှာတော့ သူ့ကို နောက် ခိုင်းလျက် မြေပြင်ကို တူးဆွနေသော ပုံရိပ်တစ်ခု။

သူ ထိုပုံရိပ်ရဲ့နောက်မှာ အကြာကြီး တွေဝေရပ်တ နေမိသည်။

ထိုပုံရိပ်က လေးလံနှေးကွေးစွာပင် မြေပြင်ကို တူး နေသည်။

ညက အေးခဲမတတ် ချမ်းလှသည်။ ဦးထုပ်ဆောင်း မလာမိသဖြင့် သူ့နားရွက်တွေပင် အေးခဲမတတ်။

မှုန်ရီခြယ်ရယ် ...။

တော်ပါတော့ ...။ မင်း အေးလှပါပြီ။

တူးဆွသံသည် မှန်မှန်လေးလေး ထွက်ပေါ်နေဆဲ။ အေးစိမ့်ရှုးရှသော လေက ခပ်ကြမ်းကြမ်း ဝှေ့တိုက်လိုက်တာ တစ်ကိုယ်လုံး အေးစက်ထုံကျဉ်သွားသည်။ သွေးတွေ ခဲမတတ်ပင်။

ကျွန်းညိုသည် မျက်လုံးကို စုံမှိတ်လျက် အသက်ဝ ရှိုက်၍ ရှူလိုက်မိပြီး နောက်တွင် ...





"မှုန်ရီခြယ် ..."

သူ့ခေါ်သံက တိုးတိုးလေးပေမယ့် တိတ်ဆိတ်သော ညကို ခြောက်လှန့်လိုက်သလိုပင်။

သူ့ရှေ့က ပုံရိပ်သည် ရုတ်တရက် ငြိမ်သက်သွား၏။ တူးဆွသံသဲ့သဲ့က ရပ်တန့်သွား၏။

"ကိုယ်ပါ မှုန်ရီခြယ်၊ တော်လိုက်ပါတော့၊ မင်း ခရမ်း အေးနေပြီ၊ ကိုယ်တို့ စကားပြောကြရအောင်ပါ"

"မှုန်ရီခြယ်က ဒီမှာပါ ကိုကျွန်းညို ..."

သူမအသံ ထွက်ပေါ်လာတာက သူ့နောက်ဘက် ဆီမှပင်။

သူ အံ့အားသင့်လျက် နောက်သို့ ဂဏ်ညီကြည့်လိုက် တော့ အမည်းရောင် ကုတ်ကျိုရှည်ကြီးကို ဝတ်လျက် သူ့နောက် မှာ ရပ်တန့်နေသော မှုန်ရီခြယ့်ကို တွေ့ရပါသည်။

သူမအသံက ဆောင်းညနှင့်အပြိုင် အေးစက်နေ သည်။

"မှုန်ရီခြယ် ...၊ ဒါ ... ဒါဆို မြေတူးနေတာက ..."

"အဘိုးပါ ကိုကျွန်းညို၊ ခြယ်က အဘိုးကို လာစောင့်ပေး နေတာပါ"

"ဟာ ... ခုက္ခပါပဲကွာ၊ ဒီအသက်အရွယ် လူကြီး တစ် ယောက် ဒီလောက်အေးတဲ့ ညမှာ ဒီလိုလုပ်လို့ ဘယ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မလဲ၊ အရမ်းအေးပြီး လေတွေ ဘာတွေ ဖြတ်ကုန်တော့မှာပဲ"

"အဘိုးရဲ့ ဆန္ဒပါ ကိုကျွန်းညို၊ အဘိုးက သူလုပ်ချင်တာ လုပ်ရရင် နေကောင်းတယ်၊ မလုပ်ရရင် နေမကောင်းဘူး၊ အဘိုးအတွက် စိတ်က အဓိကပဲ"

မှုန်ရီခြယ်က အေးခဲစွာပြောပြီး မျောင်ထဲမှာ နာကျင်သော ရယ်သံတစ်ချက် ထွက်လာသည်။

"ဘာပဲပြောပြော ရှင် အရမ်းတော်ပါတယ် ကိုကျွန်းညို၊ ခြယ်တို့ မြေးအဘိုးရဲ့ သေးသိမ်နိမ့်ကျတဲ့ လုပ်ရပ်ကို ရှင် ဖော်ထုတ်နိုင်တယ်၊ ရှင့်ကို ချီးကျူးပါတယ်"

"ကိုယ်က လူစွမ်းကောင်းလုပ်ပြီး ဖော်ထုတ်တာမဟုတ်ဘူး မှုန်ရီခြယ်၊ မင်း ဘာလို့ ဒီလိုလုပ်ရတယ်ဆိုတာ ကိုယ် သိချင်တယ်၊ အကယ်၍ မင်းရဲ့ခံယူချက်တွေ မှားနေရင် ကိုယ် ပြောင်းဖျ နားချချင်တယ်၊ မင်းကို ဒီလို မရိုးမဖြောင့်တဲ့ ကိစ္စတစ်ခုခုနဲ့ ပတ်သက်နေတာမျိုး မဖြစ်စေချင်ဘူး၊ မင်းကို အမြဲဖြူစင်စေချင်တယ်၊ ကိုယ့်ရင်ထဲက မှုန်ရီခြယ်က ဖြူဖြူစင်စင်လေးပဲ"

မှုန်ရီခြယ်က နာကြင်ကြေမွစွာ ရယ်ပြန်သည်။

"ဒီလို လုပ်နေရတဲ့အတွက် မင်းစိတ်တွေ ဘယ်လောက် ပင်ပန်းမယ်ဆိုတာလည်း ကိုယ် နားလည်နိုင်တယ်၊ မင်း ဒီလို ဖန်တီးလုပ်ကြံခဲ့တာတွေဟာ တစ်စုံတစ်ရာ ပယောဂကြောင့် မလုပ်ချင်ဘဲ လုပ်ခဲ့ရတယ်လို့ ကိုယ် ယူဆတယ်"

"ရှင် သိပ်တော်ပါတယ်၊ ဒါပေမယ့် ရှင့်ရဲ့ တော်တတ်ပါးနပ်မှုတွေဟာ ကျွန်မကို နာကျင်စေတယ်၊ ကျွန်မရဲ့ ဒီလိုပုံကို ရှင် မမြင်စေချင်ဘူး၊ ရှင်ရှေ့က မှုန်ရီခြယ်ဟာ အမြဲ ရှင့်ကို စကားအနိုင်ယူပြောတတ်တဲ့ ထော်ငေါ် ကလိတတ်တဲ့ ပေါ့ပါးလန်းဆန်းတဲ့ မှုန်ရီခြယ်ပဲ ဖြစ်ချင်တယ်၊ ခုတော့ ရှင့်ရှေ့မှာ ကျွန်မက တရားခံတစ်ယောက်လို ခေါင်းငုံ့ သိမ်ငယ်နိမ့်ကျနေရမယ့် အဖြစ်မျိုးကို ရင်ဆိုင်ရပြီလေ ..."

"မင်း ဒီလိုမတွေးနဲ့ မှုန်ရီခြယ်၊ ကဲ ... ကိုယ်တို့ နောက်မှ အေးအေးဆေးဆေး စကားပြောကြမယ်၊ အခု အဘိုး အရမ်း အေးနေလိမ့်မယ်၊ အဘိုးကို ပြန်ပို့မှဖြစ်မယ်"

ကျွန်းညိုက သူမကို ပြောပြီး အဘိုးဘက်သို့ လှည့်လိုက်ရာ မြေပြင်ပေါ်မှာ တုံးလုံးလေး လဲနေသော အဘိုးကို တွေ့ရလေသည်။

"ဟင် ... အဘိုး ဘာဖြစ်သွားတာလဲ၊ မှုန်ရီခြယ် အဘိုး ဘာဖြစ်တာလဲ ..."

"အိပ်ပျော်သွားတာလေ၊ ဒီလိုပဲ မောလာရင် အိပ်ပျော်သွားတတ်တယ်"





www.burmeseclassic.com

www.burmeseclassic.com



"အမြဲ ဒီလိုပဲလား"

"ဟုတ်တယ် ... အဘိုး အိပ်ပျော်သွားရင် ကျွန်မက အဘိုးကို ကျောပိုးပြီး ပြန်တယ်"

"မင်း နိုင်လို့လား"

"နိုင်ပါတယ်၊ အဘိုး ခန္ဓာကိုယ်လေးက သေးသေးလေးပဲ"

သူမက အဘိုးဆီ လျှောက်သွားပြီး အဘိုးကို ထွေးလိုက်သည်။

"ဖယ် ... မှုန်ရီခြယ်၊ ကိုယ် လိုက်ပို့ပါမယ်"

သူ အဘိုးကို ကျောပေါ်တင်၍ ကုန်းပိုးလိုက်သည်။

"မင်း ရှေ့ကသွားလေ၊ ဓာတ်မီးပါတယ် မဟုတ်လား ကိုယ့်ကို လမ်းပြပေးဦး"

သူမက တစ်စုံတစ်ရာ စကားမဆိုတော့ဘဲ ရှေ့မှ သွားနှင့်တာမို့ သူက အဘိုးကို ကျောပိုးကာ နောက်မှလိုက်လာခဲ့သည်။

သူမတို့အိမ်ရှေ့ရောက်တော့ သူမက တံခါးသော့ဖွင့်၍ ဝင်သွားသည်။

သူ အဘိုးကို အဘိုးအိပ်ရာပေါ်ထိ လိုက်ပို့ပေးလိုက်သည်။ အဘိုးကို အိပ်ရာပေါ်သို့ ညင်သာစွာ ချပေးပြီး အဘိုးအခန်းက ပြန်ထွက်ဖို့ ခြေလှမ်းပြင်စဉ်မှာ အဘိုးအခန်းနံရံပေါ်က အလွန်လှပပြီး ဂုဏ်ဝင့်ထည်ဝါသော ဟန်ပန်ရှိသည့် ရှေးခေတ်





ဝတ်စုံ ဝတ်စားဆင်ယင်ထားသော အမျိုးသမီးတစ်ယောက်ရဲ့ ပုံတူ ပန်းချီကားချပ်ကြီးကို တွေ့လိုက်ရပါသည်။

ပန်းချီကားဟာ လူတစ်ရပ်အရွယ်အစားရှိပြီး အလွန်ကြွရွ အသက်ဝင်လှပါသည်။

"အဲ့ဒါ အဘိုးသိပ်ချစ်တဲ့ အဘွားပုံလေ"

မှုန်ရီခြယ်က ခပ်တိုးတိုးပြောပြီး အဘိုးအခန်းထဲမှ အရင်ထွက်သွားနှင့်သည်။

သူ အဘိုးအခန်းကို ပြန်လည်စေ့ပိတ်ပေးခဲ့ပြီး သူမ နောက်သို့ လိုက်လာခဲ့သည်။

သူမက အိမ်ရှေ့ နှင်းဆီပင်တွေနားက ခုံတန်းကလေးမှာ ထိုင်လျက် သူ့ကိုစောင့်နေခဲ့သည်။

လရောင် တစ်ဝက်တစ်ပျက်သည် သူမရဲ့ ခန္ဓာကိုယ် တစ်ခြမ်းပေါ်သို့ ပါးလျစွာ ကျရောက်နေခဲ့သည်။ သူမရဲ့ မျက်ဝန်းဆီမှာ အရည်ကြည်တို့ စိုလက်နေတာကို တွေ့မြင်ရတော့ သူ့စိတ်ထဲ နင့်သွားသည်။

ဘယ်လိုအကြောင်းတရားတွေ ရှိခဲ့ပါသလဲ မှုန်ရီခြယ်။

မင်း ရင်ဖွင့်ပြောပြရင် ကိုယ် နားထောင်ချင်ပါတယ်။

သူက သူမထံလျှောက်သွားပြီး သူမနံဘေးမှာ ဝင်ထိုင်မိသည်။ ဘာစကားမှတော့ မဆိုဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ သူမက လရိပ်ဖျဖျကို လှမ်း[illegible]
ကြည့်လိုက်ရင်း

"ရှင် သိပ်သိချင်နေမှာပဲနော်၊ ကျွန်မ ပြောပြပါမယ်"

♣ ♣ ♣



## တဒင်္ဂ ဖြစ်ရခြင်း အကြောင်းရင်း

www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

ဖေဖေနှင့် မေမေသည် ခြယ်အား 'မှုန်ရီခြယ်' ဟု နှစ်ဦးသဘောတူ ပညတ်ပေးခဲ့ပြီးနောက်တွင် ခြယ့်ဘဝနှင့် ဝေးရာသို့ လမ်းခွဲထွက်ခွာသွားခဲ့ကြပါသည်။

ခြယ် သိတတ်စ အရွယ်တွင် ခြယ့်ကို ပွေ့ပိုက်ထားလေ့ရှိသော လက်များသည် နှပျိုသူများ၏ လက်များမဟုတ်ကြောင်း သိလာရသည်။ ကြီးရင့်ခြင်း၏ အမှတ်အသားဖြစ်သော အရည်ပြားတချို့ လျော့တွဲစပြုပြီဖြစ်သော လက်များ။

ခြယ့်နံဘေးက ခြယ့်မိဘများဟု ယူဆထားမိသော သူနှစ်ဦးသည် ခြယ်နှင့်ရွယ်တူ သူငယ်ချင်းများ၏ မိဘများထက် ပို၍ ကြီးရင့်နေကြောင်း သတိပြုမိပြီးနောက်တွင် ဒါဟာ ခြယ့်အိုးဘိုးနှင့် ဘွားဘွားသာဟု နားလည်လာခဲ့ရသည်။

"ခြယ့် မေမေနဲ့ ဖေဖေက ဘယ်မှာလဲဟင်"

ဟု ခြယ်က ထက်သန်စွာ မေးမိလျှင် ဘွားဘွားက ငေးကြောက်နာထားတင်းတင်းဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"သေပြီ"

ဟု တုံးတိတိ ဖြေ၏။

ဘိုးဘိုးကတော့ ခြယ်အား ကြင်နာစွာ ထွေးဖွေ့ လိုက်ရင်း ...

"သူတို့က အဝေးမှာကွယ် ... အလုပ်လုပ်နေကြလို့ သမီး လေးဆီ ပြန်မလာနိုင်တာ၊ ဒါပေမယ့် သူတို့က သမီးလေး ကို သိပ်ချစ်ပါတယ်၊ အခု သမီးဝတ်နေတဲ့ အင်္ကျီလေးတွေ သမီး ကစားနေတဲ့ ကစားစရာတွေအားလုံးက သမီးဖေဖေ နဲ့ မေမေ ပို့ပေးတာလေ ..."

ဟု ကြင်နာစွာ ပြောတတ်၏။

ထိုအချိန်ကတည်းက ဘွားဘွားနှင့် ဘိုးဘိုး၏ ခြား နားမှုကို ခြယ် သိခဲ့ရ၏။

စိန်ရွှေ တလက်လက် ဝတ်ဆင်လျက် အိမ်မှာနေရင် ပင် ပိုးဖဲကတ္တီပါ အဝတ်အစားအကောင်းတွေ ဝတ်ဆင်ထားတတ် သော၊ မျက်နှာထားက အမြဲမာန်ချိုင့်ထည်နေတတ်သော ဘွားဘွား သည် ခြယ်က ပြောစကား ဆိုစကား နားမထောင်မိလျှင် ...

"အလကား ကောင်မလေး၊ အမေတူကလေးမို့ ဒီလောက် မိုက်လုံးကြီးနေတာ"

ဟု ဆူပူမာန်မဲတတ်၏။

ဘိုးဘိုးကတော့ ခြယ်ကို တစ်ခါမှ စကားမာမာ မပြောဖူးချေ။





ဘိုးဘိုးသည် ခြယ်ကိုမှမဟုတ်။ အိမ်ကအလုပ်သမား တွေကိုတောင် နူးနူးညံ့ညံ့ ပြောဆိုဆက်ဆံတတ်၏။ ဘွားဘွားက တော့ ဘယ်အရာကိုမှ စိတ်တိုင်းမကျလှဘဲ အလုပ်သမားတွေကို အမြဲ ဟိန်းဟောက်နေတတ်သူ ဖြစ်သည်။

ဘိုးဘိုးသည် ခြယ်ကို ဘွားဘွားဆူတိုင်း ...

"ကလေးကို ဒီလိုမပြောပါနဲ့ကွာ၊ ကလေးက ဘာသိမှာလဲ၊ လူကြီးတွေ အပြစ်ကို ကလေးဆီမှာ ပုံမချပါနဲ့၊ ကလေး သနားပါတယ်"

ဟု ပြောပြီး ခြယ်ကို ဘွားဘွားနှင့် ဝေးရာသို့ ခေါ်သွားတတ်၏။ ခြယ်ကို ပခုံးပေါ်တင်ထမ်းကာ ဘုရားပွဲဈေး တစ်ခုသို့ ဘိုးဘိုး ခေါ်သွားသောနေ့ကို ခြယ်က မမေ့ချေ။

ခြယ် အရမ်းပျော်ခဲ့၏။ ဘိုးဘိုး ပခုံးပေါ်မှာ ထိုင်ကာ ရောင်စုံဖောင်းရှည်ရှည်ကြီးတွေကို လှုပ်ယမ်းရင်း မုန့်ကြွပ်ချပ်ကြီးကို တဂျွမ်းဂျွမ်း ဖွဲ့ရွဲ့ကိုက်ဝါးရင်း မီးရောင်စုံတွေ၊ ရဟတ်တွေ၊ လူတွေ အများကြီးကြားမှာ လျှောက်သွားခဲ့ရသော ညတစ်ညမှာ ခြယ် အရမ်းပျော်ခဲ့ရလေသည်။

ခြယ်သည် ပွဲဈေးတန်းက အပြန်တွင် ပျော်ရလွန်း လို့ မောတောင်နေခဲ့၏။ ဗိုက်လေး နင့်အီနေအောင် အစားတွေ အစုံ စားခဲ့သဖြင့် ခြယ်သည် ငိုက်မြည်းလာ၏။

ဘိုးဘိုးသည် ခြယ်ကို ပခုံးပေါ်မှာ မှေးမှိန်စေလျက်



www.burmeseclassic.com

www.burmeseclassic.com



ချိုပိုးပြန်ခဲ့၏။ ခြယ်က ဘိုးဘိုးပခုံးပေါ် မေးတင်ရင်း မျက်လုံ
လေး မှေးမှိတ်ဇိမ်လုပ်ကာ လိုက်ပါလာ၏။

အိမ်သို့ရောက်လျှင် ဘွားဘွားရဲ့ ဆီးကြိုရန်တွေ့
က ခြယ့်ကို လှုပ်နှိုးလိုက်၏။

"ကိုဖေတင် … ရှင် ကလေးကို ကြပ်ကြပ် အလိုလို
ကလေးက တစ်နေ့ကျ သူ့အမေ လမ်းစဉ်ကို လိုက်လိ
မယ်၊ သူ့အမေလည်း ရှင်အလိုလိုက်လို့ ပျက်စီးတာ၊ ကို
မှာ ယောက်ျားရှိရက်နဲ့ တခြား ယောက်ျားနောက်ကို လို
သွားရဲ့တဲ့အထိ မိုက်လုံးကြီးတဲ့ သမီးမျိုးကို မွေးခဲ့ရတ
ကျွန်မကိုယ် ကျွန်မ မုန်းလိုက်တာ …"

"ဟာ … ယော့ … တိုးတိုးပြောပါ ငွေရုံရယ်၊ မြေးလေ
နိုးသွားပါဦးမယ်၊ သူ့ခမျာ သနားစရာပါကွာ …"

ဘိုးဘိုးရဲ့ တိုးလျှိုးသံကြောင့် ဘွားဘွားအသံ တိ
သွားသည်။ ခြယ်ကတော့ မျက်လုံးစုံမှိတ်ကာ အိပ်ချင်ယော
ဆောင်ရင်း အသံမထွက်အောင် ကျိတ်ရှိုက်လိုက်သည်။

ဘိုးဘိုးက ခြယ့်ကို အိပ်ရာထဲထိ လိုက်ပို့ပေး၏
ခြယ့်ကို အိပ်ရာပေါ်မှာ ညင်သာစွာချပေး၊ စောင်ဆွဲခြုံပြီး ခြယ့်
နဖူးကလေးကို နမ်းပြီးမှ ခြယ့်အခန်းထဲမှ ပြန်ထွက်သွားလေသည်။

ဘိုးဘိုးထွက်သွားသည်နှင့် ခြယ့်မျက်လုံးတွေ ဖျ
ခနဲ ပွင့်သွား၏။

ခြယ်သည် ဖြုန်းခနဲ ငုတ်တုတ် ထထိုင်လိုက်၏။





ပွင့်သွားသော ခြယ့်မျက်လုံးတွေသည် တစ်ညလုံး
မှိတ်တော့။ တစ်ညလုံးလည်း ပြန်မလဲလျောင်းမိတော့ …။

ထိုညက ခြယ် တစ်ညလုံး ငုတ်တုတ်ထိုင်ရင်း
ကြောင်ငေးနေခဲ့သည်။

ထိုညမှ စ၍ ဖေဖေနဲ့ မေမေ့အကြောင်း ဘယ်သူ့
ကိုမှ ခြယ် မမေးမိတော့ချေ။

ဘိုးဘိုးက အရုပ်ကလေးတွေ အင်္ကျီလေးတွေ ယူ
လာပြီး …

"ဒါ သမီးလေးဖို့ သမီး ဖေဖေနဲ့ မေမေ ပို့ပေးလိုက်တာ"

ဟုပြောလျှင်လည်း အရင်လို မပျော်ရွှင်မိတော့ …။
ဘိုးဘိုး ညာနေတာဟုသာ စိတ်ထဲမှ ပြန်ပြောနေမိသည်။

ခြယ်သည် ဘွားဘွားကိုလည်း ရွံ့ကြောက်ကြီး
ကြောက်လျက် ဘိုးဘိုးနားမှာသာ ကပ်နေတော့၏။

ဘိုးဘိုး မအားလျှင်လည်း သဘာကောင်းသည့်
ခေါ်ဆင်နှင့်အတူ ဆော့နေလိုက်၏။

ကလေးဘဝကတည်းက ခြယ့်ဘဝမှာ တွယ်တာ
အားကိုးစရာဆိုလို့ ဘိုးဘိုးတစ်ယောက်သာ ရှိသည်ဟု ခြယ်
ခံယူခဲ့သည်။ ဖေဖေနှင့် မေမေကိုရော ဘွားဘွားကိုပါ မချစ်ရဲ
တော့သော မွန်ရီခြယ်သည် ဘိုးဘိုးတစ်ယောက်ကိုသာ ပုံအောချ
ချစ်ခဲ့ရလေသည်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

"ဟဲ့ ... ငြိမ်းခင် ဒါဘာလုပ်နေတာတုန်း"

"ထမင်းစားနေတာပါ ဦးဦး"

"ထမင်းစားရင်လည်း ဖင်ငြိမ်ငြိမ် ထိုင်စားလေ၊ ဘာလို့ ဟိုဟာထလုပ် ဒီဟာထလုပ် လုပ်နေရတာလဲ"

"ဟို ... မေမေကြီး ခိုင်းထားတာလေးတွေ ပြီးအောင် လုပ်ချင်လို့ပါ"

"ဘာခိုင်းထားလို့လဲ ..."

"မီးဖိုခန်း ကြမ်းပြင် တိုက်ဖို့ရယ်၊ ရေဖြည့်ဖို့ရယ်၊ ပန်းကန်ဆေးဖို့ရယ် ..."

"ဩော် ... အဲဒါတွေက ပြီးမှလုပ်လေ၊ အခု နင့်ထမင်း နင် ဝအောင်စားလိုက်ဦး၊ ပြီးမှ ဆက်လုပ်ပေါ့"

"မေမေကြီးက ဒါပြီးမှစားလို့ မှာထားတာ၊ ကျွန်မ ဗိုက်ဆာလွန်းလို့ စားရင်း လုပ်မိတာပါ"





"အေး ... ဒါပေမယ့် နင်က ထမင်းတစ်လုပ် စားလိုက်၊ အလုပ်သွားလုပ်လိုက်ဆိုတော့ ငါမြင်ရတာ မသက်သာလိုက်တာ၊ ထမင်းသာ ဖြောင့်ဖြောင့်စားစမ်းပါ၊ ဒါနဲ့ ဘာဟင်းနဲ့ စားတုန်း"

ခြယ့် ဘိုးဘိုး စိုင်းထွန်းစံက ငြိမ်းခင်ရဲ့ ထမင်းဆုံထဲကို ငုံ့ကြည့်၍ မေးလိုက်သည်။

"ငါးပိ ... ငါးပိရည်နဲ့ စားပါတယ် ဘိုးဘိုး"

"ဩော် ... ငါးပိရည် တစ်မျိုးတည်းနဲ့ စားရသလား၊ ဟင်းလေး ဘာလေး ယူစားဦးလေ"

"ဟို ... မေမေကြီး ဆူ ..."

"စား ... စား၊ နင့်မေမေကြီး ဆူရင် ငါစားခိုင်းလို့ စားတာလို့ ပြောလိုက် ..."

ခြယ့်ဘိုးဘိုးသည် အယုတ်အလတ် အမြတ်မရွေး ကြင်နာငဲ့ညှာတတ်သူဖြစ်၍ အိမ်ဖော်မလေး ငြိမ်းခင် ထမင်းဖြောင့်ဖြောင့် မစားနိုင်ဘဲ အလုပ်လုပ်နေရတာကို သနားဂရုဏာသက်စွာ ပြောလိုက်ခြင်း ဖြစ်ပါသည်။

ဘိုးဘိုးသည် ငြိမ်းခင်ကိုမှ မဟုတ်၊ ဒေါ်ဆင်ကိုရော အိမ်က မာလီ ဒရိုင်ဘာတွေကိုပါ သနားကြင်နာစွာ ဆက်ဆံတတ်သူ၊ ပေးကမ်းရက်ရောတတ်သူ ဖြစ်သည်။

ဘွားဘွားကတော့ ကပ်စေးနဲသူ ဖြစ်ရုံသာမက အိမ်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားတွေကို မောက်မာစွာ ဆက်ဆံလေ့ရှိသူဖြစ်သည်။ မညှာမတာ စေခိုင်းတတ်သူဖြစ်သည်။ ထမင်းစားချိန်သော ဘာ သော မသိ သူခိုင်းသည့်အလုပ် မပြီးမချင်း အဓတ်ခံလုပ်စေချင် သူ ဖြစ်သည်။

ဘွားဘွားမှာ ရက်စက်တတ်သော နှလုံးသားရှိသည်။

ဘိုးဘိုးမှာ ကြင်နာတတ်သော နှလုံးသား ရှိသည်။

၉ နှစ် သမီးလေး ခြယ်သည် ထမင်းစားပွဲမှာထို ပြီး နွားနို့သောက်နေတာမို့ မငြိမ်းခင်နှင့် ဘိုးဘိုးရဲ့ ရီးရီးသားသာ စကားတွေကို ကြားနေခဲ့ရသည်။ ဘိုးဘိုးက မငြိမ်းခင်ကို ပြော တာနှင့် ခြယ့်အနား လာထိုင်ကာ ...

"သမီးလေး နွားနို့သောက်ပြီးရင် ဘိုးဘိုး သင်ပေးထား မင်္ဂလသုတ်ကို ပြန်ဆိုပြရမယ်နော်"

"ဟုတ်ကဲ့ ဘိုးဘိုး"

ခြယ်က ခေါင်းလေးညိတ်ပြတော့ ဘိုးဘိုးက ဖြ ရင်း ခြယ့်နှုတ်ခမ်းမှာ ပေနေသည့် နွားနို့စက်ကလေးကို လက်သုတ် ဝတ်နှင့် တို့သုတ်ပေးနေသည်။

ထိုခဏမှာ ဘွားဘွားက မီးဖိုချောင်ထဲ ဝင်လာကာ

"ဟဲ့ ... ငြိမ်းခင် ငါခိုင်းထားတာတွေ လုပ်ပြီးပြီလား"

"ဟို ... မပြီး ... မပြီး ..."

"ဟင် ... ကြည့်စမ်း၊ ညည်းက ထမင်းခိုးစားနေတယ်ပေါ့

လေ၊ အလုပ်ပြီးမှ စားရမယ်လို့ ငါပြောထားတယ် မဟုတ် လား"

"မိုက် ... မိုက်အရမ်းဆာလို့ပါ မေမေကြီးရယ်"

"ညည်းတို့တွေ ပြောလိုက်ရင် ဆင်ခြေချည်းပဲ"

"သူ့ခမျာ မိုက်ဆာလို့ စားတာ စားပါစေ ငွေရုံရယ်၊ စားပြီးရင် လုပ်မှာပေါ့"

ခြယ့်နားမှာ ထိုင်နေသော ဘိုးဘိုးက ပြေရာပြေ ကြောင်း လှမ်းပြောလိုက်တော့မှ ဘွားဘွားက မှိုခေါ်သထွက်လာ ရကာ ...

"ရှင် ဝင်မပါစမ်းပါနဲ့ ကိုဖေတင်၊ ရှင် ဒီလိုလုပ်နေလို့ အိမ်ကလူတွေအားလုံး စည်းကမ်းပျက်ကုန်တာ၊ ဟဲ့ ... ငြိမ်းခင် ညည်းက ငါ့စကားကို အရေးမစိုက်ဘူး၊ ကိုဖေတင့် စကားမှ အရေးစိုက်မယ်ဆိုတဲ့ သဘောလားဟင်"

ဘွားဘွားက ဒေါသတကြီး မေးရင်း မငြိမ်းခင်ရဲ့ လက်စ ထမင်းပန်းကန်ထဲ ငုံ့ကြည့်လိုက်သည်။

"ဟင် ... ကြည့်စမ်း ဒီဟင်းတွေက ညည်း ဘယ်သူ့ယူ စားခိုင်းလို့လဲ၊ အကျင့်ကိုက ... ညည်းတို့ အိမ်ဖော်တွေမှာ ဒီလိုပဲ ဟင်းခိုးစားတတ်တဲ့အကျင့်ကို ရှိတယ်"

"ဟို ... ဦးဦးက ... ဦးဦးက ယူစားဆိုလို့ ယူစားတာပါ မေမေကြီးရယ်၊ တစ်တုံးတည်း စားမိတာပါ၊ ဒီတစ်တုံးက







www.burmeseclassic.com

www.burmeseclassic.com



လည်း အသားတုံးမဟုတ်ပါဘူး၊ အရိုးမှာ အသားနဲ့ အရေ လေး ကပ်နေတာပါ၊ မယုံရင် ဒီမှာကြည့်ပါ”

“တိတ်စမ်း”

“အမေ့ ...”

“ချွမ်း ... ဂွမ်း ...”

မငြိမ်းခင်က သူ့ထမင်းပန်းကန်ကို မြှောက်ပြလိုက် ရာ ဘွားဘွားက ထိုပန်းကန်ကို လက်ဖြင့် ပုတ်ချလိုက်သဖြင့် ထမင်းစားခန်းထဲမှာ ထမင်းတွေ ဖိတ်စင်ကျသွားသည်။

ဘိုးဘိုးသည် အမြင်မတော်ဟန်ဖြင့် မတ်တတ်ထ ရပ်လိုက်ရင်း ...

“မင်း ဘယ်လိုလုပ်လိုက်တာလဲ ငွေရုံရယ်၊ နည်းနည်းဝါး ပါး စာနာစိတ်လေးထားဦးမှပေါ့၊ သူလည်း လူတစ်ယောက် ပဲဟာ၊ တိရစ္ဆာန်တောင်မှ အစာစားနေရင် စားနေတဲ့ ထမင်း ကို ပုတ်မချကောင်းပါဘူး”

ဘိုးဘိုးက လေပြေဖြင့် ပြောသော်လည်း ဘွားဘွား က ဆတ်ခနဲဖြစ်သွားကာ ...

“ရှင်က ငြိမ်းခင်ဘက်က ရှေ့နေလိုက်နေတာလား ကိုအေ တင်၊ ရှင်နဲ့ ငြိမ်းခင်က ဘယ်လိုပတ်သက်နေတာလဲ၊ ငြိမ်းခင်က ရှင့်ရဲ့ ဘာလဲ ...၊ ရှင့်ကို ကျွန်မ သံသယဖြစ်နေ တာ ကြာပြီ၊ ရှင့်ရဲ့ မေတ္တာ စေတနာ အကြင်နာတွေက





ငြိမ်းခင်အပေါ် ပြုဆင်းနေတော့တာပဲ၊ အိမ်ဖော်ကို အိမ်ဖော် နေရာ မထားဘဲ ရှင့်မိန်းမနေရာ ထားနေရင် ...”

“ငွေရုံ ...”

ဘိုးဘိုးရဲ့ အသံသြသြကြီးက ဟိန်းထွက်လာပြီး ဘွားဘွားကို ဆောင့်တွန်းပစ်လိုက်လေသည်။

ယိမ်းယိုင်လဲပြိုသွားသော ဘွားဘွားသည် ဒေါသ ဖြင့် ဆတ်ဆတ်ခါကာ အာခေါင်ခြစ်၍ အော်လိုက်၏။

“ရှင်က ရှင့်မယားငယ်ကိုထိလို့ နာတာလား၊ ရှင်နဲ့ အဲ့ဒီ အိမ်ဖော်မနဲ့ပဲ တန်တယ်၊ သွား ... သွား ... ရှင်တို့ ခုချက် ချင်း ကျွန်မအိမ်က ထွက်သွား ...”

ဘွားဘွားသည် အော်ရင်း ဂုန်းခနဲ ထပြေးလာကာ ဘိုးဘိုးကို ထုရိုက်အော်ဟစ် ငိုယိုလေသည်။ ဘိုးဘိုးသည် ဘွားဘွား ကို ဘာမှ တုံ့ပြန်မလုပ်ဘဲ ဘွားဘွားလက်တွေကို ဖမ်းချုပ်တွန်း ထုတ်ပစ်လိုက်ရင်း ...

“မင်း ငါ့ကို စော်ကားတာတွေ များနေပြီ ငွေရုံ ...၊ မင်း ငါ့ကို မလေးစား မရှိသေတာ၊ မောက်မာတာတွေအားလုံး ကို ငါ ခေါင်းငုံ့ခံခဲ့ပေမယ့် ငြိမ်းခင်ကို ရှေ့ထားပြီး ငါနဲ့ စွပ်စွဲတာတော့ ငါ လုံးဝသည်းမခံနိုင်တော့ဘူး၊ ငါ ငြိမ်းခင် အပေါ် ဘယ်လို မရိုးသားစိတ်မှ မရှိဘူး၊ ငြိမ်းခင်ပဲဖြစ် ဖြစ် ဒေါ်ဆင်ပဲဖြစ်ဖြစ် တခြား ဘယ်အလုပ်သမားပဲဖြစ် ဖြစ် လူတစ်ယောက်အပေါ် ထားသင့်တဲ့ စာနာစိတ်မျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပဲ ငါဆက်ဆံတယ်၊ မင်း လူကို လူလို့သဘောမထား
ချိုးနှိမ်ဆက်ဆံနေတာတွေကိုလည်း ငါ အမြင်မတော်
အကြားမတော်ဘူး ...”

“ရှင့်ဟာမကို ပြောတာ မကြိုက်ရင် ရှင် ခုထွက်သွား

“သွားမှာပါ၊ မင်းမနှင်လည်း သွားမှာပါ”

“သွား ..., သွား ... ရှင်နဲ့ပတ်သက်တာတွေ အားလုံး
မြှုပ်ပစ်လိုက်မယ်”

“ကောင်းပြီ ... ဒါပေမယ့် ငါ့မြေးတော့ ငါခေါ်သွားမယ်

“ခေါ်သွား ... ခေါ်သွား၊ ရှင် ဖျက်ဆီးလို့ ညည်းကမ်းပျ
နေတဲ့ အမေတူ သမီးကို ရှင်ပဲခေါ်သွား”

ဘွားဘွားက အာခေါင်ခြစ်၍ အော်လိုက်သ
ခြယ် လန့်တုန်သွားသည်။ ဘိုးဘိုးက တုန်ရင် ရှိုက်ငင်လိုက်ေ
ခြယ့်ကို ပွေ့ချီလျက် အိပ်ခန်းဘက်သို့ လျှောက်သွားသည်။

ဘိုးဘိုးက ဗီရိုဖွင့်ကာ အဝတ်အစားတွေ ထည့်
နေဆဲ ဘွားဘွားက အခန်းထဲသို့ ဝုန်းဒိုင်းကျဲ ဝင်လာကာ ...

“ရှင့်လက်ထဲက အဲ့ဒီပစ္စည်းကို ပြန်ချလိုက်စမ်းပါ ကို
တင်၊ အဲ့ဒီ သိုးမွေးအင်္ကျီက ကျွန်မလက်နဲ့ ထိုးပေးထာ
တာ၊ အဲ့ဒီ မာဖလာ အဲ့ဒီ ခေါင်းစွပ် အားလုံး ကျွန်မလ
ရာချည်းပဲ၊ ရှင်နဲ့ ပတ်သက်တဲ့ အဲ့ဒီပစ္စည်းတွေအားလုံ
ကျွန်မ မြေမြှုပ်ပစ်လိုက်မယ်”





ဘွားဘွားသည် ဒေါသတကြီးပြောရင်း အဘိုးလက်
ထဲက ပစ္စည်းတွေကို ဆောင့်ဆွဲလုရာ အဘိုးက အံတင်းတင်းကြိတ်
ရင်း ...

“ကောင်းပြီ ... ငါလည်း မင်း အငွေ့အသက်မကင်းတဲ့
ပစ္စည်းတွေကို ယူမသွားချင်ပါဘူး၊ ငါ့မိဘ အမွေပေးခဲ့တဲ့
ရွှေငွေပစ္စည်းလောက်ပဲ ယူသွားမှာပါ၊ စည်းစိမ်ဥစ္စာအပြည့်
မာနအပြည့်နဲ့ မင်း ပျော်ပျော်ကြီး နေရစ်ခဲ့ပါ”

ဘိုးဘိုးသည် ပစ္စည်းတချို့ကို ထည့်သိုလိုက်ပြီး ခြယ့်
လက်ကိုဆွဲကာ အိမ်ပေါ်မှ ဆင်းခဲ့လေသည်။

ပထမတော့ ဘိုးဘိုး မိဘတွေ ခြံဟု ခြယ်သိထား
သော ခြံထဲက အိမ်ကလေးမှာ ခြယ်တို့ မြေးအဘိုး နေကြသည်။
နောက်မကြာခင် ဒေါ်ဆင်ကလည်း ဘွားဘွားဒဏ် မခံနိုင်တော့
သဖြင့် ခြယ်တို့မြေးအဘိုးနှင့် အတူလာနေခဲ့သည်။

ဒေါ်ဆင်က ပြောပြသည်မှာ ...

“မေမေကြီးကလေ ဘိုးဘိုးရဲ့ အနွေးထည်တွေ၊ မာဖလာ
တွေနဲ့ ဦးထုပ်ဟောင်းတချို့ကို သံသေတ္တာလေးထဲ ထိုး
သိပ်ထည့်နေတာ ဒေါ်ဆင်မြင်လိုက်ရတယ်၊ တစ်နေ့တော့
အိမ်က အိမ်ဖော်ကောင်မလေးတစ်ယောက်က ဒေါ်ဆင့်ကို
ပြောပြတယ်၊ မေမေကြီးရယ် ညဘက်ကြီး သေတ္တာတစ်လုံး
ကို မ,ပြီး ခြံထဲဆင်းသွားတယ်တဲ့၊ တူရွင်းတွေ ပေါက်တူး



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ယူသွားတယ်တဲ့၊ သူကတော့ မမေကြီး
ကြောက်လို့ ဆင်းမကြည့်ရဲဘူးတဲ့"

ဘိုးဘိုးကတော့ အဝေးသို့ ငေးကြည့်
ဒေါ်ဆင့် စကားတွေကို နားထောင်နေခဲ့သည်။ ဘာမှတော့
မပြောခဲ့ပေ။

အဲဒီနောက်တော့ ဘိုးဘိုးက ခြယ်တို့ ဘွားဘွား
ကပ်လျက်က ဘေးခြံကို ဝယ်ယူလိုက်သဖြင့် ခြယ်တို့ ပြောင်း
လာခဲ့ရသည်။

ခြံတွေက အကျယ်ကြီးတွေ၊ တစ်ဖက်ခြံနှင့်
ဖက်ခြံကြားမှာ သစ်ပင် ချုံနွယ်တွေလည်း ရှိသဖြင့် တစ်ခြံ
တစ်ခြံ ကင်းကင်းရှင်းရှင်းနေနိုင်သည်။

မကြာမီ အဘွားဆုံးသည်ဟု သတင်းကြားရ
ရန်ကုန်သွား၍ ဆေးရုံတက်ရင်း ဆုံးသဖြင့် ရန်ကုန်မှာပင် သ
လိုက်ရကြောင်း အားလုံးပြီးစီးမှ သိရသဖြင့် အသုဘတောင်
လိုက်ရချေ။

အဘွားဆုံးသည့် သတင်း ကြားရသည့်နေ့မှ
တစ်လလောက်အထိ အဘိုးက စကားလည်း မပြော၊ အပြင်လည်း
မထွက်တော့ဘဲ သူ့အခန်းထဲမှာပင် တိတ်ဆိတ်နေခဲ့သည်။

အဲဒီအချိန်တုန်းကတော့ တစ်ယောက်နဲ့တစ်ယော
ရန်သူကြီးများပမာ ရန်ဖြစ်ပြီး ကွဲကွာလာခဲ့ပြီးဖြစ်သော အဘွား
အတွက် အဘိုး ထိခိုက်ခံစားရလိမ့်မည်ဟု ခြယ် မထင်ခဲ့...





မှုန်ရီခြယ်သည် ထိုအချိန်က အချစ်ဆိုတာကို နား
လည်သေးသော ကလေးတစ်ယောက်သာ ဖြစ်ခဲ့လေသည်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

အဘွားဆုံးပြီးနောက်တွင် အဘိုးသည် သိသိသာသာ စကားနည်းသွားတော့သည်။ ခြယ်ကို ကြင်နာမြဲ၊ ဂရုစိုက်မြဲ ... သော်လည်း အဘိုး အရင်ကလောက် စကားမပြောတော့ ... အရယ် အပြုံးနည်းသွားတာကို ခြယ် သတိပြုမိခဲ့သည်။

အဘိုး၏ လှုပ်ရှားမှုတိုင်းသည် စက်ရုပ်ဆန်လာ ... ပတ်ဝန်းကျင်နှင့်လည်း သိပ်အဆက်အဆံ မလုပ်တော့ချေ။

ခြယ်သည် အဘိုးနှင့်အတူ နေထိုင်ကြီးပြင်း လူလာ ... မြောက်လာခဲ့ပြီးနောက်တွင် အဘိုး၏ ခြံလုပ်ငန်းကိုပင် ဆက်လ ... ဦးစီးပေးခဲ့၏။

အသက်ကြီးရင့်လာပြီဖြစ်သော အဘိုးသည် စကား ... များများ ပြန်ပြောစပြု၏။ အဘိုးပြောသော အကြောင်းအရာ ... ဟာ အဘွားအကြောင်းချည်းသာ။ အဘိုးသည် အဆင်မပြေသော ... ကာလတစ်ခုကို မေ့ထားကာ ငယ်စဉ်က အကြောင်းများကို ... ခဏခဏ အားရပါးရ ပြောတတ်၏။





"နင့်အဘွား ငယ်ငယ်တုန်းက သိပ်လှပြီး သိပ်ချစ်စရာ ကောင်းတာ မြေးရဲ့၊ မျက်နှာကလေးဆိုလည်း ပြုံးကြည်နေ တာပဲ၊ သူ့မျက်လုံးကလေး ဝှဲပြီးတော့များ ငါ့ကိုကြည့် လိုက်ရင်လေ ငါ့ရင်ထဲမှာ လျှပ်စစ်တွေကို လှုပ်သွားတာပဲ"

အဘိုး၏ ကလေးကလား စကားတွေကြောင့် ခြယ် အံ့ဩမိသော်လည်း နောက်တော့ 'အဘိုး သူငယ်ပြန်တာပဲ ဖြစ်မှာပါ' ဟု နားလည်လာမိသည်။

အဘိုး အဲ့ဒီလို စကားတွေပြောတိုင်း ခြယ်က စိတ်ရှည်လက်ရှည် နားထောင်ပေးမိ၏။

ခြယ်သည် အဘိုးကို ချစ်သောစိတ်ဖြင့်ပင် ဘဝမှာ စိတ်ညစ်စရာတွေ ရှိခဲ့လည်း ပေါ့ပါးပျော်ရွှင်စွာ နေတတ်ခဲ့၏။

အဘိုး တဖွဖွပြောသည့် အဘွားအကြောင်းတွေဟာ တစ်နေ့ တစ်မျိုး မရိုးစေရပေ။ ခြယ်သည် အဘိုးစကားတွေကို နားထောင်ရင်း ပျော်တောင်ပျော် လာ၏။ အဘိုးနဲ့ ခြယ်နဲ့ ရွယ်တူ သူငယ်ချင်းတွေလို ဖြစ်လာ၏။

"နင့်အဘွားကလေ လှပေမယ့် နည်းနည်းတော့ စိတ်ပုပ် တယ် မြေးရဲ့၊ ဒေါသကလည်း ကြီးမှကြီး၊ ငါ့မှာ သူပြော သမျှ အမြဲ ခေါင်းငုံ့ခံရတာ၊ သူ ဒေါသမကြီးတဲ့အချိန်တွေ ကျရင်တော့ ချစ်ဖို့ကောင်းပါတယ်"

"အဘွားနဲ့အဘိုး ဘယ်လိုချစ်သွားကြတာလဲ ပြောဦးလေ"



www.burmeseclassic.com

www.burmeseclassic.com

“ငါက ချစ်ပေမယ့် မပြောရဲဘူးပေါ့ဟာ၊ သူ့ကို အလုသွား သွားကြည့်နေရတာပေါ့၊ သွားကြည့်ပြီး လှည့်ပြန်ပေါ့၊ အဲ လိုနဲ့ နှစ်နဲ့ချီ ကြာလာတာပေါ့၊ တစ်နေ့ကျတော့ နှင့်အဘွား က ငါ့ရှေ့မှာ ခါးထောက်ရပ်ပြီး ဒီမှာ ကိုဖေတင် ရှင် ဒီလိုချည်း လုပ်နေရင် ကျွန်မ ယောကျ်ားယူပစ်လိုက်တော့ မယ်တဲ့၊ အဲ့ဒါနဲ့ အဘိုးလည်း သူ တခြားယောကျ်ားနဲ့ ယူသွားမှာစိုးတာနဲ့ အဲ့ဒီညမှာပဲ ခိုးပြေးလာခဲ့ရတာ...”

အဲဒီလို စကားတွေပြောနေလျှင် အဘိုးပုံစံက လူ ပေါက်ကလေးလို ဖြစ်လာတတ်၏။ ပြောရင်း တဟိဟိလည်း ရယ်လိုက်သေး၏။ အဘိုးသည် အကြောင်းအရာတစ်ခုကို အ ကြောင်းထပ်အောင် ပြောတတ်၏။ သူပြောပြီးသားကို ပြော သားမှန်း မမှတ်မိ၊ ခြယ်ကလည်း အဘိုး အခါခါထပ်ပြောလည်း ‘ပြောပြီးသားလေ’ ဟု မပြော၊ မညည်းမညူ နားထောင်ပေး၏။ တစ်ခါတစ်ခါတော့လည်း နားထောင်နေရင်း ငိုက်ငိုက်သွားတ ၏။ အကြောင်းအရာသစ်ဆိုလျှင်တော့ ခြယ်က အိပ်ချင်နေတာ တောင် မျက်လုံးအတင်းပြူးထားပြီး နားထောင်မိ၏။

“ယူလည်းပြီးရော ညည်းအဘွားက မင်းသမီးခေါင်းပြုတ် ဘီလူးမခေါင်း ပေါ်လာတော့တာပဲဟေ့၊ သူက ငါ့ကို နိုင်ရမှ ကျေနပ်တယ်၊ ဘာမဆို သူသိသူတတ်၊ အဘိုးပြော သမျှ ပယ်ချတယ်၊ သူသာ အိမ်ထောင်ဦးစီး၊ သူသာ





စီးပွားရေးလုပ်ငန်းရှင်၊ အဘိုးမှာတော့ အဘိုး မိဘလက် ထက်က ထားခဲ့တဲ့ ခြံထဲ သွားလိုက်၊ အိမ်ပြန်လာပြီး ကလေးထိန်းလိုက်နဲ့နေနေရတာ၊ သူကတော့ ကိုယ့်ကလေး ကိုယ် နို့တိုက်ဖို့တောင် အချိန်မရှိလို့တဲ့၊ နို့ဘူးပဲ တိုက်တာ”

အဘိုးစကားတွေကို နားထောင်ရင်းပင် ခြယ်သည် အဘိုးနဲ့ အဘွားရဲ့ ဓာတ်လမ်းကို ရုပ်ရှင်ပြကွက်များပမာ မြင် ယောင်ကြည့်မိ၏။

အဘိုးသည် တစ်ခါတစ်ခါ နူးညံ့ဆွတ်ပျံ့နေကာ...

“ငါတို့ညားခါစကလေ နှင့်အဘွားက ငါ့အတွက် မာဖလာ လှလှလေးရယ်၊ ဆွယ်တာရယ်၊ ခေါင်းစွပ်ဦးထုပ်လေးရယ် ကို သူကိုယ်တိုင် သူ့လက်ချောင်းသွယ်သွယ်လေးတွေနဲ့ ထိုးပေးတာ၊ မာဖလာ အနီနဲ့ အနက်ကွက်လေး၊ ဆွယ်တာ က မီးခိုးရောင် ဆန္ဒင်းမကင်းကွက် ပုံစံလေးတွေနဲ့၊ ဦးထုပ် က အဖြူဆွတ်ဆွတ်လေး၊ အဘိုးလေ အဲ့ဒီပစ္စည်းတွေကို အဘိုးအသက်တမျှ ချစ်မြတ်နိုးခဲ့တာ၊ ဒါပေမယ့် သူက အဲ့ဒီပစ္စည်းတွေကို မြေမြှုပ်ပစ်မယ်တဲ့လေ”

“အလကားပြောတာနေမှာပါ အဘိုးရယ်၊ အဘွားက ဒီလို တော့ လုပ်ရက်မယ် မထင်ပါဘူး”

“သူ့အကြောင်း ငါအသိဆုံးပဲ၊ အသိဆုံးပဲ၊ သူ့မှာ အဲဒီလို မြေမြှုပ်တတ်တဲ့အကျင့် ရှိတယ်၊ သူ့ပစ္စည်းတွေ ငါမသိ



www.burmeseclassic.com

www.burmeseclassic.com

အောင် သိမ်းချင်ရင် သေတ္တာ သေးသေးလေးထဲထည့်ပြီး မြေမြှုပ်၊ မြှုပ်တဲ့နေရာကို မြေပုံဆွဲပြီး မှတ်ထားတာ၊ တစ်ခါ တုန်းက သူဆွဲပြီး သိမ်းထားတဲ့ မြေပုံကို ငါတွေ့လို့ သူမရှိတုန်း သွားဖော်ကြည့်တော့ သူ ရွှေတို ရွှေစလေး ထည့်မြှုပ်ထားတာ တွေ့တာပဲ၊ နောက်တော့ သူလည်း ငါ နေရာသိမှန်း သိသွားပြီး နေရာပြောင်းမြှုပ်ပစ်လိုက် တာ ...”

အဘိုးက သူ မြတ်နိုးသည့် ပစ္စည်းတွေကို အသွား မြေမြှုပ်ပစ်လိုက်ပြီဟုသာ စိတ်စွဲနေ၏။ ဒေါ်ဆင်ကလည်း မြေမြှုပ် သည့်ကိစ္စကို ပြောပြထားသဖြင့် အဘိုးထင်တာလည်း ဖြစ်နိုင် တာပဲဟု ခြယ် တွေးမိ၏။

တစ်နေ့တော့ အဘိုးက ကြုံကြုံပါအောင် ငိုချ၏

“ငါ့ပစ္စည်းတွေ၊ ငါ့ပစ္စည်းတွေ ငါ့အသက်လောက် တန်ဖိုး ရှိတဲ့ ပစ္စည်းတွေ၊ ငါလိုချင်တယ်၊ ငါပြန်လို ချင်တယ် ပြန်ရှာတူးပေး၊ ပြန်ရှာတူးပေး”

ဟု ကလေးတစ်ယောက်လို ပူဆာလေသည်။

“သူပေးခဲ့တဲ့ ပစ္စည်းတွေရှိမှ ငါ အသက်ရှင်လို့ရမှာ၊ မ ရင် ငါသေလိမ့်မယ်၊ မြေးရေ... နင် ငါ့ကိုပြန်ရှာပေးနော်”

အဘိုးသည် သူ့ပစ္စည်းတွေကို စွဲလန်းစိတ်ဖြင့် မအိပ် နိုင် မစားနိုင် ဖြစ်လာ၏။ ညဆိုလည်း တရေးနိုး ထအော်ပူဆာ ၏။ ငိုကြွေး၏။





ခြယ်သည် အဘိုးဆန္ဒပြည့်အောင် ဘာမှလည်း လုပ် မပေးတတ်။ တစ်ဖက်ခြံကြီးမှာလည်း အဘွားမရှိတော့ကတည်းက ပိုင်ရှင်အဆင့်ဆင့်ပြောင်းသွားခဲ့ပြီ။ သူများခြံထဲ ဝင်တူးရှာဖွေဖို့ လည်း မလွယ်ချေ။

ခိုက်ခိုက်တုန်အောင် ချမ်းအေးလှသော ဆောင်းည တစ်ညမှာတော့ ခြယ် တရေးနိုးလာချိန်မှာ အဘိုး၏ အခန်းဘက် သို့ သွားကြည့်ခဲ့မိ၏။

အဘိုးကို အခန်းထဲမှာ မတွေ့ရသဖြင့် အိမ်ထဲအနှံ့ ရှာဖွေပါသော်လည်း အဘိုးက ထူးဆန်းစွာ ပျောက်ဆုံးနေလေ သည်။

ခြယ်သည် အံ့သြထိတ်လန့်လျက် ဒေါ်ဆင်ကို လှုပ် နိုးသော်လည်း ဒေါ်ဆင်က ‘အင်း ... အဲ’ အသံပေးရုံသာ ပေးပြီး ပြန်လည်အိပ်မောကျသွားသည်။

ခြယ်က ဒေါ်ဆင်ကို နှိုးဖို့ လက်လျှော့လျက် ခြံထဲ ဆင်းကြည့်ဖို့ အိမ်ရှေ့တံခါးဘက် ထွက်လာတော့မှ တံခါးက ပွင့်နှင့်နေတာကို တွေ့လိုက်ရလေသည်။

ခြယ်သည် အဘိုးကို တကြော်ကြော်အော်ခေါ်ရင်း ခြံထဲအနှံ့ လိုက်လံရှာဖွေရသည်။ ဓာတ်မီးဖြင့် ဟိုဒီ အနှံ့ထိုးရင်း အဘွားတို့ခြံဘက်သို့ကူးသော ခြံစည်းရိုး သစ်ပင်များ ကျိုးပဲ့ပျက်စီး ပျက်နေတာကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြယ်သည် ထိုခြံစည်းရိုးပျက်ကို ရပ်တန့်ကြည့်ရင်း ရုတ်တရက် တိတ်ဆိတ်ကြောက်ရွံ့သွားခဲ့ရသည်။

အဘိုး ... ဟိုးဘက်ခြံကို ကူးသွားတာလား ... အေးစက်မှောင်မိုက်တဲ့ ဒီလိုညမျိုးမှာ အဘိုး ဘာ့ကြောင့် ဟိုဘ ခြံကို ကူးသွားရပါသလဲ။ အဖြေဟာ တစ်ခုပဲရှိသည်။ အသု မြှုပ်ခဲ့တဲ့ ပစ္စည်းတွေကို သွားရှာတာပဲဖြစ်မှာ သေချာသည်။

ခြယ်သည် ကြောက်ရွံ့သော်လည်း အားတင်း ထိုခြံစည်းရိုးကို တိုးဝှေ့လျက် တစ်ဖက်ခြံသို့ ကူးလာခဲ့သည်။

ညက အေးစက်သည်။ အချိန်က ညဉ့် တစ်နာ လရောင်လည်း မရှိ၊ ပတ်ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်နေသည်။ တစ်ဖက်ခြံရှိ အိမ်ကြီးတစ်အိမ်လုံး မီးမှိတ်တိတ်ဆိတ်နေသည်။

ခြယ်သည် ဓာတ်မီးကိုလည်း ခဏခဏ မထိုးရဲ ထိုခြံထဲသို့ တရွေ့ရွေ့ လျှောက်ဝင်လာသည်။ တကယ့်ကို အမှော ထဲမှာ စမ်းတဝါးဝါး ... ။ ခွေးများ ရှိလိုက်လို့ကတော့ ပြေးအော ခံလိုက်ရလျှင် ပြေးလမ်းတောင် သိမှာမဟုတ်။ ဒီအတိုင်း အကိုက် ခံလိုက်ရဖို့ပဲ ရှိတော့သည်။

ခြယ်က ခြံထဲတစ်နေရာမှာ ရပ်တန့်လျက် အသံ ဗလံတွေကို နားစွင့်ကြည့်မိသောအခါ ...

"ချွတ် ... ဖွပ် ... ဒုတ်"

"ဟင် ..."





မှောင်ထဲမှ သဲ့သဲ့ကြားလိုက်ရသော အသံကြောင့် ခြယ့်တစ်ကိုယ်လုံး ကြက်သီးတွေ ဖြာခနဲ ထသွားသည်။

ရှေ့နား မလှမ်းမကမ်းဆီမှ ထွက်ပေါ်လာသော အသံက မြေကြီးကို တူးဆွနေသလို အသံမျိုး။ အသံက ခပ်လေး လေးနှေးနှေး။

ခြယ်သည် မှောင်ထဲမှာ မည်းမည်းရိပ်ရိပ်သာ မြင်ရသော အိမ်ကြီးကို တစ်ချက်လှမ်းမော့ကြည့်လိုက်ပြီးမှ ...

အံတစ်ချက်ကြိတ်၊ အံရဲစွန့်လျက် ...

အသံလာရာ နေရာဆီသို့ ဓာတ်မီးဖြင့် လှမ်းထိုး ကြည့်လိုက်မိရာ ...

စောင်ခေါင်းမြီးခြုံထားပြီး ငုတ်တုတ်ထိုင်လျက် တူရွင်းကိုင်ထားသော လူရိပ်တစ်ခု ... ။

ထိုသူက ခဏငြိမ်နေပြီးမှ အလင်းရောင် လာရာ ဘက်သို့ လက်ဖြင့်ကွယ်လျက် ခပ်ဖြည်းဖြည်း လှည့်ကြည့်လိုက် ပါသည်။

"ဘိုးဘိုး ..."

ခြယ်သည် ခြယ့်ဘိုးဘိုးကိုအတွေ့မှာ အံ့သြဆို့နင့် လျက် အဘိုးဆီ ပြေးသွားထွေးပွေ့လိုက်ရင်း ...

"ဘိုးဘိုး ... ဘာလို့ ဒီလိုလုပ်ရတာလဲ ဘိုးဘိုးရယ်၊ ဒုက္ခ တွေတော့ ရောက်ကုန်တော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာလို့ ဒုက္ခရောက်ရမှာတုန်း၊ ငါ့ဘာသာ ငါ့ပစ္စည်း
လာရှာတာ"

"ဒီလိုလုပ်လို့ မရဘူးလေ အဘိုးရယ်၊ ခု ဒီခြံက ဘိုး
ခြံလည်း မဟုတ်ဘူး၊ ဘွားဘွားခြံလည်း မဟုတ်ဘူး
သူများပိုင်တဲ့ ခြံထဲက မြေကြီးကို ဒီလိုလာတူးလို့ မရ
လေ"

"နင် ရှာမပေးတော့ ငါ့ဘာသာ ရှာရတာပေါ့"

"အဘိုးရယ် ... ဒီလောက်အေးတဲ့ ရာသီ ဒီအချိန်ကြီး
အဘိုး တစ်ယောက်တည်း ဒီလိုလုပ်ရင် သွေးခဲပြီး သေ
သွားလိမ့်မယ်၊ ဒီအိမ်ရှင်တွေ နိုးလာရင်လည်း ပြဿ
တက်မယ်၊ လာပါ ... ပြန်ကြရအောင်ပါ"

"မပြန်ပါဘူး၊ ငါ့ပစ္စည်းတွေ့မှ ပြန်မှာပေါ့"

အဘိုးက ပြောပြောဆိုဆို တူရွင်းဖြင့် ဆက်တူးလို
သည်။ ခြယ်က အဘိုးလက်ထဲက တူရွင်းကို ပြန်လုထားရင်း

"မလုပ်ပါနဲ့ အဘိုးရယ်၊ ခြယ် ကြောက်လို့ပါ၊ သွား
ရအောင်ပါ"

"မသွားပါဘူး"

အဘိုးက သူ့တူရွင်းကို ဖွတ်ပြန်လုပြီး ဆက်တူး
နေသောအခါ ခြယ့်မှာ ဘာလုပ်ရမှန်းမသိတော့ဘဲ အဘိုးကို
စောင့်ပေးနေလိုက်ရသည်။





ခဏကြာမှ ခြယ် အကြံရကာ ...

"အဘိုး ဒီနေ့တော့ တော်လိုက်ပါတော့ နော်၊ နောက်နေ့ကျမှ တစ်ခါလာတူးမယ်လေ၊ အဲဒီအခါကျ ခြယ်လည်း အဖော်လိုက်ပြီး ကူတူးပေးမယ်လေ ..."

"တကယ်လား ..."

"တကယ်ပေါ့ ဘိုးဘိုးရဲ့၊ ခြယ် မညာတတ်တာလည်း ဘိုးဘိုး သိပါတယ်"

"အေး ... ဒါဆိုလည်း ပြီးရော၊ ငါလည်း ချမ်းလှပြီ၊ ပြန်မယ်၊ နောက်ညတွေကျ မတွေ့မချင်း ညည်း အဖော်လိုက်ပေးရမှာနော်"

"စိတ်ချ ဘိုးဘိုး"

ခြယ်က ဘိုးဘိုးကို နားချပြီး သဘောတူညီချက်ယူနေဆဲမှာ အိမ်ကြီးဆီက မီးတွေ လင်းလာတာကို လှမ်းမြင်လိုက်ရလေသည်။

"ဟာ ... ဟိုမှာ အိမ်သားတွေ နိုးလာပြီ ဘိုးဘိုး၊ ခြယ်တို့ကို တွေ့ရင် ဒုက္ခရောက်တော့မယ်၊ လာ ... လာ ပြန်ကြရအောင်"

"အို ... ကိုယ့်ပစ္စည်း ကိုယ်ရှာတာ ဘယ်သူ့ကြောက်ရမှာလဲ၊ သူတို့တွေ့သွားလည်း အမှန်အတိုင်း ပြောပြလိုက်ရုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



"လာပါ အဘိုးရယ်၊ ပြန်ကြရအောင်ပါ"

ခြယ်က ပြောမရ ဆိုမရဖြစ်နေသော အဘိုးချော ကိုယ် ပိန်လှပ်လှပ်ကလေးကို ဇွတ်ခနဲ ကုန်းပိုးပြီး ခြံစည်းရိုးဆီ အားသွန်ပြေးလာခဲ့ရသည်။

ကိုယ့်ခြံဘက် ပြန်ရောက်တော့မှ ခြယ် သက်ပြင်း ချနိုင်တော့သည်။

♣ ♣ ♣



♠ ♠ ♠

"ညာတယ် ... ညာတယ်၊ နင် ငါ့ကို ညာတယ်၊ ငါ့ကို ဒီအဘိုးကြီး အသက်ကြီးပါပြီဆိုပြီး ညာချလိုက်တာပေါ့ လေ၊ နင်ပြောတော့ နောက်ညတွေကျ နင်ပါ အဖော်လိုက် ပေးမယ်ဆို မြေးရဲ့၊ ခုတော့ အဖော်မလိုက်တဲ့အပြင် ငါ့ကို ပါ တံခါးသော့ခတ်ထားတယ်ပေါ့"

ညညဆို အဘိုး သောင်းကျန်းပါပြီ။

ဟိုဘက်ခြံကို သွားမယ်ရယ်လို့ တပူပူ တကျီကျီ။

တံခါးကို ပြေးထု၊ တူရွှင်းပြေးဆွဲ၊ နောက်ဆုံး မော တော့မှ ကြမ်းပြင်ပေါ် ထိုင်ချကာ ကလေးတွေလို ကြမ်းပြင်ကို ခြေဆောင့်ပြီး တတွတ်တွတ် ရေရွတ်ပူဆာနေတော့သည်။

ခြယ်သည် ကလေးကြီးသဖွယ် ဖြစ်နေသော အဘိုး ကို ကြည့်ရင်း ဘာလုပ်ရမှန်းမသိဘဲ အကြံအိုက်နေသည်။

အေးစက်မှောင်မိုက်တဲ့ ညတွေမှာ အဘိုးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲ ဆင်းမသွားစေချင်။ ခြယ်လည်း မလိုက်ချင်။ အဘိုးကိုလည်း စိတ်ချမ်းသာစေချင်သည်။ အဘိုးအလိုကို လိုက်မိလို့ တစ်ဖက်ခြံ လူတွေ ခြယ်တို့ကိုတွေ့သွားလျှင် ပြဿနာတက်မှာလည်း ကြောက်ရသည်။ ခြယ်သည် အမျိုးမျိုးတွေးကာ စိုးရိမ်ရင်း ဘေးနားက နံကြပ် ရိုက်နေသည်။

"မြေး ... နင် ညာတယ်၊ ငါ့ကိုညာတယ်၊ နင့်ကို ငါမမေ့တော့ဘူး၊ နင့်အဘွားနဲ့ပဲ သွားနေတော့မယ်၊ မွေ့ရာ... ငါ့ကို လာခေါ်ပါဟဲ့ ..."

အဘိုးကလည်း စိတ်မလျှော့ ...။

နောက်ဆုံးတော့ ခြယ်ပဲ စိတ်လျှော့ကာ အဘိုး စိတ်ချမ်းသာအောင် တစ်ခုခု ဖန်တီးပေးဖို့ပဲ ရှိတော့သည်။

တစ်နေ့ ခြယ် အပြင်ကပြန်လာခိုက်မှာ ခြယ်တို့ နေခဲ့သည့် အိမ်ကြီးမှာနေသော ကောင်မလေးတစ်ယောက်နှင့် ဆုံရသည်။

ခြယ်က ခြယ်တို့ခြံထဲဝင်မည်ပြင်တော့ ကောင်မလေးက ခြယ့်ဆီပြေးလာကာ ...

"မမ ... မမက ဒီခြံမှာနေတာလား"

"ဟုတ်တယ်လေ"

"သမီးက ဟိုဘက်က ခြံကြီးမှာ နေတာလေ၊ မမတို့ခြံနဲ့ ခြံချင်းကပ်လျက်ပဲ"





"ဟုတ်လား ... လူသစ်တွေ ထင်တယ်"

"ဟုတ်တယ် မမ၊ သမီးတို့ ဒီအိမ်ကြီးကို ဝယ်လိုက်တာ မကြာသေးဘူး၊ ဒီမှာ ခဏပဲ လာနေတာပါ၊ အမြဲတော့ မနေပါဘူး၊ ရန်ကုန်မှာ သမီးတို့ အိမ်ရှိတယ်လေ၊ ကျောင်းပိတ်တုန်း ခဏပဲလာတာ၊ ဖေဖေ ပြောတာတော့ ငွေပိုလို့ ဝယ်ထားတာတဲ့၊ မြတ်ရင် ပြန်ထုတ်မှာတဲ့"

"သြော် ... သြော်"

"ဒါနဲ့ ပြင်ဦးလွင်မှာ သရဲခြောက်တဲ့ အိမ်တွေ ရှိတယ်ဆို"

"အစ်မ မသိပါဘူး ညီမရယ်"

"သမီးတော့ သရဲဆို သိပ်ကြောက်တာသိလား၊ အခု သမီးတို့ ဝယ်လိုက်တဲ့ အိမ်ကြီးကလည်း အကြီးကြီးပဲ၊ ခြံကလည်း အကျယ်ကြီးဆိုတော့ ညညဆို တိတ်ဆိတ်နေတာ ကြောက်စရာကြီး၊ သမီးဖြင့် ညဆို သရဲခြောက်ခံရမှာစိုးလို့ အပြင်မထွက်ရဲတော့ဘူး၊ အိမ်မှာက မေမေနဲ့ သမီးပဲနေ နေတာ"

ကောင်မလေးက ပခုံးလေးတစ်ချက် တွန့်၍ပြောပြီး တစ်ဖက်ခြံထဲသို့ ခုန်ပေါက်ပြေးဝင်သွားတော့သည်။

ထိုကောင်မလေးနှင့် စကားပြောပြီးနောက်မှာ ခြယ့် အာရုံထဲသို့ ဉာဏ်နီဉာဏ်နက်လေးတွေ ခုန်ပေါက်ဝင်ရောက်လာခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြယ်က လျှို့ဝှက်သည်းဖို တစ္ဆေ သရဲဆန်ဆန် ဝတ္ထုမျိုးကိုဆိုလည်း ကြိုက်မှကြိုက်ပဲမို့ ဟိုဟိုဒီဒီ လျှောက်စိတ်ကူးယဉ်ကြည့်ရင်း 'သရဲခြောက်ဖို့' ကိစ္စကို စဉ်းစားမိခဲ့တာပင်။

ထိုအိမ်ကြီးမှာ သရဲခြောက်သည်ဟု သတင်းထွက်ခဲ့လျှင် ဘယ်သူမှ နေရဲမှာမဟုတ်ဟု ခြယ်ကတွေးသည်။ အိမ်ကြီးမှာ ဘယ်သူမှ မနေရဲလျှင် ခြယ် ဘိုးဘိုး သွားချင်သည့် ညတွေမှာ အေးအေးလူလူ သွားနိုင်သည်။ ပစ္စည်းတွေကို ရှာတွေ့တာ ရှာမတွေ့တာ အပထား၊ လောလောဆယ် ဘိုးဘိုးလုပ်ချင်တာ လုပ်ခွင့်ရဖို့သာ ခြယ့်အတွက် အရေးကြီးသည်။

ခြယ်သည် ခြယ့်ဉာဏ်ကလေး တစ်ထွာတစ်မိုက်လောက်နှင့် သရဲခြောက်သည့်ကိစ္စကို တီထွင်ခဲ့မိတာ ဖြစ်သည်။

ထိုအိမ်ကြီးရဲ့ အနေအထားကို ခြယ်က အကုန်သိထားပြီးသားမို့ ထိုကိစ္စက ခြယ့်အတွက် ဘာမှ မခဲယဉ်းခဲ့။ မီးဖိုခန်းနှင့်ကပ်လျက် စတိုခန်းထဲသို့ ဝင်နိုင်သည့် မလှူယ်ပေါက်ကို ခြယ်သိသည်။

စတိုခန်းထဲမှာ ပစ္စည်းအတိုအစတွေ၊ ပုံးခွံအလွတ်တွေ တောင်လိုပုံနေတာမို့ ထိုစတိုခန်းထဲက ပစ္စည်းတွေကိုသာ ဖယ်မထုတ်လျှင် ထိုမလှူယ်ပေါက်ကို အိမ်ရှင်တွေလည်း သိမှာမဟုတ်။

ထိုမလှူယ်ပေါက်မှတစ်ဆင့် စတိုခန်းထဲဝင်ပြီးလျှင် တံခါးဂျက်ပျက်နေသော တံခါးမှတစ်ဆင့် အိမ်ထဲသို့ဝင်နိုင်သည်။





ခဏတစ်ဖြုတ် လာနေကြတာမို့လားမသိ၊ ဒီအိမ်ရှင်တွေဟာ အိမ်ကို ဘာမှ သိပ်ပြင်ဆင်ခြင်း မရှိလှပါ။

တစ်ညသောအခါ ခြယ်က စတိုခန်းထဲ အရဲစွန့်ဝင်၊ ယ် ယူလာသည့် ကက်ဆက်ကို အခန်းထောင့်ကွယ်မှာ ထား၊ က်ဆက်ထဲကို ခြယ့် ရယ်သံသွင်းထားသည့် အခွေလေးထည့်ပြီး ာ့ တစ်အိမ်လုံးရဲ့ မီးအဖွင့်အပိတ်ကို လုပ်နိုင်သည့် မိန်းဆွဲ သည့်နေရာကို ဘုရား သိကြားတလျှက် လျှောက်သွားပြီး မိန်းဆွဲ ဖွင့်ချလိုက် တင်လိုက်လုပ်၍ ပြန်ထွက်လာသည်။ ကက်ဆက် လည်း အပြင်ထွက်ခါနီးမှာ ဖွင့်ထားခဲ့သည်။ အသင့်ယူလာ ည့် စံပယ်ပန်းတွေကိုလည်း စတိုခန်းထဲမှာ ကြဲချထားခဲ့သည်။ ပေါ်ထပ်အထိ အနံ့မရောက်မှာစိုးလျှင် စံပယ်နံ့သင်းသည့် ရေးဘူးတွေဖြင့် မွှန်ထလာအောင် ဖြန်းပစ်လိုက်သည်။

ခြယ့်လုပ်ရပ်ဟာ အောင်မြင်လိမ့်မည်ဟုတော့ ခြယ် မျှော်လင့်ခဲ့ပါ။ ကက်ဆက်ကို တစ်ယောက်ယောက်က တွေ့သွား မျိုးလည်း ဖြစ်နိုင်သည်။

သို့သော်... ကံကောင်းထောက်မစွာပင် ခြယ့်အကြံ ောင်မြင်ခဲ့ရသည်။ နှုတ်ဖွာလှသော အိမ်ရှင် ကောင်မလေးမှ ်ဆင့် သတင်းစကားတွေ ပျံ့သွားသည်။

"အိမ်ကြီးက သရဲခြောက်တယ်ဆိုပဲ"

"ညညဆို ပန်းနံ့တွေ မွှေးလာပြီး ရယ်သံတွေ ကြားရတာ တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မီးတွေလည်း ဖွင့်လိုက် ပိတ်လိုက်နဲ့တဲ့"

ထိုသတင်းတွေ ထွက်လာပြီးနောက် မကြာခင် အိမ်ရှင်သားအမိ နှစ်ယောက်လုံး ရန်ကုန်ပြန်သွားပြီး အိမ်ကြီး လည်း ပြန်ရောင်းမည်ဟု သတင်းကြားရသည်။

အဲ့ဒီနောက် သုံးလေးဦးလောက် ဒီအိမ်ကြီးမှာ ငှားနေကြပေမယ့် ခြယ်လှပ်စာတက်ကို မရိပ်မိဘဲ ပြောင်းပြောင်းသွား ကြပြီးနောက်မှာ အိမ်ကြီးဟာ ဝယ်သူမရှိ ငှားသူမရှိဘဲ ပိတ် လိုက်ရပါတော့သည်။

ထိုအခါကျမှပဲ ခြယ်လည်း ဘိုးဘိုးကို ညဘက် မှာ တစ်ဖက်ခြံသို့ လိုက်ပို့ပြီး ဘိုးဘိုး စိတ်ကျေနပ်အောင် နေသည့် အချိန်တွေမှာ ငိုက်တစ်လှည့် ကြောက်တစ်လှည့် စောင့်နေပေးခဲ့ရသည်။

ထိုသို့ အားလုံးအဆင်ပြေနေချိန်ကျမှ ဒီအိမ်ကြီး နေရဲသော 'ကျွန်းညို' က ရောက်ရှိလာခဲ့တာဖြစ်သည်။

♣ ♣ ♣



♠ ♠ ♠

ကျွန်းညို ... ။

သူဟာ ဘယ်လိုလူမျိုးပါလိမ့်ဟု ခြယ်က စတင်စပ်စု ကြည့်ခဲ့သည်။ သူ တစ္ဆေမကြောက်တာသိလေ ခြယ် ပိုပြီး သတိ ရှိရလေ။

ဘိုးဘိုးကိုလည်း မသွားပါနဲ့ဟု တားမရသဖြင့် ကျွန်းညိုတို့ ဆရာတပည့် မြန်မြန်ပြောင်းသွားဖို့ကိုသာ ဆုတောင်း နေခဲ့ရသည်။

တစ်ဖက်က ကျွန်းညိုကို ရင်းရင်းနှီးနှီး ပေါင်းရင်း အခြေအနေကို အကဲခတ်၊ ခြံထဲမဆင်းဖို့ သတိပေး။ ဘိုးဘိုးက ရိပ်မိလောက်သည့် စကားတွေ ဝင်ဝင်ပြောတာမို့ အုပ်ရ ဆိုင်းရ။ ညည သရဲခြောက်ချင်ယောင်ဆောင်ရတာကလည်း ရင်မ သည်းဖို၊ ကျွန်းညိုက တစ္ဆေမကြောက်တတ်ပေမယ့် ကြောက်တတ်သည့် ပလူတိုတစ်ယောက် ပါလာလို့သာ ခြယ်လုပ်ရပ်တွေ ချောချောချင်း မပေါ်ပေါက်ခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြယ်သည် အိမ်ထဲခိုးဝင်လာပြီး မိန်းဆွဲ ချလိုက်တင်လိုက် လုပ်ခဲ့သည်။ အိမ်ထဲမဝင်သည့် ညတွေမှာ မှန်ကွဲပေါက်ကနေ လက်နှိုက်၍ ကက်ဆက်လှမ်းဖွင့်၊ ပန်းတွေကြဲချပစ်ခဲ့သည်။ ထိုညမျိုးမှာ အဘိုးကို ဒီခြံထဲသို့လိုက်ပို့ပေးရင်း ကိုကျွန်းညိုထွက်လာမှာကို စိုးထိတ်ရွံ့ကြောက်နေခဲ့ရသည်။

ဒီလိုညများစွာကို ရင်တထိတ်ထိတ် ဖြတ်သန်းခဲ့ရပြီး နောက်မှာတော့ အမှန်တရားက ပေါ်ပေါက်လာခဲ့ရသည်။

အမှန်တရားကို ဖော်ထုတ်နိုင်သူဟာ 'ကိုကျွန်းညို'။

ခြယ့်စိတ်ကို တိတ်တခိုး ဖမ်းစားထားခဲ့သော ကိုကျွန်းညိုပဲ ဖြစ်လေသည်။

♣ ♣ ♣



♠ ♠ ♠

ခြယ်သည် သူ့ကို ခြယ့်အကြံအစည်နှင့် ချဉ်းကပ်ခဲ့သော်လည်း တဖြည်းဖြည်း တွယ်ငြိလာခဲ့ရသည်။

မြင်မြင်ချင်း ဖမ်းစားနိုင်တဲ့ ယောကျ်ားတစ်ယောက်။

သူ့မျက်လုံးတွေက ညှို့သည်။

သူ့နှုတ်ခမ်းတွေက ဆွဲဆောင်မှုရှိသည်။

သူ့စတိုင်လ်က အရာအားလုံးကို လွှမ်းမိုးနိုင်သည်။

ခြယ်သည် သူဒီအိမ်ကြီးကနေ ပြောင်းသွားဖို့ လုပ်ဆောင်ရင်းကပဲ သူ့ကို ဒီကနေ ဘယ်မှထွက်မသွားဖို့ ဆွဲခေါ်ထားချင်လာသည်။

သူနဲ့ တွေ့ဝေါစကားနိုင်လုနေရသော အချိန်တွေဟာ ခြယ့်ဘဝရဲ့ နေခြည်ဖြာနွေးသော နံနက်ခင်းလေးနဲ့ တူသည်။

သူနဲ့အတူ လမ်းလျှောက်ရသော အချိန်တွေ၊ ပြုံးနေရသော အချိန်တွေမှာ ခြယ် လုံးဝ မပင်ပန်းပဲ ခြယ့်ခြေတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



နှင်းကြီးသော မြက်ခင်းစိမ်းကလေးလို စိုစွတ်လတ်ဆတ် စိမ့်မြေ့နေသည်။

သရဲကြောက်တတ်သော သူ့တပည့်က စာလိုက်မရေးမပေးသဖြင့် သူပင်ပန်းကြောင်း ပြောသည့်အချိန်မှာ ခြယ်က ခြယ့်လုပ်ရပ်တွေကို သူ့ရှေ့မှာ ဝန်ခံလိုက်ပြီး သူ့ကို ဒီအိမ်မှာသာ အပြီးနေပါတော့ဟု ပြောချင်သည်။

သူ့ကို ငဲ့ညှာသောအားဖြင့် တစ္ဆေခြောက်သည့် ညတွေကို ကျဲပါးသွားစေပြီး အဘိုးရဲ့ နားယူနားဆာလုပ်မှုတွေကို ရှုးမတတ် တောင့်ခံရင်း ညညဆို အဘိုးကို အိမ်တံခါးပိတ်၍ တားမြစ်သိမ်းဆည်း နားချ အသနားခံနေရသည်။

သူ မယုံသင်္ကာ မေးခွန်းတွေ မေးစဉ်မှာ ဟန်ဆောင်ကောင်းစွာ မူမပျက် နေခဲ့ရပေမယ့် သူ့ရှေ့မှာ ချက်ချင်း ဝန်ခံလိုက်ပြီး သိုဝှက်ထားသည့် ရယ်သံတွေကို ဖွင့်အန်ရယ်မောပစ်လိုက်ချင်သည်။

သို့သော် ခုတော့ ခြယ်မဖွင့်ဟမိမှာပင် သူက အရာအားလုံးကို ရိပ်မိသိရှိသွားခဲ့သည်။

သူ့ရှေ့မှာ ...

ခြယ် တိတ်တခိုး စွဲလန်းနေမိသည့် သူ့ရှေ့မှာ တရားခံတစ်ယောက်လို သိမ်ငယ်ငုံ့လျှိုးသွားရသည့်အဖြစ်က ခြယ့်ရင်ကို ကန်ကျောက်နှိပ်စက်နေသည်။





ခြယ်ရှေ့မှာ ရပ်တန့် ကာဆီးပြီး သူ့ရင်ဘတ်သူဘာ ...

"ဒီမှာလာငြိနေပြီ မှုန်ရီခြယ်"

ဟု ပြောခဲ့သော သူ့ပုံရိပ်က ခြယ့်ကို မူးရူးသွားခါင် ဆွဲဆောင်နိုင်စွမ်းရှိခဲ့တာကို ခုမှ ခြယ် ဘယ်လိုပြောပြဒါတော့မလဲ။

ရှင်လည်း ရှင် စရုံချခဲ့သလို စိတ်ဝင်စားတဲ့အဆင့်ား၊ ငြိတိတိဖြစ်မိရုံကလေးလောက်နဲ့ပဲ ရှေ့မတိုးဘဲ ရပ်တန့်တော့မှာ မဟုတ်လား။

ခြယ်ဟာ ရှင့်ဒူးလောက်ပြီး ချစ်စကားပြောရလောက်ခါင် ထိုက်တန်တဲ့ မိန်းကလေးမျိုး မဟုတ်ပါဘူး။

ရှင့် ရင်ဘတ်တစ်ဝက်ဖွင့်ပြီး စရုံချခဲ့မိလို့ စရုံဆုံးခဲ့တဲ့ အဖြစ်ကို ရှင်လည်း ခုချိန်မှာ နောင်တ ရကောင်းရနေမှာပါ။

ခြယ် စိတ်မကောင်းပါဘူး 'ကျွန်း' ရယ် ...။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

"အဲ့ဒါပါပဲ၊ အားလုံးဟာ ခြယ်ဖန်တီးတဲ့ ကိစ္စတွေပါ…

မှန်ရှိခြယ်က ကျွန်းညိုနှင့် ပတ်သက်သည့် …ချက်တွေကို ချန်လှပ်လျက် အဖြစ်အပျက်တွေကိုတော့ …အတိုင်း ဖွင့်ပြောပြခဲ့သည်။

မှန်ရှိခြယ့် စကားအဆုံးမှာ ကျွန်းညိုက သက်ပြ…ချပြီး မှန်ရှိခြယ့်ကို ကြင်နာစွာ ငေးကြည့်နေမိသည်။

သူ့အကြည့်ကို သတိထားမိသွားသော သူ…အဟာက်ခနဲ ရယ်သွမ်းသွေးလိုက်ရင်း …

"တန္တေ ခြယ်ကိုယ်တိုင်ပဲလေ၊ ဒီအကြောင်း ရှင် ဝတ္ထု… ပြန်ရေးလို့တောင် ရတယ်"

"ကိုယ် မရေးပါဘူး"

"ဘာဖြစ်လို့လဲ"

"ရင်ထဲမှာ သိမ်းထားလိုက်ချင်လို့ …"





"သိမ်းထားလောက်အောင် မကြီးကျယ်ပါဘူး"

"ကြီးကျယ်တယ် မကြီးကျယ်ဘူးဆိုတာ ကိုယ့်ခံစားချက်နဲ့ပဲ သက်ဆိုင်ပါတယ် မှန်ရှိခြယ်၊ ကိုယ် … အခု မင်းကို မေတ္တာရပ်ခံချင်တာက ဒါမျိုးတွေ ဆက်မလုပ်ဖို့ပါပဲ၊ ဒီလိုလုပ်တာ မင်းအတွက်လည်း အန္တရာယ်ကြီးတယ်၊ ဒီအိမ်ကို ဝယ်ထားမိတဲ့ သူအတွက်လည်း ရောင်းမရ၊ ငှားမရဖြစ်တော့ နစ်နာတယ်လေ"

"ခြယ် … သူများကို နေစရာမရှိတဲ့ အဖြစ်မျိုးရောက်အောင်တော့ မရည်ရွယ်ပါဘူး၊ အစကတည်းက ဒီအိမ်ပိုင်ရှင်က ဒီအိမ်ကို ငွေပိုလို့ ဝယ်ထားတာ၊ ခဏတစ်ဖြုတ် အပမ်းဖြေဖို့ လာနေတယ်ဆိုတာတွေ သိထားလို့ လုပ်ခဲ့တာပါ"

"ဒါပေမယ့် ခုလို အိမ်ရှင်တွေ မသိအောင် ခိုးထဲဝင်ပြီး သူများမြေပိုင်နက်ပေါ်မှာ တူးဆွနေတယ်ဆိုတော့ ဘယ်ကောင်းပါ့မလဲ"

"သူများပစ္စည်းကို တူးယူချင်လို့မှ မဟုတ်တာ၊ ခြယ့်အဘိုးနဲ့ အဘွားရဲ့ အမှတ်တရပစ္စည်းကို တွေ့ရင်သာ ယူချင်တာပါ၊ အဲ့ဒီပစ္စည်းက အဘိုးကို စိတ်ချမ်းသာစေမယ်ထင်လို့လေ၊ အခုလည်း ရတာမရတာထက် အဘိုး လှုပ်ရှား… ကျေနပ်စိတ်ချမ်းသာတဲ့ အလုပ်တစ်ခုကို လုပ်ဖို့… ပြုပေးထားရတဲ့ သဘောပါ၊ အဲဒီလို လုပ်ခွင့်ရ…အောင် ခြယ်



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်နီဉာဏ်နက်တွေ ထုတ်ပြီး လုပ်ခဲ့မိတာ၊ ဒီလိုမလုပ်သင့်ဘူးဆိုတာတော့ ခြယ် နားလည်ပါတယ်၊ ဒါပေမယ့် ဒီအချိန်မှာ ခြယ့်အတွက်တော့ အရာရာအားလုံးထက် ပိုပြီး အဘိုးရဲ့ စိတ်ချမ်းသာမှုက အရေးကြီးပါတယ်"

"အဘိုးအတွက် အဲ့ဒီပစ္စည်းတွေက အဲ့ဒီလောက်တောင် အရေးပါသလား"

"အချစ်ဆိုတာကို နားမလည်လို့ ရှင် ဒီမေးခွန်းကို မေးတာပါ၊ ခြယ်လည်း အရင်တုန်းကတော့ အဘိုးကို နားမလည်နိုင်ခဲ့ဘူး၊ နောက်တော့မှ အဘိုးရင်ထဲက အချစ်ကို ခြယ် ခံစားမိသွားတယ်၊ ချစ်သူနှစ်ယောက်ကြားက အမှတ်တရ ပစ္စည်းဆိုတာ တခြားသူတွေအတွက် တန်ဖိုးမဲ့ချင်မဲ့မယ်၊ ချစ်သူနှစ်ယောက်အတွက်တော့ တန်ဖိုးမဖြတ်နိုင်လောက်အောင် အဖိုးတန်ချင် တန်နေနိုင်တာပဲလေ"

ခြယ်က နင့်နင့်နဲနဲပြောတော့ ကျွန်းညိုက သူမကို နက်နက်ရှိုင်းရှိုင်း စိုက်ကြည့်လိုက်ရင်း ...

"တကယ်တော့ အဘိုးရဲ့ အချစ်ကို ခံစားမိသွားလို့ မင်း ဒီလို နားလည်ပေးနိုင်တာ မဟုတ်ပါဘူး၊ အချစ်ဆိုတာကို မင်း ကိုယ်တိုင် ခံစားလာရလို့ပါ"

"ခြယ့်စိတ်ကို ရှင် ထွင်းဖောက်မမြင်နိုင်ပါဘူး"





"မြင်နိုင်ပါတယ်၊ အချစ်ဆိုတာကို ကိုယ် ခံစားနေရလို့ မင်းစိတ်ကို ထွင်းဖောက်မြင်နိုင်တယ်"

"ရှင် ပြန်သင့်ပြီ"

"မပြန်ချင်သေးဘူး"

"မိုးလင်းသွားလိမ့်မယ်၊ ပြန်တော့ ..."

မှန်ရီခြယ်က ခပ်ပြတ်ပြတ်ပြောပြီး ထိုင်ရာမှ ထကာ သူ့ကို ကျောခိုင်းလိုက်သည်။ သူက ထရပ်လိုက်မိရင်း ...

"မှန်ရီခြယ် ... တကယ်တော့ ကိုယ် မင်းကို ..."

"ရှင့်စရံ ပြန်ယူသွားပါ ကိုကျွန်းညို"

သူမက ခပ်ပြတ်ပြတ်ပြောပြီး အိမ်ဘက်သို့ လှည့်ထွက်သွားသည်။ မကြာခင် အိမ်တံခါးပိတ်သံ ကြားရသည်။

သူ သက်ပြင်းချရင်း ခြံစည်းရိုးဘက်သို့ နေးကွေးလေးလံစွာ လျှောက်လာခဲ့ရလေသည်။

ကိုယ့်စရံကို ပြန်မယူနိုင်ပါဘူး မှန်ရီခြယ်ရယ် ...။

ကိုယ် မင်းကိုချစ်တာ သေချာနေပြီးသားပဲ။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

နောက်တစ်နေ့မှစကာ မှုန်ရီခြယ်၏ အရိပ်အယော
ကို မမြင်ရတော့။ သရဲခြောက်သည့် ကိစ္စလည်း ပြီးဆုံးသွားတေ
သည်။

အိပ်ပုပ်ကြီးသည့် ပလူတိုပင် သရဲ မခြောက်တေ
တာကို ရိပ်မိကာ ...

"ဆရာ ... ညည ကျွန်တော် စောစောအိပ်သွားလို့ သ
ခြောက်မှန်း မသိတာလား၊ သရဲမခြောက်တော့တာလား"

"သရဲမခြောက်တော့တာ၊ နောက်လည်း ဘယ်သူမှ သ
ခြောက် ခံရတော့မှာ မဟုတ်ပါဘူးကွာ"

"သရဲက ကျွတ်သွားလို့လား"

"မကျွတ်ပါဘူး"

"ဒါဆို ဘယ်ရောက်သွားလို့လဲ"

"ငါ့ရင်ဘတ်ထဲ ရောက်သွားလို့"





"ဗျာ ..."

ပလူတိုက သူ့ဆရာကို အူကြောင်ကြောင် ကြည့်
ပြီးမှ ခေါင်းကုတ်၍ ထွက်သွားသည်။

ကျွန်းညိုကတော့ ညအခါမှ ကြားရတတ်သည့် ရယ်
ကလေးကို လွမ်းဆွတ်နေမိသည်။

ညညဆို စာလည်းမရေးနိုင်၊ အိပ်လည်းမအိပ်နိုင်ဘဲ
ပ်ရာနားက မီးခလုတ်ကို ဖွင့်ချည်ပိတ်ချည် ကစားနေမိတတ်
ည်။ အရင်တုန်းကတော့ ဒီလို မီးဖွင့်လိုက် ပိတ်လိုက်ဖြစ်ပြီး
ကြာခင် ရယ်သံကလေးကို ကြားရတတ်ပါသည်။

တစ်ညတော့ သူက အိပ်လို့လည်း မပျော်နိုင်တာမို့
က်ကူးပေါက်လာကာ စတိုခန်းဘက်သို့ ေင်းသွားပြီး ကက်ဆက် ယ်
လေးကို ရှာဖွေကြည့်မိသည်။ စတိုခန်းထောင့်မှာ ကက်ဆက် င်
လေးကတော့ ရှိနေပါသေးသည်။ သူ ကက်ဆက်ကိုယူပြီး
အိပ်ခန်းဘက်သို့ ပြန်တက်လာသည်။ ကက်ဆက်ကို အိပ်ရာ
အား စားပွဲပေါ်တင်ပြီး ခလုတ်နှိပ်လိုက်သည်။

"အဟိဟိ ... ခစ် အဟင့် ... ဟင်း ... ဟင်း ... ဟီဟိ"

"အမလေးဗျ ..."

အသံခလုတ် မြှင့်ထားတာကို ပြန်မလျှော့ဘဲ ဖွင့်
လိုက်မိသဖြင့် ရယ်သံက ဖြုန်းခနဲ စည်ဝေကျယ်လောင်စွာ ထွက်
ပေါ်လာတော့ရာ အိပ်ပျော်နေသော ပလူတိုက လန့်ဖျပ် နိုး
လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ... ဆရာရေ သရဲ ... သရဲ သရဲ ကျွန်တေ
တို့ အခန်းထဲ ရောက်နေပြီဗျ"

ပလူတိုက အော်ဟစ်ရင်း အခန်းထဲမှ ပြေးထွ
သွားသည်။

"ဟေ့ကောင် သရဲမဟုတ်ပါဘူးကွ၊ ကက်ဆက်ဖွင့်ထ
ကက်ဆက်ဖွင့်တာ"

ကက်ဆက်ပိတ်ပြီး သူအော်ပြောလိုက်တော့မှ ပ
တို့ အော်သံ ရပ်သွားပြီး အခန်းတံခါးဝမှ ဖြည်းဖြည်းချင်း ခေါ
ပြူ ချောင်းကြည့်လာသည်။

"ဟင် ... ဆရာက သရဲမ ရယ်သံကို အသံဖမ်းထားတ
လား"

"အေး ... ဟုတ်တယ်ကွ"

"ဘာ ... ဘာလုပ်မလို့လဲ"

"နားထောင်ဖို့ပေါ့"

"အမလေး ... ကြံကြံဖန်ဖန် ဆရာရယ်၊ သရဲမအသံမျ
ဖမ်းထားရတယ်လို့၊ ကြက်သီးထစရာ"

"ငါကြိုက်လို့ ငါဖမ်းထားတာ ဘာဖြစ်လဲကွာ"

"ဆရာက သရဲမကို ကြိုက်တယ်"

"အေး ... ကြိုက်တယ်၊ ချစ်တယ်၊ ဘာဖြစ်လဲ ..."

ပလူတို နှုတ်ပိတ်သွားသည်။ ပြီးတော့ 'ဆရာတော့





သွားပြီ' ဟု အဓိပ္ပါယ်ရသည့် အကြည့်မျိုးဖြင့် ကျွန်းညိုကို ကြည့်ပြီး သူ့အိပ်ရာဘက် သူပြန်လျှောက်လာကာ ခေါင်းအုံးနှင့် စောင်ကို လှမ်းယူရင်း ...

"ဆရာ အဲ့ဒါကြီး ဆက်ဖွင့်နေရင် ကျွန်တော် အပြင်ထွက်အိပ်မယ်"

"ဒီမှာပဲ အိပ်ပါကွာ၊ ငါမဖွင့်တော့ပါဘူး"

"တကယ်နော်"

"အေး ... တကယ် ... တကယ်"

ကျွန်းညို ကတိပေးတော့မှ ပလူတိုက သူ့အိပ်ရာပေါ် သို့ပစ်လှဲပြီး ခေါင်းမြီးခြုံ အိပ်စက်တော်မူလေသည်။

အဲဒီ ပလူတိုဟာ ကောလာဟလတွေကို ဘယ်လောက်တောင် ဖြန့်ဖြူးပေးသလဲဆိုရင် နောက်နေ့မှာ စိုင်းကပင် ကျွန်းညိုကို ဖုန်းဆက်မေးလာသည်။

"ဟေ့ကောင် ... ကျွန်း၊ မင်းက တစ္ဆေမကို စွဲလန်းနေတယ်ဆို"

"မင့် ဘယ်သူပြောသလဲ ..."

"ဘယ်သူရှိဦးမလဲ၊ မင်း တပည့်ကျော်ကြီး ပလူတိုပေါ့၊ မနက်က ဈေးလာဝယ်ရင်း ငါ့ကိုပြောသွားတာ၊ မင်းက တစ္ဆေမကို စွဲလန်းလွန်းလို့ တစ္ဆေမ ရယ်သံကိုတောင် ကက်ဆက်နဲ့ အသံဖမ်းပြီး အလွမ်းပြေ ပြန်ဖွင့်နားထောင်နေတာတဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်ကွာ ..."

"ခုလောက်ရှိ အဲဒီသတင်း မင်းအမေဆီတောင် ရောက်လောက်ပြီ"

"ဘာဖြစ်လို့လဲ"

"မင်း တပည့်ကျော်က မင်း မဖြစ်သင့်တာ မဖြစ်ရအောင် မင်းအမေဆီ ဖုန်းဆက်ပြီး ပြောရဦးမယ်တဲ့"

"သေပါတော့ကွာ၊ ငါ့အမေက မင်းသိတဲ့အတိုင်းပဲ၊ တစ်ခုခု ဆို အစဆွဲထုတ်လို့ ပြီးတော့တာ မဟုတ်ဘူး၊ ငါ့ကို အိမ်ထောင်ပြုစေချင်တဲ့ ကိစ္စနဲ့ နေ့တိုင်းရစ်ရစ်နေလို့ နား အေးပါးအေး ဒီလာစာရေးကာမှ၊ မေမေ ဒီသတင်းကြားရင် ဖုန်းတဂွမ်ဂွမ် ဆက်ဦးတော့မှာပဲ"

"ဆက်လည်း မဟုတ်ကြောင်း ရှင်းပြလိုက်ပေါ့ကွာ"

"ဘာမဟုတ်ကြောင်းလဲ"

"ပလူတို့ပြောတာတွေ မဟုတ်တဲ့အကြောင်းပေါ့၊ မင့်တပည့် ကျော်က အူကြောင်ကြောင်နဲ့၊ စာတ်လမ်းတွေဆင်ပြီး လျှောက်ပြောနေတဲ့ ဥစ္စာ"

ကျွန်းညို ခဏငြိမ်သွားသည်။ စိုင်းဟာ သူ့ဆီဖုန်း ဆက်ပေမယ့် ပလူတို့အကြောင်း ပြောပြရုံသာဖြစ်ပြီး ပလူတို့ စကားကို အမှန်ဟု ယူဆထားပုံ မရပါ။ သူပြုံးစိစိဖြစ်လာရလျက် စိုင်းကို ကလိချင်လာကာ ...





"သူပြောတာ မှန်ပါတယ်"

"ဟမ် ... ဘယ်သူပြောတာလဲ"

"ပလူတို့ပြောတာလေ၊ ငါ တစ္ဆေမကို စွဲလန်းနေတယ် ဆိုတာ"

"ဟေ့ကောင် နောက်မနေနဲ့"

"တကယ်ပြောတာကွ၊ မင်း မယုံရင် လာကြည့်လှည့်ပါ လား၊ ငါ တစ္ဆေမ ရယ်သံကို ကက်ဆက်နဲ့ ဖမ်းထားပြီး အလွမ်းပြေ ဖွင့်ဖွင့်နားထောင်နေရတာ"

"ဘာလဲ ... ဒါ မင်း နောက်ထွက်မယ့် ဝတ္ထုလား၊ နှိုးမနေ စမ်းပါနဲ့ကွာ၊ စာတ်လမ်းဆင်တဲ့ နေရာမှာတော့ မင်းတို့ ဆရာ တပည့် နှစ်ယောက် အတူတူပဲ၊ ငါမအားဘူး ဟေ့ကောင်ရေ၊ အလုပ်လုပ်လိုက်ဦးမယ်၊ မင်း စာတ်လမ်း တွေ နားထောင်မနေနိုင်ဘူး၊ ဒါပဲ ဟေ့ကောင်"

စိုင်းက ဖုန်းချသွားသည်။

"ပလူတို့ ... မင်းတော့လား"

ဟု သူကြီးဝါးဆဲမှာ ပလူတို့က အောက်ထပ်မှ တက်လာကာ ...

"ဆရာ ထမင်းစားတော့မလား"

"ဟေ့ကောင် ... လာခဲ့၊ မင်း ခုလာခဲ့"

ကျွန်းညိုက ပလူတို့ နားရွက်ကို လှမ်းဆွဲလိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"မင်း … ဘာဖွတာလဲဟင်၊ ရန်ကုန်ထိတောင် လိုက်
သလား၊ မာမီ ဘယ်လောက်ရစ်တယ်ဆိုတာ မင်းမေ
လား၊ ငါ့ကို ချောက်ထဲတွန်းချတာလား"

"အမ်လေး နားရှက်ပြတ်ပါတော့မယ် ဆရာရဲ့"

"ဒန်တန့်တန့်တန်၊ ဒန်တန့်တန်၊ ဒန့်တဲ ဒန့်တဲ …"

"ဟော … ဖုန်းလာပြီ၊ မာမီ့ဆီက ဖုန်းပဲ၊ ငါတော့
ဆရာပဲ၊ မင်း … တွေ့မယ် ဟော့ကောင် …"

ကျွန်းညိုက ပလူတို့ကို လက်သီးထောင်ပြခဲ့ပြီး
ကိုင်လိုက်ရပါသည်။

"ဟဲလို …"

"ဟဲလို … သားရေ … မာမီပါ၊ ဝတ္ထုရေးတာလည်း ရေ
သားရယ်၊ ဒါပေမယ့် ကိုယ်ရေးတဲ့ ဝတ္ထုနဲ့ အပြင်
အဖြစ်အပျက်တွေကို ရောထွေးမသွားစေနဲ့ပေါ့၊ သား
လာခဲ့တော့၊ မာမီ သားအတွက် အကောင်းဆုံးဖြစ်အော
စီစဉ်ထားတယ်"

"မာမီပြောတာ သား နားမလည်ဘူး"

"သားကိုတော့ မာမီ နားလည်ပါတယ်၊ သား ရန်ကုန်
ရောက်ရင် ဒေါက်တာဘုန်းမောင်နဲ့သာ တွေ့လိုက်၊ မာ
ဒေါက်တာဘုန်းမောင်ကို အကျိုးအကြောင်း ပြောပြထား
မယ်"





"ဒေါက်တာဘုန်းမောင် …!"

ကျွန်းညိုက ခဏငြိမ်တွေ စဉ်းစားလိုက်ရသည်။

ဒေါက်တာဘုန်းမောင်ဆိုတာ မာမီ သူငယ်ချင်း
အထူးကုဆရာဝန်ကြီးပင်။ ဘာအထူးကုလည်းဆိုတော့ စိတ်ရောဂါ
အထူးကု …။ စိတ်ရောဂါအထူးကုဆရာဝန်နဲ့ ဘာကိစ္စ တွေ့ရ
မှာပါလိမ့် …။

"မာမီ … သားက ဒေါက်တာဘုန်းမောင်နဲ့ ဘာဖြစ်လို့
တွေ့ရမှာလဲ"

"အော် … ဒီလိုပဲ ဆွေးနွေးကြည့်ရုံလေးပါကွယ်၊ သားက
လည်း သားမှာဖြစ်နေတဲ့ ခံစားချက်တွေကို ပြောပြ၊ သူက
လည်း သားကို အကြံပြု …"

"ဟာ … မာမီ၊ သား သိပြီ၊ ရိပ်မိပြီ၊ မာမီဆိုလိုချင်တာ
သားကို စိတ်ရောဂါဖြစ်နေပြီလို့ ဆိုလိုချင်တာ မဟုတ်
လား"

"အဲဒီလိုလည်း တပ်အပ်တော့ ပြောမရဘူးပေါ့ကွယ်၊ မှ
မမှန်တဲ့ ကိစ္စလေးတွေဆိုတာ ခဏတစ်ဖြုတ်ပဲဖြစ်ဖြစ်
လူတော်တော်များများမှာ ရှိတတ်ကြတာ မဟုတ်လား၊
ဒါကို မာမီ နားလည်ပါတယ်"

"မာမီ … ပလူတို့ ပေါက်ကရ ပြောတာတွေကို မယုံနဲ့နော်၊
သားက လုံးဝပုံမှန်ပဲ၊ ဟော့ကောင် … ပလူတို့ မင်းမိမ်းမွေး
ထားတဲ့ ကိစ္စ ခုလာရှင်း …"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းညိုက ဖုန်းနှင့်မျက်နှာခွာက ပလူတိုကို လှမ်းအော်ခေါ်လိုက်သည်။ ပလူတိုက အနားသို့ မလာဘဲ မျက်နှာရှုံ ကာ …

"ကျွန်တော် အမှန်အတိုင်း ပြောတာပဲဥစ္စာ၊ ကျွန်ေ ပြောတာ မဟုတ်လို့လား၊ ဆရာပဲ ပြောတယ်လေ၊ သရဲ ကို ကြိုက်တယ် ချစ်တယ်၊ ဘာဖြစ်လဲဆို …"

ဟု လှမ်းအော်ပြောသည်။ သူ ဖုန်းကို နားမှာ ကပ်လိုက်တော့ မာမီ့အသံက အဆက်မပြတ် ထွက်ပေါ်လာသည်

"ဟဲ့ … ပလူတိုကို သွားမဲမနေနဲ့၊ သူက အင်မတန် တာ သိတဲ့ တူပည့်မို့ မဖြစ်သင့်တာတွေ မဖြစ်ရအောင် မာ ဆီ လှမ်းအကြောင်းကြားတာ၊ ခုန သူလှမ်းပြောတာ မာ ကြားလိုက်တယ်၊ မင်းက သရဲမကို ချစ်တယ် ကြိုက်တာ ဟုတ်လား။ မဖြစ်တော့ဘူး၊ မင်းကို ဒေါက်တာဘုန်းမော နဲ့ အမြန်တွေ့ပေးမှ ဖြစ်တော့မယ်၊ ပြီးတော့ မင်းရေးနေတဲ့ တစ္ဆေ သရဲလိုလို ဘာလိုလို ညာလိုလို မဟုတ်ကဟုတ်ထ ဝတ္ထုမျိုးကို ဆက်မရေးနဲ့တော့၊ တော်ကြာ ဝတ္ထုထဲက ဟာတွေ အပြင်မှာ တကယ်ဖြစ်နေတယ်လို့ ထင်နေဦး မယ်"

"မာမီ မောမယ်၊ မောမယ်၊ ဖြည်းဖြည်းပြော၊ သားပြောတာ လေးလည်း နားထောင်ပေးဦး၊ သားက မာမီ့သား၊ မာမီ





လိုပဲ ဦးနှောက်ကောင်းတယ်၊ စိတ်ရောဂါဆန်တဲ့ ကိုယ်ရည်ကိုယ်သွေး မရှိဘူး၊ စိတ်ရောဂါမျိုးရိုးလည်း မရှိဘူး၊ မာမီ လိုချင်တဲ့ အင်ဂျင်နီယာဘွဲ့ကို ယူပေးပြီး သားဖြစ်ချင်တဲ့ စာရေးဆရာ အလုပ်ကို လုပ်နေတယ်၊ အားလုံး ပုံမှန်ပဲ၊ စိတ်ရောဂါဖြစ်မယ်လို့ သံသယဝင်စရာ ဘယ်နားတစ်ကွက်မှ မရှိဘူး"

"အေးပါ သားရယ်၊ ဒီလိုလူတွေဟာ ဒီလိုပဲ ပြောတတ်ကြတယ်ဆိုတာ မာမီ နားလည်ပါတယ်၊ မင်း စာရေးမယ်ဆိုပြီး ထွက်သွားတာ သုံးလပြည့်တော့မယ်၊ မင်းပြန်လာသင့်ပြီ"

"သုံးလပြည့်ဖို့ ဆယ်ရက်လိုသေးတယ် မာမီ၊ သုံးလတိတိပြည့်တာနဲ့ သား ပြန်လာခဲ့ပါမယ်၊ ဘယ်တစ္ဆေမကိုမှ မာမီ့ချွေးမအဖြစ် ခေါ်မလာခဲ့ဘူးလို့ အာမခံပါတယ်"

"အဲ့ဒါပဲ … အဲ့ဒါပဲ၊ အဲ့ဒါ မှုမမှန်တဲ့ စကားပဲ"

"နောက်တာဝါ မာမီရာ …"

ကျွန်းညိုမှာ မာမီ့ကို မနည်းချော့မော့ နားချလိုက်ရသည်။

ဖုန်းချပြီးတာနှင့် ပြတင်းပေါက်နား သွားရပ်ကာ တစ်ဖက်ခြံကို လှမ်းမျှော်ကြည့်ရင်း မှုန်ရီခြယ် မျက်နှာလေးကို မြင်ယောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကို တွေ့ချင်လွန်းလို့ မနက်ဘက်တွေမှာ ကျောင်းတော်ကြီးဘက် လမ်းလျှောက်ထွက်ခဲ့ပေမယ့် သူမကို မတွေ့ခဲ့ရ၊ သူနဲ့တွေ့မှာစိုးလို့ တမင် မလာတာလည်း ဖြစ်နိုင်သည်။

ထကယ်တော့ အချစ်ဆိုတာ 'ယုံကြည်ခြင်း' နှင့် 'ခွင့်လွှတ်ခြင်း' သဘောကို ဆောင်တတ်မှန်း သူ ကောင်းကောင်း သိခဲ့ပြီ။

မှုန်ရှိခြယ်ဟာ အကြံအစည်သက်သက်ဖြင့် သူ့ကို ခင်မင်ရင်းနှီးအောင် ပေါင်းခဲ့သည်ဟု သူမထင်ရက်ပါ။ သူမထံမှာလည်း ခံစားချက်နှင့်တွယ်ငြိခြင်းရှိလိမ့်မည်ဟု သူယုံကြည်နေသည်။

အကယ်၍ အကြံအစည်သက်သက်နှင့် ချဉ်းကပ်ခဲ့သည်ဆိုလျှင်လည်း သူ ခွင့်လွှတ်နိုင်နေသည်။

ကျွန်းညိုမှာ မှုန်ရှိခြယ်နှင့် ပတ်သက်၍ ယုံကြည်ချက်နှင့် ခွင့်လွှတ်ခြင်း ရှိနေသလို သူမထံမှာလည်း ရှိနေလိမ့်မည်ဟု ထပ်ဆင့်ယုံကြည်နေမိပါသည်။

ထိုယုံကြည်ချက်များဖြင့်ပင် ကျွန်းညိုက သူမတို့ခြံဘက်သို့ ရဲရဲဝံ့ဝံ့ သွားခဲ့လေသည်။

ဆယ်ရက်တာ ကာလကို မင်းနဲ့အတူ ငြိမ်းငြိမ်းချမ်းချမ်း ကုန်ဆုံးပါရစေ မှုန်ရှိခြယ်။

♣ ♣ ♣

---

နိုး နိုး ၈၁ ၈၀

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

ခြံထဲမှ ပြန်လာသော မှုန်ရီခြယ်သည် ဆိုင်ကယ်ကို အိမ်ရှေ့မှာ ဒေါက်ထောက်ရပ်နေဆဲ ဒေါ်ဆင်က အိမ်ထဲမှ ခပ်သုတ်သုတ်လေး ပြေးထွက်လာကာ ...

"ခြယ်ရေ ... ဟိုတစ်ယောက် ရောက်နေတယ် သိလား"

"ဘယ်တစ်ယောက်လဲ"

"ဟိုတက်ခြကြ တရေးဆရာဆိုတဲ့ လူလေ၊ ခြယ် ခေါ်ခေါ်နေတာ ဒေါ်ဆင် ကြားကြားနေတာ ကျွန်ညိုဆိုလား"

"ကျွန်ညိုပါ ဒေါ်ဆင်ရယ်၊ သူက ဘာလာလုပ်ရတာလဲ"

"အဘိုးဆီ ဖန်ခွက်လာပေးတာလို့ ပြောတာပဲ ..."

ခြယ်သည် ရုတ်တရက် ရင်တထိတ်ထိတ် ခုန်လာရပါသည်။

သူ့ကိုမတွေ့တာ တစ်ပတ်လောက် ရှိခဲ့ပြီ။ တွေ့ရအောင်လည်း တမင်ရှောင်နေခဲ့တာပင်။

နိုး နိုး ဇာ ဆေ

www.burmeseclassic.com

www.burmeseclassic.com



ခြယ်သည် ရှက်စိတ်ဖြင့် နာကျင်နေခဲ့မိသည်။ ခြယ့် လုပ်ကြံ ဖန်တီးမှုတွေကို တခြားသူသိရင် ဒီလောက် ခံစားရမှာ မဟုတ်။ သူသိသွားသည့်အတွက် သူ့ရှေ့မှာ တရားခံတစ်ယောက်လို ဝန်ခံခဲ့မိတာတွေအတွက် ခြယ့်စိတ်ထဲ သိမ်ငယ်အရှက်သည်းခဲ့ရသည်။

ဒီရက်ပိုင်းတွေမှာ အဘိုးက တစ်ဖက်ခြံသို့ သွားမည် ပြောတိုင်း တားမြစ်ဖျောင်းဖျ နားချရင်း ခြယ် ငိုမိသည်။ အဘိုး တစ်ယောက်တည်း ထထွက်သွားမှာ ကြောက်သဖြင့် အိပ်ဖန်စောင့်ရသည်။ အိပ်ရေးပျက်ပါများသဖြင့် ဒီရက်ပိုင်းအတွင်း မျက်တွင်းဟောက်ပက်ဖြင့် ချုံးချုံးကျသွားခဲ့ရပါသည်။

ခုတော့ ရင်မဆိုင်ချင်သော သူကို ရင်ဆိုင်ရတော့မည်။

ခြယ်သည် ရင်တထိတ်ထိတ်ဖြင့် အိမ်ထဲသို့ ဝင်လာသည်။ ဧည့်ခန်းထဲမှာ ဘယ်သူမှ မတွေ့တာမို့ ခြယ်က ဒေါ်ဆင်ကို လှည့်ကြည့်မိရင်း ...

"ဧည့်သည်လည်း မတွေ့ပါလား ဒေါ်ဆင်"

"အဘိုးအခန်းထဲမှာလေ ..."

"ဟင် ... သူက ဘာကိစ္စ အဘိုးအခန်းထဲ ရောက်နေရတာလဲ"

"အဘိုးနဲ့ စကားတွေ တွတ်တွတ် တွတ်တွတ်ပြောရင်း





အဘိုးခေါ်တာနဲ့ အခန်းထဲ လိုက်ဝင်သွားတာ၊ ဘိုးဘိုးလည်း ခုမှပဲ ရွှင်ရွှင်လန်းလန်း ဖြစ်တော့တယ်၊ ဟိုနေ့တွေကဆို တမှိုင်မှိုင်နဲ့လေ"

"ရွှင်လန်းတယ် ! "

"ဟုတ်ပါ့ ... ဟိုစာရေးဆရာ ဘာတွေ ကပ်ပြောလိုက်လည်းတော့ မသိဘူး၊ အဘိုးက ရယ်လည်းရယ်တယ်"

ဒီလူ ဘာတွေ ညာထ်နီညာထ်နက် ထုတ်နေပါလိမ့်။

ခြယ်သည် အဘိုးအခန်းနားသို့ တရွေ့ရွေ့ ချဉ်းကပ်လာသည်။

အဘိုးအခန်းနှင့်နီးလာတော့ အခန်းတံခါး ခပ်ဟဟ ဖွင့်နေတာကို လှမ်းမြင်ရပြီး စကားသံတွေကိုပါ ကြားလာရသည်။

"ဒီနေ့ကစပြီး အဘိုး စိတ်သာချလိုက်တော့၊ အဘိုးပစ္စည်းတွေကို ကျွန်တော် မတွေ့တွေ့အောင် ရှာပေးမယ်"

"တကယ်နော် ..."

"တကယ်ပေါ့ ဘိုးဘိုးရဲ့၊ အဘိုးလည်း ညဘက်ကြီး ထပြီး ပင်ပင်ပန်းပန်း တူးဆွနေစရာ မလိုတော့ဘူး၊ နေ့ခင်းဘက်မှာပဲ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် ရှာလို့ရပြီ"

"တကယ်ပြောတာနော် ..."

"တကယ်ပါ ... ပြီးတော့ ဘိုးဘိုး လုံးဝမပင်ပန်းရစေဘူး၊ အဘိုး မြေးမ မှန်ရှိခြယ်ကိုသာ ကျွန်တော့်ခြံဘက် လွှတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ သူနဲ့ကျွန်တော် အတူတူ ဘုရားဆွဲရှာပေးမယ်၊ အဘိုး
က အိမ်ကနေ စိမ်နဲ့ ထိုင်စောင့်နေရုံပဲ"

မှုန်ရီခြယ်က ဟွန့်ခနဲ တစ်ချက် ရယ်လိုက်မိသည်
အဘိုးကို° စည်းရုံးပြီး ခြယ်နဲ့တွေ့ခွင့်ရအောင် ကြံနေတာများ
မသိရင် ခက်ဦးမယ်။

"အဟမ်း ... အဟင်း ... ဘိုးဘိုးရေ ခြယ် ပြန်ရောက်ပြီ

ခြယ် အသံလှမ်းပေးလိုက်တော့မှ သူ့အသံ တိတ်
သွားပြီး ဘိုးဘိုးအသံ ပေါ်လာသည်။

"မြေးရေ ... လာစမ်း ... လာစမ်း၊ ဒီမှာ အဘိုးတို့ကို ကူညီ
မယ့် ရှေ့ညှေ့သည်လေး ရောက်နေတယ်ဟေ့"

ခြယ်က မျက်နှာထား မှုန်တေတေနှင့်ပင် အဘိုး၏
အခန်းဝမှာ ရပ်လျက် သူ့ကိုတော့ မကြည့်ဘဲ မျက်နှာလွှဲထား
ရင်း ...

"ဘိုးဘိုးကလည်း လူစိမ်းသူစိမ်းတွေကို အဘိုးအခန်းထဲ
မခေါ်ဖို့ ခြယ်ပြောထားတယ် မဟုတ်လား"

"ဟဲ့ ... မြေး စကားကို ဆင်ခြင်ပြောစမ်း၊ သူက လူစိမ်း
မဟုတ်ဘူးဟဲ့၊ လူကျက်၊ လူကျက်၊ အဘိုးကို စိတ်ချမ်း
သာအောင် ကူညီမစမယ့်လူ၊ သူပြန်ရင် နင် သူနဲ့လိုက်သွား၊
သူက သူ့ခြံထဲမှာ တူးခွင့်ပေးမယ်တဲ့၊ သူတောင် ကူတူး
ပေးဦးမှာတဲ့ဟဲ့"





"ခြယ် မလိုက်ချင်ပါဘူး"

"ဟင် ... တကယ် မလိုက်ဘူးလား"

"မလိုက်ပါဘူးဆို"

"အီးဟီး ... နင်က ငါ့ကို စိတ်ချမ်းသာအောင် မထားဘူး
ပေါ့လေ၊ ငွေရုံရေ ... ဒီမှာ နင့်မြေးရယ်လေ ငါ့ကို စိတ်
ဆင်းရဲအောင် လုပ်နေတယ် ဟဲ့ ... အဲဟဲ့ ... အီး ... ဟီး"

အဘိုးက ပြောပြောဆိုဆို ခြေဆောင့်အော်ငိုတော့ရာ
ခြယ့်မှာ ဘားကြပ် နံကြပ် ဖြစ်သွားရပါသည်။

သူကတော့ ဘိုးဘိုးကို ဖျာဖျာသလဲ ချော့မော့လိုက်
သည်။

"မငိုပါနဲ့ ဘိုးရယ်၊ အဘိုးစိတ်ချမ်းသာရပါစေမယ်၊ မှုန်ရီ
ခြယ် အဘိုးစိတ်ချမ်းသာအောင် ကတိပေးလိုက်ဦးလေ"

"ဘာကတိစွ ပေးရမှာလဲ"

"အဘိုးပစ္စည်းတွေကို ကိုယ်နဲ့အတူ ရှာပေးမယ်ဆိုတဲ့ ကတိ
လေ"

"မပေးချင်ပါဘူး"

"ဟင် ... မပေးဘူးလား၊ အီး ဟီး ဟီး"

"ကဲ ... တွေ့လား၊ အဘိုး စိတ်ဆင်းရဲပြီ"

"ကဲ ... ကဲ ... ပေးတယ် ပေးတယ်၊ အဘိုး တိုင်တော့
နော်၊ ခြယ် ကတိပေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခြယ်က အဘိုးကို ချောမော့ရင်း သူ့ကို မျက်[illegible] လှမ်းထိုးလိုက်မိတော့သည်။

♣ ♣ ♣



♠ ♠ ♠

ခြယ်နဲ့သူ အဘိုးပစ္စည်းတွေကို အတူတကွ ရှာဖွေခဲ့သော နေ့ရက်တွေကတော့ အလွန် စိတ်လှုပ်ရှားစရာ ပျော်စရာကောင်းခဲ့လေသည်။

ကျွန်းညိုက ခြယ်တို့ရဲ့ တူးဆွခြင်းတွေ အလကားမဖြစ်ရအောင် လိမ္မော်ပင်ပျိုလေးတွေ ဝယ်ယူလာပါသည်။

"ကိုယ်တို့ တူးလိုက်တဲ့ နေရာတစ်ခုမှာ အပင်လေးတစ်ပင်စီ စိုက်ပြီးမှ မြေပြန်ဖို့ကြမယ်"

သူက သူတူးလိုက်သည့် နေရာမှာ အပင်ကလေး ထောင်စိုက်လိုက်သည်။

ခြယ်ကလည်း သူ့လိုပဲ လိုက်လုပ်မိသည်။

မနက် မနေ့ကဆို ခြယ်တို့နှစ်ယောက်ဟာ နေပူစာလှုံရင်း မြေကြီးတွေကို တူးဆွကာ သစ်ပင်ကလေးတွေ စိုက်ကြ[illegible] နေတာမို့ ခြယ်တို့တွေ တစ်ခုခုကို တူးဆွရှာဖွေနေမှန်း ဘယ်သူမှ မသိနိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ပလူတိုက ...

"ဆရာတို့ ဘာလုပ်နေကြတာလဲ"

ဟု မေးတော့ ကျွန်းညိုက မျက်စိတစ်ဖက် မှိတ်ပြပြီး ...

"အချစ်သစ်ပင် စိုက်နေတာကွ"

ဟု ဖြေသည်။ မှန်ရီခြယ်က မကြားတကြားဖြင့် ...

"အမုန်းသစ်ပင် စိုက်နေတာပါ"

ဟု တီးတိုးရေရွတ်ရာ ကျွန်းညိုက ပြုံးစိစိဖြင့် ...

"အမုန်းပင်ကနေ အချစ်သီးကလေးတွေ သီးလာမှာ"

ဟု မထိတရိ ပြောသည်။

တစ်နေ့တော့ ခြယ်က တူးဆွနေရင်းက တူရွင်းထိုးလိုက်မှ ချကာ လက်ဖဝါးတွေကို ဖြည်ကြည့်၍ သက်ပြင်းချလိုက်ရင်း ...

"ခြယ်တို့လည်း ကောက်ရိုးပုံထဲမှာ အပ်ရှာနေသလိုပဲ၊ ဒီလောက် မြေအကျယ်ကြီးထဲမှာ အဘိုးပစ္စည်းက ဘယ်လိုရှာတွေ့နိုင်မှာလဲ၊ ပြီးတော့ အဘွားမြှုပ်ခဲ့သလား၊ မမြှုပ်ခဲ့ဘူးလားဆိုတာလည်း ဘယ်သူမှ တိတိကျကျ သိတာမဟုတ်ဘူး၊ မြှုပ်ပြီး ပြန်ဖော်သွားရင်ရော ဘာတတ်နိုင်မှာလဲ၊ ပြီးတော့ မြေမြှုပ်တဲ့ပစ္စည်းဆိုတာ နှစ်ကြာရင် နေရာရွေ့သွားတတ်တယ်လို့ ကြားဖူးတယ်"



"ဒါပေမယ့် စိတ်ရှင်းရှင်းထားပြီး ဘာမှမတွေးပဲသာ တူးပါ၊ အကျိုးအမြတ်ကတော့ ရှိပါတယ်"

"ဘာအကျိုးအမြတ်လဲ"

"နံပါတ်(၁) အဘိုးစိတ်ချမ်းသာနေတယ်၊ လူဆိုတာ မျှော်လင့်ခြင်းနဲ့ အသက်ရှင်နေရတာလေ၊ မျှော်လင့်ခြင်းကြောင့် အဘိုး အသက် တစ်လပိုပြီး ရှည်ရင်တောင် ဒါအမြတ်ပဲ၊ နံပါတ်(၂) ဟိုမှာကြည့်လိုက်လေ၊ ကိုယ်တို့အပင်လေးတွေ စိုက်လာတာ ဘယ်လောက်များပြီလဲ၊ မကြာခင် စိုက်ခင်းကြီး ဖြစ်တော့မယ်၊ ဒါလည်း အမြတ်ပဲ ...၊

"နံပါတ်(၃) ခုလို မနက်ခင်းမှာ နေပူစာလှုံရင်း လှုပ်လှုပ်ရှားရှား တူးဆွနေရတော့ ချွေးတွေထွက်ပြီး ကျန်းမာရေးနဲ့ ညီညွတ်တယ် ...၊

"နံပါတ်(၄) အကျိုးအမြတ်ကတော့ အကြီးဆုံးပဲ၊ ဟဲ ဟဲ ..."

"ဘာလဲ"

ကျွန်းညိုက မှန်ရီခြယ့်မျက်နှာ မှုန်တည်တည်လေးကို ပြုံးစိစိ ကြည့်ရင်း ...

"မင်းနဲ့ကိုယ် နေ့တိုင်း ဒီအချိန်တွေမှာ အတူတူရှိနေခွင့်ရတယ်လေ"

"တော်ပါ ... အဲဒါ ရှင့်အတွက်သာ အကျိုးအမြတ်၊ ခြယ်အတွက်တော့ အရှုံးပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ညာတာပါ ..."

"ဘာ ညာလို့လဲ"

"မိန်းကလေးဆိုတာ ဒီလိုပါပဲ၊ ကိုယ့်ခံစားချက်အမှန် ဖုန်းကွယ်တတ်ကြတယ်လေ၊ ကယ်တော့ မင်းလည်း နေတာ ကိုယ်သိပါတယ် မှုန်ရီခြယ်"

"အံမယ် ... ပြောလိုက်မှဖြင့် အပိုင်ချည်းပဲ"

မှုန်ရီခြယ်က မကျေမနပ် ပြောရင်း ကျွန်းညို မြေကြီးခဲတွေဖြင့် ကြဲပက်လိုက်သည်။ ကျွန်းညိုက ငုံ့ရှောင် လဲပြိုသွားသည်။

ကျွန်းညိုက ပြောင်စပ်စပ်ရုပ်ဖြင့် ချက်ချင်း ဒူးထော ထထိုင်ကာ လက်နှစ်ဖက်ကို ဆန့်၍ ဇော်ဖဝါးလေးတွေကို ထားလျက် ကောင်းကင်ကြီးကို မော့ကြည့်နေရင်း ...

"အို ... သမ္မာဒေဝ နတ်မြတ်အပေါင်းတို့၊ အဘိုးက အဘွား ကို အမှန်တကယ် ချစ်မြတ်နိုးခဲ့ရင် ကျွန်တော် ကျွန်းညို နဲ့ မှုန်ရီခြယ်တို့လည်း တစ်ယောက်ကိုတစ်ယောက် ချစ် ခဲ့ရင် မကြာခင်မှာ အဘိုးရှာနေတဲ့ ပစ္စည်းတွေ ပြန်တွေ့ ပါစေ ..."

ဟု ဆုတောင်းလိုက်လေသည်။ မှုန်ရီခြယ်သည် ရုတ်တရက် ရှက်သွေးဖြင့် ရှိန်းမြသွားကာ မျက်နှာကို ဒူးခေါင်း ပေါ် မှောက်အပ်ဖွက်ထိုင်လိုက်ပြီး အနားက မြေကြီးကို ကြဲ လျက် ကျွန်းညိုကို လှမ်းပက်နေလိုက်သည်။





ခြံစည်းရိုးနား ရောက်နေသော အဘိုးက ခြယ်တို့ဆီ က်လာရင်း ...

"ဟော့ ... ဟော့ ... နှစ်ယောက်သား ပျော်နေလိုက်တာ ငါ့ ပစ္စည်းတွေ တွေ့လို့လားဟော့ ..."

"တွေ့တော့မှာ ဘိုးဘိုးရဲ့၊ သေချာပေါက် တွေ့မှာ ဟဲဟဲ"

ကျွန်းညိုက တဟဲဟဲရယ်ရင်း အဘိုးကို ဆီးပြော င်သည်။ ခြယ်က သူ့ကို လုံးဝမကြည့်တော့ဘဲ မျက်နှာရှုပ်ပ် ာ် အဘိုးကို ဆွဲခေါ်ကာ ပြန်လာခဲ့ပါသည်။

ကျွန်းရယ် ... ရှင်က မျက်နှာပြောင်လွန်းတယ်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

အဲဒီလိုနဲ့ပေါ့ ...

ကျွန်းညိုကလည်း မထိခလုတ်လေးတွေ ပြော... မှုန်ရီခြယ်ကလည်း ခံစားချက်ကို ဖုံးကွယ်ထားရင်း အသို... ချော့လှင့်ချက်ပေးနိုင်သည့် နေ့ရက်တွေကို အတူတကွ ဖြတ်... ခဲ့ကြသည်မှာ စ,တွေ့ကြသည့် နေ့မှ စတင်ရေတွက်လျှင် ... မြောက်ခဲ့ပြီဖြစ်သည်။

ထိုနေ့မနက်က 'မနက်ဖြန်ဆို ပြန်ရတော့မည်' ... သော အသိဖြင့် ကျွန်းညိုက ထိုင်းမှိုင်းလေးလဲ့စွာ နိုးထလာခဲ့...

သူ ချက်နှာသစ် စားသောက်ပြီးတာနှင့် ခြံထဲ... ဖို့ ထွက်လာတော့ ပလူတိုက လှမ်းမေးသည်။

"အချစ်စိုက်ပျိုးရေးသမားကြီး ... ခြံထဲဆင်းတော့မလို့လား..."

"အေးကွာ ... အချစ်သီးလေးတွေ ဆင်းခူးမလို့"

သူက ပလူတိုကို လက်နောက်ပြန်ပြလိုက်ရင်း ... သို့ ဆင်းလာသည်။





ခြံထဲမှာ ...

မှုန်ရီခြယ် ရပ်နေတာကို လှမ်းမြင်ရသည်။

လိမ္မော်ပင်ပျိုလေးတွေ ရှေ့မှာ ရပ်နေသော သူမက ...လိမ္မော်ပင်ပျိုလေးတွေလိုပဲ နုပျိုသည်။ နဖူးပေါ် အုပ်အုပ်ဝဲဝဲဆံပင် ...လေးတွေက နေရောင်ခြည်အောက်မှာ နက်မှောင်လင်းလက်နေ...သည်။ ဂျင်းဘောင်းဘီလေးနှင့် ကြက်သွေးရောင် လည်ပင်းအပိတ် ...ကွယ်တာကိုယ်ကျပ်လေး ဝတ်ထားပုံ၊ ခါးကလေး သွယ်ဆင်းမတ် ...ကျ ခေါင်းကလေး ငေးမော့နေပုံက ပန်းချီကားလေးတစ်ချပ် ...လိုပင်။ တူရွင်းကို မြေမှာထောက်ပြီး တူရွင်းပေါ် လက်တင်ကာ ...ငေးရီရီ ရပ်နေပုံကလေးက သူ့ရင်ကို ကိုင်လှုပ်သည်။ နေရောင် ...ခြည်က မျက်နှာပေါ် ဖြာကျနေတာမို့ ငေးရီသော မျက်လုံးလေး ...တွေ ဖိုလက်နေပုံဟာ တစ်ခုခုကို ဆွတ်ပျံ့လွမ်းမောနေသလိုမျိုး။

သူက ရင်ထဲမှာ တစ်မျိုး နင့်သလို ဖြစ်ရတော့မယ့် ...သူ့စတိုင်လ်အတိုင်း ပေါ့ပေါ့ပါးပါး ပုံစံဖြင့် သူမထံ လျှောက် ...သွားရင်း ...

"ဟေး ... ဘယ်လိုလဲ၊ မင်းကြည့်ရတာ ခုကတည်းက ကိုယ့်ကို ကြိုလွမ်းနေသလိုပဲ"

"မြန်မြန်ပြန်လေ ကောင်းလေလို့ ဆုတောင်းနေတာ"

"မင်း ဆုတောင်းပြည့်မှာပါ၊ ကိုယ် ဒီအိမ်ကို သုံးလစာ ပေးပြီး ငှားထားတာ၊ မနက်ဖြန်ဆို ပြည့်ပြီလေ၊ ကိုယ် မနက်ဖြန်ဆို ပြန်ရတော့မှာ"



www.burmeseclassic.com

www.burmeseclassic.com

"သြော် … မင်္ဂလာ စကားပါပဲ"

မှုန်ရီခြယ်က ခပ်သာသာလေးပြောပြီး မြေကြီး[…] ခင်းထားသည့် ပလတ်စတစ်ပြားလေးပေါ် ထိုင်ချကာ မျက်[…] ချပြီး တူးဆွနေသည်။

ကျွန်းညိုက သူမနံဘေးမှာထိုင်ချ၍ သူမလိုပဲ မျ[…] နေရင်း …

"မှုန်ရီခြယ် … ကိုယ် မင်းဆီက အကြံဉာဏ်လေး တော[…] ချင်လို့"

"ဘာလဲ"

"သြော် … ကိုယ့်ကိစ္စတော့ မဟုတ်ပါဘူး၊ ကိုယ့်သူငယ်[…] ကိစ္စပါ၊ ဒီကောင် မကြုံတတ်လို့ လူတကာဆီက လျှော[…] အကြံဉာဏ်တောင်းနေတာ"

"ပြောကြည့်လေ …"

"ကိုယ့်သူငယ်ချင်းကကွာ ချစ်စရာကောင်းတဲ့ ကောင်မ[…] တစ်ယောက်ကို ချစ်နေတယ်၊ ကောင်မလေးကို သူချ[…] ကြောင်း အရိပ်အမြွက်လည်း ပြောပြီးပါပြီ၊ ဒါပေ[…] တကယ်တမ်း အတည်ပြောဖို့ကြံလိုက်ရင် ကောင်မလေ[…] ရှောင်ရှောင်ထွက်သွားတယ်၊ ကိုယ့်သူငယ်ချင်းကလ[…] ကောင်မလေး ခါးခါးသီးသီး ငြင်းပြီး ရှောင်ထွက်သွာ[…] နိုးလို့ ရှေ့ဆက်မပြောရဲဘူး၊ ဒါပေမယ့် ကောင်မလေးလ[…] သူ့ကို ချစ်နေလိမ့်မယ်လို့ ယုံကြည်နေတယ်"





"ရှင့်သူငယ်ချင်းက သူ့ကိုယ်သူ တော်တော်အထင်ကြီး တာပဲနော်၊ မိန်းကလေးဘက်က ချစ်စကားတောင် အပြော မခံဘူးဆိုမှပေါ့ မျှော်လင့်ချက်က ဝေးပြီပေါ့၊ ဒီလောက်ဆို ကလေးတောင် သဘောပေါက်တယ်"

မှုန်ရီခြယ်က ကိုယ့်ကို စောင်းပြောနေမှန်း သိတာ မို့ ခပ်သာသာလေးပဲ ပြန်ပြောနေလိုက်သည်။ တကယ်တော့ ကျွန်းရယ် … ခြယ်က ဝန်မခံချင်တာ၊ ဝန်မခံရဲတာပါ။ ခြယ် လုမ်ခဲ့တဲ့ အခြေအနေတွေကြောင့် ရက်ရွံ့သိမ်ငယ်နေရတာပါ။ ရှင်နဲ့ ချစ်သူဖြစ်ပြီးမှ ရှင်ပြန်သွားတဲ့အခါ ကျန်ရစ်ရမယ့် ဝေဒနာ ကို ခံစားရဲဖို့ သတ္တိမရှိတာပါ။

"ချစ်လား ဆိုတဲ့ မေးခွန်းနဲ့ ချစ်တယ်ဆိုတဲ့ အဖြေမျိုးကို ပွင့်ပွင့်လင်းလင်း ဖွင့်ချဖို့အတွက် အခက်အခဲတစ်စုံတစ်ရာ ရှိနေတာလည်း ဖြစ်နိုင်တာပဲလေ၊ အကြောင်းကြောင်း ကြောင့် မြိုနေရတဲ့ ချစ်ခြင်းတွေ ရှိတတ်တာကိုတော့ ကိုယ့် သူငယ်ချင်းက နားလည်နေပါတယ်"

ကျွန်းညိုက ပြောပြီး စိတ်မကောင်းဖြစ်သွားကာ ခေါင်းငုံ့ချပြီး မြေကြီးကိုသာ သဲသဲမဲမဲ ဆက်တူးနေသည်။

မှုန်ရီခြယ်ရယ် … ကိုယ် မနက်ဖြန်ဆို ပြန်ရတော့ မှာ၊ မင်းနဲ့ဝေးရတော့မှာ …။ မင်း ဒီလိုပဲ ခံစားချက်တွေ မြိုပြီး ကျန်ရစ်တော့မှာလား။ ကိုယ် ပြန်သွားတဲ့အခါ မင်း ကို ခေါ်မသွား



www.burmeseclassic.com

www.burmeseclassic.com



နိုင်သေးရင်တောင် မင်းအချစ်တွေကို ကိုယ့် ရင်ဘတ်ထဲ ထည့်

သွားချင်ပါတယ်၊ ဒါပေမယ့် မင်းက မာနကြီးလွန်းတယ်။"

"အင်း … မပြန်ခင် အဘိုးပစ္စည်းကို တွေ့ရင်ကောင်းမှာ

ကိုယ်သစ္စာဆို ဆုတောင်းထားတာလည်း ရှိတယ်လေ"

"ရှင့်သစ္စာက မှန်ဦးမှလေ …"

"ဤမှန်သော သစ္စာတရားကြောင့် …"

"ဝှပ် … ဂျွတ်"

"ဟင် …"

ကျွန်းညိုရဲ့ ပြောလက်စ စကားက ရုတ်တရက်

ရပ်တန့်သွားသည်။ မှုန်ရီခြယ်လည်း မျက်လုံးကလေး ပြူး

တိတ်ဆိတ်သွားသည်။

ကျွန်းညိုသည် ရင်တဒိတ်ဒိတ် ခုန်လာကာ …

"ထိ … ထိမိသွားတယ်၊ ကိုယ့်တူရွင်းနဲ့ ပစ္စည်း တစ်ခု

ထိမိသွားတယ်"

"ဘာ … ဘာကိုလဲ၊ ကျောက် … ကျောက်တုံးလား"

မှုန်ရီခြယ်ကလည်း စိတ်လှုပ်ရှားစွာ မေးမိသည်။

"မဟုတ်ဘူး၊ ဒါ … ကျောက်တုံးရဲ့ အထိအတွေ့ မဟုတ်

ဘူး၊ သေတ္တာ … အဘိုး သေတ္တာ တွေ့ပြီထင်တယ်"

"ဟင် …"

နှစ်ယောက်သားဟာ ရုတ်တရက် လှည့်၍ မျက်နှာ





ချင်းဆိုင်လိုက်ကြသည်။ ကျွန်းညို တူရွင်းနှင့် တောက်ထားသည့်

မြေပြင်ဆီ ပြုန်းခနဲ ငုံ့ကြည့်လိုက်ကြသည်။ ပြီးတော့ နှစ်ယောက်

လုံး ထိုနေရာကို လျင်မြန်သော အဟုန်ဖြင့် တူးဆွဖယ်ရှားလိုက်

သောအခါ မြေစိုင်မြေခဲများကြားမှ ထွက်ပေါ်လာသော သံချေး

အထပ်ထပ် ကပ်နေသည့် သံသေတ္တာလေးတစ်လုံးကို တွေ့ရလေ

သည်။

ကျွန်းညိုက ထိုသေတ္တာကို မြေကြီးထဲမှ ဆွဲမယူလိုက်

သည်။ မှုန်ရီခြယ်က နှုတ်ဆိတ်၍ ထိုသေတ္တာကို စိုက်ကြည့်နေဆဲ

မှာ ကျွန်းညိုက သေတ္တာသော့ကို တူရွင်းဖြင့် ရိုက်ဖွင့်လိုက်သည်။

သေတ္တာ ပွင့်သွားသောအခါ …

သေတ္တာတွင်းမှာ ပလတ်စတစ်ဖြင့် ထုတ်ထားသော

အဘိုးရဲ့ သိုးမွေးဆွယ်တာအကျႌအထုပ်ကို တွေ့လိုက်ရပါတော့

သည်။

"အဘိုးရေ … အဘိုး"

မှုန်ရီခြယ်သည် ရုတ်တရက် ထရပ်ကာ အဘိုးကို

ကြုံးအော်ခေါ်လိုက်ပြီး သူမတို့ ခြံဘက်သို့ ပြေးထွက်သွားသည်။

အဘိုးသည် တုန်ချိ တုန်ချိဖြင့် ဟိုဘက်ခြံမှ ထွက်

လာသည်။

"အဘိုး … အဘိုး"

"ဟော … ဟော …"



www.burmeseclassic.com

www.burmeseclassic.com

"အဘိုးဟာ တွေ့ပြီ၊ အဘိုးပစ္စည်း တွေ့ပြီ"

"ဟော … ဘယ်ဟာလဲ၊ ဘယ်ပစ္စည်းလဲ"

"အဘွား ထိုးပေးထားတဲ့ သိုးမွေးအကျႌနဲ့ ဦးထုပ်ရ မာဖလာရယ်"

"ဟင် … ဟုတ်လား၊ ငွေရုံလက်နဲ့ ထိုးပေးခဲ့တဲ့ ပစ္စည် တွေလေ၊ အခု တွေ့ပြီပေါ့၊ ဟော … ဟော … သေပျော် ငါသေပျော်ပြီ၊ မေတင် သေပျော်ပြီဟေ့ …"

အဘိုးသည် သူ့ရှိသလောက်အားလေးနှင့် လက် ကားဖြန့် ဆန့်တန်းလျက် ဘောင်းဘီဝှမ်း ဖတ်လပ်လပ်ဖြင့် ကျွန် ရှိရာသို့ တုန်ချိတုန်ချိ ပြေးထွက်လာပြီး သေတ္တာဘေးမှာ ဒူးထော ထိုင်ကာ သေတ္တာကို ကြိုးပွေ့လိုက်သည်။ သေတ္တာကို ပွေ့လျက် မျက်လုံးစုံမှိတ် ငြိမ်သက်နေရင်း 'ငွေရုံ … ငွေရုံ' ဟု ကတုန်ကရ ရေရွတ်နေသည်။ ထိုသို့ ရေရွတ်ရင်း မျက်ရည်တွေလည်း ကျလာ သည်။

အဘိုးသည် မျက်ရည်ကျလျက်ပင် သေတ္တာထဲ အထုပ်ကို ဆွဲထုတ်လိုက်သည်။

သိုးမွေးဆွယ်တာတစ်ထည်၊ ဦးထုပ်တစ်လုံးနှ မာဖလာတစ်ခု။

အဘိုးသည် ထိုပစ္စည်းများကို ကယောင်ကတမ် ပိုက်ပွေ့ငိုကြွေးနေလေသည်။

နိုး နိုး တ ဝေ



ငိုရင်းပင် ဆွယ်တာအကျႌကို ဝတ်၊ မာဖလာကို ပတ်၊ ဦးထုပ်ဆောင်းရင်း ရယ်မောလိုက်ပြန်သည်။

"ငွေရုံ … ငွေရုံ မင်း အခု ငါ့နားမှာ ရှိပြီ၊ ငါ့နားမှာ ရှိနေပြီ၊ ငါသေပျော်ပြီ"

အဘိုးရဲ့ ရူးသွပ်မတတ် ပျော်ရွှင်နေပုံကို ခြယ်ရော ကျွန်းညိုပါ ငေးကြည့်ရင်း မျက်ရည်ဝဲလာရတော့သည်။

ဩော် … အချစ် …

အချစ်ဆိုတာ နှစ်ပေါင်းများစွာအထိ စွဲမြဲတွယ်ငြိ တတ်တာပါလား … ။

အချစ်ဟာ အမုန်းအဖြစ် ခဏတစ်ဖြုတ် အသွင် ပြောင်းခဲ့ရတဲ့ အချိန်တွေ ရှိခဲ့ပေမယ့် 'ခဏတစ်ဖြုတ် အမုန်းစိတ်' လေး ပြယ်သွားတဲ့အခါ 'အမြဲတမ်း အချစ်' သည်သာ ပြန်ပြီး နေရာယူနိုင်တာပါပဲလား။

အရာရာကို မေ့လျော့ပြီး သတိချွတ်ယွင်းတဲ့ အရွယ် သို့ ရောက်ပြီဖြစ်တဲ့ အဘိုးအိုတစ်ယောက်ရဲ့ ကျန်ရှိတဲ့ ရှားရှား ပါးပါး မှတ်ဉာဏ်ထဲမှာ အချစ်က နေရာအပြည့်ယူထားနိုင်သေး တယ်ဆိုတော့ အဲဒီအချစ်ဟာ ဟိုးအရင်က ဘယ်လောက်တောင် များ ခိုင်မြဲ စွဲနစ်ခဲ့မယ်ဆိုတာ … ။

မှုန်ရီခြယ်သည် သက်ပြင်းဖွဖွချရင်း ဝဲစို့နေသော ကိုယ့်မျက်ရည်ကို လက်ညှိုးကွေးလေးဖြင့် ပင့်သုတ်လိုက်ပြီးနောက် တုန်ရီနေသော အဘိုးကို ဖက်ပွေ့ဖေးမလိုက်လေသည်။

နိုး နိုး တ ဝေ

www.burmeseclassic.com

www.burmeseclassic.com



"အဘိုး ... မောနေပါဦးမယ်၊ ပြန်ကြရအောင်နော်၊ ကိုကျွန်းညို ခြယ်တို့ ပြန်ဦးမယ်၊ ကိုကျွန်းညိုကို ခြယ် အများကြီး ကျေးဇူးတင်ပါတယ်"

ခြယ်က ပြောပြီးသည်နှင့် အဘိုးကို ဆွဲကာ အိမ်ဘက်သို့ လျှောက်လာခဲ့သည်။

"မှုန်ရီခြယ် ..."

သူလှမ်းခေါ်တော့ ခြယ် လှည့်ကြည့်မိသည်။

"ကိုယ် မနက်ဖြန် ပြန်မှာ၊ ကိုယ့်ကို ကားဂိတ်ထိ လိုက်ပို့ပေးနိုင်မလား"

"ခြယ် ပို့ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် မှုန်ရီခြယ်"

♣ ♣ ♣



♠ ♠ ♠

ကျွန်း ...။

ကျွန်းရယ် ...

ရှင်ပြန်သွားတော့မယ်။

ရှင်ပြန်လာမယ်၊ ပြန်မလာဘူးဆိုတာ ဘယ်သူမှ ကြိုမသိနိုင်ပါဘူး။

ကံတရားကြောင့်၊ အကြောင်းကြောင်းသော အကြောင်းကြောင်းကြောင့် ပြန်မတွေ့နိုင်တော့ဘဲ ဝေးကွာသွားကြရတဲ့ ချစ်သူတွေအကြောင်း ခြယ် ကြားဖူးခဲ့ပါတယ်။

ဒီလိုနေ့မျိုးကို ရင်မဆိုင်ရဲလို့၊ မသေချာမှုတွေနဲ့ မွန်းနစ်မနေခဲ့ချင်လို့ ...၊ ကိုယ့်ရဲ့ လုပ်ကြံဖန်တီးမှုတွေကို သိမ်ငယ်ရှက်ရွံ့ခဲ့ရလို့ ...၊ ခြယ်သိပ်ချစ်တဲ့ အဘိုးကို ချန်ထားပြီး ဘယ်အရပ်တစ်ပါးက ချစ်သူနောက်ကိုမှ လိုက်ဖို့ အင်အားမရှိလို့ ...၊ ခြယ်တို့ မြေးအဘိုးရဲ့ ဘဝကို တာဝန်ယူခဲ့ရင်တောင် ရှင့်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ပိမှာ နိုးလွန်းလို့ ... အဲဒီလို အကြောင်းကြောင်းသော အကြောင်းကြောင်းတွေကြောင့် 'မဖြစ်နိုင်ဘူး' လို့ ကိုယ့်ရင်ထဲမှာ ကိုယ် အခါခါငြင်းဆန်ပြီး ရှင့်ဆီက ပြုံးဆင်းလာမယ့် အချစ်တွေကို တားဆီးထားခဲ့ရပါတယ်။

ဒါပေမယ့် ချစ်တယ် ကျွန်းရယ် ...။

သိပ်ချစ်မိပါတယ်။

စိတ်ထဲမှာ 'ကျွန်း' လို့ အခါခါခေါ်ရင်း ရင်းနှီးနေခဲ့မိပါတယ်။

ခုတော့ ကျွန်ရစ်ရတော့မယ်။

စိတ်ဖြောင့်ဖြောင့်သာ ပြန်ပါတော့ ကျွန်း ...။

ရှင်ဟာ ပင်လယ်ထဲက ကျွန်းတစ်ကျွန်း ဖြစ်ခဲ့ရင် ခြယ်က သင်္ဘောပျက်လို့ ရေနစ်နေတဲ့ သူတစ်ယောက်ပေါ့ ...။

ခြယ့်အဖို့ ကျွန်းတစ်ကျွန်းကို လှမ်းမြင်လိုက်ရခြင်းဟာ သေရာကနေ ပြန်ရှင်လာရတာနဲ့ အလားတူပါတယ်။

အဲဒီကျွန်းကလေးပေါ်မှာ ခြေချ၊ နေခွင့်ရရင် ခြယ်ဟာ သေလူကနေ ရှင်လူ ဖြစ်လာနိုင်တာပါပဲ ...။

အဲ့ဒီကျွန်းကလေးမှာ နေခွင့်ရချင်ပါတယ် ကျွန်းရယ်၊ အဲ့ဒီ ကျွန်းကလေးနဲ့အတူ ရှင်သန်ချင်ပါသေးတယ်။ ကျွန်းရဲ့ ရင်ခွင်ကို ခိုဝင်ခွင့် ရချင်ပါသေးတယ်။

ဒါပေမယ့် ...





"မှုန်ရီခြယ် ..."

မန္တလေးဘက် ထွက်မည့် ကားဂိတ်နားမှာ ရပ်နေသော ခြယ်သည် နောက်နားဆီက ခေါ်သံဖွဖွကြောင့် နစ်မွန်းနေသော အတွေးထဲမှ ပြန်နိုးလာရပါသည်။

"လိုက်ပို့တဲ့ သူက ကြိုရောက်နှင့်နေတယ်ဆိုတော့ ကိုယ့်ကို ဘယ်တုန်းကဟည်းက ပြန်စေချင်နေသလဲ မသိပါဘူးကွာ"

သူက ထုံးစံအတိုင်း ထေ့ငေါ့စကား ဆိုသည်။ ခြယ်ကလည်း ဘာမှမခံစားရသလို ပြုံးပြလိုက်ရင်း ...

"အဟင်း ... မြန်မြန်ပြန် အေးရောဆိုပြီး မြန်မြန်ပို့ချင်တာနဲ့ စောစောရောက်လာတာ၊ အစောဆုံးထွက်မယ့် ကားနဲ့သာ လိုက်သွားပါတော့ရှင် ..."

သူက ရုတ်တရက် ငြိမ်ကျသွားသည်။ ပြီးတော့ စကားမပြောတော့ဘဲ ခြယ့်ကိုစိုက်ကြည့်နေသည်။ သူ့အကြည့်တွေထဲမှာ ပျော်ဝင်နေသော ခံစားချက်တွေက ခြယ့်ခန္ဓာကိုယ်တစ်ခုလုံးကို အေးခဲ ငြိမ်သက်သွားအောင် ညှို့နေသလိုပင်။

ခြယ်သည် ကိုယ့်ကိုယ်ကိုပင် သတိမထားလိုက်မိတော့ဘဲ သူ့မျက်ဝန်းတွေနှင့် ငြိတွယ်နေသည်။ ပြီးမှ သတိဝင်ကာ မျက်လွှာချပစ်လိုက်သည်။

သူက ခြယ့်အနားကပ်ကာ တိုးတိုး ပြောသည်။

"အဘိုးက အဘွားကို ချစ်တာ သေရာလို့ ကိုယ်နဲ့ မင်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ကို တစ်ယောက် ချစ်တာ သေချာလို့ ... မအေ
နိုင်တော့ဘူးလို့ ထင်တဲ့ ပစ္စည်းကို ပြန်တွေ့ရတယ်
ကိုယ် ယုံတယ် ခြယ်၊ မင်းလည်း ယုံကြည်နိုင်ပါစေ
ကိုယ် ထပ်ထပ် ဆုတောင်းနေမယ် ...။

"ကိုယ် မင်းဆီက စရံ ပြန်မယူချင်ပါဘူး ခြ
ရယ်၊ စရံပြန်အမ်းရတယ်ဆိုတာ တစ်ဖက်ဖက်က က
ပျက်ကွက်လို့ပါ၊ ကိုယ်ရော မင်းပါ ကတိမပျက်ရင် ကို
စရံကို ပြန်ယူစရာမလိုသလို မင်းလည်း စရံ ပြန်အမ်းစ
မလိုပါဘူး၊ ပြီးတော့ စရံပြန်အမ်းစရာ မလိုတဲ့အပြ
တန်ရာတန်ကြေး အခြေအနေကြေထပ်ရဖို့လည်း သေချာ
ပါတယ်၊ ကိုယ် သွားတော့မယ် ခြယ် ...၊ ဩော် ... ကို
အခု မင်းကို ခြယ်လို့ ခေါ်ချင်လာပြီ၊ မင်းက ကိုယ့်
ချစ်တတ်အောင် သင်ပေးတဲ့ အချစ် တီချယ်ဆိုလည်
မမှားဘူး မဟုတ်လား"

ကျောပိုးအိတ်ကလေး လွယ်ထားသော သူက ခြယ်
ကို စိုက်ကြည့်ရင်း နောက်ဆုတ် နောက်ဆုတ် လှမ်းထွက်သွား
သည်။ ပြီးတော့ ... လက်တစ်ဖက်မြှောက်ပြ နှုတ်ဆက်ရင်း မျက်
လုံးတစ်ဖက် မှိတ်ပြပြီး ချာခနဲလှည့်ကာ ခပ်ဝေးဝေးက ရပ်စောင့်
နေသော ပလူတို့ဆီ ခြေလှမ်းကျဲဖြင့် လျှောက်ထွက်သွားတော့
သည်။





သူ့မျက်လုံးတစ်ဖက် မှိတ်ပြစဉ်မှာ ...

ထိုမျက်လုံးထဲမှ မျက်ရည်တစ်စက် ပေါက်ခနဲ ထွက်
ကျလာတာကို ခြယ် သေသေချာချာ မြင်လိုက်ရလေသည်။

အဲဒီ မျက်ရည်တစ်စက်ဟာ ခြယ့်အတွက်တော့ ...

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

"ဟဲ့ ... ဟဲ့ ... သား နေဦး၊ ခဏနေဦး၊ အိမ်ထဲမဝင်နဲ့ဦး၊ အဲ့ဒီမှာ ခဏရပ်နေလိုက်ဦး"

ခရီးပမ်းလာတာမို့ အိမ်ရောက်ရင်တော့ နားလိုက်ဦးမယ်ဟဲ့ဟု အားခဲလာသော ကျွန်ုပ်သည် မာမီ့ အလန့်တကြားတားမြစ်သံကြောင့် အိမ်ထဲဆက်မဝင်ရသေးဘဲ ဖိနပ်ချွတ်မှာ ရပ်တန့်နေလိုက်ရသည်။

"ဟဲ့ ... မိညီရေ ... မိသီ"

"ရှင် ... လာပါပြီ"

"ဟိုအိုးယူခဲ့ ... ဟိုအိုးယူခဲ့"

အိမ်ထဲက ကောင်မလေးက မြေအိုးသေးသေးလေးကို ကိုင်မြှောက်၍ ပြေးထွက်လာသည်။

ပြေးလာရင်း မာမီ့ဆီမရောက်ခင် ခြေချော်ကာ ချော်လဲသွားသော်လည်း ထိုအိုးကိုတော့ လွှတ်မချဘဲ မြဲမြဲကိုင်ကျက်ပြန်ကြုံးထလာသည်။

နိ နိ ဓ ဓ

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မိသိရယ်၊ နင့်မလည်း နမော်နမဲ့နဲ့၊ တော်ပါသေး

အိုးမကွဲပေလို့ ..."

မာမိသည် ကောင်မလေး လှမ်းပေးသော အိုး

လှမ်းယူပြီး အိုးထဲကို လက်နှိုက်၊ လက်ခုပ်ဖြင့် ရေခပ်ယူ

ကျွန်းညိုရဲ့ မျက်နှာကို ဆီးပက်လိုက်ရင်း နှုတ်ကလည်း ...

"ဟဲ့ ... သွား၊ လိုက်မလာနဲ့၊ ဒီအိမ်မှာ နင့်ဖို့နေရာမရှိ

ပြန်စမ်း ... ပြန်စမ်း"

ဟု ဝေါက်ငမ်းလိုက်သည်။

ကျွန်းညိုသည် မထင်မှတ်ဘဲ မျက်နှာကို ရေဆီး

ခံလိုက်ရတာမို့ နှာခေါင်းထဲ ရေဝင်မွန်းသီးသွားရင်းက မာမီ

ကိုလည်း အံ့သြကာ မျက်နှာက ရေတွေကို လက်ဖြင့် သပ်ချ

"မာမီ ... ဘယ်လိုလုပ်လိုက်တာလဲဗျာ၊ ခရီးဝေးက ပြန်လာ

တဲ့ သားကို ရေနဲ့လည်း ဆီးပက်သေး၊ ဝေါက်ငမ်းပြီးတော့

လည်း နှင်ထုတ်သေး ..."

"သားကို နှင်ထုတ်တာ မဟုတ်ပါဘူး သားရယ်၊ မာမီ

နှင်တာ သားနဲ့ကပ်ပါလာနိုင်တဲ့ တစ္ဆေမကိုပါ၊ သား

ပက်တာက ပရိတ်ရေ၊ သားကိုပက်တာတော့ မဟုတ်ဘူး

ပေါ့၊ တစ္ဆေကိုပဲ ပက်ပြီး တားလိုက်ရတာပေါ့၊ ဒီလောက်

ဆို ပြေးပါပြီ၊ ကဲ ... လာ ... လာ ... ဝင်၊ ငါ့သားလေး

ပင်ပန်းနေပြီထင်တယ်"

ကျွန်းညိုသည် ခုမှ မာမီ့လုပ်ရပ်ကို သဘောပေါက်





တာ ရယ်ချင်မိသွားသည်။ မာမီဟာ လူကြည့်တော့ ခေတ်ဆန်ဆန်

ပုံမျိုးပေမယ့် ဂမ္ဘီရဆန်သော ကိစ္စတွေကိုလည်း ယုံသည်။ အားရင်

ဗေဒင်တွက်ကာ ယတြာလိုက်ချေသည်။ ပညာတတ် ဗဟုသုတ

ရှိသူပီပီ သိပ္ပံနည်းကျ ကိစ္စတွေကို စိတ်ဝင်စားသလို ဝိဇ္ဇာနည်းကျ

သည့် ကိစ္စတွေကိုလည်း အလွှတ်မပေး။

မာမီဟာ ကျွန်းညိုနှင့် ပတ်သက်သည့် ကိစ္စအဝဝမှာ

သူသိ သူတတ်၊ သူ့ပဲခြယ်လှယ်ချင်၊ စွက်ဖက်ချင်၊ ကြိုးကိုင်ချင်သူ

မျိုး။ ဒက်ဒီဆုံးပြီးကတည်းက ဒီသားတစ်ယောက်အပေါ်ပဲ အာရုံ

စိုက်ခဲ့သူမို့ အပြစ်ပြောလို့လည်း မဖြစ်။ အမြဲတမ်း စကားတများ

များနှင့် ကျွန်းညို စာရေးနေလည်းပဲ စကားလှမ်းလှမ်းပြောတတ်

သူ၊ ကျွန်းညိုမှာ စာရေးတာတောင် ကိုယ့်သဘောနဲ့ ကိုယ် ရေးလို့

ဖြစ်အောင် 'အခု ဘယ်လိုဇာတ်လမ်း ရေးနေတာလဲ' 'ဟိုလို

ဆက်ရေးလိုက်ပါလား' 'ဒီလို ဇာတ်သိမ်းမှကောင်းမှာပေါ့'

'မင့်ဇာတ်လမ်းက ယုတ္တိဖြင့် မရှိဘူး' ဟု လာလာပြောလွန်းတာ

မို့ သူငယ်ချင်းရှိသည့် ပြင်ဦးလွင်ဘက်သို့ နားအေးပါးအေး စာ

ထွက်ရေးခဲ့ရတာပင်။

ကျွန်းညိုသည် စိတ်မော လူမောဖြင့် ဧည့်ခန်းထဲ

လျှောက်ဝင်လာပြီး ဆိုဖာပေါ်သို့ ကျောပိုးအိတ်ကို ပစ်ချလိုက်

သည်။ ပလူတိုက အလိုက်တသိ ကောက်ယူကာ အပေါ်ထပ်

ကျွန်းညို့အခန်းသို့ တက်သွားနှင့်သည်။

ကျွန်းညိုက ရေခဲသေတ္တာထဲက တစ်ခုခု ယူစားမည်



www.burmeseclassic.com

www.burmeseclassic.com



ဟူသော အကြံဖြင့် ထမင်းစားခန်းဘက်သို့ လျှောက်ဝင်လာ... မာမီကလည်း ထက်ကြပ်မကွာ လိုက်ဝင်လာရင်း စကား... ပတွတ် ပတွတ် ပြောလာသည်။

"သားရေ... မာမီမှာလည်း သားကို ပြောချင်တဲ့ စကား... တွေ အများကြီးကို ပိုက်ပွေ့ပြီး သားအပြန်ကို စောင့်... ရတာ၊ မင်းက မင်း စာထွက်ရေးနေတုန်း မာမီ ဖုန်းတ... ဆက်တာ မကြိုက်မှန်းသိလို့သာ မပြောဘဲနေနေရတာ... မပြောသေးလို့သာပဲ ..."

ကျွန်ုပ်က စိတ်ထဲကနေပြန်ပြောရင်း ရေခဲသေတ္တာ... ကို ဆွဲဖွင့်ပြီး ရေပုလင်းယူကာ မော့သောက်လိုက်သည်။ မာ... ကလည်း ရေသောက်နေတုန်း ခဏတောင် မနားဘဲ မနားတမ်း... ဆက်ပြောနေသည်။

"မာမီ ... မင်းကို ဒီအတိုင်းကြည့်မနေနိုင်တော့လို့ မင်း... ပြန်မလာခင် ကိစ္စအဝဝကို စီစဉ်ထားရတာ"

"အဟွတ် ... ဟွတ် ..."

သူ ရေတောင်သီးသွားသည်။ သို့သော် မာမီက... လည်း ဆက်ပြောသည်။

"မင်းက အောင်မြင်နေတဲ့ စာရေးဆရာ၊ မင်းရတဲ့ စာမူ... ကလည်း မနည်းဘူး၊ ဒါပေမယ့် မင်းမှာ ဘာမှအဖတ်... မတင်ဘူး၊ ရတဲ့ ပိုက်ဆံနဲ့ အဝတ်အစားတွေ ဝယ်ဝတ်... လိုက်ရတာလည်း ဘရန်းဒက်မှ ဘရန်းဒက်၊ ပြီးတော့...





အိမ်မှာ ရေးလည်း ဒီစာ၊ အပြင်ထွက်ရေးလည်း ဒီစာ ဘာမှမထူးဘဲနဲ့ ဟိုတယ်တက်ရေးရတာနဲ့၊ ခရီးထွက်ရေးရ တာနဲ့ ဘာများ အဖတ်တင်လဲ၊ လူက အထိန်းအကွပ်မရှိ တော့ လေထဲမှာ လွင့်နေတာပဲ၊ အဲ့ဒါ မင်းမှာ မိန်းမ မရှိလို့ဖြစ်ရတာ...၊ မိန်းမသာရှိရင် မင်းကို နိုင်နိုင်နင်းနင်း ပွဲကိုင်ပြီး စီးတဲ့ရေ ဆည်တဲ့ကန်သင်း လုပ်ပေးနိုင်တယ်"

ကျွန်ုပ်က ရေသောက်ပြီး ရေခဲသေတ္တာထဲက စပျစ် သီးနိုင် တစ်ခိုင် နှိုက်ယူလာကာ တစ်လုံးစီ ဖွဲ့ချွေလျက် ပါးစပ် ထဲ ပစ်ထည့်စားရင်း ထမင်းစားခန်းထဲမှ ပြန်ထွက်လာခဲ့တော့ လည်း မာမီက ထက်ကြပ်လိုက်လာသည်။

"ခုပြောနေတာ မာမီ့အတွက် တစ်ခုမှမပါဘူး၊ မင်းအတွက် မင်းအတွက် ..."

သူ အပေါ်ထပ်တက်သည့် လှေကားဘက်သို့ လျှောက်လာပြီး လှေကားထွေကို နင်းတက်လာသည်။ မာမီလည်း တစ်ထစ်ကျော်မှ လိုက်နင်းတက်လာသည်။

"ခုကြည့်လေ ... အလကားသက်သက် စာထွက်ရေးတော့ မှတယ်၊ ကိုယ့် အမေအိမ်မှာ အလကားနေပြီး ကိုယ့်အိမ်က ချက်တဲ့ ထမင်းကို အဆင်သင့်စားရင်း စာရေးလို့ ရရက် သားနဲ့ တစ်မြို့တစ်ရွာမှာ သွားရေးတော့ အိမ်ငှားခက အပိုထပ်ကုန်၊ စားစရိတ်က အပိုကုန်၊ လမ်းစရိတ်က တစ်ခါကုန်၊ အဲဒီတော့ ရတဲ့ ပိုက်ဆံက ဘာအဖတ်တင်မှာ



www.burmeseclassic.com

www.burmeseclassic.com



တုန်း၊ မင်းမှာ မိန်းမသာရှိရင် ဒီလိုမျိုး အိုးပစ်အိမ်ပစ် ထွက်သွားချင်တိုင်း ထွက်သွားလို့ မရတော့ဘူးပေါ့"

ကျွန်းညိုက လှေကားထိပ်ရောက်တော့ အိပ်ခန်းဘက်သို့ ကွေ့လျှောက်သွားသည်။ မာမီကလည်း ကွေ့လိုက်လာကာ...

"အဲဒီတော့ ဒီအမေကပဲ ကောင်းရာမှန်ရာ စဉ်းစားပြီး မင်းဘဝအတွက် စီစဉ်ရတော့တာပေါ့၊ အဲဒီတော့... ဟဲ့... နေဦး၊ အခန်းထဲ ဝင်မသွားနဲ့ဦး"

"သား နားဦးမယ်လေ မာမီရာ"

"အေးပါ... နားရပါမယ်၊ မနားခင် ခဏလေး လာဦး၊ ပြစရာ ရှိတယ်"

မာမီက ကျွန်းညိုကို လှမ်းဆွဲခေါ်သွားသည်။ လက်ဆွဲခေါ်သွားရင် ခံသာသေးတာပေါ့၊ ခုတော့... နားရွက်ဆွဲ ခေါ်သွားတာ...။

"ကြည့်... ကြည့်... ဟိုကိုကြည့်လိုက်စမ်း"

မာမီက ပြတင်းပေါက်အပြင်ကို လှမ်းပြနေတာမို့ သူ လှမ်းကြည့်လိုက်တော့ တစ်ဖက်ခြံထဲက တိုက်ပုပုလေးကိုပဲ လှမ်းမြင်ရသည်။ အဲဒီခြံနဲ့ အိမ်မှာ လူမနေတာ ကြာပြီ၊ ရောင်းမည်ဟု သတင်းလွှင့်ထားမှန်းတော့ သူသိထားသည်။ အဲဒီအိမ်က သူနဲ့ ဘာဆိုင်လို့ မာမီက ပြနေရတာလဲ။

"တွေ့လား... အဲဒီအိမ်က မင်းအိမ်ပဲ"





"ဗျာ... ကျွန်တော့်အိမ်"

"ဟုတ်တယ်... မင်းအိမ်၊ အဖေတော်တင်အောင် မာမီ ဝယ်ထားလိုက်တာ၊ မင်းသွားနေတုန်း မင်းထုတ်ပေးသူက ငွေလာကြိုပေးသွားတယ်၊ အဲဒီပိုက်ဆံနဲ့ အရင်တုန်းက မင်းအတွက် စုထားပေးတဲ့ ပိုက်ဆံနဲ့ မာမီ ရွှေနည်းနည်းရောင်းလို့ရတဲ့ ပိုက်ဆံနဲ့ ထပ်စိုက်ဖြည့်ပြီး ဝယ်ထားလိုက်တာ၊ မင်း မိန်းမယူပြီးရင် နေဖို့အဆင်သင့်ပဲ၊ အဲ... ပြီးတော့ မင်းယူဖို့ မိန်းမလည်း အဆင်သင့်ပဲ..."

"ပြဿနာပဲ...၊ မာမီတော့ ထင်ရာတွေ လျှောက်လုပ်ထားတာပဲ"

"ထင်ရာလုပ်တာ မဟုတ်ဘူး၊ မင်းဘဝကို အစီအစဉ်ကျအောင် စနစ်တကျဖြစ်အောင် စီစဉ်ပေးတာ၊ ကဲ... ကဲ သားလည်း ပင်ပန်းလာတယ် မဟုတ်လား၊ သွားနားတော့၊ တရေးအိပ်ပြီးရင် ရေမိုးချိုးပြီး သပ်သပ်ရပ်ရပ် ဝတ်စားထား၊ ဒေါက်တာ ဘုန်းမောင် လာလိမ့်မယ်"

"ဗျာ... ဒေါက်တာ ဘုန်းမောင်"

ကျွန်းညို လန့်ဖျပ်သွားမိပါသည်။ မာမီကတော့ အကွက်ကျကျ စီစဉ်ထားတော့တာပါလား။

"ဒေါက်တာဘုန်းမောင် နာမည်ကြားတာနဲ့ တွန့်မသွားနဲ့လေ၊ ဒီလို ခေတ်တက်တဲ့ ခေတ်ကြီးမှာ စိတ်ပိုင်းဆိုင်ရာ ကိစ္စလေးတွေ ဆွေးနွေးပြောဆိုကြတာ ဘာမှ ရှက်စရာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူးကွယ်၊ သူက မာမီ့ သူငယ်ချင်း၊ သားနဲ့လည်း ခင်ပြီးသားပဲ၊ အားနာစရာမလိုဘူး၊ သားစိတ်ထဲမှာ ဖြစ်ပျက် ခံစားမိနေတာကို မချွင်းမချန် ပြောပြလိုက်ရုံပဲ"

ပြဿနာပဲ။ တကယ့်ကို ပြဿနာကြီးပဲ ...။

ကျွန်းညိုက ခေါင်းတစ်ချက်ကုတ်လိုက်မိရင်း ...

"မာမီတွေ့ဆိုလည်း တွေ့ရတာပေါ့၊ ခုတော့ သား အိပ်လိုက်ဦးမယ်"

"အေး ... အေး ... ပျော်အောင်အိပ်၊ တစ်ခုခု အနှောင့်အယှက်ရှိလို့ အိပ်မပျော်ဘူးဆိုလည်း မာမီ့ကို ချက်ချင်းပြော၊ မာမီ ကိုဘုန်းကို ချက်ချင်း လှမ်းခေါ်လိုက်မယ်"

ကျွန်းညိုမှာ မာမီ့ကို လန့်လန့်နှင့် တာ့တာပြကာ ကိုယ့်အခန်းထဲ ကိုယ်ဝင်လာတော့ သူ့အဝတ်တွေ ရှင်းလင်းပေးနေသော ပလူတိုကို တွေ့ရသည်။

သူ့ဒေါသက ပူလူတို့ဆီမှာ ပေါက်ကွဲသွားသည်။

"အဲဒါ မင်းဂြိုဟ်မွှေတာကွ၊ မင်း ဂြိုဟ်မွှေတာ"

အနီးအနားက ခေါင်းအုံးတွေ၊ ပစ္စည်းအတိုအစတွေ အားလုံး ပလူတို့ထံ ပလူပျံသွားတော့သည်။

♣ ♣ ♣

နီး နီး ဓာ ပေ

♠ ♠ ♠

အမှန်တော့ ကျွန်းညို လွမ်းနေပါသည်။

ဘာအလုပ်မှ မလုပ်ချင်တော့အောင် ပျော့ခွေနုံးဖတ်လျက် လွမ်းဖျားလွမ်းနာ ကျသလို ဖြစ်နေသည်။

သို့သော် သူကောင်းကောင်း မလွမ်းရအောင် မာမီက လုပ်ဆောင်နေသည်။

မာမီ့ဆန္ဒအရ ကျွန်းညို ပထမဆုံး တွေ့ရမည့်သူက စိတ်ရောဂါကုဆရာဝန်၊ ဒေါက်တာဘုန်းမောင် ဖြစ်သည်။

တွေ့ဆိုလည်း တွေ့လိုက်တာပေါ့ ...။

သူက အဝတ်အစား အကောင်းစားတွေ ဝတ်လျက် မာမီ့ သူငယ်ချင်း ဒေါက်တာဘုန်းမောင်နှင့် တွေ့ဖို့ အသင့်ပြင်ထားလိုက်သည်။

မာမီ့ကိုတော့ ကြိုပြောထားရသည်။

"မာမီ ... ဆရာဝန်ကြီး လာရင် ကျွန်တော့် အခန်းထဲမှာပဲ နှစ်ယောက်တည်း စကားပြောမှာနော်"

နီး နီး ဓာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မာမိ မပါရဘူးလား"

"မပါရဘူး၊ ရှုပ်ကုန်လိမ့်မယ်၊ မာမီပါ ပါမယ်ဆိုရင် သား ဒေါက်တာဘုန်းမောင်နဲ့ မတွေ့တော့ဘူး"

"ကဲ ... ကဲ ... သားသဘောအတိုင်းသာ တွေ့လိုက်ပါ သားရယ်"

"အခန်းဝကနေပြီးတော့လည်း ချောင်းနားမထောင်ရဘူး"

"အေးပါ ... အေးပါ ..."

မာမိက ခပ်အင်အင် သဘောတူသည်။

ဒေါက်တာဘုန်းမောင် ကျွန်းညိုအခန်းထဲ ဝင်လာတော့ ကျွန်းညိုက အသင့်ပြင်ထားသော ပုံဖြင့် ဆီးကြိုသည်။

ပိုးပုဆိုးနှင့် တီရှပ်အပွကြီးတစ်ထည်ဝတ်လျက် ဆီးကြိုနေသော ကျွန်းညိုကို ဒေါက်တာဘုန်းမောင် စေ့စေ့စိုက်ကြည့်သည်။

"အဟီ ..."

ကျွန်းညိုက သွားဖြီးဖြီး ရယ်ပြလိုက်သည်။

"မင်း ... အခု ဘာဖြစ်နေတာလဲ"

ရုတ်တရက် ကောက်မေးလိုက်သော ဒေါက်တာဘုန်းမောင့် မေးခွန်းကြောင့် သူ ခဏကြောင်သွားကာ ...

"ရူးနေတာလေ အန်ကယ် ..."

"ဘယ်လို ရူးတာလဲ"

ဒေါက်ဘုန်းမောင်က လက်ပိုက်ရပ်ကြည့်ရင်း အေးဆေးဆေး မေးသည်။ သူက ခဏ ခေါင်းမော့ စဉ်းစားလိုက်ရင်း အူကြောင်ကြောင်လေး ဖြေရသည်။





"ကျွန်တော့် နားထဲမှာ အသံတွေ ကြားနေရတယ်၊ မျက်စိထဲမှာ အရုပ်တွေ မြင်နေရတယ်၊ ရုပ်မြင်သံကြားရှေ့မှာ ထိုင်မနေလည်း ကျွန်တော်ကိုယ်တိုင်က ရုပ်မြင်သံကြားဖြစ်နေတယ်၊ ဒီအခြေအနေနဲ့ မာမိ ပေးစားဖို့ စီစဉ်ထားတဲ့ မိန်းမကို ကျွန်တော် ဘယ်လိုယူမလဲ၊ ကျွန်တော် လောလောဆယ် မိန်းမယူလို့ မရသေးကြောင်း မာမိကို ပြောပေးပါ အန်ကယ်"

သူ့စကားဆုံးတော့ ဒေါက်တာဘုန်းမောင်က တဟားဟား အော်ရယ်သည်။ သူက ကိုယ့်ထက်တောင် ဆိုးနေသေး ...။

သူက နှုတ်ခမ်းပေါ် လက်ညှိုးကန့်လန့်တင်ကာ ...

"ရှူး ..."

ဟု အသံပေးလိုက်ပြီးမှ လက်ညှိုးလေးကို နှုတ်ခမ်းမှ ခွာ၍ ဘယ်ညာ လှုပ်ယမ်းပြကာ ...

"အဲ့လိုကြီး မရယ်ရဘူးလေ"

"လုပ်မနေနဲ့ ယော့ကောင်၊ မင်းမာမိရဲ့ အထာတွေရော မင်းရဲ့အထာတွေကိုပါ ငါနားလည်ပြီးသား၊ မင်းမာမီ အစိုးရိမ်လွန်ပြီး တကျိကျိ ခေါ်လွန်းလို့သာ အားနာပါးနာ လာရတာ၊ မင်းက မင်းမာမိကို ရွဲ့ပြီး ရူးချင်ယောင်ဆောင်တယ်၊ မင်းနဲ့ ပေးစားမယ့် မိန်းကလေးကို မယူချင်လို့ တမင်



www.burmeseclassic.com

www.burmeseclassic.com



ရှုးပြတယ်၊ ဒါမျိုးတွေ ရိုးနေပြီ၊ လူကောင်းဟန်ဆောင်တဲ့ အရူးနဲ့ အရူးဟန်ဆောင်တဲ့ လူကောင်းလောက်တော့ ငါ ခွဲတတ်တယ်"

"ဟဲဟဲ ... အန်ကယ်က တအားတော်တာပဲ၊ ဒါကြောင့် သမားတော်ကြီး ဖြစ်နေတာ၊ ကူညီလက်စနဲ့ တစ်ခုလောက် ကူညီပါလား အန်ကယ်ရယ်၊ မာမီ့ကို အခု လောလော ဆယ်မှာ ကျွန်တော် နည်းနည်းဝေါက်နေတဲ့အကြောင်း ပြောပေးပါ၊ ဒါမှ မာမီ ကျွန်တော့်ကို မိန်းမပေးစားမယ့် အလုပ်ကို ရပ်ထားမှာ"

"ဟော့ကောင် ဆရာဝန်ကို လာမညာခိုင်းမနေနဲ့၊ မင်းကိစ္စ မင်းဘာသာ ကြည့်ရှင်း၊ ငါတော့ မင်း မာမီ ချက်ထားတဲ့ အုန်းနို့ခေါက်ဆွဲလေး စားပြီး ပြန်တော့မယ်"

ခေါက်တာဘုန်းမောင် ထွက်သွားတော့ သူပခုံးလေး ကျုံ့ပြီး ကျန်ရစ်ရသည်။

မကြာခင် အောက်ထပ်ဆီက မာမီ့အသံကျယ်ကြီး ကို ကြားလိုက်ရပါသည်။

"ကျွန်းညို ... မနက်ဖြန် သတို့သမီးလောင်းနဲ့ သွားတွေ့ ရမယ် ကြားလား"

♠ ♠ ♠



♠ ♠ ♠

ဒုတိယမြောက် တွေ့ဆုံမှုက ကော်ဖီဆိုင်မှာ ဖြစ်သည်။

မေမေ အင်မတန်သဘောကျသည်ဆိုသော ရူပဝတီ (သီလရှင် နာမည်ကြီး)နှင့် တွေ့ဆုံဖို့ မေမေချိန်းပေးသော ကော်ဖီ ဆိုင်သို့ စောစီးစွာ ရောက်နှင့်နေပါသည်။

ရူပဝတီကို တွေ့ချင်လွန်းလို့တော့ မဟုတ်ပါ။ ဒီဆိုင် က ကော်ဖီနှင့် မုန့်တွေကို ကြိုက်လွန်းတာမို့ အစားအသောက် မျိုးစုံကို လွတ်လွတ်လပ်လပ် အားရပါးရ စားနှင့်ချင်တာကြောင့် ဝင် ... ။

စားသောက်ပြီးတာနှင့် ကျွန်းညိုက ကုလားထိုင်ကို သက်သောင့်သက်သာ မှီထိုင်ရင်း သူမကို စောင့်နေလိုက်သည်။

သူထိုင်သည့် ထိုင်ခုံဟာ အဝင်ဝကို ကျော့ပေးထား သည့် အနေအထား ...



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ နောက်ဘက်က ခြေသံဖွဖွကို ကြားရသည်။

လာပြီ … ရူပဝတီ လာနေပြီ။

သူ မျက်လုံးအစုံကို မှိတ်ထားလိုက်သည်။

"ကိုကျွန်းညိုလား မသိဘူး"

"ဟုတ်ပါတယ်"

ခုံရွှေ့သံကြားရသည်။ သူမ ထိုင်လိုက်ပြီထင်သည်။ သူကတော့ မျက်လုံး မှိတ်ထားပါသည်။

သူမထံမှ ခဏ အသံတိတ်သွားပြီး …

"မျက်လုံးက ဘာလို့ ပိတ်ထားတာလဲဟင်"

"ကျွန်တော် မျက်စိနာနေလို့ပါ၊ မျက်စိနာက ကူးတတ်တယ်လေ၊ ဖွင့်ထားတဲ့ ကျွန်တော့် မျက်လုံးကိုကြည့်မိရင် ခင်ဗျားပါ မျက်စိလိုက်နာလိမ့်မယ်"

"ဒါပေမယ့် ရှင် မျက်လုံးမှိတ်ထားရတော့ ဘာမှမမြင်ရတော့ဘူးပေါ့"

"မြင်ပါတယ်"

"ရှင် …"

"ကျွန်တော့် မျက်လုံးထဲမှာ ပုံရိပ်တွေ အများကြီးမြင်နေပါတယ်၊ မိန်းကလေး တစ်ယောက်ရဲ့ ပုံရိပ်တွေကိုတော့ ကျွန်တော် မျက်လုံးမှိတ်ထားတာတောင် မြင်နိုင်စွမ်း ရှိနေတယ်"

နိုး နိုး ဓာ ဓဓ



"ရှင်က တစ်မျိုးပဲနော်၊ စာရေးဆရာဆိုတာ ဒီလိုလူတစ်မျိုးတွေပဲလား မသိပါဘူး"

"စာရေးဆရာဆိုတာလည်း လူထဲကလူပါပဲဗျာ"

"ရှင် ခုထိ ကျွန်မကို မျက်လုံးဖွင့်မကြည့်သေးဘူး"

"မကြည့်ပေမယ့် မြင်ပါတယ်"

"ရှင် …"

"ကျွန်တော် မြင်ချင်တဲ့လူကိုတော့ မြင်နေရပါတယ်"

"ဒုက္ခပါပဲ၊ ဘာတွေပြောနေမှန်းလည်း မသိဘူး၊ ရှင် ဒီလိုပဲ မျက်လုံးစုံမှိတ်ပြီး ကျွန်မနဲ့ စကားပြောမှာလား"

"မျက်စိနဲ့ ကြည့်တာထက် စိတ်ထဲမှာ အာရုံခံပြီးကြည့်တာက ပိုမကောင်းဘူးလား"

"ပြဿနာပဲ၊ မာမီတို့ကတော့ ဘယ်လိုလူနဲ့ တွေ့နိုင်းမှန်း မသိတော့ပါဘူး"

သူမထံမှ စကားသံ တိတ်သွားသည်။

"တိ … တိ … တိ … တိ … တိ … တိ …"

(ဟန်းဖုန်းမှ ဂဏန်း ၆ လုံး နှိပ်သံ)

"ဟဲလို … မာမီလား၊ သမီး ပြန်လာခဲ့တော့မယ်၊ ကားလွှတ်ပေးဦး၊ မာမီ့ စာရေးဆရာက နည်းနည်းခေါက်နေတယ် မာမီရဲ့"

"ဗျပ် …" (ခေါက်ဖုန်းပိတ်သံ)

နိုး နိုး ဓာ ဓဓ

www.burmeseclassic.com

www.burmeseclassic.com



"ဗွပ် ..." (ရေပန်းခွက် ဆောင့်ချသံ)

ဂလုတ် ... ဂျစ်" (ထိုင်ခုံ တွန်းဖယ်ရွှေ့သံ)

"ဒေါက် ... ဒေါက် ... ဒေါက် ... ဒေါက်" (ဒေါက်ဖိနပ်သံ)

ထို့နောက် ...

တိတ်ဆိတ်သွားသည်။

သူ ... မျက်လုံး ပြန်ဖွင့်လိုက်သည်။

♣ ♣ ♣



♠ ♠ ♠

မာမီက ကျွန်ုပ်ကို 'အရူး' ဟု မသတ်မှတ်ပေမယ့် 'အကောင်း' ဟုလည်း ယုံကြည်ပုံ မရပါ။ မာမို့ သံသယဟာ ဒေါက်တာဘုန်းမောင်ကိုတောင် အလွတ်မပေးပါ။

"ဘုန်းမောင် ... ဘုန်းမောင် ငယ်ငယ်တုန်းကလို ဒင်းနားရွက်ကို ငါသွားဆွဲရင် မကောင်းရှိတော့မယ်"

"ဘာဖြစ်လို့လဲ မာမီ"

"သူမှ မင်းအခြေအနေကို မှန်မှန်ကန်ကန် မသုံးသပ်နိုင်ဘဲ၊ သူပြောတော့ အကောင်းကြီးပါတဲ့၊ ဒါပေမယ့် မာမီအာရုံခံမိသလောက်တော့ မင်းက ပုံမှန်မဟုတ်ဘူး၊ မနေ့ကလည်း မေမေ့ မိတ်ဆွေက ဖုန်းဆက်တယ်၊ ရှင့်သားအခြေအနေကို စစ်ဆေးပြီးမှ သတို့သမီး ရှာသင့်တယ်တဲ့"

"ကေ့နွ တော့ တချို့ သရဲနဲ့ ပတ်သက်တဲ့ ကိစ္စတွေကို ဆေးပညာက မကုစားနိုင်တာပဲ ဖြစ်ရမယ်၊ မင်း ... ကို

www.burmeseclassic.com



တစ္ဆေမနဲ့ ပတ်သက်ပြီး အခု ဘာတွေခံစားနေရလဲ၊ ...
ကို ပြောစမ်း"

"လွမ်းတယ် မာမီ"

"ဘုရားရေ..."

သူ့အဖြေကြောင့် မာမီက သူ့မ ရင်ဘတ်ကို ...
ဖိထားလိုက်ရသည်။

ကျွန်းညိုက ပြောင်စပ်စပ် မျက်နှာထားဖြင့် အပေါ် ...
ထပ်သို့ တက်လာခဲ့သည်။

သူ ... အခန်းထဲဝင်၊ အခန်းတံခါးပိတ်ပြီး ...
ပေါ် ပစ်လှဲချလိုက်မိသည်။

လွမ်းတယ် တစ္ဆေမလေးရယ် ...။

ကိုယ် မင်းဆီ ပြန်ခဲ့ချင်ပါတယ်။

ဒါပေမယ့် နှစ်လလောက်တော့ ကိုယ် ဒီမှာ ရှိနေ...
ဦးမယ်။ ကိုယ့်အလုပ်ကိစ္စတွေကို ဖြတ်ရဦးမယ်"

ပြီးရင်တော့ မင်းဆီကို ဆက်ဆက်လာခဲ့ပါမယ်။
မင်းဆီက 'ချစ်တယ်' ဆိုတဲ့ စကားကို ကိုယ့်နားနဲ့ ဆတ်ဆတ်
ကြားချင်လို့ပါ။

ကိုယ် ... အခု ... 'ဒါ အချစ်ပဲ' လို့ ယုံယုံကြည်
ကြည် လက်ခံဆောင်းစတ်ရဲတဲ့အထိ မင်းကို ချစ်မိသွားပါပြီ။

♣ ♣ ♣



♠ ♠ ♠

မာမီက ကျွန်းညိုကို မိန်းမပေးစားဖို့ အစီအစဉ်ကို
ခဏလက်လျှော့ထားကာ ကျွန်းညိုရဲ့ အခြေအနေကို စောင့်ကြည့်
နေချိန်တွင် ...

ကျွန်းညိုသည် တစ်လအတွင်း အလုပ်ကိစ္စတွေ ပြီး
စီးအောင် ကြိုးစားနေခဲ့ပါသည်။

ဆောင်ဒ္ဒန်းတွေ အပြီးရေးပေးခဲ့ဖို့၊ အင်တာဗျူးတွေ
ဖြေပေးဖို့၊ ထုတ်ဝေသူ တကျိကျိတောင်းနေသည့် စာမူကို အပြီးသတ်
ရေးပေးခဲ့ဖို့၊ မဂ္ဂဇင်းတချို့အတွက် ဝတ္ထုကို ရေးပေးဖို့ ...။

ကိစ္စတွေအားလုံးကို လုပ်ကိုင်ရင်း မှန်ရိခြယ်ကိုတော့
နင့်နင့်နဲနဲ လေးလေးနက်နက် သတိရနေသည်။

သူမဆီသွားဖို့ ဆန္ဒစောနေသည်။

သူက အလုပ်ကို သေချာအာရုံစိုက် လုပ်နေတာမို့
မာမီကလည်း စိတ်အေးသွားပုံ ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်လောဘ သိပ်မကြီးပါနဲ့ သားရယ်၊ ကျန်းမာရေး ထိခိုက်ပါဦးမယ်"

"အလုပ် ဘယ်လောက်များများ သား မပင်ပန်းပါဘူး မာမီ၊ သား ပင်ပန်းတာက သားကို မာမီ သဘောကျတဲ့ မိန်းကလေးတွေနဲ့ ပေးစားတဲ့ကိစ္စကိုပဲ၊ မာမီ အဲဒီလိုလုပ်ရင် သား စိတ်ရောလူပါ ပင်ပန်းတယ်"

မာမီက ကျွန်းညိုနောက်မှာ လာရပ်လျက် ကျွန်းညိုရဲ့ ပခုံးတွေကို ဆုပ်နှိပ်ပေးနေရင်း ...

"အေးပါဟယ် ... အေးပါ၊ သားမကြိုက်ရင်လည်း မာမီ မလုပ်တော့ပါဘူး၊ ဒါပေမယ့် နောက်တစ်နှစ်လောက်ဆိုရင်တော့ သား အိမ်ထောင်ပြုသင့်ပြီနော်"

"ဟုတ်ကဲ့ပါ မာမီရယ်၊ သားလည်း ပြုဖို့ စဉ်းစားထားပါတယ်၊ ပြုမှာပါ၊ ဒါပေမယ့် သား အိမ်ထောင်ဘက်ကိုတော့ သားဘာသာ ရှာပါရစေ"

"ပေါက်ကရတော့ ရှာမလာနဲ့ပေါ့ဟဲ့ ..."

"ပေါက်ကရတော့ မရှာပါဘူး၊ တစ္ဆေမလှလှလေးလောက်ပဲ"

"ကျွန်း ...မင်းနော်၊ ပြောနေရင်း ဖောက်မလာနဲ့"

မာမီက ကျွန်းညိုခေါင်းကို လက်သီးဆုပ်ဖြင့် တွန်း လိုက်ပြီး ကျွန်းညိုရဲ့ စာရေးစားပွဲအောက ပြတင်းပေါက်ကို ဖွင့်





လိုက်ပါသည်။ ပြီးတော့ ပြတင်းပေါက်မှ မြင်နေရသော တစ်ဖက်ခြံက အိမ်လေးဆီ လှမ်းမျှော်ကြည့်ရင်း ...

"မာမီအကြံရပြီ သားရေ လောလောဆယ် မင်းအိမ်ထောင်မပြုသေးရင် ဟိုဘက်က အိမ်က ဒီအတိုင်းထားရမယ့်အတူတူ ၆ လချုပ်လောက်နဲ့ ငှားလိုက်ရင် မကောင်းဘူးလား"

"ကောင်းသားပဲ မာမီ"

"ဒါဆို အိမ်ပွဲစားကို ပြောပြီး မာမီ ဒီလကုန်လောက် လူငှားတင်လိုက်တော့မယ်၊ အင်း ... ပွဲစား မခင်ရီဆီ ဖုန်းဆက်ဦးမှ"

ခုအကြံရ ခုထလုပ်တတ်သော မာမီက သူ့အနားက ခွာသွားတော့မှ သူ စာကောင်းကောင်း ဆက်ရေးရပါသည်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

♣ ♣ ♣

တစ်လ ကုန်ဆုံးသွားသောအခါ ...

ကျွန်းညိုသည် မာမီ့အတွက် ကျီစယ်စာလေး တစ်စောင် ထားခဲ့ပြီး ပြင်ဦးလွင်သို့ ထွက်ခွာလာပါသည်။

*မာမီ ...*

*ပြင်ဦးလွင်မှာ ကျန်ခဲ့တဲ့ သားရဲ့ တစ္ဆေမလေးကို လွမ်းလို့ ခဏသွားတွေ့တယ်၊ ခေါ်လို့ရရင်လည်း အလည်ခေါ်ခဲ့မယ်လေ၊ ပရိုတ်ရေနဲ့ ဆီးမပက်ကြေး။*

*ချစ်သား ...*

*ကျွန်းညို*

♣ ♣ ♣



♠ ♠ ♠

ကျွန်းညိုသည် သော့အထပ်ထပ်ပိတ်ထားသည့် မှုန်ရီခြယ်တို့ ခြံဝန်းတံခါးရှေ့တွင် ရပ်ရင်း လူတစ်ကိုယ်လုံး မလှုပ်ချင်တော့လောက်အောင် အားယုတ်သွားသည်။

တံခါးပိတ်ထားပုံက ခဏတစ်ဖြုတ် အပြင်သွားလို့ ပိတ်ထားခဲ့ပုံမျိုး မဟုတ်။ သံကြိုးအထပ်ထပ် ရစ်ပတ်၍ သော့အထပ်ထပ် ခတ်ထားပုံကိုကြည့်ရင် ခရီးဝေးသွားလို့ ပိတ်ထားခဲ့ပုံမျိုး ဖြစ်နေသည်။ အထဲကို မျှော်ကြည့်တော့လည်း အိမ်တံခါးတွေ ပိတ်ထားတာကိုသာ တွေ့ရသည်။ လူရှိပုံ မပေါ်ပါ။

ဘယ်ကိုများ ထွက်သွားပြီလဲ ခြယ်ရယ် ...။

သူ မြင်းလှည်းတစ်စီး အမြန်ငှားပြီး စိုင်းတို့ဆိုင်ဘက်သို့ ထွက်လာခဲ့သည်။ စိုင်းဆီရောက်ရင်တော့ သတင်းတစ်ခုခု ရနိုင်လို့ပင်။

စိုင်းဆီရောက်တော့ မထင်မှတ်သော သတင်းစကားကို ကြားလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြန်သွားပြီး လေးငါးရက်လောက် အကြာမှာ မှုန်ရီခြယ် အဘိုး ဆုံးသွားတယ် ကျွန်း၊ ရောဂါ အပြင်းအထန်ဖြစ်ပြီး ဆုံးတာတော့မဟုတ်ပါဘူး၊ ဒီအတိုင်း လူကြီးရောဂါပဲပေါ့ကွာ၊ ငြိမ်းငြိမ်းချမ်းချမ်းလေးပဲ အသက်ထွက်သွားတယ်လို့ မှုန်ရီခြယ် ပြောပြတယ်"

ဩော် ... အဘိုးပြောတဲ့ 'သေပျော်ပြီ' ဆိုတာ တကယ်မဲပေါ့။ အဘိုးဆုံးချိန်မှာ အဘွားထိုးပေးတဲ့ ဆွယ်တာလေးကို ဝတ်ထားလိမ့်မည်ဟု သူယုံပါသည်။ အဲဒီလို ဝတ်ခွင့်ရဖို့ လုပ်ပေးခွင့်ရတဲ့အတွက် သူကျေနပ်ပါသည်။

သူမျက်လုံးမှိတ်ချလိုက်တော့ သူနောက်ဆုံးမြင်ခဲ့ရသည့် ပစ္စည်းတွေကို ပွေ့ပိုက်ရင်း ဝတ်ဆင်ရင်း ဝမ်းသာပျော်ရွှင်နေသော အဘိုးရဲ့ပုံရိပ်တွေကို မြင်ယောင်လာမိသည်။

သူ စကားမပြောနိုင်တော့အောင် ခဏ ဆို့နင့်ငြိမ်သက် သွားခဲ့ရပါသည်။

ခြယ်ရယ် ...

အဘိုး မရှိတော့တဲ့အခါ အဘိုးကို သိပ်ချစ်ရှာတဲ့ မင်း ဘယ်လောက်အားငယ်ရှာမလဲ။ အားပေးဖေးမခွင့်တောင် ကိုယ်မရခဲ့ပါလား။

"ငါလည်း မင်းကို အကြောင်းကြားဦးမလို့ပါပဲ၊ ဒါပေမယ့် မှုန်ရီခြယ်က မင်းကို အကြောင်းမကြားဖို့ အထပ်ထပ်





တောင်းပန်တယ်၊ နောက်တော့ မကြာပါဘူး၊ သူ့အိမ်နဲ့ခြံကိုရောင်းပြီး သူ့အိမ်က အခေါ်ကြီးကိုပါ ခေါ်ပြီး ထွက်သွားတယ်လို့ ကြားလိုက်ရတယ်၊ ဘယ်ကိုသွားမှန်း ဘယ်သူမှ မသိဘူး၊ ငါလည်း သူတို့ပြောင်းသွားပြီးမှ ကိုဝဏ္ဏပြောလို့ သိရတာ"

"ပြောင်းသွားတာ ဘယ်လောက်ကြာပြီလဲ"

"အဘိုးအတွက် လလယ်သပိတ်သွပ်ပြီးကတည်းက ထွက်သွားတယ်ထင်တယ်၊ ငါလည်း သေသေချာချာတော့ မသိဘူး"

"သူတို့ အိမ်ကလည်း ဒီလောက်မြန်မြန်ကြီး ရောင်းထွက်ရသလားကွာ"

"ဈေးလျှော့ရောင်းသွားတယ် ကြားတာပဲ၊ သူ့အဘိုးမရှိတော့ သူလည်း မနေချင်တော့လို့ နေမှာပေါ့ကွာ"

"အခု သူဘယ်သွားနေလဲ၊ အဲ့ဒါပဲ ငါသိချင်ပါတယ်ကွာ"

"အဲဒါတော့ ငါလည်းမသိဘူး ကျွန်း၊ ငါက မှုန်ရီခြယ် ပြင်ဦးလွင်မှာပဲ ရှိနေတယ်လို့ ထင်နေတာ"

"ဒါဆို ငါ သူတို့ခြံဘက် နောက်တစ်ခေါက် သွားစုံစမ်းကြည့်ဦးမယ်ကွာ"

"ဟော့ကောင် ... တစ်ခုခုစားသွားဦး"

"မစားတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ စိုင်း ဆိုင်ကယ် ခဏငှားပြီး ခြယ်တိုခြံဘက်သို့ ထွက်လာခဲ့သည်။

ခြံရှေ့ရောက်တော့ မျှော်လင့်ချက် ရှိရှိ မရှိရှိ ဆိုင်ကယ်ဟွန်းကို ဆက်တိုက်တီးပစ်လိုက်သည်။

အတွင်းက ဘာပြောင်းလဲမှုမှ မရှိ။

လောလောဆယ်မှာ လမ်းစပြတ်နေတာမို့ သူ ပြန်ရုံသာ ရှိပါတော့သည်။

နောက်တစ်နေ့မှာပင် သူ ပြင်ဦးလွင်မှ ထွက်ခွာဖို့ ကားဂိတ်ဘက်သို့ လျှောက်လာခဲ့သည်။

ကားဂိတ်နားရောက်တော့ ဆိုင်ကယ်တစ်စီး အနားကပ်လာကာ…

"ဟာ… ကိုကျွန်းညိုပါလား၊ တူပါတယ်လို့ ကြည့်နေတာ"

"ဩော်… ကိုဝဏ္ဏ"

ပွဲစား ကိုဝဏ္ဏကို တွေ့ရတာမို့ သူ ပြုံးပြလိုက်ရသည်။ ကိုဝဏ္ဏက သူ့ထက်ပိုပြုံးကာ…

"ခင်ဗျားကျေးဇူးကတော့ ကြီးပါတယ် ကိုကျွန်းညို၊ ဟိုအိမ်မှာ ခင်ဗျားတို့ ဆရာ တပည့် နေသွားပြီးကတည်းက အဲဒီအိမ်မှာ တစ္ဆေခြောက်တယ်ဆိုတဲ့ သတင်းကို ဘယ်သူကမှ မယုံကြတော့ဘူး၊ မကြာဘူး… ငှားချင်တဲ့သူ၊ ဝယ်ချင်တဲ့သူ တွေ ပိုင်းလာတာနဲ့ ပိုင်ရှင်လည်း တော်တော် စိတ်ချမ်း သာသွားတယ်၊ သူလည်း ငွေလိုနေတာနဲ့ ပြန်ရောင်းထုတ် လိုက်တာ တစ်လအတွင်း ရောင်းထွက် သွားတယ်လေ၊ ကျွန်တော်လည်း ပွဲခ ဖြိုးဖြိုးဖြက်ဖြက် ရလိုက်တာပေါ့ဗျာ၊ လာပါ… ကြုံတုန်းလေး ကျွန်တော် ခင်ဗျားကို နေ့လယ်စာ ကျွေးပါရစေ…"

"နေပါစေတော့ဗျာ… အချိန်မရတော့လို့ပါ"

ရွှန်းရွှန်းဝေနေသော ကိုဝဏ္ဏကို မနည်း တာတာ ပြခဲ့ရသည်။

ဩော်… ပျော်သူတွေ ပျော်ကြပေမယ့် သူ့မှာတော့ မပျော်နိုင်။

♣ ♣ ♣






www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

ကျွန်းညို ပြန်ရောက်လာတော့ မာမီက သူ့ကို မျက်စောင်းထိုး၊ ဗိုက်ခေါက်ဆွဲ၊ နားရွက်ဆွဲ၊ ပါးစပ်က နာရိုက်လောက်ဆူပွက်ပြီးမှ ပုံမှန်အတိုင်း ပြန်ဖြစ်သွားပါသည်။

သူကတော့ ပုံမှန်ပြန်မဖြစ်သေးဘဲ အိပ်ရာထက်မှာ အရက်နာကျသလို မှောက်အိပ်နေမိသည်။ တစ်ကိုယ်လုံး မလှုပ်ချင် မသယ်ချင် အားပြတ်ကာ အချစ်နာကျနေတာပင်။

ခြယ် ...။

မှုန်ရီခြယ် ...။

မင်း ဘယ်မှာလဲ ...

"ကိုယ် မင်းကို ဘယ်လိုရှာရမှာလဲ ...။

သူ့ရင်ဘတ်ထဲမှာ ခံစားချက်တွေ ပြင်းထန်နေသော်လည်း ကောင်းကောင်း မပြင်းထန်ရ။ မာမီက သူ့အနားရောက်လာကာ ...

"သား ... အိပ်နေတာလား"





ဟု မေးသလိုလိုနှင့် နှိုးပြီး အကြောင်းအရာပေါင်းစုံကို မပြတ်တမ်း ပြောနေသည်။

သူ ...

လက်တစ်ဖက်ဖြင့် အိပ်ရာဘေး စားပွဲပေါ်ရှိ တစ်ရှူးဘူးထဲက တစ်ရှူးစတွေကို ဖြည်းဖြည်းချင်း ဆွဲထုတ်ယူလိုက်သည်။ မာမီ့အလစ်မှာ နားကို ဆို့ဖို့ပင်။

သူ့လက်က နားဝဆီ တရွေ့ရွေ့သွားနေဆဲ ...

"ဪ ... သားကိုပြောဖို့ မေ့နေတယ်၊ မာမီလေ ဟိုဘက်အိမ်ကို အိမ်ငှားတင်လိုက်ပြီ သိလား၊ အိမ်ငှားဆိုပြီး အထင်သေးလို့တော့ မရဘူး သားရေ၊ ကလေးမလေးက ဗိုက်ဆံရှိပုံ ရတယ်၊ ငယ်ငယ်လေးပဲရှိသေးတယ်၊ ပုံစံလေးကလည်း ချစ်စရာလေးပဲ၊ ပြင်ဦးလွင်က အိမ်နဲ့ခြံရော လုပ်ငန်းရော အခြေအမြစ် ဖြုတ်ပြီး လာခဲ့တာတဲ့၊ အဒေါ်ကြီး တစ်ယောက်တော့ အဖော်ပါတယ်၊ လောလောဆယ် ဝယ်ဖို့အိမ် စိတ်တိုင်းကျမတွေ့ခင် မာမီတို့ အိမ်လေးမှာ ငှားနေတာလေ၊ အိမ်ဝယ်ပြီးရင် စီးပွားရေးလုပ်ငန်းတစ်ခုခု လုပ်မလို့ဆိုပဲ၊ ကလေးမလေးရဲ့ အဘိုး ဆုံးသွားလို့ ပြင်ဦးလွင်က အိမ်နဲ့ခြံကို ရောင်းပြီး လာ ... လာ ..."

ကျွန်းညိုသည် လက်ထဲက နားမှာဆို့လုဆဲဆဲ တစ်ရှူးလုံးကို လွှတ်ချလိုက်ပြီး ဖြုန်းခနဲ ခုန်ထလိုက်လေသည်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

♠ ♠ ♠

ည ၉ နာရီသာ ရှိသေးသော်လည်း ...

ဒေါ်ဆင်က အိပ်နှင့်နေပြီ ...။

အဘိုး မရှိတော့တဲ့နောက် ဒေါ်ဆင်နဲ့ နှစ်ယောက် တည်း နေရခြင်းက ခြယ့်ကို ပို၍ အထီးကျန်စေပါသည်။ အထီး ကျန်ခြင်းကြောင့် အချစ်ကို ပို၍ တသသ တမ်းတမိပါသည်။

ခြယ်သည် တီဗီရှေ့မှာ ထိုင်၍ သိုးမွေးထိုးရင်း စိတ်ကိုငြိမ်အောင် ထိန်းချုပ်ထားရပါသည်။

မနေ့ကမှပြောင်းလာသော အိမ်က ခြယ်နှင့် အသား မကျသေးပါ ...။ အိမ်ကို သေချာလည်း မရှင်းလင်းရသေးပါ။ အိမ်နောက်ပိုင်းမှာ ပစ္စည်းအတိုအစတွေ ရှုပ်နေတာကို မနက်ဖြန်မှ ဆက်ရှင်းရတော့မှာပင်။

ဆိတ်ငြိမ်ရပ်ကွက်မို့ ပတ်ဝန်းကျင်ကလည်း တိတ် ဆိတ်လှသည်။ တီဗီကိုလည်း အသံတိုးတိုးလေးသာ ဖွင့်ထားသည်။





ထိုခဏမှာ ...

"ဘူး ထွား ဟား ဟား ဟား ... ဟီး ဟီး ဟူး ဟူး"

ဟူသော တစ်ခဲနက် ရယ်မောသံကြီးက အိမ်နောက် ဘက်ဆီမှ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ခြယ်သည် ရုတ်တရက် လန့်ဖျပ်လျက် အိမ်ရှေ့သို့ ပြေးထွက်လာသည်။

အိမ်ထဲမှာ လူလား ... တစ္ဆေလား။

တစ္ဆေဆိုရင်တော့ မကြောက်။ လူပဲကြောက်တာမို့ အိမ်နီးချင်း ခြံရှင် အန်တီ့ကို အကူအညီတောင်းဖို့ ခြံထဲသို့ ပြေးဆင်းလာမိသည်။

ခြယ်သည် တစ်ဖက် အိမ်ကြီးဆီ မော့ကြည့်ရင်း ဒီအချိန် အကူအညီတောင်းရင် ကောင်းပါ့မလားဟု စဉ်းစားရင်း ...

"ပြဿနာပဲ ... ဘာသံကြီးမှန်းကို မသိဘူး"

ဟု ... ညွတ်နေမိဆဲမှာ နောက်နားဆီက အသံတစ်သံ ထွက်ပေါ်လာပါသည်။

"အဲ့ဒါ လက်စားချေတဲ့ အသံပေါ့၊ တစ္ဆေမ မဟုတ်ဘူး တစ္ဆေထီးဆိုတော့ အဲဒီလို ရယ်သံထွက်တယ်၊ နားထောင် ကြည့် ... ဘူးထွားဟားဟား ... ဟီးဟီး ဟူးဟူး ... "

"ကျွန်း ..."

ခြယ်သည် သူ့ထံ ချာခနဲ လှည့်ကြည့်၍ သူ့ကို မြင်ရစဉ် ညအမှောင်မှာ လရောင်ပွင့်လာသလို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက မှောင်ရိပ်ထဲမှ ထွက်လာသည်။ အရင်အတိုင်း ပြုံးစိစိ မျက်နှာကို အိမ်ရှေ့မီးရောင်ဖြင့် မြင်လိုက်ရသည်။

"ဘယ်လိုလဲ ... ကိုယ့်ထက် ပိုချစ်လို့ ကိုယ့်ဆီလိုက်လာတာလား"

သူက ထုံးစံအတိုင်း မထိတရိ မေးသည်။

ခြယ်က အခြေအနေကို နားမလည်နိုင်သေးဘဲ ...

"ရှင်က ဘယ်လိုက ဘယ်လို ဒီကိုရောက်လာတာလဲ၊ ခြယ် ဒီမှာရှိမှန်း ရှင် ဘယ်လိုသိလဲ ..."

"ကိုယ်က ဒီအိမ်ရှင်ပဲလေ၊ ခြယ့်ကို အိမ်ငှားလိုက်တာ ကိုယ့်မာမီ ..."

"ဟယ် ... တကယ်"

ခြယ် အရမ်းပျော်သွားခဲ့ရပါသည်။ ဒီလိုဆိုတော့ သူ့ကို တကူးတက ရှာစရာမလိုတော့ဘူးပေါ့။ ဖူးစာဆိုတာ ဒါမျိုးပဲလား မသိ။

ခြယ်က အပျော်မျက်နှာကို မှောင်ရိပ်ကွယ်၍ ဖွက်နေဆဲ သူက ခြယ့်လက်ထဲမှာ ပါလာသော သိုးမွေးထိုးတံနှင့် ထိုးလက်စ အင်္ကျီကို ကြည့်ရင်း ...

"ခြယ် ... ဘယ်သူ့ဖို့ အင်္ကျီထိုးနေတာလဲ"

"တစ္ဆေဖို့ ..."

သူ တိတ်ဆိတ်သွားသည်။ ခြယ့် လက်နှစ်ဖက်ကို လှမ်းဆုပ်ကိုင်လိုက်သည်။ ခြယ် ရုန်းသည်။ မရ ...။





"ကိုယ် ... မနေ့ကမှ ပြင်ဦးလွင်က ပြန်ရောက်တယ် ခြယ်၊ ကိုယ် ဘယ်သူ့ဆီ သွားတာလဲ သိလား"

"မသိပါဘူး"

"တစ္ဆေမဆီ သွားတာလေ၊ တစ္ဆေမက ကိုယ်ယောင်ပျောက်သွားလို့ ... အသည်းကွဲပြီး ပြန်လာခဲ့ရတာ"

သူ့လက်နှစ်ဖက်က ခြယ့်လက်ဖဝါးတွေကို လွှတ်လိုက်ပြီး ခြယ့် လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ရင်း ပြောသည်။ ခြယ်ရုန်းသည်။ မရ။

"ခြယ် ... စောစောက ကိုယ့်ကို ကျွန်းလို့ ခေါ်လိုက်တယ်နော်၊ ဘယ်တုန်းကတည်းက အဲဒီလို ခေါ်ချင်နေတာလဲ"

"စတွေ့ကတည်းက ..."

သူ့လက်တွေက ခြယ့်ပခုံးပေါ် ဖျတ်ခနဲ ရွေ့သွားသည်။ ခြယ် ရုန်းသည်။ မရ။ ပို၍ တင်းကြပ်လာသည်။

"ခြယ် ... ဘာလို့ ရန်ကုန်ကို ပြောင်းလာခဲ့တာလဲဟင်"

သူက ခြယ့်နားနားကပ်၍ တိုးတိုးလေး မေးလိုက်သည်။

ခြယ်က သူ့မျက်နှာကို ဖြည်းဖြည်းလေး မော့ကြည့်လိုက်ရင်း ...

"ခြယ်တို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက် သိပ်ချစ်တယ်ဆိုတာ သေချာနေလို့ပေါ့ ကျွန်းရယ်၊ ရှင် ပြန်တဲ့

www.burmeseclassic.com

www.burmeseclassic.com



[illegible] ချန်ရစ်ခဲ့တဲ့ မျက်ရည်တစ်စက်ဟာ ခြယ့်အတွက် [illegible] တစ်ဘဝလုံးပါပဲ”

ခြယ့်စကားဆုံးသောအခါ ကျွန်းရဲ့ နွေးထွေးသော လက်အစုံက ခြယ့်ခန္ဓာကိုယ်လေးကို ဖျတ်ခနဲ ထွေးပွေ့ရစ်ပတ်လိုက်တော့သည်။

ခြယ် ရှန်းသည်။ မရ။

ရုန်းလည်း မရုန်းချင်တော့ပေ ...။

ပုညခင်

4.12.2008

2 : 34 Am

ပုညခင် စာအုပ်တိုက်မှ စီစဉ်တင်ဆက်သည်

- တန်းနိမ့်မွန်းကာလမှာ ပျော်ရွှင်မှုတွေ စားသုံးကြသော ကောင်လေးနှင့် ကောင်မလေး ...
- သူတို့ကို ကူညီဖို့ ရောက်လာသော ခပ်ကြမ်းကြမ်း မိန်းမ တစ်ယောက် ...
- ယော်နန်းတော်မျှ ခမ်းနားခဲ့ဖူးသော မြို့စွန်အိမ်နီကြီးတွင် လျှို့ဝှက်စွာနေထိုင်သော မိန်းမငယ်လေးတစ်ယောက်နှင့် သူတို့ကြားမှ အချစ်နှင့် သံသယများ ...

# သက်လျာရှင်စော

# မိုက်မိုက်မဲမဲမုန်း

အချစ်/လျှို့ဝှက်သည်းဖို လုံးချင်းဝတ္ထုသစ်

ကြော်ငြာထားတာ ကြာပြီ ခုထိ မထွက်သေးဘူးလားလို့ တမေးမေးတည်း မေးနေသူများအတွက် မတ်လအတွင်း ဖြန့်ချိပေးသွားပါမည်။

(လိုအပ်သော စောင်ရေကို မှာကြားနိုင်ပါသည်။)

ဖုန်း - 09-5054236

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၀၅၀[illegible]

www.burmeseclassic.com